ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၁-၂-၂၀၁၆ ရက်နေ့တွင် ကျင်းပ ပြုလုပ်ခဲ့သော အရေးပေါ်အစည်းအဝေးတွင် Zika Virus ပိုးသယ်ဆောင်သော Aedes ခြင်ကျားကိုက်ခြင်းမှတစ်ဆင့် ကူးစက် ပြန့်ပွားသော Zika ရောဂါဖြစ်ပွားမှုများအပြည်ပြည်ဆိုင်ရာ ပြည်သူ့ ကျန်းမာရေးအရေးပေါ်အခြေအနေ (Public Health Emergency of International Concern ) အဖြစ် သတ်မှတ်ကြေညာခဲ့ပါသည်။ ၁-၉-၂၀၁၆ ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပြုလုပ်သော အရေးပေါ်ကော်မတီအစည်းအဝေးတွင် Zika Virus အား ပြည်သူ့ ကျန်းမာရေးအရေးပေါ်အခြေအနေဖြင့် ဆက်လက်ထားရှိပြီး ယခုအခါ Zika Virus သည် ကမ္ဘာ့တစ်ဝှမ်းနိုင်ငံပေါင်း ၇၂ နိုင်ငံတွင် ကူးစက်ပျံ့နှံ့လျက်ရှိရာတွင် လာအို၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ ထိုင်းနိုင်ငံအစရှိသည့် အရှေ့တောင်အာရှနိုင်ငံများတွင်ပါ ကူးစက် ပျံ့နှံ့လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် Zika Virus ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက်နှင့်အညီ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန လက်အောက်ရှိ ဆေးရုံများ၊ ကျန်းမာရေးဌာနများ ရောဂါကြိုတင်ကာကွယ် နှိမ်နင်းရေးနှင့် ရောဂါကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများအား ပူးပေါင်းအားဖြည့်ဆောင်ရွက်ရန် ညွှန်ကြားခဲ့ပြီး တိကျစွာလိုက်နာ ဆောင်ရွက်ရမည့် ဇီကာဗိုင်းရပ်စ်ရောဂါ SOP (စံနှုန်းကုထုံးလုပ်ငန်း လမ်းညွှန်)များ သတ်မှတ်ပေးခဲ့ပြီး သံသယလူနာ သတ်မှတ် အဓိပ္ပါယ် ဖွင့်ဆိုချက်နှင့်ကိုက်ညီပါက ဓာတ်ခွဲနမူနာရယူ၍ အမျိုးသား ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပေးပို့ စစ်ဆေးရန်

ရှိသော နိုင်ငံများသို့ မလိုအပ်ဘဲ ခရီးသွားခြင်းမှ ရှောင်ကျဉ်ရန်၊ ဝမ်းစာရေးအတွက် အလုပ်လုပ်ကိုင်နေရသူများ၊ ရက်ရှည်လများ သွားရောက်လုပ်ကိုင်နေသူများ၊စီးပွားရေးအရ ကူးလူးဆက်ဆံ ရောင်းဝယ်နေသူများအနေဖြင့် လိုက်နာနေထိုင်ဆောင်ရွက်ရန် ကျန်းမာရေး အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်ဦးဆောင်လမ်းညွှန်မှု၊ လွှတ်တော်အရပ်ရပ်မှ ကိုယ်စားလှယ်များ၊ မီဒီယာများ၊ ခရီးသွားလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာအသီးသီးတို့နှင့် ပြည်သူအားလုံးတို့မှ ကျန်းမာရေး ဝန်ထမ်းအားလုံးနှင့် ပူးပေါင်းကူညီဆောင်ရွက်မှုအားဖြင့် မိမိတို့နိုင်ငံအတွင်း ဝင်ရောက်ခြင်း မရှိအောင် ဆက်လက် လက်တွဲညီညီ ကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သိန္နီမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့်ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ ၊ ရွေးကောက်ခံ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်များအားလုံး မင်္ဂလာ နံနက်ခင်းပါလို့ နှုတ်ခွန်းဆက်ပါရစေ။ ကျွန်မကတော့ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ်ရှင်။ ကျွန်မမေးမြန်းလိုတဲ့ မေးခွန်းကတော့ **"လုပ်ငန်းခွင် အကြို ဆရာအတတ်သင် ဒီပလိုမာ သင်တန်း"** နှင့်စပ်လျဉ်းသည့် ကိစ္စဖြစ်ပါတယ်။



D/real(wide) (1



လျှောက်ထားရန် သတ်မှတ်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ။ မရှိပါက အဘယ်ကြောင့် နည်း။ ရှိသည် ဆိုပါက မည်သည့်နှစ်တွင် စတင် အကောင် အထည် ဖော်ဆောင်ရွက်မည်နည်း။

(၂) စာသင်နှစ် ၁ နှစ်လျှင် ၂၅၆ ဦးတက်ရောက်ခွင့်ရသော လားရှိုးပညာရေးကောလိပ်အတွက် သင်တန်းသားဦးရေကို မြို့နယ်အလိုက် မည်ကဲ့သို့ ခွဲဝေချထားပေးသနည်း။

(၃) ပြည်မ သင်တန်းသူ/သင်တန်းသားများထက် ဒေသခံ တိုင်းရင်းသားများကို ဦးစားပေး ခန့်ထားရန် အစီအစဉ်ရှိ/မရှိ။ မရှိပါက အဘယ်ကြောင့်နည်း။ရှိသည် ဆိုပါက မည်သည့် ကာလတွင် စတင် အကောင် အထည် ဖော်ဆောင်ရွက်မည်နည်း။

အထက်ပါ အချက်များကို သိရှိလိုပါ၍ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို လေးစားပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း ၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိန္နီမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ၏ လုပ်ငန်းခွင်အကြို ဆရာအတတ်သင်ဒီပလိုမာ

ပြည်ထောင်စု သမ္မတ မြန်မာ နိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ ဆိုးတူကောင်းဖက် အတူတကွ နေထိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ခေတ်အဆက်ဆက် ရှမ်းပြည်နယ်ဟာလည်း ဒေသဆိုင်ရာဖွံ့ဖြိုးမှု၊ လူမှုရေး၊ စီးပွားရေးနှင့် အခြားကိစ္စအဝဝတို့မှာ ပြည်မနှင့် နှိုင်းဆ ကြည့်မယ်ဆိုလျှင် များစွာနိမ့်ကျလျက်ရှိပါတယ်။ လူ့စွမ်းအား အရင်းအမြစ်ကို မွေးထုတ်ပေးရာမှာ အဓိကကျတဲ့ အခန်း ကဏ္ဍသည် ရှမ်းပြည်နယ် အနေဖြင့် ဆရာ/ဆရာမများ လုံလောက်မှုမရှိခြင်း၊ သင်ထောက်ကူ ပစ္စည်းများ ပြည့်စုံမှုမရှိခြင်း၊ လူမှုပတ်ဝန်းကျင်မှ ပံ့ပိုးမှုအားနည်းခြင်း၊ စစ်ဘေးဒဏ်ခံရခြင်းစသည့် လိုအပ်ချက် အခက်အခဲများကြောင့် ပညာရေးဘက်မှာ များစွာ နိမ့်ကျခဲ့ရပါတယ်။ ယခုလက်ရှိ လုပ်ငန်းခွင်အကြို ဆရာ အတတ်ပညာ ဒီပလိုမာသင်တန်းများကို ခေါ်ယူတဲ့အခါမှာ တက္ကသိုလ်ဝင်စာမေးပွဲလက်မှတ်များအပေါ် မူတည် ကန့်သတ် ခေါ်ယူသဖြင့် ဒေသခံတိုင်းရင်းသား ကျောင်းသူ/ ကျောင်းသား များဟာ ရွေးချယ်ခံရခြင်းမရှိပါဘူး။

၂၀၁၆ - ၂၀၁၇ ပညာသင်နှစ် သင်တန်းအမှတ်စဉ် ၂၀/၁၆မှာ ရွေးချယ်ခံရသူများ၏ စာရင်းကို လေ့လာကြည့်မယ်ဆိုရင် သိန္နီမြို့မှာ ဖြေဆိုသူဦးရေ ဒေသခံ ၄၅ ဦး၊ ပြည်မမှ ၁၆ ဦးဖြေဆိုတဲ့ ၆၁ ဦးမှ ၃ ဦးအရွေးခံရသည့်အနက်မှ ဒေသခံ ၁ ဦးတည်းပါပါတယ်။ ဒါကြောင့် ဒေသခံ တိုင်းရင်းသား ကလေးများသည် တက္ကသိုလ် ဝင်တန်းအောင်မြင်ခဲ့ကြသော်လည်း အသက်မွေး ဝမ်းကျောင်း တက္ကသိုလ်တစ်ခုခုကို တက်ရောက်ဖို့ အခွင့်အလမ်း မရှိ ဖြစ်နေပါတယ်။ ဒါကြောင့်ပညာရေးကောလိပ်နှင့် စပ်လျဉ်းသည့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်-

(၁) တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် စာစစ် ဌာနမှာ သက်ဆိုင်ရာ ပညာရေး ကောလိပ်သို့သာ





သင်တန်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ မေးခွန်းအပိုဒ် (က)ဖြစ်တဲ့တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် စာစစ်ဌာနတွင် သက်ဆိုင်ရာ ပညာရေးကောလိပ်သို့သာ လျှောက်ထားရန် သတ်မှတ်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ ဆိုတဲ့ မေးခွန်းနှင့် ပတ်သက်၍

(က) ၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ များသည် ကြိုက်နှစ်သက်ရာ ပညာရေး ကောလိပ် များသို့ လျှောက်ထားနိုင်ပါသည်။ ရှမ်းပြည်နယ်ရှိ တောင်ကြီးပညာရေး ကောလိပ်၊လားရှိုးပညာရေး ကောလိပ်၊ ကျိုင်းတုံပညာရေးကောလိပ်တို့တွင် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာဒီပလိုမာ သင်တန်းအမှတ်စဉ်(၂၀/၁၆)သင်တန်းသားများကို အောက်ပါအတိုင်း စိစစ်ရွေးချယ်ခဲ့ပါသည်-

(၁) တောင်ကြီးပညာရေးကောလိပ်တွင် ရှမ်းပြည်နယ် မှတ်ပုံတင်ကိုင်ဆောင်သူ များနှင့် ရှမ်းပြည်နယ် စာစစ်ဌာနများတွင် ဖြေဆို အောင်မြင်သူများထဲမှ ရမှတ်များနဲ့ စီ၍ ရမှတ်များသူများကို ဘာသာတွဲ ကျား/မအချိုးအရ ရွေးချယ်ခဲ့ပါသည်။

(၂) လားရှိုးပညာရေးကောလိပ်တွင် အရည်အချင်း ပြည့်ဝသော ဆရာ/ ဆရာမများရရှိရေးကို ဦးတည်၍ ဘာသာတွဲ ကျား/မ အချိုးအရ ရမှတ် များနဲ့ စီ၍ ရမှတ်များသူများကို ပညာရေး

ကောလိပ်ဝင်ဆန့်ဦးရေပြည့်အောင် ရွေးချယ်ခဲ့ပါသည်။

(၃) ကျိုင်းတုံ ပညာရေးကောလိပ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသများအတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့ သောကြောင့် ဒေသခံများထဲမှ ဘာသာတွဲ ကျား/ မ အချိုးအရ အမှတ်အများဆုံးရသူများကို ရွေးချယ်ခဲ့ပါသည်။ ဘာသာတွဲအရ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှလျှောက်ထားသူ မပြည့်မီသော ဘာသာတွဲများကို အခြားဒေသများမှအစားထိုး ရွေးချယ်ခဲ့ပါသည်။

( ခ) မေးခွန်း(ခ)ဖြစ်တဲ့ တက်ရောက်ခွင့်ရရှိတဲ့ လားရှိုးပညာရေးကောလိပ်အတွက် သင်တန်းသားဦးရေကို မြို့နယ်အလိုက် မည်ကဲ့သို့ ခွဲဝေချထားပေးသနည်းဟူသည့် မေးခွန်းနှင့်စပ်လျဉ်းပြီး လားရှိုးပညာရေးကောလိပ်တွင် တက်ရောက်ရမည့် သင်တန်းသား ၂၅၆ ဦးကို မြို့နယ်အလိုက် ခွဲဝေခြင်းမပြုခဲ့ပါ။ ဘာသာတွဲနှင့် ကျား/မအချိုးအရ အောက်ပါအတိုင်း ရွေးချယ်ခဲ့ပါသည်-

(၁) သိပ္ပံဘာသာတွဲ အနေဖြင့် ရမှတ် ၄၃၇မှတ် မှ ၄၀၀မှတ်အထိရှိတဲ့ အမျိုးသား ၃၅ ဦး၊ ရမှတ် ၄၅၉ မှတ် မှ ၄၂၃ မှတ်အထိ အမျိုး သမီး ၅၀ဦး ၊ စုစုပေါင်း သိပ္ပံတွဲ ၈၅ ဦး။

(၂) ဝိပ္ပံဘာသာတွဲအနေဖြင့် ရမှတ် ၄၅၀မှတ်





လာမည့်နှစ်တွင် ရှမ်းပြည်နယ်စာစစ်ဌာနမှ အောင်မြင်သူများနှင့် ရှမ်းပြည်နယ် မှတ်ပုံတင်ကိုင်ဆောင်သူများကို ဦးစားပေး ရွေးချယ်သွားရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါသည်။ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ထွဏ်းက ပထမမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ် အစည်းအဝေး (၁/၂၀၁၆)ကို ကြွရောက်လာတဲ့ လေးစားရပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် ကျန်းမာရေးအဆောက်အဦနှင့်ပတ်သက်သည့် မေးခွန်းကို ကြယ်ပွင့်ပြ မေးခွန်း အဖြစ် မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့တွင် လွန်ခဲ့သည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဘတ်ဂျက်ဖြင့် နမ့်ဆန်မြို့နယ်၊ ကယားလမ်းကျေးရွာအုပ်စု၊ ပန်စေမိန်းကျေးရွာနှင့် ငွန်ဆိုင်း ကျေးရွာအုပ်စု၊ လွယ်ခမ်းကျေးရွာ

တို့တွင် ပေ ၃၀ ပတ်လည် ၁ ထပ် အုတ်ညှပ်ဆောင်၊ တန်ဖိုး ၇၅ သိန်းတန်ဆေးပေးခန်း၁ လုံးတည်ဆောက်ပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။

သို့သော်ယင်းအဆောက်အဦ ဆောက်လုပ်ပြီးစီး၍ ၃ နှစ်ကျော်ကာလကြာသည့် ယနေ့အထိတိုင်အောင် နိုင်ငံတော်မှ Sanction ခွဲပေးချထားခြင်းမရှိသဖြင့် ကျန်းမာရေးဝန်ထမ်းများ ခန့်ထားပေးနိုင်ခြင်းမရှိခြင်း၊ ဆေးခွဲတမ်းများလည်း မရှိခဲ့ခြင်းဖြစ်ပါသဖြင့် လူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း ယနေ့ထိ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။ အဆောက်အဦလည်းထိန်းသိမ်းမည့်သူ မရှိသဖြင့် ယိုယွင်းပျက်စီးစပြုနေသည်ကို တွေ့မြင်ရ ပါတယ်။ ဆေးပေးခန်း တည်ဆောက်ပေးခြင်းဖြင့် မြို့နယ်ပြည်သူ့ဆေးရုံနှင့်ဝေးလံသော ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရန် ရည်ရွယ်၍ နိုင်ငံတော်မှ ငွေကြေးအကုန်အကျခံပြီးတည်ဆောက်ပေးထားခြင်းဖြစ်သော်လည်း ရည်ရွယ်ချက်အတိုင်း ယနေ့ထိ အကောင်အထည် ဖော်နိုင်ခြင်းမရှိသေးတာကိုတွေ့ရပါတယ်။ နိုင်ငံတော်၏ ဘတ်ဂျက်လည်း အဟောသိကံဖြစ်နေပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဘတ်ဂျက်ဖြင့် ဆောက်လုပ်ပြီးစီးခဲ့တဲ့ ဖော်ပြပါ ကျေးရွာ ၂ ရွာရှိ ဆေးပေးခန်းများကို ပြည်နယ်အစိုးရမှ Sanction ချထားပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်။ ရှိပါက မည်သည့်ကာလတွင် ချထားပေးမည်ကို သိရှိလိုပါတယ်။ ပြည်နယ်အစိုးရအနေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြတောင်းခံ ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ တိကျရေရာသော ဖြေကြားမှုများ ပြုလုပ်ပေး





မှ ၃၈၈မှတ်အထိရှိတဲ့ အမျိုးသား ၅၁ ဦး၊ ရမှတ် ၄၄၈ မှတ် မှ ၄၀၀ မှတ်အထိရှိတဲ့ အမျိုးသမီး ၇၆ ဦး ၊ စုစုပေါင်း ဝိပ္ပံဘာသာတွဲ ၁၂၇ ဦး။

(၃) ဝိဇ္ဇာဘာသာတွဲအနေဖြင့် ရမှတ် ၄၂၄ မှတ် မှ ၃၇၉ မှတ်အထိ အမျိုးသား ၁၇ ဦး၊ ရမှတ် ၄၁၇ မှတ် မှ ၃၈၆ မှတ် အထိ ရှိတဲ့ အမျိုးသမီး ၂၇ ဦး ၊ စုစုပေါင်း သိပ္ပံတွဲ ၄၄ ဦး၊ စုစုပေါင်းအနေဖြင့် ကျား ၁၀၃ ဦး၊ မ ၁၅၃ ဦး၊ စုစုပေါင်း ၂၅၆ ဦးကို ရွေးချယ်ပေးခဲ့ပါတယ်။

လားရှိုးပညာရေးကောလိပ်၏ ဝင်ဆန့်အင်အားမှာ ကျား ၁၀၀ ၊ မ ၁၅၀၊ ပေါင်း ၂၅၀ရှိပြီး ရွေးချယ်ထားတဲ့ အနေအထားမှာ ကျားမ အချိုးမှာ ၂ း ၃ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

(ဂ) မေးခွန်း(ဂ)ဖြစ်တဲ့ ဒေသခံ တိုင်းရင်းသားများကို ဦးစားပေး ခန့်ထားရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်း၍တောင်ကြီးပညာရေးကောလိပ်၊ လားရှိုးပညာရေးကောလိပ်၊ ကျိုင်းတုံပညာရေး ကောလိပ်များတွင် တက်ရောက်နေသူ အများစုမှာ ရှမ်းပြည်နယ်မှတ်ပုံတင်ကိုင်ဆောင်ထားသူများနှင့် ရှမ်းပြည်နယ်စာစစ်ဌာနများမှ အောင်မြင်ထားသူ အများစုဖြစ်၍ ဒေသခံ တိုင်းရင်းသားများကို ဦးစားပေး ရွေးချယ်ထားပြီး ဘာသာတွဲအရ အရည်အချင်းပြည့်မီသူ ဒေသခံလျှောက်ထားမှု မရှိမှသာ အခြားဒေသမှ ရွေးချယ်ခဲ့ပါကြောင်း နှင့်

နိုင်ပါရန် လူထု၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း၏ ကျန်းမာရေးကဏ္ဍဆိုင်ရာမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ကျွန်တော်ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ နမ့်ဆန်မြို့နယ်ကယားလမ်းကျေးရွာအုပ်စု၊ ပန်စေမိန်းကျေးရွာနှင့် ငွန်ဆိုင်းကျေးရွာအုပ်စု၊ လွယ်ခမ်းကျေးရွာရှိ ဆေးပေးခန်းများကို ပြည်နယ်အစိုးရမှ Sanction ချထားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်ကာလတွင် ချထားပေးမည်ကို သိရှိလိုပါသည်ဆိုသော မေးခွန်းနှင့်စပ်လျဉ်း၍ နမ့်ဆန်မြို့နယ်၊ ကယားလမ်းကျေးရွာအုပ်စု၊ ပန်စေမိန်းကျေးရွာနှင့် ငွန်ဆိုင်းကျေးရွာအုပ်စု၊ လွယ်ခမ်းကျေးရွာရှိ ဆေးပေးခန်းများကို ကျေးရွာဥက္ကဋ္ဌက ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရုံးသို့ တင်ပြ၍ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောက်လုပ်ပေးထားကြောင်း စိစစ်တွေ့ရှိရပါတယ်။ ပန်စေမိန်းကျေးရွာသည် နမ့်ဆန်ဆေးရုံမှ ၅ မိုင်ခန့်၊ ဇယန်းကြီးကျေးလက်ကျန်းမာရေးဌာနနှင့် ၁ မိုင်ခွဲခန့်တွင်ရှိပြီး လူဦးရေ ၁၂၁၇ ဦးကိုသာလွှမ်းခြုံနိုင်မည်ဖြစ်ပြီး အမကကျောင်းဝင်းအတွင်း ၁၈×၂၇ ပေ အဆောက်အဦဆောက်လုပ်ထားကြောင်းတွေ့ရှိရပါတယ်။





ယင်းကိစ္စအားသက်ဆိုင်ရာအစိုးရမှ အမြန်ဆုံးပြန်လည်ပြုပြင်ပေးနိုင်ပါရန် လွန်ခဲ့သည့် တတိယအကြိမ် ပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခဲ့ပြီးဖြစ်ပါတယ်။ မေးမြန်းချက်အား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားရာမှာ နမ့်ဆန်မြို့မီးဘေးတွင် မီးလောင်ပျက်စီးသွားသော ဆက်သွယ်ရေးလုပ်ငန်းပိုင်ပစ္စည်းများကို ပြန်လည်ပြုပြင်ရန်အတွက် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ နေပြည်တော်သို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်မန်နေဂျာမှ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၄ ရက်၊ ရက်စွဲပါစာအမှတ်၊ စမက/လင - ငွေလုံးငွေရင်း/ ၂၀၁၅ - ၂၀၁၆ / ၀၃၈၂ အရ တင်ပြထားရှိပါတယ်။ ၉-၉-၂၀၁၆ရက်နေ့အစည်းအဝေးတွင်လည်း ပြည်နယ်မန်နေဂျာ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ထပ်မံ တင်ပြတောင်းခံထားပါတယ်။ လိုအပ်သော ပစ္စည်းများ စုဆောင်းခြင်း၊ ဝယ်ယူခြင်း၊ စတင် ပို့ဆောင်ခြင်း ဆောင်ရွက်လျက်ရှိပါတယ်။ အမြန်ပြုပြင်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။ ဖြေကြားခဲ့တဲ့အထဲမှာ လိုအပ်သော ပစ္စည်းများ စုဆောင်းခြင်း၊ ဝယ်ယူခြင်း၊ စတင် ပို့ဆောင်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး အမြန်ပြုပြင်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်းပါရှိခဲ့ပြီးဖြစ်ပါတယ်။ သို့သော် ယနေ့ အချိန်ကာလ၊ ၃ လတာ ကာလကြာသည့်အချိန်အထိ မည်သည့် ပစ္စည်းမျှ စတင် ပို့ဆောင်ခြင်းမရှိသည့်အပြင် အမြန်ပြုပြင်ဆောင်ရွက်သွားမည် ဆိုသည့် ဖြေကြားချက်အတိုင်း မည့်သို့မျှ ဆောင်ရွက်ခဲ့သည်ကို မတွေ့ရှိရကြောင်းတွေ့ရှိရပါတယ်။ အမြန်ပြုပြင်ပေးပါမည် ဆိုသည့်အတိုင်း မည်ကဲ့သို့ အမြန်ဆောင်ရွက်ထားရှိကြောင်း သိရှိလိုပါ၍ ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း မေးမြန်းထားတဲ့ နမ့်ဆန်မြို့မီးဘေးတွင် မီးလောင်ပျက်စီးသွားသော ဆက်သွယ်ရေးလုပ်ငန်းပိုင်ပစ္စည်းများကို ပြန်လည်ပြုပြင်ရန်အတွက် မည်ကဲ့သို့ ဆောင်ရွက်ထားရှိပြီးကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော်ဦးခွန်ရဲထွေး က ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

နမ့်ဆန်မြို့မီးဘေးတွင် မီးလောင်ပျက်စီးသွားသော ဆက်သွယ်ရေးလုပ်ငန်းပိုင် ပစ္စည်းများကို ပြန်လည်ပြုပြင်ရန်အတွက် ရုံးချုပ်သို့ ပြည်နယ်မန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ လားရှိုးမြို့မှ ၁၄-၃-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ စမက/လင - ငွေလုံးငွေရင်း /၁၅-၁၆/ ၀၃၈၂ ဖြင့် လည်းကောင်း၊ ၂၁-၄-၂၀၁၆ ရက်စွဲပါစာအမှတ်၊ စမက/ လင - အော်တို/၁၅ - ၁၆/၀၅၄၆ ဖြင့်လည်းကောင်း၊ ၂၉-၈-၂၀၁၆ ရက်စွဲပါစာအမှတ်၊ စမက/ လင - အော်တို / ၁၆ - ၁၇ /၁၃၅၂ ဖြင့်လည်းကောင်း၊ ၂၂-၁၁-၂၀၁၆ ရက်စွဲပါစာအမှတ်၊ စမက/ လင- အော်တို/ ၁၆ - ၁၇ / ၁၈၃၂ ဖြင့်လည်းကောင်း တင်ပြထားရှိပြီး ဖြစ်ပါတယ် ခင်ဗျား။ လိုအပ်သော ဆက်စပ်ပစ္စည်း ခွင့်ပြုရန်ပုံငွေ ရရှိပါက အမြန်ဆုံးပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရန်ပုံငွေ အမြန်ရရှိရေးအတွက် ရုံးချုပ်သို့ဆက်သွယ်ဆောင်ရွက်လျက်ရှိ





လွယ်ခမ်းကျေးရွာသည် နမ့်ဆန်မြို့နယ်ဆေးရုံမှ ၂ မိုင်ခွဲ ခန့်သာ ကွာဝေးပြီး ၆၁၂ ဦးကိုသာ လွှမ်းခြုံနိုင်မည်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရန် အခြေခံ အချက်အလက်များ မကိုက်ညီသော်လည်း ပန်စေမိန်းကျေးရွာနှင့် လွယ်ခမ်းကျေးရွာတို့တွင် ကျေးလက် ကျန်းမာရေးဌာနခွဲအသစ် တိုးချဲ့ ဖွင့်လှစ်ခွင့်ပြုနိုင်ရန် တွဲဖက်ပြည်သူ့ကျန်းမာရေးဌာနခွဲအသစ် တိုးချဲ့ ဖွင့်လှစ်ခွင့်ပြုနိုင်ရန် တွဲဖက်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လားရှိုးမြို့၏ ၂၉-၆-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ရမ/ခွဲ-၄(၂)/ အဆိုပြု/၂၀၁၅/၂၆၂ ဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြတောင်းခံထားပြီး ခွင့်ပြုချက်ရရှိပါက ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည် ဖြေကြား အပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ထွဏ်းက ဒုတိယမေးခွန်းကို မေးမြန်းဖို့ဖြစ် ပါတယ်။

**ဦးအောင်ထွဏ်း ၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** ကျွန်တော်ရဲ့ ဒုတိယ မေးခွန်းကတော့ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့သည် လွန်ခဲ့တဲ့ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် မီးဘေးသင့်ခဲ့ရာ အိမ်ခြေ ၂၀၉ လုံး မီးလောင်ကျွမ်းခဲ့ပြီး ဆက်သွယ်ရေး တယ်လီဖုန်းများ၊ ဖုန်းကြိုးများ၊ ဖုန်းလိုင်းများလဲ မီးလောင်ပျက်စီးခဲ့ရပါတယ်။ ကြိုးဖုန်းများ မီးလောင်ပျက်စီးခဲ့သဖြင့် ဘဏ်များတွင် ငွေလွှဲ၊ ငွေပို့ရာ၌ လည်းကောင်း၊ ဌာနဆိုင်ရာများတွင် Fax ဖြင့်စာပို့စာယူပြုလုပ်ရာ၌လည်းကောင်း များစွာအခက်အခဲများနှင့်တွေ့ကြုံရပါတယ်။

ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီဝင်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါ၊ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)ပထမနေ့ကို တက်ရောက်လာခဲ့ကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျွန်မအနေနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုလိုက်ရပါတယ်ရှင်။ ကျွန်မကတော့ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်းဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မိုးမိတ်မြို့နယ်၊ သစ်ဆိမ့်ကုန်းအုပ်စု၊ ဝဲပေါင်း(ဗမာရွာ)၊ ဝဲပေါင်း (လီဆူရွာ)နှင့် ကျောက်မောရွာတို့တွင် GSM တာဝါတိုင် တည်ဆောက်နိုင်ရန် အစီအစဉ် ရှိ/မရှိစပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်တွင် မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်းမှ ဆက်သွယ်ရေးအဆင်ပြေစေရန်အတွက် GSM စခန်း ၇ ခုကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာ တည်ဆောက်ပေးခဲ့ပြီးဖြစ်သော်လည်း သစ်ဆိမ့်ကုန်းအုပ်စု၊ ဝဲပေါင်း(ဗမာရွာ)၊ ဝဲပေါင်း (လီဆူရွာ)နှင့် ကျောက်မောရွာတို့တွင် ဆက်သွယ်ရေး လိုင်းမမိ၍ GSM မိုဘိုင်းဖုန်းများ သုံးစွဲနိုင်ခြင်း ယနေ့ချိန်ထိ မရှိခဲ့သေးပါ။ ထိုဒေသရှိ ပြည်သူများအတွက် ဆက်သွယ်ရေးအဆင်ပြေ



D/real(wide) (2



၁၀-၁၀-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ စမက/လင - မိုဘိုင်း/ ၂၀၁၆ - ၁၇ / ၁၅၉၀ ဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရုံးချုပ်သို့ တင်ပြထားပြီး ခွင့်ပြုချက်တောင်းခံထားရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှဦးညီညီ(ခ)ဦးညီလေးချမ်းက ပထမ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)။** ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ အကြောင်းအရာကတော့ ပင်းတယမြို့မှာ ရှိတဲ့ ပုန်းတလုတ်ရေကန်နှင့်ပတ်သက်တဲ့ မေးခွန်းဖြစ် ပါတယ်။ ပင်းတယမြို့နယ်မှာ ရှေးဟောင်း အမွေအနှစ်ဖြစ်တဲ့ ကမ္ဘာကျော် ရှေးဟောင်း ရွှေဥမင်ဘုရား သဘာဝလိုဏ်ဂူနှင့် ပုန်းတလုတ် ရေကန်ရှိပါတယ်။ ပုန်းတလုတ်ရေကန်သည် အကျယ်အဝန်း အားဖြင့် ၈၂ ဧကခန့်ကျယ်ဝန်းကြောင်း၊ အနီးပတ်ဝန်းကျင်မှာ နေ့စဉ် နေ့တိုင်းသုံးစွဲနေသည့် ရေတွင်း ၁၀ တွင်းရှိပါတယ်။ ၂၀၁၆ ခုနှစ်မှာ ရေကန်အတွင်းသို့ ရေဝင်ခြင်း အင်မတန် နည်းပါးလာ ပါတယ်။ နွေရာသီမှာ ဒီရေကန်ကို မှီခို သောက်သုံးနေတဲ့ လူတွေ အတွက် အခက်အခဲများစွာတွေ့လာနိုင်တာဖြစ်ပါတယ်။ ဒါကြောင့် ဒီမေးခွန်းကို မေးဖို့ပေါ် ပေါက်ရခြင်းဖြစ်ပါတယ်။ မေးခွန်းအနေဖြင့်

မေးရာမှာ ခနေ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့ရှိ ရှေးဟောင်းအမွေအနှစ် ပုန်းတလုတ်ရေကန်အတွင်းသို့ ဇော်ဂျီရေထွက်မှ ရေများကို ရေပိုက်လိုင်းများဖြင့် သွယ်တန်း၍ ရေသွင်း ယူနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ နည်းပညာဆိုင်ရာ ပံ့ပိုးကူညီခြင်း နှင့်အတူ ငွေကြေးတစ်စုံတစ်ရာ ထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းစွဲဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွဲဆိုင်းဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ (ခ)ဦးညီလေးချမ်း၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ဆွေးနွေးဖြေကြားသွားမှာဖြစ်ပါတယ်။ ခနေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပုန်းတလုတ်ရေကန်အတွင်းသို့ ဇော်ဂျီရေထွက်မှ ရေများကို ရေပိုက်လိုင်းများဖြင့် သွယ်တန်း၍ ရေသွင်းနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ နည်းပညာဆိုင်ရာပံ့ပိုးကူညီခြင်းနှင့်အတူ ငွေကြေးတစ်စုံတစ်ရာ ထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးခွန်းနှင့်ပတ်သက်၍ တင်ပြလိုပါတယ်။ ခနေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့ရှိ ပုန်းတလုတ်ရေကန်သည် ပျမ်းမျှ ရေပြင်ကျယ်



D/real(wide) (2



စေရေး GSM တာဝါတိုင်တည်ဆောက်ပေးရန် လိုအပ်နေပါသောကြောင့် မြန်မာဆက်သွယ်ရေးလုပ်ငန်းမှ GSM တာဝါတိုင်တည်ဆောက်ပေးနိုင်ရေး အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သိရှိလိုပါကြောင်း မေးမြန်းလိုက်ရပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** အားလုံးပဲမင်္ဂလာပါခင်ဗျား။ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်းမေးမြန်းထားသည့် မိုးမိတ်မြို့နယ်၊ သစ်ဆိမ့်ကုန်း အုပ်စု၊ ဝဲပေါင်း(ဗမာရွာ)၊ ဝဲပေါင်း (လီဆူရွာ)နှင့် ကျောက်မောရွာတို့တွင် ဆက်သွယ်ရေး အဆင်ပြေစေရေးအတွက် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ GSM တာဝါတိုင် တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကျောက်မဲခရိုင်၊ မန်တုံမြို့နယ် အတွင်း လုံခြုံရေးအခြေအနေအရ တည်ဆောက်ရန် ခက်ခဲလျက်ရှိသော နောင်ဆန်းကျေးရွာအုပ်စု၊ နောင်ဆန်းကျေးရွာ SHN 00281 နှင့် နမ့်ဟိုင်းကျေးရွာအုပ်စု၊ မိုင်းဟောင်ကျေးရွာ SHN 00296 တာဝါတိုင်များကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့် မိုးမိတ်ခရိုင်၊ မိုးမိတ် မြို့နယ်၊ သစ်ဆိမ့်ကုန်းအုပ်စု၊ ဝဲပေါင်းကျေးရွာနှင့် ကျောက်မော ကျေးရွာတို့တွင် အစားထိုး တည်ဆောက်ပေးနိုင်ရန်အတွက် ၇-၁၀-၂၀၁၆ ရက်နေ့တွင် Vendor ဖြစ်သည့် ZTE Myanmar Co;Ltd လားရှိုးနှင့် ညှိနှိုင်းပြီးဖြစ်ပါသည်။ သစ်ဆိမ့်ကုန်းကျေးရွာ၊ ဝဲပေါင်း (ဗမာ၊ လီဆူရွာ)နှင့် ကျောက်မောရွာတို့ကို GSM တာဝါတိုင် တည်ဆောက်ပေးနိုင်ရန်အတွက်

ဧရိယာ ၇၂ ဧကခန့် ကျယ်ဝန်းပြီး ပျမ်းမျှရေအနက် ၁၄ ပေခန့်ရှိပါသည်။ ပုန်းတလုတ်ရေကန်သည် မိုးရာသီနှင့် ဆောင်းရာသီတို့တွင် ကန်ရေပြည့်မှတ် ၉ ပေခန့်ရှိပြီး နွေရာသီကာလတွင် ရေခန်းခြောက်မှုများဖြစ်ပေါ်လျက်ရှိသဖြင့် ဇော်ဂျီရေထွက်မှ ရေကို ပိုက်ဖြင့် သွယ်တန်း၍ ရေပြန်လည် ဖြည့်တင်းပေးနိုင်ရန် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ ဇော်ဂျီရေထွက်မှ ပုန်းတလုတ်ရေကန်အထိ ၃. ၄ မိုင်ကွာဝေးပြီး အနိမ့်အမြင့် ကွာခြားချက် ၂၀၂ ပေရှိပြီး ရေထွက်သည် ပုန်းတလုတ်ရေကန်၏ အနိမ့်ပိုင်းတွင် ကျရောက်လျက်ရှိသဖြင့် ရေပိုက်ဖြင့် ရေဖြည့်တင်းမည်ဆိုပါက ရေတွန်းပန့်ဖြင့် မောင်းနှင်၍ ကန်ရေပြင်ဧရိယာ ၇၂ ဧက၊ ရေအမြင့် ၁ ပေအတွက် ရေဂါလံ ၁၉. ၅၇ သန်းဖြည့်တင်းရမည်ဖြစ်ပြီး ရေတွန်းပန့်အား တစ်ရက်လျှင် ၁၂ နာရီ မောင်းနှင်ပြီး စုစုပေါင်း ၆၅ ရက်ခန့် ဖြည့်တင်းရမည်ဖြစ် ပါသည်။

အဆိုပါ ပုန်းတလုတ်ရေကန်အတွင်းသို့ ဇော်ဂျီရေထွက်မှ ရေအား ရေပိုက်ဖြင့် သွယ်ယူ၍ ရေဖြည့်တင်းမည်ဆိုပါက ရေထွက်မှ ရေအား မြောင်းဖြင့် သွယ်ယူပြီးဂါလံ ၂၅၀၀၀ ဆံ့ ရေစုကန်သို့ ဖြည့်တင်း၍ ထိုမှတစ်ဆင့် ပုန်းတလုတ်ရေကန်အထိ ၈"ø GI ပိုက် ၇၀၀၀ ပေ၊ ၆" ø PVC ပိုက် ၁၁၀၀၀ ပေ၊ စုစုပေါင်း ၁၈၀၀၀ ပေ သွယ်တန်း၍ ရေတွန်းပန့်ဖြင့် မောင်းနှင်၍ ပုန်းတလုတ်ရေကန်အတွင်းသို့ ရေဖြည့်တင်းသွားမည်ဖြစ်ပါသည်။ ယခုအခါ ရေပိုက်သွယ်တန်းခြင်းနှင့် ဂါလံ ၂၅၀၀၀ ဆံ့ ရေကန်အား ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါသည်။ ထိုသို့ ရေထွက်မှ ပုန်းတလုတ်ရေကန်သို့ ရေတွန်းပန့်ဖြင့် ရေတင်ခြင်းအား ဒီဇယ်အင်ဂျင်ဖြင့် မောင်းနှင်မှုထက် လျှပ်စစ်စနစ်ဖြင့် မောင်းနှင်အသုံးပြုပါက ရေရှည် ကုန်ကျမှုပိုမိုသက်သာနိုင်မည်ဖြစ်ပြီး ရေစက်



D/real(wide) (2



ရေပေးခဲ့သည်မှာ ၁၉၉၉ ခုနှစ်မှ ယနေ့အထိ ၁၇ နှစ်ကျော်ကြာမြင့်ခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါရေကြောင့် ရေရှားပါးမှုနည်းနေခြင်းဖြစ်ပြီး ၄င်းရေထွက် JICA ကုမ္ပဏီမှ ၆"ပိုက်ဖြင့် ထပ်မံရေသွယ်ယူပြီး ပင်းတယမြို့ပေါ် ရပ်ကွက်အသီးသီးသို့ ရေပေးဝေပေးပြီး ရေထွက်အား မကျဆင်းအောင် သစ်တောများကို ပန်းစစ်ရွာသူရွာသားများက ထိန်းသိမ်းလာခဲ့သည်မှာ ယနေ့အထိဖြစ်ပါတယ်။

၄င်း ရေထွက်မှ ရေများဖြင့် ရွာသူရွာသားများက လယ်ယာသီးနှံ စိုက်ပျိုးသော်လည်း စိတ်ပြေငြင်ခြင်းမရှိ၊ ကန့်ကွက်ခြင်းမရှိ၊ ကိုယ်ထူ ကိုယ်ထစနစ်ဖြင့် လျှပ်စစ်မီးရရှိရေးကို စတင် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါသော်လည်း စီးပွားရေးဖွံ့ဖြိုးမှု မရှိ၍ ဆင်းရဲသော ရွာဖြစ်ပါသည်။ လျှပ်စစ်မီးကို ဇော်ဂျီရွာအနီးမှ ပန်းစစ်ရွာသို့ သွယ်တန်းပါက မိုင်အားဖြင့် ၃ မိုင်ခန့်ကွာဝေးပါတယ်။ ပန်းစစ်ရေထွက်၏ တောင်တန်းတစ်လျှောက်တွင် ထင်းအဖြစ်နှင့် လယ်ယာလုပ်ငန်းတိုးချဲ့ထွင်ခြင်းကြောင့် သစ်တောများလည်း တဖြည်းဖြည်းနှင့် ကုန်ခမ်းလာသည့်အတွက် လျှပ်စစ်မီးရရှိရေးသည် အဓိက အခန်းကဏ္ဍမှပါဝင်လာတာတွေ့ရပါတယ်။ ဒါကြောင့် ကုန်ကျစရိတ်ကို ပြောပြရမည်ဆိုလျှင် 11/CV လိုင်း - ၃ မိုင် × ၂၄၀ သိန်း၊ 11/0 41CV - 200 KVA ထရန်စဖော်မာ ၂ လုံး × ၁၈၅ သိန်း= ၃၇၀ သိန်း၊ ရွာတွင်းသုံးမိုင်ခန့် 400 V လိုင်း ၃×၃၉၀ သိန်း= ၁၁၇၀ သိန်း၊ စုစုပေါင်း ကျပ်သိန်း ၂၂၆၀ ကုန်ကျမည်ဟုခန့်မှန်းထားပါသည်။

ပန်းစစ်ရွာတွင် အိမ်ခြေ ၄၀၀ ခန့်ရှိပြီး တစ်အိမ်လျှင် ၃ သိန်းကျပ်နှင့် ကောက်ခံမည်ဆိုပါက ကျပ်သိန်းပေါင်း ၁၂၀၀ရရှိပါတယ်။ လိုငွေမှာ ကျပ်သိန်း ၁၀၆၀ ဖြစ်၍ ကြယ်ပွင့်ပြ

မေးခွန်းမေးရန် ဖြစ်ပေါ်လာရခြင်းဖြစ်ပါတယ်။ ပန်းစစ်ရေထွက်မှ ပင်လယ်ရေ မျက်နှာပြင် အမြင့်ပေ ၅၅၆၅ ပေမှ ပင်းတယမြို့နယ်၏ ပင်လယ်ရေပြင် အမြင့်ပေ ၃၈၈၀ ပေသို့ ရေပေးပို့ရာတွင် လျှပ်စစ်အား မလိုသော်လည်း သစ်တောများ မပြုန်းတီးရန်နှင့် အကယ်၍ ရေပေးပို့ရာတွင် လျှပ်စစ်မီးလိုအပ်ပါက အရေးပေါ် လျှပ်စစ်မီးသုံးစွဲရန်အတွက် လျှပ်စစ်မီးသွယ်တန်းပေးရန် လိုအပ် လျက်ရှိ၍ ကြယ်ပွင့်ပြမေးခွန်း မေးရခြင်းဖြစ်ပါတယ်။

မေးခွန်းအနေဖြင့် မေးရမည်ဆိုလျှင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသ၊ ပင်းတယမြို့နယ်၊ ပန်းစစ်ကျေးရွာအုပ်စု၊ ပန်းစစ်ကျေးရွာရှိ ရေထွက်မှ ပင်းတယမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအသီးသီးသို့ ရေများပေးထားသည့် အကျိုးကျေးဇူးကို ထောက်ထား၍ ပန်းစစ် ကျေးရွာသူရွာသားများ၏ ကိုယ်ထူကိုယ်ထဖြင့် လျှပ်စစ်မီး သွယ်တန်းစတင်ဆောင်ရွက်နေပြီဖြစ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ငွေကြေးနှင့် နည်းပညာဆိုင်ရာပံ့ပိုးကူညီပေးရန် အစီအစဉ် ရှိ/ မရှိကို ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့သို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးဆွေသိန်း၊ လျှပ်စစ်စွမ်းအင်နှင့်စက်မှုဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း



D/real(wide) (2



မောင်းနှင်နိုင်ရန် လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းရမည်ဖြစ်ရာ လျှပ်စစ်ဓာတ်အားလိုင်းရောက်ရှိပြီး နေရာမှ ဇော်ဂျီရေထွက်ရှိ ရေစက်ရုံအထိ 11 KVA ဓာတ်အားလိုင်း ၁ မိုင်ခန့်သွယ်တန်း ရမည်ဖြစ်ပြီး 150 KVA ထရန်စဖော်မာ ၁ လုံး တပ်ဆင်ရန် လိုအပ် မည်ဖြစ်ပါသည်။

ထိုသို့ ပုန်းတလုတ်ရေကန်အတွင်းသို့ ဇော်ဂျီရေထွက်မှ ရေအား တွန်းတင်၍ ရေဖြည့်တင်းခြင်းလုပ်ငန်းများ ဆောင်ရွက် နိုင်ရန်အတွက် လိုအပ်သော နည်းပညာများအား ရှမ်းပြည်နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ ကွင်းဆင်းတိုင်းတာ ဆောင်ရွက်ပေးခဲ့ပြီး ရှမ်းပြည်နယ်စည်ပင် သာယာရေးဌာနအနေဖြင့်လည်း လိုအပ်သော နည်းပညာပိုင်း ဆိုင်ရာများအား ရှမ်းပြည်နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံ ခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)နှင့် ပူးပေါင်း၍ ကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။ အားလုံး ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှဦးညီညီ(ခ)ဦးညီလေးချမ်းက ဒုတိယ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** ဒုတိယ မေးခွန်းကို ကျွန်တော် ဆက်လက်တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ ပန်းစစ်ကျေးရွာအုပ်စု၊ ပန်းစစ် ကျေးရွာရှိ ရေထွက်မှ ၄ လက်မပိုက်ဖြင့် ပင်းတယမြို့ပေါ်ရှိ ရပ်ကွက် ၈ ရပ်ကွက်၊ ကြံခင်းမြောင်ရွာ၊ တောင်ပေါ်ကြီးရွာ၊ ထွက်နီရွာ၊ သရက်ကုန်းရွာ၊ ရေဖြူရွာ၊ ကုံလုံကျောင်း၊ ရွှေဥမင်ဘုရားသို့

မေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်လျှပ်စစ်စွမ်းအင်နှင့်စက်မှုဝန်ကြီး ဦးဆွေသိန်းဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်း၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ ပန်းစစ်ကျေးရွာအုပ်စု၊ ပန်းစစ်ကျေးရွာကိုယ်ထူကိုယ်ထ လျှပ်စစ်မီးသွယ်တန်းလျက်ရှိရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ငွေကြေးနှင့် နည်းပညာဆိုင်ရာပံ့ပိုးကူညီပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း တင်ပြလိုပါတယ်-

ပင်းတယမြို့နယ်၊ပန်းစစ်ကျေးရွာဓာတ်အားရရှိရေးအတွက်

(၁) ၁၁ ကေဗွီ ဓာတ်အားလိုင်း ၄.၂ မိုင်ဆွဲရမှာဖြစ်ပါတယ်။

(၂) ၁၁/၀.၄ ကေဗွီအေ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ(၂)လုံး တည်ဆောက်ရမှာဖြစ်ပါတယ်။ ၎င်းလုပ်ငန်းများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း NEP Phase-II ဒုတိယ ဦးစားပေး အစီအစဉ်တွင် ထည့်သွင်း လျာထား တင်ပြထားပြီးဖြစ်ပါသည်။ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုမှာ အချိန်ကာလ မသိရှိရသေးပါသဖြင့် နိုင်ငံတော်ခွင့်ပြုချက် ရရှိမှုပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမှာဖြစ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။





မှတ်ပုံတင်ကိုင်ဆောင်ထားသည့် ဌာနေတိုင်းရင်းသားများကို အိမ်များပြောင်းရွှေ့ခြင်း၊ ဖျက်စေခြင်း စသည့် မည်သည့် နစ်နာမှုမျိုးကိုမျှလည်း ယခုချိန်တွင်လည်းကောင်း၊ နောင်အချိန်တွင်လည်းကောင်းမဖြစ်စေလိုပါ။ ဌာနေတိုင်းရင်းသား များ၏ အခြေချနေထိုင်ခြင်း ခိုင်မာမှုကို ပေါ်လွင်စေလိုသောကြောင့် အချိန်ကာလအပိုင်းအခြားကို ထည့်သွင်းပြီးတော့မှ မေးမြန်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မေးမြန်းလာသည့် ညောင်ရွှေမြို့နယ်ပတ်ဝန်းကျင်တွင်လယ်မြေ၊ ခြံမြေများအား ရောင်းဝယ်ခြင်း၊ အကွက်ရိုက်၍တရားမဝင် အိမ်ဆောက်လုပ်နေခြင်း၊ နေထိုင်ခြင်းများရှိသည်ဟု တင်ပြလာပါသည်။ အမှန်တကယ်ရောင်းဝယ်ခြင်း၊ အိမ်ဆောက်လုပ်ခြင်း ရှိ/မရှိ သိလိုပါတယ်။ တရားမဝင်ဆောက်လုပ်နေခြင်းရှိပါက အိမ်ခြေမည်မျှနှင့် မည်သည့် ခုနှစ်၊ မည်သည့်ကာလတွင် ဆောက်လုပ်ထားခြင်းဖြစ်ပြီး မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါသည်မေးမြန်းလာမှုနှင့်ပတ်သက်၍ ပြန်လည်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

လယ်ယာမြေဥပဒေပုဒ်မ ၉(ခ)တွင် လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူများအနေဖြင့် ရရှိသည့် အခွင့်အရေးတစ်ရပ်ဖြစ်သော လုပ်ပိုင်ခွင့်အား သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှါးရမ်းခွင့်၊ လဲလှယ်ခွင့်နှင့်ပေးကမ်းခွင့်ပြုထားကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှါးရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါဦးစီး ဌာနက သတ်မှတ်သည့် တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာန ရုံးတွင် မှတ်ပုံတင်ရမည်ဟု လယ်ယာမြေဥပဒေပုဒ်မ ၁၂(ဂ)တွင် ပြဋ္ဌာန်းထားကြောင်း၊ ဦးစီးဌာနမှ တံဆိပ်ခေါင်းခွန်နှင့် မှတ်ပုံတင်ခ ကို သတ်မှတ်ခြင်း မရှိသေးပါသဖြင့် ညောင်ရွှေမြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရုံးတွင် လွှဲပြောင်းခြင်းကို မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ပေးခြင်း မရှိသဖြင့် ရောင်းဝယ်မှု အခြေအနေကို စိစစ်နိုင်ခြင်းမရှိသေးပါကြောင်း၊ တရားမဝင် ဆောက်လုပ်နေခြင်းရှိ/မရှိနှင့်ပတ်သက်၍ ညောင်ရွှေမြို့မ၊ တိလောကျေးရွာအုပ်စုနှင့် တောင်ခြေကျေးရွာအုပ်စု၊ စုစုပေါင်း ကျေးရွာအုပ်စု ၃ အုပ်စုအတွင်း ညောင်ရွှေမြို့နှင့်တစ်ဆက် တစ်စပ်တည်းဖြစ်သော ကွင်းပေါင်း ၉ ကွင်းတွင် အိမ်ခြေပေါင်း ၃၁၁ လုံးခန့်သည် ၂၀၀၈ ခုနှစ်ကစတင်ပြီး တရားမဝင် ဆောက်လုပ် နေထိုင်လျက်ရှိကြောင်း၊ ဌာနမှ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် စပ်လျဉ်း၍ ယင်းတရားမဝင်ဆောက်လုပ်နေထိုင်သူများအနေဖြင့် သက်ဆိုင်ရာသို့ လယ်ယာမြေကို စိုက်ပျိုးမှုမှအပ အခြားနည်း သုံးစွဲခွင့်တရားဝင် လျှောက်ထားကြရန် ညောင်ရွှေမြို့နယ်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့၏ ၉-၂-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၄/၅၁ -၇/ ဦး ၁ ဖြင့် အကြောင်းကြားထားပြီးဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။



D/real(wide) (2



**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ညောင်ရွှေမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသိန်းဇော်မိုးကမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** ဒုတိယအကြိမ်၊ ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး(၁/၂၀၁၆)၊ ပထမနေ့သို့ တက်ရောက် လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များ ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တပ်မတော်သား ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်မိုးဖြစ်ပါတယ်။ ကြယ်ပွင့်ပြမေးခွန်းမေးမြန်း သွားမှာဖြစ်ပါတယ်။ မေးခွန်းအမှတ်စဉ် (၁)အနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်ပတ်ဝန်းကျင်အရှေ့၊ အနောက်၊ တောင်၊မြောက် ပတ်လည် တွင် လယ်မြေ၊ ခြံမြေများ ရောင်းချခြင်း၊ အကွက်ရိုက်ခြင်း၊ တရားမဝင်ဆောက်လုပ်နေထိုင်ခြင်း ရှိသည်ဟု ကျွန်တော်ထံ တင်ပြလာပါတယ်။ အမှန်တကယ် ရောင်းဝယ်ခြင်း၊ ဆောက်လုပ်ခြင်းရှိ/ မရှိသိလိုပါတယ်။ တရားမဝင် ဆောက်လုပ်နေခြင်းရှိပါက အိမ်ခြေမည်မျှနှင့် မည်သည့်ခုနှစ်၊ မည်သည့်ကာလတွင် ဆောက်လုပ်ထားခြင်းဖြစ်ပြီး မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါသည်ဟု မေးမြန်းရခြင်းမှာ လယ်မြေ၊ ယာမြေတွင် တရားမဝင်ဆောက်လုပ်နေထိုင်သူများသည် ၁၃/ညရန(နိုင်) မှတ်ပုံတင်ကိုင်ဆောင်ထားသော ဌာနေ တိုင်းရင်းသားများဖြစ်ပြီး မိမိတို့၏ထုံးတမ်းစဉ်လာအရ မိမိတို့၏ သမာအာဇီဝ၊ ချွေးနည်းစာဖြင့် ဆောက်လုပ်နေထိုင်ခြင်းဖြစ်ပါတယ်။ တရားဝင်မှု အခွင့်အရေး ဆုံးရှုံးခြင်းမှာ မဖြစ်သင့်ပါ။ ဒါကြောင့် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ၁၃/ညရန(နိုင်)

**ဥက္ကဋ္ဌ။** ဒီကနေ့ မေးခွန်းများ မေးမြန်းခြင်း အစီအစဉ် ပြီးဆုံးပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ နေ့လည်စားသုံးဆောင်နိုင်ရန်အတွက် အစည်းအဝေး ကို ၁ နာရီ ၃၀ မိနစ် ခန့်ရပ်နားမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လည်ပိုင်းအစည်းအဝေးကို (၁း၃၀)နာရီအချိန်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။





## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဝမ်းနည်းကြောင်းအဆိုတစ်ရပ် တင်သွင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၁)ဖြစ်ပါတယ်။အစီအစဉ်အရ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကွယ်လွန်အနိစ္စ ရောက်ရှိခြင်းအတွက် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ဝမ်းနည်းကြောင်းအဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာနေ့လည်ခင်းပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် ဖြစ်ပါတယ်။ကျွန်တော့်အနေနဲ့ ယခုကျင်းပလျက်ရှိသော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေးမှာ ဝမ်းနည်းကြောင်းအဆိုတစ်ရပ်ကို တင်သွင်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းရင်သည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၁၂)ရက်နေ့တွင် တောင်ကြီးမြို့၌ ကွယ်လွန်အနိစ္စရောက်ခဲ့ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းရင် ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၁ (က) အရ ဝမ်းနည်းကြောင်းအဆိုကို လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။



D/real(wide) (2

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဦးခိုင်ညီညီကျော်က ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းရင်သည် ၁၂-၁၀-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ဝမ်းနည်းကြောင်းအဆိုကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၁ (က)အရ လွှတ်တော်သို့တင်သွင်းလာပါတယ်။ ဒီအဆိုဟာ လွှတ်တော်ရဲ့ အများဆန္ဒနဲ့ကိုက်ညီပြီး လွှတ်တော်က သဘောတူတယ်လို့ မှတ်ယူ ပါတယ်။ ဒါကြောင့် ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင် ကွယ်လွန်အနိစ္စ ရောက်ရှိခြင်း အတွက် တင်သွင်းသည့် ဝမ်းနည်းကြောင်းအဆိုအား လွှတ်တော်က မှတ်တမ်းတင်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၂) ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်း များ၏ ၂၀၁၇-၂၀၁၈ခု၊ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဘဏ္ဍာရေးဝန်ကြီးမှ အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။



D/real(wide) (2



# ရှမ်းပြည်နယ်
# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)
# (ပထမနေ့)မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်**
**၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်**
**[ တနင်္လာနေ့ ]**
**(နေ့လည်ပိုင်း)**

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) (ပထမနေ့)နေ့လည်ပိုင်းအစီအစဉ်များအား ဆက်လက် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ် ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါ တယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးစိုင်းရှဲန်တစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။** လေးစားရပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ကျန်းမာခြင်း၊ ကိုယ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီးတာဝန်ယူထားသော မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းရှဲန်တစ်လုံ ဖြစ်ပါတယ်။

ယခု ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့ ဌာနအဖွဲ့အစည်းအသီးသီး၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်မှာ ရသုံးခန့်မှန်းခြေငွေစာရင်းကို ကျွန်တော်တို့ အကျဉ်းချုပ် တင်ပြသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းများအား နှစ်လတ်ဘဏ္ဍာရေးမူဘောင်ဖြင့် ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ်မှ စတင်၍ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ လိုငွေဖြည့်ဆည်းရန် ထောက်ပံ့ပေးမည့် ပမာဏကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စုစုပေါင်းလူဦးရေ၊ ဆင်းရဲမှုညွှန်းကိန်း၊ မြေဧရိယာအကျယ်အဝန်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စုစုပေါင်းလူဦးရေတွင် မြို့ပြလူဦးရေအချိုး၊ တစ်ဦးကျအခွန်ကောက်ခံမှု၊ လူတစ်ဦးစီ၏ ပျမ်းမျှအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးစသည့် ညွှန်းကိန်း (၆) ခုဖြင့် ချိန်ထိုး၍ တွက်ချက်ခဲ့ပြီး နိုင်ငံတော်၏လိုငွေနှင့် ဂျီဒီပီအချိုးကို (၅%) ထက်မကျော်လွန်စေရန် သတ်မှတ်ရေးဆွဲခဲ့သည့် အပြင် ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေကို ဥပဒေနှင့်အညီ ယခင်နှစ် လျာထားချက်အတိုင်း ထည့်သွင်းလျာထားပါတယ်။





၂၄၇၁၃၉. ၁၅၅ ဖြစ်ပြီး လိုငွေ ကျပ်သန်းပေါင်း ၂၁၈၆၂၉. ၇၈၂ ဖြစ်ပါတယ်။

၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေ ငွေစာရင်းတွင် ဗဟိုအဖွဲ့အစည်းအနေဖြင့် ရငွေ ကျပ်သန်းပေါင်း ၁၀၂၂၅. ၁၈၈၊ အသုံးစရိတ် ကျပ်သန်းပေါင်း ၆၀၁၁၄. ၆၀၇ ဖြစ်ပြီး လိုငွေ ကျပ်သန်းပေါင်း ၄၉၈၈၉. ၄၁၉ ဖြစ်ပါတယ်။ ဝန်ကြီးဌာန/ဦးစီးဌာန အနေဖြင့် ရငွေ ကျပ်သန်းပေါင်း ၁၅၈၁. ၁၂၇၊ အသုံးစရိတ် ကျပ်သန်းပေါင်း ၁၅၂၀၉၅. ၂၂၆ ဖြစ်ပြီး လိုငွေ ကျပ်သန်းပေါင်း ၁၅၀၅၁၄. ၀၉၉ ဖြစ်ပါတယ်။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း အနေဖြင့် ရငွေ ကျပ်သန်းပေါင်း ၅၂. ၀၀၀၊ အသုံးစရိတ် ကျပ်သန်းပေါင်း ၁၆၀၇၁. ၂၆၄ ဖြစ်ပြီး လိုငွေ ကျပ်သန်းပေါင်း ၁၆၀၁၉. ၂၆၄ ဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့များ အနေဖြင့် ရငွေ ကျပ်သန်းပေါင်း ၁၆၆၅၁. ၀၅၈၊ အသုံးစရိတ် ကျပ်သန်းပေါင်း ၁၈၈၅၈. ၀၅၈ ဖြစ်ပြီး လိုငွေ ကျပ်သန်းပေါင်း ၂၂၀၇. ၀၀၀ ဖြစ်ပါတယ်။ စုစုပေါင်း ရငွေမှာ ကျပ်သန်းပေါင်း ၂၈၅၀၉. ၃၇၃၊ အသုံးစရိတ်မှာ ကျပ်သန်းပေါင်း ၂၄၇၁၃၉. ၁၅၅ ဖြစ်ပြီး လိုငွေ ကျပ်သန်းပေါင်း ၂၁၈၆၂၉. ၇၈၂ ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဌာနအသီးသီး၏ အသုံးစရိတ်အသေးစိတ်စာရင်းဇယားကို ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါကြောင်း တင်ပြအပ် ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။



D/real(wide) (2

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်း များ၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် စပ်လျဉ်းပြီး ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၈)ရက်နေ့ ကြာသပတေး နေ့မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အနေနှင့် အစည်းအဝေး ရပ်နားသည့်အခါ ဒီနေ့ညနေပိုင်းမှာ ရှမ်းပြည်နယ်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)(ပထမနေ့ )ရပ်နားကြောင်းနှင့် အစည်းအဝေး(ဒုတိယနေ့) ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်





၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် အတွက် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ ပေးခြင်းမှာ အောက်ပါ အတိုင်းဖြစ်ပါတယ်-

| | | (ကျပ်သန်း) |
|---|---|---|
| (က) | ဘတ်ဂျက်လိုငွေအတွက် ဖြည့်ဆည်းပေးခြင်း | ၂၁၈၆၂၉. ၇၈၂ |
| (ခ) | ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ | ၅၅၀၀. ၀၀၀ |

၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို အထက်ပါမူများနှင့်အညီ ရေးဆွဲပြီး (၂-၁၂-၂၀၁၆) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပုံမှန် အစည်းအဝေးအမှတ်စဉ် (၁-၁၂/၂၀၁၆) ၏ ထောက်ခံချက်အရ (၅-၁၂-၂၀၁၆)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်သို့ တင်ပြနိုင်ရန်အတွက် ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီး ဌာနသို့ (၁၀-၁၂-၂၀၁၆) ရက်နေ့အရောက် ပေးပို့နိုင်ရေး ရှမ်းပြည်နယ် လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။

၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေ ငွေစာရင်းတွင် သာမန်ရငွေမှာ ကျပ်သန်းပေါင်း ၂၈၅၀၉. ၃၇၃ ဖြစ်ပြီး အသုံးစရိတ်မှာ ကျပ်သန်းပေါင်း ၉၃၈၀၇. ၆၇၀ ဖြစ်ပါတယ်။ လိုငွေ ကျပ်သန်းပေါင်း ၆၅၂၉၈. ၂၉၇ ဖြစ်ပါတယ်။ ငွေလုံးငွေရင်းအနေဖြင့် ရငွေမရှိဘဲ အသုံးစရိတ်မှာ ကျပ်သန်းပေါင်း ၁၅၃၃၃၁. ၄၈၅ ဖြစ်ပြီး လိုငွေ ကျပ်သန်းပေါင်း ၁၅၃၃၃၁. ၄၈၅ ဖြစ်ပါတယ်။ စုစုပေါင်း ရငွေ ကျပ်သန်းပေါင်း ၂၈၅၀၉. ၃၇၃၊ အသုံးစရိတ် ကျပ်သန်းပေါင်း

အစည်းအဝေး(၁/၂၀၁၆) (ပထမနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၆)(ဒုတိယနေ့) ကို မနက်ဖြန် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့ (အင်္ဂါနေ့ ) နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၆)(ဒုတိယနေ့)ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ရက်နေ့ (အင်္ဂါနေ့) နံနက်(၁၀း၀၀)နာရီ အချိန်တွင် ဆက်လက်ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။





## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၆) ဒုတိယနေ့အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ် သို့ ကြွရောက်နေရာယူပါသည်)

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်း နှင့်အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် လေ့လာသူ ဧည့်သည်တော်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၆) (ဒုတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး



D/real(wide) (3

ကော်မတီ၏ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၅)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၁၅)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၅. ၁၉)%ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေသည် ၃ပုံ ၁ပုံ ထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၀ (က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့်ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၅(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) (ဒုတိယနေ့) အစီအစဉ် များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။



D/real(wide) (3



# ရှမ်းပြည်နယ်
# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)
# (ဒုတိယနေ့)မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်**

**၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်**

**[ အင်္ဂါနေ့ ]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) ဒုတိယနေ့ အစီအစဉ်ကို နံနက် (၁၀း၀၀) နာရီ အချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူးအဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးအကြီးအမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးထက်မာန်အောင်၊ လက်ထောက်ညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက်ပါသည်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေးသို့ မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ အတွင်းရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) ၆-၁၂-၂၀၁၆ ရက်နေ့ ဒုတိယနေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၊ အတွင်းရေးမှူး ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးချုပ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၂) ရက်။





တက်ရောက်မှုအခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၆) ဒုတိယနေ့သို့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက် ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူ ပါသည်။ )**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြ မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ် (၆)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ



D/real(wide) (3

ပြည်နယ်အဖွဲ့အစည်းဝင် တာဝန်ရှိ ပုဂ္ဂိုလ်များက ဖြေကြား သွားဖို့ဖြစ်ပါတယ်။ ပထမဦးစွာ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်ထွဏ်းက မေးခွန်း (၁ နှင့် ၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** ဒီကနေ့ ပြုလုပ်ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) ဒုတိယနေ့ မနက်ပိုင်းအစီအစဉ်မှာ ကြွရောက်ချီးမြှင့်ပေးပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ ပုဂ္ဂိုလ်များ၊ လေ့လာသူများ အားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်း၊ နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ရှေးဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းဖြစ်ပါတယ်။

ကျွန်တော်အနေနဲ့ နံပါတ် (၁) မေးခွန်းဖြစ်တဲ့ ထပ်ဆင့်လွှင့် စက်ရုံ (၅) ရုံအနက် စက်တပ်ဆင်ရန် ကျန်ရှိသည့် နမ့်ဆန်မြို့နယ်၊ မြို့သစ်ကျေးရွာ၊ မန်ကန်ကျေးရွာနှင့် လုံတောက်ကျေးရွာများတွင် တာဝါတိုင်နှင့် လွှင့်ဖမ်းစက်များကို မည်သည့်အချိန်တွင် တပ်ဆင် ပေးမည်ကို သိရှိလိုပါကြောင်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်း ကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့တွင် လွန်ခဲ့သည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ရေးရာဝန်ကြီး ဌာန၏ Budget ဖြင့် ထပ်ဆင့်လွှင့်စက်ရုံ (၅) ရုံ တည်ဆောက်ပြီးစီး



D/real(wide) (3



(၂) ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့် (၂) ရက်။

(၃) ဦးစိုင်းစံ့ဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီးက ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၁) ရက်။

(၄) ဦးဇော်ထွန်း၊ ကွမ်းလုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့် (၁) ရက်။

(၅) ဦးခွန်မောင်ဖြူ ဟိုပုံးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့် (၁) ရက်။

ယခင်က ခွင့်ပန်ကြားထားသဖြင့် လွှတ်တော်က ခွင့်ပြု ထားသူ (၁၅) ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၅) ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် (၅) ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေး နိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် ရှမ်းပြည်နယ် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြု ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၃၅)ဦး ယခင်က ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ (၁၅) ဦးရှိပြီး ယနေ့ ခွင့်ပြုထားသူ (၅)ဦး ဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ (၂၀) ဦးရှိပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ဂ)(၂) အရ ယခု လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး

ခဲ့ပြီးဖြစ်ပါတယ်။ အဆောက်အဦ၏ ပမာဏမှာ ပေ ၃၀၊ ပေ ၂၀၊ ရေ၊ မီးအစုံ Brick masonary အုတ်ညှပ်တစ်ထပ်ဆောင် တစ်ဆောင်၊ မီးစက်ခန်း ၁၀ ပေပတ်လည်၊ Bricknogging အုတ်ညှပ် တစ်ထပ်ဆောင်တစ်ဆောင်၊ ၂ ခန်းတွဲ ဝန်ထမ်းအိမ်ရာ ပေ ၄၀၊ ၂၅ ပေ၊ ရေ၊ မီးအစုံ ရေလောင်းအိမ်သာပါ တစ်ဆောင်၊ ပေ ၂၀၀ ပတ်လည် အမြင့် ၆ ပေ ကွန်ကရစ်တိုင်၊ သွပ်ဆူးကြိုးဝန်းခြံတစ်ခြံ၊ သံတံခါးတစ်ခုအပါအဝင် ယူနစ်တစ်ခုလျှင် သိန်း ၅၀၀ ဖြင့် ဆောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်ပါတယ်။ ၎င်းထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက်ရခြင်း ရည်ရွယ်ချက်မှာ ဝေးလံခေါင်သီသော ကျေးလက်နေလူထုများအနေဖြင့် အထွေထွေ ဗဟုသုတရရှိစေရန် ကမ္ဘာတစ်လွှားရှိ လက်ရှိဖြစ်ပျက်နေမှုများကို သိရှိနိုင်စေရန်နှင့် နိုင်ငံတော်၏ မူဝါဒများ၊ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ သိရှိစေရန် ရည်ရွယ်၍ MRTV ရုပ်သံလိုင်းနှင့် ဆက်စပ်ရုပ်သံလိုင်း ၁၄ လိုင်းကို လူထုများအနေနှင့် အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် ရည်ရွယ်၍ အခမဲ့ ထုတ်လွှင့်ပေးခြင်းဖြစ်ပါတယ်။

နမ့်ဆန်မြို့နယ်ရှိ ထပ်ဆင့်လွှင့်စက်ရုံ (၅) ရုံအနက် အာရမ်းကျေးရွာနှင့် ပန်စရီကျေးရွာရှိ ထပ်ဆင့်လွှင့်စက်ရုံကို လွန်ခဲ့သည့် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်တွင် တာဝါတိုင်များ၊ လွှင့်စက်များ တပ်ဆင်ပြီး ထုတ်လွှင့်ပေးလျက်ရှိနေပါတယ်။ ဒေသခံဝန်ထမ်း တစ်ဦးကိုလည်း ခန့်ထားပေးခဲ့ပြီးဖြစ်ပါတယ်။ ကျန်ကျေးရွာများ ဖြစ်သည့် မြို့သစ်ကျေးရွာ၊ မန်ကန်ကျေးရွာနှင့် လုံတောက်ကျေးရွာ များတွင် အဆောက်အဦ တည်ဆောက်ပြီးဖြစ်သော်လည်း တာဝါတိုင်တပ်ဆင်ခြင်း၊ လွှင့်ဖမ်းစက် Receiver and Transmission တပ်ဆင်ခြင်းမရှိသေးဘဲ ယနေ့အထိ ထုတ်လွှင့်ပေးနိုင်ခြင်းမရှိ သေးတာကို တွေ့ရှိရပါတယ်။ ၎င်းထပ်ဆင့်လွှင့်စက်ရုံတွင် တပ်ဆင်





ရန်ပုံငွေ RE တွင် နမ့်ဆန် - မိုင်းငေါ့လမ်း၊ ဆွတ်လွေရွာမှ ကျောက်ဖြူလေးရွာအထိ ကျောက်ချောလမ်း ၇ မိုင်ကို ပြည်နယ်အစိုးရမှ လျာထားခဲ့ပြီးဖြစ်ပါတယ်။ သို့သော် ၎င်းနှစ်တွင် မြန်မာနိုင်ငံအထက်ပိုင်း၌ မိုးကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိရာ စစ်ကိုင်းတိုင်းအထက်ပိုင်း လမ်းတံတား၊ အဆောက်အဦများ များစွာ ပျက်စီးဆုံးရှုံးလျက်ရှိခဲ့ပါတယ်။ နိုင်ငံတော်အစိုးရမှ ပြန်လည် တည်ဆောက်ရေးလုပ်ငန်း လုပ်ဆောင်ရန်အတွက် တစ်နိုင်ငံလုံး၏ ၂၀၁၅ - ၂၀၁၆ ဖြည့်စွက်ရန်ပုံငွေများကို အဆိုပါ စစ်ကိုင်းတိုင်း အထက်ပိုင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းသို့ လွှဲပြောင်းပေး ခဲ့ပြီးဖြစ်ပါတယ်။ ဖော်ပြပါ ကျောက်ဖြူလေးကျေးရွာအုပ်စု၏ ကျောက်ချောလမ်း ၇ မိုင်လည်း ပါသွားပါတယ်။

သို့သော် ၂၀၁၅ - ၂၀၁၆ ဖြည့်စွက်ရန်ပုံငွေစာရင်းမှ ပယ်ဖျက်ခံရသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပြီးဖြစ်သော်လည်း ပါရှိလာခြင်း မရှိသေးတာကို တွေ့ရှိရပါတယ်။ သို့ပါ၍ အမှန်တကယ် လိုအပ်၍ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်၊ ဖြည့်စွက်ရန်ပုံငွေတွင် လျာထားပြီး ဖြစ်သော ကျောက်ဖြူလေးကျေးရွာအုပ်စု၏ ကျောက်ချောလမ်း ၇ မိုင်ကို လာမည့် ၂၀၁၆ - ၂၀၁၇ ဖြည့်စွက်ရန်ပုံငွေစာရင်းတွင် ဖြည့်သွင်းရေးဆွဲရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ မရှိပါက အဘယ်ကြောင့် မဆောင်ရွက်ပေးနိုင်သည်ကို တိကျရေရာသော ဖြေကြားချက် ပြုပေးနိုင်ပါရန် လူထုများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းမှ မေးမြန်းလာသော ပထမမေးခွန်းဖြစ်သည့် ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ Budget ဖြင့် တည်ဆောက်ပြီးစီးခဲ့သော ထပ်ဆင့်လွှင့်စက်ရုံ (၅) ရုံအနက် တပ်ဆင်ရန် ကျန်ကျေးရွာ ၃ ရွာဖြစ်သည့် နမ့်ဆန်မြို့နယ်၊ မြို့သစ်ကျေးရွာ၊ မန်ဆန်ကျေးရွာနှင့် လုံတောက်ကျေးရွာများတွင် တာဝါတိုင်နှင့် လွှင့်ဖမ်းစက်တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မရှိပါက အဘယ်ကြောင့် တပ်ဆင်နိုင်ခြင်းမရှိကြောင်း သိရှိလိုသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်မှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့နှင့် ညှိနှိုင်းချက်အရ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သော ထပ်ဆင့်ရုပ်သံလွှင့်စက်ရုံ ၅ ရုံအနက် တပ်ဆင်ရန် ကျန်ကျေးရွာ ၃ ရွာဖြစ်သည့် နမ့်ဆန်မြို့နယ်၊ မြို့သစ်ကျေးရွာ၊ မန်ဆန်ကျေးရွာနှင့် လုံတောက်ကျေးရွာများတွင် တာဝါတိုင်နှင့် လွှင့်ဖမ်းစက် တပ်ဆင်ပေးရန် စိစစ်၍





မည့် တာဝါတိုင်နှင့် လွှင့်ဖမ်းစက်အတွက် ကျသင့်တန်ဖိုးငွေကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီများမှ မြန်မာ့အသံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးလည်းဖြစ်ပါတယ်။ အဲဒီတုန်းက ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးက ၎င်းတာဝါတိုင်နှင့် လွှင့်ဖမ်းစက်တပ်ဆင်ရေးတွင်ကုမ္ပဏီမှ ကျွမ်းကျင်မှုမရှိခြင်း၊ မြန်မာ့အသံမှ လိုအပ်သည့် စက်ပစ္စည်းနှင့် ကိုက်ညီမှုမရှိလျှင် လက်မခံမှာ စိုးရိမ်ခြင်းတို့ကြောင့် လမ်းညွှန်ချက်အရ ပြန်လည်ပေးအပ်ပြီးလည်းဖြစ်ပါတယ်။

သို့သော် ၃ နှစ်တာကာလကြာမြင့်ပြီဖြစ်သည့် ယနေ့အချိန်အထိ ကျန်ရှိသည့် ၃ ရုံမှာ တာဝါတိုင်နှင့် လွှင့်ဖမ်းစက်များ တပ်ဆင်နိုင်ခြင်းမရှိသေးတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ Budget ဖြင့် တည်ဆောက်ပြီးစီးခဲ့သော ထပ်ဆင့်လွှင့်စက်ရုံ (၅) ရုံအနက် စက် နှင့် တာဝါတိုင် တပ်ဆင်ရန် ကျန်ရှိသည့် ကျေးရွာ ၃ ရွာသည် တာဝါတိုင်နှင့် လွှင့်ဖမ်းစက်တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိ လိုပါတယ်။ ရှိပါက မည်သည့်အချိန်ကာလတွင် တပ်ဆင်ပေးမည်ကို သိရှိလိုပါတယ်။ မရှိပါက အဘယ်ကြောင့် တပ်ဆင်ပေးနိုင်ခြင်း မရှိကြောင်း တိကျခိုင်လုံသော ဖြေကြားမှုများ ပြုလုပ်ပေးနိုင်ပါရန် လူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြရခြင်းဖြစ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ရဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့၊ ကျောက်ဖြူလေးကျေးရွာအုပ်စုသည် လွန်ခဲ့သည့် ၂၀၁၂ ခုနှစ်တွင် ကျောက်မဲမြို့နယ်မှ နမ့်ဆန်မြို့နယ်သို့ ဝင်ရောက်လာသည့် ကျေးရွာအုပ်စု (၅) အုပ်စုထဲမှ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုအနေးကွေးဆုံးအုပ်စုလည်းဖြစ်ပါတယ်။ လွန်ခဲ့သည့် ၂၀၁၅ - ၂၀၁၆ ခုနှစ်၊ ဖြည့်စွက်

၂၀၁၈ - ၂၀၁၉ ခု ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ရန်ပုံငွေတွင် လျာထားပြီးဖြစ်သော နမ့်ဆန်မြို့နယ်၊ ကျောက်ဖြူလေးကျေးရွာအုပ်စု ကျောက်ချောလမ်း ၇ မိုင်ကို လာမည့် ၂၀၁၆ - ၂၀၁၇ ဖြည့်စွက်ရန်ပုံငွေစာရင်းတွင် ထည့်သွင်းရေးဆွဲရန် အစီအစဉ် ရှိ/မရှိ သိရှိလိုသည့်ကိစ္စနှင့်ပတ်သက်၍ နမ့်ဆန်မြို့နယ်၊ မိုင်းငေါ့လမ်း၊ ဆွတ်လွေ့ရွာမှ ကျောက်ဖြူလေးရွာအထိ ကျောက်ချောလမ်း ၇ မိုင်၊ ကျောက်ခင်းခြင်းလုပ်ငန်းအား ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်အစိုးရ၏ ဖြည့်စွက် RE ရန်ပုံငွေတွင် ထည့်သွင်းလျာထားနိုင်ခဲ့ခြင်းမရှိခဲ့ပါ။

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဖြည့်စွက် RE ရန်ပုံငွေအနေဖြင့်လည်း ၄၈၄. ၆၂၄ သန်းသာ ခွင့်ပြုထားပါသဖြင့် အဆိုပါ ကျောက်ခင်းလမ်း ၇ မိုင်အား လျာထားမည်ဆိုပါက ငွေကျပ်သန်း ၅၆၀ လိုအပ်မှာဖြစ်ပါတယ်။

သို့ဖြစ်၍ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ ဒေသလိုအပ်ချက်အရ ဦးစားပေးတင်ပြလာပါက အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေထည့်သွင်း လျာထားပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးညီညီ (ခ) ဦးညီလေးချမ်းက ပထမမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။





**ဦးကြွယ်ကြွယ်၊ ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ပြည်နယ်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တရားလွှတ်တော် ပြည်နယ်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ (ခ) ဦးညီလေးချမ်း၏ ကြယ်ပွင့်ပြမေးခွန်းများအပေါ် ပြန်လည်ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဦးညီလေးချမ်း၏ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ တရားရုံးအသီးသီးတွင် ၂၀၁၄ ခုနှစ်မှ ၃၁-၁၀-၂၀၁၆ ရက်နေ့အထိ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေအရ စွဲဆိုတင်ပို့လာတဲ့ အမှုပေါင်း ၁၄၀ ကို လက်ခံစစ်ဆေးခဲ့ပါတယ်။ လက်ကျန်အမှုအနေနဲ့ ၇၄ မှု ဖြစ်ပါတယ်။ လူကုန်ကူးမှု အများဆုံးဖြစ်ပွားတဲ့ မြို့နယ်ကတော့ မူဆယ်ခရိုင်အတွင်းမှာရှိတဲ့ မူဆယ်မြို့နယ်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးညီလေးချမ်းက မေးခွန်း ၂ နှင့် ၃ ကို တစ်ဆက်တည်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီ (ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ပင်းတယမြို့နယ်၊ ရေဖြူ ကျေးရွာအုပ်စုမှာဆိုလျှင် ဇော်ဂျီ ရေထွက်ရှိပါတယ်။ ဇော်ဂျီ ရေထွက်ကို အားပြုပြီး ပင်းတယမြို့နယ်မှာရှိတဲ့ တောင်သူများက သီးနှံစိုက်ပျိုးကြပါတယ်။ ထို့အတူ ရပ်စောက်မြို့နယ်မှာလည်း ဇော်ဂျီရေကို အားကိုးအားထားပြုပြီး စိုက်ပျိုးကြရပါတယ်။ ရပ်စောက်မြို့နယ်မှတစ်ဆင့် ရွာငံမြို့နယ်ကို ဇော်ဂျီချောင်းက စီးဆင်းသွားပြီး ကျောက်ဆည်မြို့နယ် မှာလည်း ဇော်ဂျီရေနဲ့ပဲ လယ်ယာသီးနှံစိုက်ပျိုးကြပါတယ်။ ဇော်ဂျီရေနဲ့ပဲ လယ်ယာသီးနှံစိုက်ပျိုးတဲ့အခါမှာ ဇော်ဂျီရေသည် အခုအခါမှာ တောင်ယာသစ်တောများသည် အင်မတန်ပြုန်းတီးရာရောက်နေ ပါတယ်။ တောင်ယာစိုက်ခင်းများ အမြောက်အမြား ပေါ်ပေါက်လာ ပါတယ်။ ဒါကြောင့်ဇော်ဂျီရေသည်ရေထွက်အားကျဆင်းလာ ပါတယ်။ ရေထွက်အား မကျဆင်းဖို့ အင်မတန် အရေးကြီးလှ ပါတယ်။ ဒါကြောင့် ဒီရေထွက် အားကျဆင်းလာလျှင် လယ်ယာ သီးနှံမှာလည်း ဒုက္ခအများကြီးတွေ့နိုင်ပါတယ်။ ဒါကြောင့် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ ဒီဇော်ဂျီရေနဲ့ပဲ ရပ်စောက်မြို့နယ်မှာ ဇော်ဂျီဆည်တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်လျက် ရှိပါတယ်။ ဇော်ဂျီရေကျဆင်းမည်ဆိုလျှင် ရပ်စောက်မြို့နယ်မှာ ထုတ်တဲ့ လျှပ်စစ်ဓာတ်အားကလည်း ကျဆင်းသွားနိုင် ပါတယ်။ ဒါကြောင့် အင်မတန်အရေးကြီးသည့် ဇော်ဂျီရေကျဆင်းခြင်းမရှိစေရန်အတွက်နှင့်ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်လွှတ်တော် မှတစ်ဆင့် အောက်ပါအတိုင်း မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။





**ဦးညီညီ (ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ရှမ်းပြည်နယ်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ (ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတကာမှာ လူကုန်ကူးမှုနှင့် ထိရောက်စွာ အရေးယူဆောင်ရွက်နေသလို မြန်မာနိုင်ငံမှာလည်းပဲ လူကုန်ကူးမှု နှင့် ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော် တို့ ရှမ်းပြည်နယ်မှာလည်း လူကုန်ကူးမှုနှင့်ပတ်သက်ပြီး အမှုပေါင်း မည်မျှဖြစ်သည်။ မည်သို့ထိရောက်စွာ အရေးယူဆောင်ရွက်နေ သည်ကို သိလိုပါတယ်။ ဒါကြောင့် သိလိုတဲ့အတွက် ကျွန်တော် သည် အောက်ပါအတိုင်း ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ တရားရုံးအသီးသီးတွင် ၂၀၁၄ ခုနှစ်မှ ယနေ့အထိ လူကုန်ကူးမှု အမှုများကို လက်ခံစစ်ဆေးလျက်ရှိပြီး လက်ကျန် အမှုပေါင်း မည်မျှရှိကြောင်းနှင့် မည်သည့်မြို့နယ်တွင် အများဆုံးဖြစ်သည်ကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်မှ ဖြေဆိုပေးပါရန် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ တာဝန်ရှိသူမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။



D/real(wide) (3

မေးခွန်း (၁) ပင်းတယမြို့နယ်၊ ရေဖြူကျေးရွာအုပ်စုရှိ ဇော်ဂျီရေထွက်အား တစ်နှစ်ထက်တစ်နှစ် ရေထွက်အားကောင်းရေးအတွက် ဇော်ဂျီရေထွက်နှင့်ဆက်စပ်လျက်ရှိသော တောတောင်များ၏ သစ်တောများ ထာဝစဉ်ရှင်သန် စိမ်းလန်းစိုပြည်ရေးအတွက် လက်တွေ့ကျသော၊ ထိရောက်သော စီမံကိန်းများပြုလုပ်ထားခြင်း ရှိ/မရှိကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သက်ဆိုင်ရာဝန်ကြီးမှ ဖြေဆိုပေးပါရန် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြ မေးခွန်းမေးရခြင်းဖြစ်ပါတယ်။

မေးခွန်း (၂)အနေနဲ့ ဆက်လက်တင်ပြရမည်ဆိုလျှင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ အင်းငယ်ကျေးရွာအုပ်စု ရွှေပုထိုးမြောက်ရွာအနီးရှိ စိမ့်စမ်းရေထွက်မှ ရွှေပုထိုးမြောက်ရွာနှင့် မိုင်းအင်ရွာရှိ တောင်သူများသည် လယ်ယာစိုက်ပျိုးကြပါတယ်။ အဆိုပါ ကုတ်ကြီးရေထွက်မှ ပင်းတယမြို့နယ်၊ ရွာငံမြို့နယ်၊ ရပ်စောက်မြို့နယ်ချင်းဆက် ၃ ခု၏ ဆက်စပ်တောများကြောင့် ဖြစ်ပါတယ်။ ကုတ်ကြီးရေထွက်မှ အရှေ့မြင်၊ အနောက်မြင် တောင်ခြေတွင် တည်ရှိပါတယ်။ အဆိုပါသစ်တောများမှာလည်း တစ်နှစ်ထက်တစ်နှစ် သစ်တောများပြုန်းတီးလာ၍ ရေထွက်အား နည်းလာသည်ဖြစ်သောကြောင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ အဆိုပါကုတ်ကြီးရေထွက်သည်လည်းပဲ ဇော်ဂျီ ရေချောင်းမှာ သွားရောက်ပူးပေါင်းခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကုတ်ကြီးရေထွက်မှာရှိတဲ့ သစ်တောသည် အင်မတန်အရေးကြီးလှ ပါတယ်။ ဒါကြောင့် ကြယ်ပွင့်ပြ မေးခွန်းတွေ မေးရခြင်းဖြစ်ပါတယ်။

အဲ့ဒီတော့ မေးခွန်းအနေနဲ့မေးရမည်ဆိုလျှင် ပင်းတယမြို့နယ်၊ အင်းငယ်ကျေးရွာအုပ်စုရှိ ရွှေပုထိုးမြောက်ရွာအနီး အရှေ့မြင်၊အနောက်မြင်တောင်ခြေရှိ ကုတ်ကြီးစိမ့်စမ်းရေထွက်အား



D/real(wide) (3



(ခ) ဇော်ဂျီရေထွက်သည် ဧရိယာ ၁၅ ဧကရှိပြီး သစ်တောနယ်မြေအတွင်း ပါဝင်မှုမရှိဘဲ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော နယ်မြေတွင် ပါဝင်ပါသည်။ သို့ရာတွင် ဇော်ဂျီရေထွက်မှ အကျိုးပြုလျက်ရှိသော ထင်းရှူးကုန်းကျေးရွာ၊ ပင်စိမ်းပင်ကျေးရွာ၊ ကံလှကုန်းကျေးရွာ၊ ဇော်ဂျီကျေးရွာ၊ ရေဖြူကျေးရွာ၊ မာဖာကျေးရွာ၊ ရွာပေါင်း ၆ ရွာရှိသည့်အတွက် ပင်းတယမြို့နယ်၊ သစ်တောဦးစီးဌာနမှ သဘာဝရေထွက်ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းကို ၂၀၁၆ - ၂၀၁၇ အတွင်း ဆောင်ရွက်လျက် ရှိပါတယ်။ သဘာဝရေထွက်ပြုစုထိန်းသိမ်းရာတွင် အောက်ပါလုပ်ငန်း (၅) ခုပါဝင်ပါတယ်-

- (၁) ရေထွက်ပတ်လည်ခြံစည်းရိုး သွပ်ဆူးကြိုးကာရံခြင်း
- (၂) ရေထိန်းတမံငယ်ပြုလုပ်ခြင်း
- (၃) ကွန်ကရစ်ရေသွယ်မြောင်းပြုလုပ်ခြင်း
- (၄) အုတ်ရေကန်ပြုလုပ်ခြင်း
- (၅) ဆိုင်းဘုတ်နှင့် ကြော်ငြာပြားကပ်ခြင်း

(ဂ) အထက်ပါ လုပ်ငန်း (၅) ခုအနက် ကွန်ကရစ်ရေသွယ် မြောင်းပြုလုပ်ခြင်းနှင့် အုတ်ရေကန်ပြုလုပ်ခြင်း လုပ်ငန်း (၂) ခုမှာ ဆောင်ရွက်ဆဲဖြစ်ပြီး ကျန်လုပ်ငန်း (၃) ခုမှာ ဆောင်ရွက်ပြီးဖြစ်ပါတယ်။

ဇော်ဂျီရေထွက် အပါအဝင် သဘာဝရေထွက်များအား ထာဝစဉ် ရေရှည်တည်တံ့စေရန် ရည်ရွယ်၍ ဒေသအုပ်ချုပ် ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ဒေသန္တရတားမြစ်မိန့် ဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်၍ ကာကွယ်ထားပြီးဖြစ် ပါကြောင်း၊

(ဃ) ဇော်ဂျီရေထွက် အနောက်ဘက် တောင်ပေါ်ရှိ ဇော်ဂျီ ရေဝေရေလဲ ဧရိယာ သဘာဝတော(၁၀၀) ဧကခန့်အား ကျေးရွာ(၆) ရွာရှိ ဒေသခံပြည်သူများမှ ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ထားရှိ ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်သည့် ပင်းတယမြို့နယ်၊ အင်းငယ်ကျေးရွာ အုပ်စုရှိ ရွှေပုထိုးမြောက်ရွာအနီး အရှေ့မြင်၊ အနောက်မြင် တောင်ခြေရှိ ကုတ်ကြီးစိမ့်စမ်းရေထွက်နှင့်စပ်လျဉ်း၍ ဖြေကြားမှာ ဖြစ်ပါတယ်။

(က) အင်းငယ်ကျေးရွာအုပ်စုရှိ ရွှေပုထိုးမြောက်ရွာ အနီး အရှေ့မြင်၊ အနောက်မြင် တောင်ခြေရှိ ကုတ်ကြီး စိမ့်စမ်းရေထွက်သည် ဇော်ဂျီကြိုးဝိုင်း အတွင်းရှိ ရေဝေရေလဲ အလုပ်တိုက်နယ်တွင် ပါဝင်လျက်ရှိပြီး ဧရိယာအားဖြင့် (၅) ဧက ရှိပါကြောင်း၊ ရေထွက် ပတ်ဝန်းကျင်ရှိ ရွှေပုထိုးကျေးရွာ၊ ခံတောင်ကျေးရွာ၊ ပြင်သာကျေးရွာ၊ ညောင်ဝန်းကျေးရွာ၊ ညောင်ပင်ဝိုင်း ကျေးရွာ၊ မိုင်းတင်ကျေးရွာ၊ ရွာပေါင်း ၆ ရွာအား အကျိုးပြု လျက်ရှိပါကြောင်း၊



D/real(wide) (4



တစ်နှစ်ထက်တစ်နှစ် ကောင်းမွန်လာရေးအတွက် သစ်တောများ ထာဝစဉ်စိမ်းလန်းစိုပြည်ရေးအတွက် ယထာဘူတကျသော စီမံကိန်းများ ပြုလုပ်ထားခြင်း ရှိ/မရှိ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သက်ဆိုင်ရာဝန်ကြီးမှ ဖြေဆိုပေးပါရန် ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးဆွေသိန်း၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ဦးညီညီ (ခ) ဦးညီလေးချမ်း၏ မေးခွန်း (၂) ခုကို ဖြေကြားသွားမှာဖြစ်ပါတယ်။ မေးခွန်း (၁)ဖြစ်တဲ့ ပင်းတယမြို့နယ်၊ ရေဖြူကျေးရွာအုပ်စုရှိ ဇော်ဂျီရေထွက်နှင့်စပ်လျဉ်းသည့် ဖြေကြားချက်ကို ဖြေကြားမှာဖြစ် ပါတယ်။

(က) ပင်းတယမြို့နယ်တွင် သစ်တောနယ်မြေအနေဖြင့် ကြိုးဝိုင်း (၁) ခု၊ ၇၅၀၈ ဧက၊ ကြိုးပြင်ကာကွယ်တော (၁) ခု၊ ၂၀၁ ဧက၊ စုစုပေါင်း ၇၇၀၉ ဧက ဖြစ်ပြီး ပင်းတယမြို့နယ် ဧရိယာ ၁၅၅၅၂၂ ဧက၏ ၄. ၉၆% ရှိ၍ သစ်တောဖုံးလွှမ်းမှုမှာ ၂၀၁၅ ခုနှစ်၊ (Forest Resources Assessment FRA 2015 ) အရ ၉. ၄၆% ဖြစ်ပါကြောင်း၊ ကျန်ဧရိယာများမှာ အစိုးရ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် နယ်မြေများဖြစ်ပါကြောင်း၊

ကုတ်ကြီးစိမ့်စမ်းရေအတွက် တိမ်ကောပပျောက်မှု မရှိစေရေးအတွက် တောင်ကြီးခရိုင် အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်း ၂၀၁၆ - ၂၀၁၇ ခုနှစ်မှ ၂၀၂၅ -၂၀၂၆ ခုနှစ် အထိ ပါရှိသည့် လုပ်ငန်းစီမံချက် များနှင့်အညီ ရေဝေရေလဲဒေသများ ထိန်းသိမ်း ခြင်း၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ ဒေသခံများနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝရေထွက်တောများ ထိန်းသိမ်းရန်နှင့်ပတ်သက်၍ ပညာပေးဟောပြောခြင်းများ ဆောင်ရွက်လျက် ရှိသည့်အပြင် ပင်းတယမြို့နယ်အတွင်း ပါရှိသည့် အရှေ့မြင်၊ အနောက်မြင် တောင်အား အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းပါ နှစ်စဉ်စီမံချက်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ အရှေ့မြင်၊ အနောက်မြင် ကြိုးပြင်ကာကွယ်တော အဖြစ် ဖွဲ့စည်းရန် ကွင်းဆင်း ဆောင်ရွက်လျက် ရှိပါကြောင်း၊ ရှမ်းပြည်နယ်အတွင်း ပင်းတယ မြို့နယ်ရှိ သဘာဝရေထွက်များ သာမက တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်အတွင်းပါဝင်လျက်ရှိသော သဘာဝရေထွက်များကို သစ်တောဦးစီးဌာနမှ ဒေသအုပ်ချုပ်မှုအဖွဲ့ များနှင့်အတူပေါင်းစပ်ညှိနှိုင်း ထိန်းသိမ်း ကာကွယ် စောင့်ရှောက်



D/real(wide) (4



ယာဉ်ငယ် အစီး ၃၀၀ ကျော် ဖြတ်သန်းသွားလာလျက် ရှိပါတယ်။ ကျိုင်းတုံ - တာချီလိတ် ပြည်ထောင်စုလမ်းမကြီးသည် နမ့်လုံချောင်းတစ်လျှောက် ချောက်ကမ်းပါးများတွင် ဖောက်လုပ်ထားသည့် အန္တရာယ်ရှိသော အကွေ့အကောက်များစွာရှိပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ မိုင်းဖြတ်မြို့နယ်အပိုင်းတွင် ပိုမိုများပြားလျက်ရှိပါတယ်။ ဒီလိုအန္တရာယ်များသော အကွေ့အကောက်များမှာ ယာဉ်မောင်းများ၏ ပေါ့ဆမှု၊ စက်ချို့ယွင်းမှုတို့ကြောင့် မော်တော်ယာဉ်များ မကြာခဏ ပေ ၁၀၀ ကျော်နက်သော နမ့်လုံချောင်းဘက်သို့ ပြုတ်ကျပြီး လူ့အသက်ဆုံးရှုံးလျက်ရှိပါတယ်။ ၂၅-၅-၂၀၁၆ ရက်နေ့မှာ ယာဉ်ငယ်တစ်စီးက ချောက်ကမ်းပါးသို့ ပြုတ်ကျခဲ့ပြီး ခရီးသည် ၃ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ ဒါ့အပြင် ၁၆-၉-၂၀၁၆ ရက်နေ့မှာ ကျိုင်းတုံမှ တာချီလိတ်သို့ မောင်းနှင်လာသော ခရီးသည်တင် ရွှေရေကန် မီနီဘတ်စ်ကားတစ်စီး ချောင်းထဲသို့ ပြုတ်ကျခဲ့ရာ နှစ်ဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။

အထက်တင်ပြပါ ဖြစ်စဉ်များအရ အန္တရာယ်ရှိသော နေရာများတွင် (Guard Rail) များကို သက်ဆိုင်ရာ ကုမ္ပဏီများမှသော်လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရမှသော်လည်းကောင်း၊ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသဖြင့် လွှတ်တော်မှတစ်ဆင့် မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။**
လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားကို မှ ကျိုင်းတုံ - တာချီလိတ်လမ်းရှိ အန္တရာယ်ကွေ့များတွင် (Guard Rail) များကို ကုမ္ပဏီမှသော်လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရမှ သော်လည်းကောင်း၊ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြမှာဖြစ်ပါတယ်ခင်ဗျား။

ကျိုင်းတုံ-တာချီလိတ် (B.O.T) လမ်းမကြီးကို သော်တာဝင်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုလမ်းမကြီးဖြစ်သည်နှင့်အညီ ကျိုင်းတုံမှ တာချီလိတ်ထိ လက်ရှိကတ္တရာလမ်းသား အကျယ် ပျမ်းမျှပေ ၃၀ ခန့်ရှိပြီး ယာဉ်များအန္တရာယ်ကင်းရှင်းစွာမောင်းနှင်နိုင်သည့် ၂ လမ်းသွား လမ်းမကြီးဖြစ်ပါတယ်ခင်ဗျား။

လမ်းကြောင်းတစ်လျှောက် လမ်းအင်္ဂါရပ်နှင့်အညီ ဆောင်ရွက်ရမည့် လမ်း/တံတားလုပ်ငန်းများအပြင် Road Sign များတပ်ဆင်ခြင်း၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း၊ အန္တရာယ်သတိပေးဆိုင်းဘုတ်နှင့် အန္တရာယ်ကာကွယ်တိုင်များ တပ်ဆင်ခြင်းကိုလည်း နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အဆိုပါလမ်းသည် ကျိုင်းတုံမြို့ ၆၃၉ Km မှ တာချီလိတ်မြို့ ၇၉၆. ၃၀ Km အထိ ၁၅၇. ၃၀ Km ရှိပြီး အန္တရာယ်ရှိသည့်





ပေးလျက်ရှိပါကြောင်းနှင့် ယထာဘူတကျသော သစ်တောအုပ်ချုပ်လုပ်ကိုင်မှု ၁၀ နှစ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဦးအားကိုက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအားကို၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။**
လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် အတူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးစိတ်၏ ကျန်းမာခြင်း၊ ကိုယ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားကို ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ကျိုင်းတုံ - တာချီလိတ် လမ်းရှိ အန္တရာယ်ရှိသော အကွေ့များတွင် (Guard Rail) များ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းကို ဆွေးနွေးတင်ပြသွား မှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျိုင်းတုံ - တာချီလိတ် ပြည်ထောင်စုလမ်းမကြီးကို ၂၀၀၀ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် သော်တာဝင်းကုမ္ပဏီမှစာချုပ်ချုပ်ဆိုခဲ့ပြီး (B.O.T) စနစ်ဖြင့် လမ်းများပြုပြင်ကာ ကတ္တရာလမ်းခင်းပေးခဲ့ပါတယ်။ လမ်းမှာ အလွန်ကောင်းမွန်လျက်ရှိပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တဲ့အတွက် နေ့စဉ် ယာဉ်ကြီး၊



D/real(wide) (4

ကွေ့နေရာ အချို့ကို လက်ရှိ (Guard Post)များ၊ တိုင်များဖြင့် ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

အဆိုပါလမ်းရှိ အန္တရာယ်ကွေ့များတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် (Guard Rail) များ တပ်ဆင်ခြင်းကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် သော်တာဝင်းကုမ္ပဏီမှ တာဝန်ယူ၍ ကျိုင်းတုံမြို့နှင့် မိုင်းဖြတ်မြို့အကြား အောက်ပါနေရာ (၇)ခုတွင် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါတယ်-

(က) ၆၈၆ Km မှ ၆၈၇ Km အတွင်း ၁၂ m ပန်တောင်းရွာအနီးမှာဖြစ်ပါတယ်။

( ခ) ၆၈၉ Km မှ ၆၉၀ Km အတွင်း ၂၄ m အရှည်ဖြစ်ပါတယ်။ ပန်တောင်းရွာနှင့် တာကျောက်ရွာကြားမှာဖြစ်ပါတယ်။

( ဂ) ၆၉၀ Km မှ ၆၉၁ Km အတွင်း ၁၂ m အရှည် ပန်တောင်းရွာနှင့် တာကျောက်ရွာကြားမှာ တတိယနေရာဖြစ်ပါတယ်။

(ဃ) ၆၉၂ Km မှ ၆၉၃ Km အတွင်း တာကျောက်ရွာအနီး ၁၂ m အရှည် ဖြစ်ပါတယ်။

( င) ၆၉၇ Km မှ ၆၉၈ Km အတွင်း ဆွတ်ပလောင်းရွာအနီးမှာ အရှည် ၁၂ m (Guard Rail) တစ်ခုပါဝင်မှာ ဖြစ်ပါတယ်။

( စ) ၆၉၉ Km မှ ၇၀၀ Km အတွင်း ဆွတ်ပလောင်းရွာနှင့် ဆိုင်းလေရွာအကြား m 20 ကိုလည်းပါဝင်ပါတယ်။



D/real(wide) (4



လမ်းသက်တမ်းမှာ ၃ နှစ်ခန့် ရှိပြီ ဖြစ်ပါတယ်။ ကျောက်ချောလမ်းခင်းဖို့လည်း နေရာသင့် အနေအထားမှာ ရှိနေပါတယ်။ တောင်ပေါ်လမ်းဖြစ်တဲ့အတွက်ကြောင့် လမ်း၏ စည်းကမ်းဥပဒေသအတိုင်း ၃ နှစ်ပြည့်မှ ကျောက်ချောလမ်းခင်းလျှင် ပိုပြီး အဆင်ပြေမှာဖြစ်ပါတယ်။ နားဝါလမ်းသည် တစ်ကြိမ်တစ်ခါမှ ကားလမ်းနဲ့ သွားလာမှုမပြုနိုင်တဲ့ ဒေသတစ်ခုဖြစ်ပါတယ်။

ဒေသထွက်ကုန်မှာ လက်ဖက်နှင့် စပါးဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုအတွက် ကြိုးပမ်းနေတဲ့ ကျေးရွာအုပ်စုတစ်ခု ဖြစ်ပါတယ်။ အကယ်၍ ဒီလမ်းကို တောင်တက်လမ်းဖြစ်တဲ့ အတွက်ကြောင့် စီမံကိန်းအရ ကတ္တရာ ၇ မိုင် ခင်းပေးမည်။ ကျောက်ချော ၄ မိုင် ခင်းမည်ဆိုသည့်ကိစ္စမှာ သင့်လျော်သည့် ကိစ္စဟု ထင်မြင်ပါတယ်။ အဘယ်ကြောင့်ဆိုသော် ၁၂ မိုင်လုံးကို ကျောက်ချောလမ်းခင်းပေးမည်ဆိုလျှင် တောင်တက်လမ်းကလည်း တံတားလည်း မရှိတဲ့အတွက်ကြောင့် ကြိုးစားသလောက် ကောင်းတဲ့အဖြေပေါ်ထွက်လာမှာမဟုတ်ပါဘူး။ ဒါကြောင့် နားဝါဒေသကို မြေသားလမ်း ဖောက်ပေးတဲ့အတွက်ကြောင့် ကျောက်ချောလမ်းလေးရှိအောင်လည်း ဒီဘဏ္ဍာရေးနှစ်မှာ အလျင်မီလေးလုပ်ဆောင်ပေးနိုင်ရေးအတွက် တင်ပြပါတယ်။

မိုင်းရယ်မြို့နယ်မှာ ကျေးရွာအုပ်စုက ၅ အုပ်စုရှိပါတယ်။ အကယ်၍ နားဝါကျေးရွာသို့ ကားလမ်းပေါက်သွားလျှင် ကျောင်းလုံ့ရွာနှင့် မိုင်းဟာရွာတို့မှာ အားလုံးကျေးရွာချင်းဆက်လမ်းများဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုကလည်း ပိုမို ကောင်းမွန်လာမှာဖြစ်ပါတယ်။ ဒါကြောင့် မိုင်းရယ်မြို့နယ်မှ နားဝါကျေးရွာအုပ်စုသို့ ၁၂ မိုင် လမ်းကို ဒီဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကို မေးမြန်းလို ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဒုတိယမေးခွန်းကတော့ မိုင်းရယ်မြို့နယ်နှင့် ၇ မိုင် လောက်ကွာဝေးသည့်လမ်း နားခိုကျေးရွာအုပ်စုထဲတွင် ရှိပါတယ်။ ၎င်းရွာတွင် ရေတံခွန်ရှိပြီး လိမ္မော်သီး၊ စပါးနှင့် လက်ဖက် ခြောက်များ ထွက်ပါတယ်။ သို့သော် ကားလမ်းမရှိဘဲ လူသွားလမ်းနှင့် ထွက်ကုန်များကို သယ်ရသောကြောင့် ထင်သလောက်တိုးတက်မှု မရှိပါ။ ဒါကြောင့် ၎င်းလမ်းကိုလည်း ယန္တရားချင်း ဖောက်လုပ်မည်ဆိုလျှင် ကားလမ်းလည်း ပေါက်သွားပါမယ်။ မိုင်အားဖြင့် ၇ မိုင်ပဲ ရှိတဲ့ အတွက်ကြောင့် နောက်ပိုင်း ကျွန်တော်တို့ မြို့နယ်၏ အပန်းဖြေ စခန်း ဖြစ်ကောင်းဖြစ်လာနိုင်ပါမယ်။ ရှမ်းပြည်နယ်အစိုးရအနေနဲ့ ဆောင်ရွက်ပေးသင့်တယ်လို့ ယူဆပြီး ပြည်သူများကလည်း ကျွန်တော့်ထံတွင် လာရောက်တင်ပြတောင်းဆိုကြတဲ့အတွက် ၇ မိုင် မြေသားလမ်းကို ဖောက်လုပ်ပေးဖို့ တောင်းဆိုပါတယ်။ ဒီလမ်းကိုဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိကိုလည်း သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ဦးစိုင်းစံဖေ၊ မိုင်းရယ်မြို့နယ်မဲဆန္ဒနယ်အမှတ်



D/real(wide) (4



(ဆ) နောက်ဆုံးတစ်ခုအနေနဲ့ ဆွတ်ပလောင်းရွာနှင့် ဆိုင်းလေရွာအကြား Km ၇၀၁ မှ ၇၀၂ အတွင်း ၁၂ m အရှည် စုစုပေါင်း (Guard Rail) အရှည် ပေါင်း ၁၀၄ m ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျန်ရှိတဲ့နေရာများကိုလည်း ထပ်မံစစ်ဆေး၍ ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းရယ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဦးစိုင်းစံဖေက မေးခွန်း ၁ နှင့် ၂ ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းစံဖေ၊ မိုင်းရယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ ကျန်းမာခြင်းနှင့် ပြည့်ဝပါစေလို့ ကျွန်တော်ဆုမွန်ကောင်းတောင်း လိုက်ပါတယ်။

ကျွန်တော်တို့ မိုင်းရယ်မြို့နယ်တွင် ၁၂ မိုင်ရှည်သည့် နားဝါကျေးရွာအုပ်စုသို့ သွားတဲ့လမ်းသည် မြို့၏ အရှေ့ဘက်တွင် ရှိပါတယ်။ ယခင်က တစ်ကြိမ်တစ်ခါမှ ကားလမ်းနဲ့သွားလာခြင်း မပြုနိုင်တဲ့ ဒေသတစ်ခု ဖြစ်ပါတယ်။ ဒီမြေသားလမ်းကို ၁၇-၂-၂၀၁၄ တွင် ဖောက်လုပ်ခဲ့ပြီး လုပ်ငန်းပိုင်းက ၃ လပိုင်းမှာပြီးသွားပါတယ်။ ၎င်းမြေသားလမ်းကို တာဝန်ယူတဲ့ ကုမ္ပဏီကတော့ မြန်မာရတနာ ရွှေခေတ်ကုမ္ပဏီကဖြစ်ပြီး မြေသားလမ်းဖောက်လုပ်ရာတွင် လမ်းပဲဖောက်ပြီး တံတားတွေဆောက်ထားခြင်းမရှိပါဘူး။ မြေသား

(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာတဲ့ မိုင်းရယ်မြို့နယ်မှ နားဝါကျေးရွာအုပ်စုရှိ ကျေးရွာချင်းဆက်လမ်း မြေသားလမ်း ၁၂ မိုင်ကို ကျောက်ချောလမ်းအဖြစ်ခင်းပေးရန်အစီအစဉ်ရှိ/မရှိ သိလိုသည်ဟု မေးမြန်းလာတဲ့ ပထမမေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။

မိုင်းရယ် - နားဝါကျေးရွာချင်းဆက် မြေသားလမ်း ၁၂ မိုင်အနက် ၂ မိုင် ၆ ဖာလုံကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးတွင် ဆောင်ရွက်ပေးနိုင်ဖို့အတွက် ခွင့်ပြုရန်ပုံငွေရရှိရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လျာထားတင်ပြ ဆောင်ရွက်ခဲ့သော်လည်း ၂၀၁၇ - ၂၀၁၈ ခုနှစ် ရရှိတဲ့ ဘဏ္ဍာငွေ ခွင့်ပြုရန်ပုံငွေပေါ်မှာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါသဖြင့် ကျေးလက်ဒေသ၏ စီမံကိန်းဖြစ်တဲ့ လမ်းတံတား ၁၅ နှစ် စီမံကိန်းတွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ မိုင်းရယ်မြို့နယ်၊ နားခိုကျေးရွာအုပ်စု၊ ဟွေလွတ်ကျေးရွာသို့ ကျေးရွာချင်းဆက်လမ်း ၇ မိုင်ကို မြေသားလမ်းဖောက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ သိလိုသည့်မေးခွန်းနှင့်ပတ်သက်၍လည်း မိုင်းရယ်မြို့နယ်၊ နားခိုကျေးရွာအုပ်စု၊ နားခို - ဟွေလွတ် - လာဟိကျေးရွာချင်းဆက်လမ်း ၇ မိုင်ကို မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ယခု ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ဘတ်ဂျက် ခွင့်ပြုရန်ပုံငွေဖြင့် မြေသားလမ်း ၅ မိုင် ဆောင်ရွက်ပေးနိုင်ရေးအတွက် ထည့်သွင်းလျာထားပေးထားပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



D/real(wide) (4



အားထားရတဲ့ မြို့နယ်ခန်းမသည် ထင်ရှားစွာ တည်ရှိနေခဲ့ပါတယ်။ နမ့်စန် မြို့နယ်၏ သမိုင်းအကျဉ်းကို အလျဉ်းသင့်လို့ တင်ပြလိုတာကတော့ ယခင်မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက် မြို့နယ်ပြည်သူ့ ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ၂၄-၁၀-၁၉၈၆ ရက်နေ့ ရက်စွဲပါစာအမှတ် ၁၀၂၀/၁/၂၀/ နစ - ၁ ဖြင့် အဆောက်အဦ ဆောက်လုပ်ခွင့်ပြုချက်အရ လမ်းစဉ်ပါတီဝင်များ၊ အလုပ်သမား အစည်းအရုံး၊ လူထုလူတန်းစားအဖွဲ့အစုဝင်များ၊ ပြည်သူလူထုထည့်ဝင်ငွေများဖြင့် နမ့်စန်မြို့နယ်ခန်းမ အဆောက်အဦကို ဆောက်လုပ်ခဲ့ပါတယ်။ အဆောက်အဦ အမျိုးအစားသည် သွပ်မိုး၊ အုတ်ညှပ်၊ ကွန်ကရစ်ခင်းအမျိုးအစားဖြစ်ပြီး အဆောက်အဦအတိုင်းအတာမှာ ၁၅၀ ပေ × ၄၉ ပေ × ၂၀ ပေဖြစ်ပါတယ်။ မြို့နယ်ခန်းမ၊ မြေနှင့်ခန်းမအဆောက်အဦသည် ၂၀၀၀ ခုနှစ်မှစတင်ပြီး နမ့်စန်မြို့နယ်၊ စည်ပင်သာယာရေးဌာနပိုင်ဖြစ်လာခဲ့ပြီး အဆိုပါမြေနှင့် မြို့နယ်ခန်းမအဆောက်အဦကို နမ့်စန်မြို့နယ်၊ စည်ပင်သာယာရေး ဌာနမှတာဝန်ယူထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါ တယ်။ မြို့နယ်ခန်းမမြေသည် ၁. ၃၁၈ ဧကကျယ်ဝန်းပြီး နမ့်စန်မြို့နယ်၊ စည်ပင်သာယာရေးဌာနအမည်ဖြင့် ၂-၁-၂၀၀၄ မှ ၁-၁-၂၀၃၄ အထိ နှစ်ပေါင်း ၃၀ မြေငှားဂရန် ရရှိပြီးသားဖြစ်ပါတယ်။

မြို့နယ်ခန်းမအဆောက်အဦကို စတင်တည်ဆောက်ခဲ့သည့် ၁၉၈၆ ခုနှစ်ကနေ ယနေ့အထိ နှစ်ပေါင်း ၃၀ သက်တမ်းကြာရှိလာပြီ ဖြစ်တဲ့အတွက် အဆောက်အဦ သွပ်အမိုးများ ပေါက်ပြဲခြင်း၊ မျက်နှာကြက်များ ဆွေးမြည့်ပျက်စီးခြင်း၊ ကွာကျခြင်း၊ နံရံများ အရောင် မှေးမှိန်ခြင်းများ ဖြစ်ပေါ်လာပြီး ခန်းမအဆောက်အဦ၏ ဥပဓိရုပ်သည် ယိုယွင်းဟောင်းနွမ်းလျက် မတင့်မတယ်ဖြစ်နေခဲ့ပါတယ်။ နမ့်စန်မြို့နယ်သည် အများ

ပြည်သူနှင့် သက်ဆိုင်သည့်ခန်းမသည် နမ့်စန် မြို့နယ်ခန်းမ တစ်ခုတည်းသာရှိပြီး နိုင်ငံတော်အဆင့်၊ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့် အခမ်းအနားများ၊ တွေ့ဆုံပွဲများ၊ အစည်းအဝေးများ၊ တိုင်းရင်းသား ပဒေသာကပွဲများ၊ ပျော်ပွဲရွှင်ပွဲများအတွက် အသုံးပြု သည့် ခန်းမဖြစ်သဖြင့် ခန်းမအား မိုးလုံလေလုံ ဥပဓိရုပ်သင့်မြတ်စေရေး အတွက် ခန်းမအမိုး မျက်နှာကြက်၊ ဥပဓိကောင်းမွန်စေရေးတို့ကို ပြန်လည် ပြုပြင်တည်ဆောက်သွားရန် အထူးလိုအပ်လျက်ရှိပါတယ်။

ယခုအခါ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့နှင့် မြို့မိမြို့ဖများအား ခန်းမကြီး ဥပဓိရုပ် တင့်တယ်သပ်ရပ်သာယာ လှပစွာ မြို့အင်္ဂါရပ်နှင့်အညီ ပြုပြင်တည်ဆောက်နိုင်ရန်အတွက် ဆွေးနွေးတိုင်ပင်ကြရာမှာ အထက်ပါပျက်စီးယိုယွင်းမှုများ ကုန်ကျစရိတ်ပမာဏအား ခေတ်ကာလဈေးနှုန်းအရ အကုန်အကျများစွာ ကျသင့်နေမှာဖြစ်တာကြောင့် မနိုင်ဝန် ထမ်းရသလို ဖြစ်နေ ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကသာ နမ့်စန်မြို့၊ မြို့နယ်ခန်းမ နောင်အရှည် ခန့်ညားတင့်တယ်စွာတည်ရှိနိုင်ဖို့ အကြီးစားပြုပြင် တည်ဆောက်နိုင်ရန်အတွက် ရန်ပုံငွေများ ပံ့ပိုးကူညီနိုင်ပါက မြို့မိမြို့ဖများနှင့် အလှူရှင်များ၏ ကျန်ရှိသည့် တစ်ဖက်ကနေ နမ့်စန်မြို့နယ် ခန်းမကြီးကို ပိုင်ပိုင်နိုင်နိုင် ဖိဖိစီးစီးနှင့် ပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၊ မြို့ကျက်သရေဆောင် မြို့နယ်ခန်းမအား မြို့အင်္ဂါရပ်နှင့်အညီ အကြီးစား ပြုပြင်မွမ်းမံ တည်ဆောက်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရန်ပုံငွေပံ့ပိုး ကူညီချထား ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ဆောင်ရွက်ပေးနိုင်မည်ဆိုပါကမည်သည့်ကာလတွင်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် နမ့်စန်မြို့နယ်နေ မြို့မိမြို့ဖများနှင့် တိုင်းရင်းသားပြည်သူလူထုများကိုယ်စား လွှတ်တော် ဥက္ကဋ္ဌကြီးထံမှ



D/real(wide) (4



**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးလင်းအောင်ဆွေက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဂါရဝပြုဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေဖြစ်ပါတယ်။

ကျွန်တော်အနေနဲ့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၏ မြို့ကျက်သရေဆောင် မြို့နယ်ခန်းမအား မြို့အင်္ဂါရပ်နှင့်အညီ အကြီးစား ပြုပြင်မွမ်းမံ တည်ဆောက်ရန် အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရန်ပုံငွေပံ့ပိုး ကူညီချထား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းကို လွှတ်တော် ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နမ့်စန်မြို့နယ်သည် ရှမ်းပြည်နယ်တောင်ပိုင်းမှာ အချက်အချာကျတဲ့ မိတ္ထီလာ - တောင်ကြီး - နမ့်စန် - ကွန်ဟိန်း - ကျိုင်းတုံ - တာချီလိတ် အာဆီယံလမ်းမကြီးနှင့် တောင်ကြီး - နမ့်စန် -မိုင်းပန်-တာဆန်း-မိုင်းတုံ-မိုင်းဆတ်ပြည်ထောင်စု လမ်းမကြီးတို့ ဆုံရာ အထူးစည်ကားလှတဲ့ လမ်းဆုံမြို့တစ်မြို့ဖြစ်ပါတယ်။ ဒီလိုစည်ပင်ဖွံ့ဖြိုးလာတဲ့ နမ့်စန်မြို့၏တင်ပြပါ လမ်းဆုံ လမ်းမကြီး၏ နံဘေးမှာပဲ နမ့်စန်မြို့နယ်အတွင်း ပြည်သူများ

တစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းကို ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းရဲန်တစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။** လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ စည်ပင်သာယာရေးဝန်ကြီးအစား ဘဏ္ဍာရေးဝန်ကြီး ကျွန်တော် ဦးစိုင်းရဲန်တစ်လုံမှ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ မေးမြန်းသည့် မေးခွန်းကို ကျွန်တော်ကနေ ဖြေကြားပေးမှာဖြစ်ပါတယ်။

နမ့်စန်မြို့နယ် ကျက်သရေဆောင် မြို့နယ်ခန်းမအား မြို့နယ်အင်္ဂါရပ်နှင့်အညီ အကြီးစား ပြုပြင်တည်ဆောက်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရန်ပုံငွေပံ့ပိုးကူညီချထား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုသည့်မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။

နမ့်စန်မြို့နယ်ခန်းမသည် မိတ္ထီလာ - တောင်ကြီး - နမ့်စန်- ကွန်ဟိန်း - ကျိုင်းတုံ - တာချီလိတ် အာဆီယံကားလမ်းမကြီးနှင့် တောင်ကြီး - နမ့်စန် - မိုင်းပန် - တာဆန်း - မိုင်းတုံ - မိုင်းဆတ် ပြည်ထောင်စုကားလမ်းဆုံရှိ နမ့်စန်မြို့နယ်လမ်းဆုံတွင် အထင်ကရတည်ရှိပြီး ခေတ်အဆက်ဆက် နိုင်ငံတော်အဆင့်၊ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်၊ တွေ့ဆုံပွဲများ၊ အစည်းအဝေးများ၊ အခမ်းအနားများ၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပသည့် နမ့်စန်မြို့လူထုနှင့် သက်ဆိုင်သည့် တစ်ခုတည်းသော ဘက်စုံသုံးနေသည့်ခန်းမ အဆောက်အဦတစ်ခု ဖြစ်ပါတယ်။



D/real(wide) (4



နမ့်စန်မြို့နယ်စည်ပင်သာယာရေးဌာနဖြင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ပြီး ဝင်ငွေလျာထားချက်မှာ ကျပ် ၁၅၆၇. ၃ သိန်းဖြစ်ပြီး ငွေလုံးငွေရင်းလုပ်ငန်းအဖြစ် ကတ္တရာလမ်း ၂ လမ်း ကုန်ကျငွေကျပ် ၁၅၁ သိန်း၊ ကွန်ကရစ်လမ်း ၁ လမ်း၊ ကုန်ကျငွေကျပ် ၃၃၅ သိန်း၊ ကွန်ကရစ်တံတား ၃ စင်း၊ ကုန်ကျငွေကျပ် ၄၈ သိန်း၊ မြို့ရေပေးရေးလုပ်ငန်း ၁ ခု ကုန်ကျငွေကျပ် ၃၀ သိန်း၊ ပြည်ထောင်စုလမ်းမဘေး ဝဲ/ယာ ပလက်ဖောင်းပြုပြင်ခြင်း၊ ကုန်ကျငွေကျပ် ၁၇၄ သိန်းတို့အား စုစုပေါင်း ကုန်ကျငွေကျပ် ၇၃၈ သိန်းဖြင့် လျာထားဆောင်ရွက်လျက်ရှိပါတယ်။

သို့သော်နမ့်စန်မြို့နယ်ခန်းမအား မြို့အင်္ဂါရပ်နှင့်အညီ အကြီးစား မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေး ဌာနအနေနဲ့ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေ အနေနဲ့ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါသဖြင့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ ရန်ပုံငွေရရှိမှုပေါ်မှာမူတည်ပြီး နှစ်အလိုက် ထည့်သွင်းရေးဆွဲ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း တင်ပြ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လဲချားမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဦးစိုင်းထွန်းအောင်က မေးခွန်း ၁ နှင့် ၂ ကို တစ်ဆက်တည်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းအောင်၊ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ကျွန်တော် ကတော့ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်

ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်ဖြစ်ပါတယ်။ ကျွန်တော်အခု မေးမြန်းလိုတာကတော့ အရပ်ရပ် အခွင့်အရေးလိုင်စင် များအား ပွင့်လင်းမြင်သာ၍ လွတ်လပ်သော ဈေးပြိုင်လေလံတင်ခြင်း လုပ်ငန်း ဆောင်ရွက်ပေးနိုင်မှုအခြေအနေကို ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်၊ ခရိုင်များအလိုက် အရပ်ရပ် အခွင့်အရေးလိုင်စင်များအား ပွင့်လင်းမြင်သာ၍ လွတ်လပ်သောဈေးပြိုင်စနစ်ဖြင့် နှစ်စဉ် ဆောင်ရွက်ရသော လုပ်ငန်းဖြစ်ကြောင်း၊ ပြဋ္ဌာန်းထားကြောင်း သိရှိရပါတယ်။ သို့သော် ပြီးခဲ့သော အစိုးရကာလလက်ထက်တွင် ပြည်သူအများ သိရှိပါဝင်နိုင်စေရေး၊ ပွင့်လင်းမြင်သာ၍ ကျယ်ပြန့်စွာ ကြေညာ ထုတ်ပြန်ခြင်းမရှိဘဲ ယခင်လုပ်ကိုင်ခဲ့သော လူရင်းများဖြင့်သာ ဆောင်ရွက်သွားခဲ့ကြသည်ကို တွေ့ရှိရပါတယ်။ ထိုသို့ လုပ်လက်စ ပုဂ္ဂိုလ်များကိုသာ သက်တမ်းတိုး၍ ဆက်လက်ချ ပေးခြင်းကို မြို့နယ်စည်ပင်အမှုဆောင်အရာရှိ တစ်ဦးမှ ဆွဲမည့်သူ မရှိ၍ မူလလုပ်ကိုင်နေသူကိုသာ ချပေးရပါသည်ဟု အကြောင်းပြ ပြောဆိုသည်ကို ကြားခဲ့ရဖူးပါတယ်။ ထိုစကားသည် ကျိုးကြောင်း မဆီလျော်၍ မခိုင်လုံသည့် အကြောင်းပြချက်ဟု ယူဆပါတယ်။ ထိုသို့ ဆောင်ရွက်ခြင်းသည် ပွင့်လင်းမြင်သာမှုမရှိခြင်း၊ အခွင့်အရေး ဆုံးရှုံးခြင်း၊ အဂတိတရားမကင်းခြင်း၊ ရသင့်ရထိုက်သော အခွန် ဘဏ္ဍာများ ဆုံးရှုံးခြင်းစသည်များဖြစ်ပေါ်လျက်ရှိနေကြောင်းတွေ့ရှိ ရပါတယ်။

သို့ဖြစ်ပါ၍ မကြာတော့သောအချိန်ကာလတွင် အရပ်ရပ် အခွင့်အရေး လိုင်စင်စီများ လေလံဆွဲရမည့် အချိန်ကာလရောက် ရှိတော့မည်ဖြစ်ရာ သက်ဆိုင်ရာ စည်ပင်သာယာရေးဝန်ကြီးဌာန အနေဖြင့် အဆိုပါ အရပ်ရပ် အခွင့်အရေး လိုင်စင်စီအား မည်သို့





အဆိုပါ နမ့်စန်ခန်းမ အဆောက်အဦသည် အတိုင်းအတာ အားဖြင့် အလျား ၁၅၀ ပေ၊ အနံ ၄၉ ပေ၊ အမြင့် ၂၀ ပေရှိပြီး သွပ်မိုး အုတ်ညှပ်ကာ၊ ကွန်ကရစ်ခင်း ၁ ထပ် အဆောက်အဦဖြစ်ပြီး ၁၉၈၆ ခုနှစ်တွင် စတင်တည်ဆောက် အသုံးပြုခဲ့ပြီး ယခုအခါ နှစ်ပေါင်း ၃၀ သက်တမ်းရှိပြီးဖြစ်သဖြင့် အဆောက်အဦ၏ အမိုး သွပ်များ ပေါက်ပြဲဆွေးမြေ့ခြင်း၊ မိုးမလုံခြင်း၊ မျက်နှာကြက်များ ပျက်စီးကာ ဥပဓိရုပ် ယိုယွင်းလာသဖြင့် မြို့မိမြို့ဖများ၊ မြို့နေလူထုတို့က မြို့နယ်ခန်းမအား မြို့အင်္ဂါရပ်နှင့်အညီ ညီညွတ်စေရန် ပြုပြင် တည်ဆောက်စေလိုပါတယ်။

နမ့်စန်မြို့နယ်ခန်းမမြေနေရာနှင့် အဆောက်အဦတို့သည် ၂၀၀၀ ခုနှစ်တွင် နမ့်စန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ အပ်နှံ လွှဲပြောင်းခဲ့သဖြင့် လက်ခံထိန်းသိမ်း တာဝန်ယူခဲ့ရပါတယ်။ နမ့်စန် မြို့နယ်စည်ပင်သာယာရေးဌာနမှ မြို့နယ်ခန်းမဝင်း ခြံစည်းရိုးကာရံ ခြင်း၊ ခန်းမတံခါး စတီး၊ သံပန်းတံခါးတပ်ဆင်ခြင်း၊ ခန်းမအတွင်း ရင်ပြင်ကွန်ကရစ်ခင်းခြင်း၊ ကတ္တရာလမ်းခင်းခြင်း၊ ဆေးသုတ်ခြင်း၊ လျှပ်စစ်မီးတပ်ဆင်ခြင်း၊ ပန်းခြံတည်ဆောက်ခြင်း၊ မီးအလှဆင်ခြင်း စသည့် ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်းများကို ဌာနရန်ပုံငွေနှင့်အညီ နှစ်အလိုက် ဆောင်ရွက်ပေးခဲ့ပါတယ်။

ယခုအခါ နမ့်စန်မြို့နယ်ခန်းမ၏ အမိုးအား Steel Structure ဖြင့် အသစ်ပြန်လည်မိုးခြင်း၊ မျက်နှာကြက် အသစ်လဲလှယ်ခြင်း၊ ခန်းမဆင်ဝင်မုခ်ဦးအမိုးလဲလှယ်ခြင်းစသည့် အကြီးစားမွမ်းမံ ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်လျက်ရှိပြီး အဆိုပါ လုပ်ငန်းများဆောင်ရွက်မည်ဆိုပါက ခန့်မှန်း ကုန်ကျငွေ ကျပ်သိန်း ၆၀၀ ခန့် ကုန်ကျမှာဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

ပြောင်းလဲဆောင်ရွက်ထားပါကြောင်း သိရှိလိုပါသဖြင့် ပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဒုတိယမေးခွန်းကတော့ လဲချားမြို့နယ်၊ မြို့ဝင်ရေချောင်းအား ရေစီးရေလာကောင်းမွန်စေရေး၊ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခြင်းကိစ္စများ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်၏ အဓိကအသက်သွေးကြောဖြစ်သော နမ့်တောင်းချောင်းမှ စော်ဘွားများလက်ထက်က ဖောက်လုပ်ခဲ့သော မြို့ဝင်ရေချောင်းအား ၂၀၁၄ - ၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်အစိုးရမှ ဘတ်ဂျက်ချပေး၍ ပြန်လည်ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်းအား ဆောင်ရွက်ခဲ့ပါတယ်။

သို့သော် ယနေ့အချိန်တွင် အဆိုပါရေချောင်းသည် မြို့တွင်းသို့ ရေစီးရေလာမရှိတော့ဘဲ လဲချားမြို့နယ်နေ ပြည်သူလူထုများ ရေပြတ်လပ်မှု တွေ့ကြုံနေကြရပါတယ်။ ခြောက်သွေ့ရာသီရောက်ရှိလာတော့မည်ဖြစ်၍ မီးဘေးအန္တရာယ် ကာကွယ်တားဆီးရန်လည်း အဆိုပါရေချောင်းအား အားကိုးအားထားပြုနေရသည့်အတွက် စိုးရိမ်နေကြရသည့် အခြေအနေဖြစ်နေပါတယ်။

အဆိုပါရေချောင်းအား ထိန်းသိမ်းစောင့်ရှောက်ရန် ယခင်အစိုးရလက်ထက် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့သော်လည်း ယခုအစိုးရလက်ထက်တွင် ထိန်းသိမ်းစောင့်ရှောက်ရန် ကော်မတီအဖွဲ့အစည်းများ ဖွဲ့စည်းတာဝန်ပေးခြင်းမရှိသည်ကို တွေ့ရှိရပါတယ်။ ထိုရေချောင်းအား ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်တွင် ချထားပေးသော ဘတ်ဂျက် ၂၆၀ ကျပ်သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး အကျိုး





ဖြင့် လေလံရောင်းချရာတွင် အောက်ဖော်ပြပါလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ရပါတယ်-

(က) လက်ရှိ လေလံကြေးအပေါ်တွင် ၅% တိုးမြှင့်ပြီး ကြမ်းခင်းဈေးကို သတ်မှတ်ထားပါတယ်။

(ခ) လေလံကြော်ငြာစာအား ရောင်းချမည့်ရက်မတိုင်မီ အနည်းဆုံး ၁၀ ရက် ကြိုတင်ပြီး အများပြည်သူသိရှိအောင် ဈေးများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၊ အများပြည်သူများဝန်ဆောင်မှုဆောင်ရွက်ပေးနေသည့်ဌာနဆိုင်ရာများ၏ ကြော်ငြာသင်ပုန်းများတွင် ကြော်ငြာရပါတယ်။

(ဂ) ပထမအကြိမ် လေလံရောင်းချရာတွင်လျှောက်ထားသူမရှိပါက ဒုတိယအကြိမ် ထပ်မံ အမိန့်ကြော်ငြာစာ ထုတ်ပြန်ရပါတယ်။

(ဃ) ဒုတိယအကြိမ် ရောင်းချရာတွင် လျှောက်ထားသူမရှိပါက တတိယအကြိမ် အမိန့်ကြော်ငြာစာ ထုတ်ပြန်ရပါတယ်။

(င) တတိယအကြိမ်ရောင်းချရာတွင် လျှောက်ထားသူမရှိပါက အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမှာဖြစ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ရပါတယ်။

(စ) အမိန့်ကြော်ငြာစာများအဆင့်ဆင့် ထုတ်ပြန်ရာတွင် တစ်ကြိမ်နှင့် တစ်ကြိမ် အနည်းဆုံး ၁၀ ရက်ခွာပြီး ကြော်ငြာရပါတယ်။

(ဆ) အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကြော်ငြာ၍ ရောင်းချသည်အထိ ဆွဲဝယ်မည့်သူမရှိပါက သို့မဟုတ် သတ်မှတ်ကြမ်းခင်းဈေးပြည့်မီအောင် ဆွဲဝယ်မည့်သူမရှိပါက အခြားနည်းလမ်းဖြင့် ရောင်းချသွားမှာဖြစ်ပါတယ်။

(ဇ) အခြားနည်းဖြင့် လေလံရောင်းချရာတွင် အဆိုပြုလေလံကြေးသည် လက်ရှိ ရောင်းချသည့်နှစ်၏ လေလံကြေး အပါအဝင် သုံးနှစ် ပျမ်းမျှကြေး သို့မဟုတ် ငါးနှစ်ပျမ်းမျှကြေးအပေါ် မူတည်ပြီး အများဆုံး အဆိုပြုသည့် လေလံကြေးဖြင့် လေလံရောင်းချသွားမှာဖြစ်ပါတယ်။

(ဈ) ပထမအကြိမ်မှ အခြားနည်းဖြင့် အဆင့်ဆင့်ရောင်းချသော်လည်း ဆွဲဝယ်မည့်သူမရှိဘူးဆိုလျှင် မြို့ဝင်ကြေးဘီးကောက်၊ ပွဲကျဈေးကောက်စသည့် နေ့စဉ် အကောက်လုပ်ငန်းလိုင်စင်များအား ဌာနမှ တိုက်ရိုက်ကောက်ခံဆောင်ရွက်ရမှာဖြစ်ပြီး အပေါင် ဆိုင်ကဲ့သို့ လုပ်ငန်းလိုင်စင်များကို ယာယီပိတ်သိမ်း ခွင့် တင်ပြရပါမည်။

(ည) လေလံတင်ရောင်းချရာတွင် လေလံရောင်းချမှုကြီးကြပ်ရေးအဖွဲ့ကို မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် ယခင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ တို့မှ ကိုယ်စားလှယ်တစ်ဦးစီဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ပါတယ်။ လေလံရောင်းချရေးအဖွဲ့အား မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ အပါအဝင် ဌာနဝန်ထမ်း ၃ ဦးဖြင့် ဖွဲ့စည်း တာဝန်



D/real(wide) (5



မရှိသည့် အခြေအနေဖြစ်နေသောကြောင့် နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာငွေများ အလဟဿဖြစ်နေသကဲ့သို့ ဖြစ်နေပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါလဲချားမြို့ဝင်ရေချောင်းအား ပြည်နယ်အစိုးရမှ မည်သို့သော နည်းလမ်းများဖြင့် ဆက်လက်ပြုပြင်ထိန်းသိမ်း ဖြေရှင်းဆောင်ရွက်ပေးသွားမည်ကို ပြည်သူများ သိရှိနိုင်ပါရန် ပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းရဲန်တစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။** လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်မှ မေးမြန်းသည့် မေးခွန်းကို ကျွန်တော် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲန်တစ်လုံကနေ ဖြေကြားသွားမှာဖြစ်ပါတယ်။

စည်ပင်သာယာရေးဌာနမှ နှစ်စဉ် ဈေးပြိုင်လေလံစနစ်ဖြင့် ချထားဆောင်ရွက်လျက်ရှိသည့် အရပ်ရပ်အခွင့်အရေးလိုင်စင်များ အနက် သားသတ်လုပ်ငန်းလိုင်စင်ကို ၂၀၁၄ - ၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်မှစတင်ပြီး အသားထုတ်လုပ်ရောင်းချခွင့်လက်မှတ်စနစ်ဖြင့် ပြောင်းလဲဆောင်ရွက်ခဲ့ပြီး ကျန်အခွင့်အရေးလိုင်စင်များ ကို ဈေးပြိုင်လေလံစနစ်ဖြင့် ဆက်လက်ရောင်းချခဲ့ပါတယ်။ လဲချားမြို့နယ်တွင် မြို့ဝင်ကြေး ဘီးကောက်လုပ်ငန်း၊ ကျွဲ/နွားပွဲဈေးကောက်လုပ်ငန်း၊ မြို့မဈေးပွဲကျဈေးကောက်လုပ်ငန်းနှင့် မြို့မဈေးစက်ဘီး၊ ဆိုင်ကယ်ရပ်နားခလုပ်ငန်းများရှိပြီး နှစ်စဉ် ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချပေးလျက်ရှိပါတယ်။ ဈေးပြိုင်စနစ်

ပေးအပ်ပါတယ်။ လေလံရောင်းချမည့် နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများကို ဖိတ်ကြားလျက် လေလံဆွဲဝယ်ရန် လျှောက်ထားသူများမှ ဈေးပြိုင်စနစ်ဖြင့် အပြိုင်အဆိုင်ဝင်ရောက် ဆွဲဝယ်နိုင်ရေး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်းနံပါတ် (၂)ကို ဖြေကြားမည်ဆိုလျှင် လဲချားမြို့နယ်၊ မြို့ဝင်ရေချောင်းများကို ရေစီးရေလာကောင်းမွန်စေရေးအတွက် ပြည်နယ်အစိုးရမှ မည်သို့သော နည်းလမ်းများဖြင့် ဆက်လက်ပြုပြင်ထိန်းသိမ်း ဖြေရှင်းဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါကြောင်းဆိုသည့် မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လဲချားမြို့နယ်၊ မြို့ဝင်ရေချောင်းသည် ယခင်က မြို့အတွက် မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် မြို့တွင်းစိမ်းလန်းစိုပြည်ရေးအတွက် မြို့တွင်းသို့ မြောင်းမကြီးဖြင့် သွယ်တန်းပြီး အသုံးပြုလျက်ရှိရာ ရေချောင်းဖြစ်ပြီး အရှည်မိုင် ၂ မိုင် အကျယ် ၅ ပေ၊ အနက် ၃ ပေရှိပါတယ်။ ယခုအခါ မြောင်းမကြီးသည် တိမ်ကော၍ မြို့အတွင်းသို့ ရေစီးဆင်းမှု မရှိသည်မှာ ၅ နှစ်ခန့်ရှိပြီ ဖြစ်ပါကြောင်း၊ အဆိုပါ မြို့ဝင်ရေချောင်းသည် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် မြောင်းအတွင်းရှိ အမှိုက်နှင့် နုန်းမြေများကို ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၁၃၆. ၅၅ သိန်းကုန်ကျမည် ဖြစ်ပါတယ်။





ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအရေးပေါ် အစည်းအဝေးသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၇ - ၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းကို ဒီလ ၁၀ ရက်နေ့ အပြီး အတည်ပြုဖို့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်က ခေါ်ယူတဲ့ အစည်းအဝေးဖြစ်ပါတယ်။

သို့သော်လည်းပဲ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသတွင် ပြည်သူလူထုများ ခံစားနေရတဲ့ ထိခိုက်နစ်နာမှုများနှင့်စပ်လျဉ်းပြီး ပါတီနှစ်ခုမှ ကိုယ်စားလှယ် ၂ ဦးတို့က အရေးကြီးအဆိုအသီးသီး တင်သွင်းဖို့ မိမိထံ တင်ပြလာပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၆ ပါ ပြဋ္ဌာန်းချက်အရ လည်းကောင်း၊ နည်းဥပဒေ ၁၁၈ ပါ ကန့်သတ်ချက်များနှင့် နည်းဥပဒေ ၁၁၉ ပါ စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိပါက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် အဆိုကိုတင်သွင်းရန် ခွင့်ပြုရမည်ဟု ဖော်ပြပါရှိပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုလွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်တို့မှာ ဆွေးနွေးဆုံးဖြတ်ပြီးသော အဆိုတစ်ရပ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းမပြုရဆိုသည့် ပြဋ္ဌာန်းချက်မပါရှိသလို ကျွန်တော်တို့ ပြည်နယ်လွှတ်တော်သည် ဒီမိုကရေစီကျင့်စဉ်အရ ကိုယ်ပိုင်ရပ်တည်ခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော အဖွဲ့အစည်းဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်တွင် ဆောင်ရွက်တဲ့ မေးခွန်းများနှင့် အဆိုများကို ပြည်ထောင်စုလွှတ်တော်တွင် ထပ်ဆင့်မေးမြန်း တင်သွင်း တဲ့ ဖြစ်စဉ်များရှိသလို ပြည်ထောင်စုလွှတ်တော်အဆင့်မှာ ဆောင်ရွက် ပြီးတဲ့ကိစ္စရပ်များကို ပြည်နယ်/တိုင်းဒေသကြီးတွေမှာ ထပ်မံဖော်ပြ မေးမြန်းတဲ့ သာဓကများစွာလည်းရှိပါတယ်။



D/real(wide) (5

ယနေ့ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသတွေမှာ ပြည်သူလူထုများ ကြုံတွေ့ခံစားနေရတဲ့ ထိခိုက်နစ်နာမှုများအတွက် ပြည်သူ့အသံ၊ လွှတ်တော်အသံဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆောင်ရွက်ရမည့် ကဏ္ဍဖြစ်သလို အုပ်ချုပ်ရေးတာဝန်နှင့် စီမံခန့်ခွဲရေးတာဝန်ယူထားတဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဖြေရှင်းရမည့်တာဝန်လည်းဖြစ်ပါတယ်။ မိမိပြည်နယ်အတွင်း ဖြစ်ပွားနေသည့်ကိစ္စကို မိမိတို့က အဓိက မေးမြန်း ဆွေးနွေး ညှိနှိုင်းအဖြေရှာရမှာဖြစ်တဲ့အတွက် မိမိအနေနဲ့ တင်သွင်းမည့် ပြည်နယ်နှင့်ပတ်သက်တဲ့ အရေးကြီးအဆိုတွေကို တင်သွင်းဆွေးနွေးခွင့်ပြုမှာဖြစ်ပါတယ်။ ကျန်ရှိတဲ့ အဆိုကို အတည်ပြုရေး/မပြုရေး ကဏ္ဍကတော့ လွှတ်တော်ကိုယ်စားလှယ်များက ချင့်ချိန်ပြီး အဆုံးအဖြတ်ပေးရမည့် တာဝန်ဖြစ်ပါတယ်။

**“ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်၊ ကွတ်ခိုင် ဒေသမှာ ဖြစ်ပွားနေတဲ့ KIA, TNLA, MNDAA လက်နက်ကိုင် သောင်းကျန်းသူများရဲ့ အပြစ်မဲ့ ပြည်သူလူထုပေါ်ဆောင်ရွက်ကြတဲ့ဆောင်ရွက်ချက်များအပေါ် ပြစ်တင်ရှုတ်ချကြောင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ကြောင်း ” အရေးကြီးအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** ဒါကြောင့် ယခု လားရှိုးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဦးအောင်သူက အစည်းအဝေး အစီအစဉ် (၆)မှာ ဖော်ပြထားသည့် အရေးကြီးအဆိုကို တင်သွင်းဖို့ဖြစ်ပါတယ်။





လဲချားမြို့နယ်စည်ပင်သာယာရေးဌာနသည် ဝင်ငွေနည်းပါးသော မြို့နယ်ဖြစ်ပြီး ၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေလျာထားချက်မှာ ကျပ် ၇၆၀ သိန်းဖြင့် လျာထားပြီး မြို့ပြလမ်းငွေလုံးငွေရင်းလုပ်ငန်းများအဖြစ် ကတ္တရာခင်းခြင်းလုပ်ငန်း (၂)လမ်းဖြစ်ပြီး၊ ကျောက်ချောခင်းခြင်း လုပ်ငန်း (၁) လမ်း စုစုပေါင်းလမ်း ၃ လမ်းအတွက် ကုန်ကျငွေကျပ် ၃၈၀ သိန်းဖြင့် ဆောင်ရွက်လျက်ရှိပြီး သာမန်ပြင်ဆင်ထိန်းသိမ်း စရိတ်ဖြင့် ပထမရက် ၁၀၀ ကာလအတွင်း မြို့တွင်းပင်မရေမြောင်း ဆယ်ယူခြင်း၊ ကုန်ကျငွေကျပ် ၂. ၅ သိန်း၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး လမ်းဘေးမှာရှိသည့် ရေမြောင်းဆယ်ယူခြင်း ကုန်ကျငွေ ကျပ် ၁. ၂၅ သိန်း၊ ဈေးရေမြောင်းဆယ်ယူခြင်း ကုန်ကျငွေကျပ် ၂. ၅ သိန်း၊ မြို့ဝင်ဆိုင်းဘုတ်ဘေး ရေမြောင်းတူးဖော်ခြင်း ကုန်ကျ ငွေကျပ် ၂. ၂၅ သိန်း၊ စုစုပေါင်း ကုန်ကျငွေကျပ် ၈. ၅ သိန်းဖြင့် မြို့ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိပါ တယ်။

သို့ပါသော်လည်း လဲချားမြို့နယ်၊ မြို့ဝင်ရေချောင်အား ရေစီးရေလာကောင်းမွန်စေရေးအတွက် လဲချားမြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် ၂၀၁၇ - ၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်မှစတင်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး နှစ်အလိုက် ထည့်သွင်းရေးဆွဲဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြား ခြင်း အစီအစဉ်ပြီးဆုံးပြီဖြစ်ပါတယ်။ အစီအစဉ် (၆) မသွားမီမှာ ကျွန်တော်အနေနဲ့ လွှတ်တော်ကို အသိပေးပြောကြားမည့် အကြောင်းအရာ အနည်းငယ်ရှိပါတယ်။

**ဦးအောင်သူ၊ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။**
လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြား၍ တက်ရောက်လာသော ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမည့် အရေးကြီးအဆိုကတော့ **“ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာ ဖြစ်ပွားနေသည့် KIA, TNLA, MNDAA လက်နက်ကိုင်သောင်းကျန်းသူများ၏ အပြစ်မဲ့ပြည်သူလူထု အပေါ် ဆောင်ရွက်ခဲ့ကြတဲ့ ဆောင်ရွက်ချက်များအပေါ် ပြစ်တင်ရှုတ်ချကြောင်းနှင့် ၎င်းလက်နက်ကိုင်အဖွဲ့အစည်း များကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ကြောင်း အရေးကြီးအဆို ”** တင်သွင်းသွားမှာဖြစ်ပါတယ်။

ကျွန်တော်တင်သွင်းမည့် အချက်အလက်များမှာ များပြား တာဖြစ်တဲ့အတွက် အချိန်ကို ငဲ့ညှာသောအားဖြင့် (Power Point) ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် ကြိုတင် တင်ပြအပ်ပါတယ်။

၂၀ - ၁၁ - ၂၀၁၆ ရက်နေ့၊ နံနက် ၂ နာရီ ၁၅ မိနစ် အချိန်မှာ မူဆယ်မြို့ဝင် လုံခြုံရေးရဲကင်းကို တင်ပြပါလက်နက်ကိုင် အဖွဲ့အစည်းတွေက လက်နက်ကြီး၊ လက်နက်ငယ်နှင့် ပစ်ခတ်ခဲ့ ပါတယ်။ အဲ့ဒီဖြစ်စဉ်မှာတော့ သေဆုံးဒဏ်ရာရမှုမရှိခဲ့ပါဘူး။ ၂၀ - ၁၁ - ၂၀၁၆ ရက်နေ့၊ နံနက် ၂ နာရီ ၃၅ မိနစ်မှာလည်းပဲ မုံးကိုးမြို့၊ ရပ်ကွက် (၆)မှာရှိတဲ့ အခြေပြုစခန်းကို KIA သောင်းကျန်းသူအဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်နှင့် ပစ်ခတ် ခဲ့ပါတယ်။ ဒါ့အပြင် ၂၀ - ၁၁ - ၂၀၁၆ ရက်နေ့၊ နံနက် ၃ နာရီခွဲ အချိန်မှာ နမ့်ဖတ်ကာရဲစခန်း၏ မြောက်ဘက်မှာရှိသည့်



D/real(wide) (5



ရဲစခန်းကို ပြန်လည်ပို့ဆောင်ပေးခဲ့ရသည့် အနေအထားမျိုးရှိခဲ့ ပါတယ်။

၂၀ - ၁၁ - ၂၀၁၆ ရက်နေ့ နံနက် ၁၀ နာရီ ၂၀ မိနစ်တွင် သိန်းနီမြို့ဝင် နမ္မတူတံတားကို ပါဂျဲရိုးယာဉ်အမျိုးအစား ၁ စီး လာရောက် ရပ်တန့်သည့်အတွက် တံတားလုံခြုံရေးတပ်ဖွဲ့များက ရပ်တန့်ခြင်းမပြုရ ပြောဆိုသည့်အခါတွင် ကားပေါ်တွင် ပါသည့် အဖွဲ့သည် အထုပ်ကျန်ခဲ့၍ သွားယူမည်ဆိုပြီး အနောက်ဘက်သို့ ထွက်ပြေးပြီး ကျန်ခဲ့သည့် ပါဂျဲရိုးယာဉ်ကနေ ပေါက်ကွဲမှု ဖြစ်ခဲ့ပါတယ်။ ပေါက်ကွဲမှုကြောင့် တံတားကြမ်းပြင်တွင် ၆ ပေ ၃ ပေခန့် ပေါက်ကွဲခဲ့ပြီး ပါဂျဲရိုးယာဉ်သည် ချောင်းထဲသို့ ပြုတ်ကျခဲ့ ပါတယ်။ တံတားပေါ်တွင် ဖြတ်သန်းသွားလာသည့် ပြည်သူ ၃ ဦး ဒဏ်ရာရ ရှိခဲ့ပါတယ်။

တစ်ဆက်တည်းပဲ မူဆယ်မြို့မရဲစခန်း တောင်ဘက်တွင် ရှိသည့် မိုင်ဂျန်ကျေးရွာမှာလည်း တပ်မတော်နှင့် သောင်းကျန်းသူ (စိစစ်ဆဲ)တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ထိတွေ့မှု ဖြစ်စဉ်တွင် ပြည်သူ ၃ ဦး အား လက်နက်ကြီးအစ ထိမှန်ပြီး မူဆယ် ဆေးရုံတွင် တက်ရောက်ကုသခဲ့ပါတယ်။ အသက် ၄ နှစ်အရွယ်ကလေးငယ်က အစ ထိခိုက်ဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ်ဖြစ်ပါတယ်။

၂၁ - ၁၁ - ၂၀၁၆ ရက်နေ့ နံနက် ၇ နာရီခွဲအချိန်တွင် ၂၂ ဘီးယာဉ်တွဲကား ၃ စီး လမ်းကို ကန့်လန့်ဖြတ်ပြီး ပိတ်ဆို့သည် ဆိုသည့် သတင်းကြောင့် သွားရောက်ရှင်းလင်းသည့်အခါတွင် ကုန်တင်ယာဉ် ၅ စီး ပိတ်ဆို့နေပြီး TNLA, KIA အဖွဲ့များက လမ်းမကြီးကို ပိတ်ဆို့၍ ကားများ၏ သော့ကိုဖြုတ်ယူသွားပြီး လမ်းများ ပိတ်ဆို့အောင် ဆောင်ရွက်သွားခဲ့ကြောင်း တွေ့ရှိရပြီး သက်ဆိုင်ရာလုံခြုံရေးအဖွဲ့များက ပြည်သူလူထုနှင့်ပူးပေါင်း

ရှင်းလင်းသည့်အတွက် ၉ နာရီ ၂၀ မိနစ်တွင် ပိတ်ဆို့ယာဉ်များကို ရှင်းလင်းခဲ့ရာ ပုံမှန်အတိုင်းသွားလာနိုင်ခဲ့ပါတယ်။

၂၀ - ၁၁ -၂၀၁၆ ရက်နေ့ ညနေ ၃ နာရီအချိန်တွင် မိုင်းတပ်ရွာတွင်ရှိနေသည့် ရွာသား ၁၁ ဦးကို KIA သောင်းကျန်းသူ အဖွဲ့များက ဖမ်းဆီးခေါ်ဆောင်ပြီး မန်တုံမြို့နယ်၊ ပန်ဝိုင်ကျေးရွာ ဘက်သို့ ထွက်ခွာသွားခဲ့ပါတယ်။ ၂၁ - ၁၁ -၂၀၁၆ ရက်နေ့ ၁၅း၀၀ အချိန်တွင် နမ့်ဖတ်လွန် ကျေးရွာအနီးတွင်ရှိသည့် လမ်းပေါ်တွင် သွားလာနေတဲ့ ယာဉ်များကို KIA, TNLA ပူးပေါင်းသောင်းကျန်းအဖွဲ့များက ဆက်ကြေးကောက်ခံခဲ့ပါတယ်။ ထိုသို့ကောက်ခံရာတွင် ဆီဘောက်ဆာ ၂၂ ဘီးတွဲယာဉ်ကို ကန့်လန့်ဖြတ်ပိတ်ဆို့ပြီး ကားလေး ၁ စီးကို သုံးသောင်းကနေ ငါးသောင်းအထိ ဆက်ကြေးကောက်ခံခဲ့ပါတယ်။

ဒါ့အပြင် ၂၁ - ၁၁ -၂၀၁၆ ရက်နေ့ ညနေ ၄ နာရီ အချိန်ခန့်တွင် စစ်ဘေးရှောင်များကို ကူညီဖို့သွားသည့် မူဆယ်မြို့၊ မေတ္တာမွန်လူမှုရေးကူညီရေးအသင်းနှင့် ၁၀၅ မိုင်တွင်ရှိသည့် ပါရမီလူမှုကူညီရေးအသင်းတို့၏ မှန်လုံယာဉ် ၂ စီးကို ပစ်ခတ်ခဲ့ရာ မေတ္တာမွန်နာရေး ကူညီမှုအသင်း၏ ယာဉ်ပေါ်တွင် ကူညီရန် လိုက်ပါသွားတဲ့ ရမင်းအောင်ဆိုသည့် ပုဂ္ဂိုလ်၏ ရင်ဘတ် (ဝဲဘက်)တွင် ဖောက်ထွင်း ဒဏ်ရာတစ်ချက် ရရှိခဲ့ပါတယ်။

၂၁ - ၁၁ - ၂၀၁၆ ရက်နေ့ ည ၈ နာရီ ၄၀ မိနစ် အချိန်တွင် မူဆယ်မြို့မရဲစခန်းတွင် ဆိုင်ကယ် ၄ စီး၊ 4WD ယာဉ် ၁ စီးတို့သည် အပြင်းမောင်းနှင်လာပြီး ရဲတပ်ဖွဲ့ခရိုင်ရုံးရှေ့သို့ ရောက်သည့် အခါတွင် လက်နက်ငယ်နှင့် ပစ်ခတ်ခဲ့ပါတယ်။ ၂၁ - ၁၁ - ၂၀၁၆ ရက်နေ့ နံနက် ၅ နာရီခွဲတွင် နမ္မတူ - ဘော်တွင်း သွားကားလမ်းတံတားကို ဗုံးပေါက်ကွဲတဲ့ ဖြစ်စဉ်ဖြစ်ပွားခဲ့ပါတယ်။



D/real(wide) (5



ဆွမ်လုံတံတားကို မိုင်းလို့ယူဆရတဲ့ ပေါက်ကွဲမှုဖြစ်ခဲ့ပြီး တံတား၏ ဝဲဘက်အခြမ်း ကတ္တရာ ၁ ပေပတ်လည် ပျက်စီးခဲ့ပါတယ်။ ၂၀-၁၁-၂၀၁၆ ရက်နေ့ နံနက် ၆ နာရီ ၁၀ မိနစ်မှာ သောင်းကျန်းသူ အဖွဲ့သည် ပန်ဆိုင်း(ကြူကုတ်)နယ်မြေရဲစခန်းကို လက်နက်ကြီး၊ လက်နက်ငယ်နှင့် ပစ်ခတ်ခဲ့ပါတယ်။ ဒဏ်ရာရသေဆုံးမှုမရှိခဲ့ပေမယ့် မိသားစုဝင်တွေကို ကျွန်တော်တို့ ရွှေလီရဲတပ်ဖွဲ့ဝင် အကူအညီဖြင့် တစ်ဘက် တရုတ်နိုင်ငံ၊ ဝမ်တိန်မြို့ မှတစ်ဆင့် ဂျယ်ဂေါင်ဘက်ကို ပို့ဆောင်ပေးခဲ့ရပါတယ်။

၂၀ - ၁၁- ၂၀၁၆ ရက်နေ့၊ နံနက် ၆ နာရီ ၂၀ မိနစ်မှာ မူဆယ်ရဲစခန်း၏ တောင်ဘက် ၁၈ မိုင်အကွာတွင် ပြည်ထောင်စု လမ်းမပေါ်တွင်ရှိသော နမ့်ပေါ်ချောင်းကူးတံတားကို လက်နက်ကြီး၊ လက်နက်ငယ်နှင့် ပစ်ခတ်ခဲ့ပါတယ်။ ရဲတပ်ဖွဲ့ဝင် ၁ ဦး ဒဏ်ရာရရှိပြီး ရဲတပ်ဖွဲ့ဝင် ၃ ဦး၊ စစ်သည် ၁ ဦး၊ ပြည်သူ ၁ ဦး သေဆုံးခဲ့ပါတယ်။ ပျက်စီးမှုအနေနဲ့ တံတားပေါ်ကို လက်နက်ကြီး ထိမှန်ပြီး ၂ ပေခန့် ပျက်စီးသွားပြီး သွားလာနိုင်သည့်အနေအထား မရှိခဲ့ပါ။

၂၀ - ၁၁ - ၂၀၁၆ ရက်နေ့၊ နံနက် ၆ နာရီခွဲမှာ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ကို လက်နက်ကြီး၊ လက်နက်ငယ်နှင့်ဝင်ရောက် ပစ်ခတ်ခဲ့သည့်အတွက် မိမိဘက်မှ ရဲတပ်ဖွဲ့ဝင် ၁ ဦးနှင့် ပြည်သူ လူထု ၆ ဦး ဒဏ်ရာရရှိခဲ့ပြီး ပြည်သူ ၁ ဦး သေဆုံးမှု ဖြစ်ပွားခဲ့ပါတယ်။

၂၀ - ၁၁ - ၂၀၁၆ ရက်နေ့၊ နံနက် ၈ နာရီအချိန်ခန့်တွင် ထပ်မံပြီး ပစ်ခတ်မှုဖြစ်သည့်အတွက် ရဲတပ်ဖွဲ့ဝင် ၇ ဦး၊ ပြည်သူ ၁၁ ဦး ဒဏ်ရာရရှိပြီး ပြည်သူ ၂ ဦး ထပ်မံသေဆုံးခဲ့ပါတယ်။

၂၀-၁၁-၂၀၁၆ ရက်နေ့၊ နံနက် ၈ နာရီမှာ ကျင်စမ်းကျော့ (ဟိုနောင်) ရဲကင်းကို လက်နက်ကြီး၊ လက်နက်ငယ်နှင့် ပစ်ခတ်ခဲ့ပါတယ်။ သေဆုံးဒဏ်ရာရမှုမရှိသော်လည်း အင်အားချင်း မမျှတသည့်အတွက် တစ်ဘက်နိုင်ငံ၏ အကူအညီဖြင့် မူဆယ်

ဒါကြောင့် နမ္မတူ - ဘော်တွင်းသွားတဲ့ ကားလမ်းမိုင်တိုင်အမှတ် ၉/၀ တွင်ရှိတဲ့ နမ့်လမ်ချောင်းကူး တံတားကြမ်းခင်း အစိတ်အပိုင်းကျိုး ပျက်စီးခဲ့ပါတယ်။ ပူးပေါင်းအဖွဲ့များက အချိန်မီပြန်လည်ပြင်ဆင်ပေးခဲ့ပါတယ်။

၂၁ - ၁၁ -၂၀၁၆ ရက်နေ့ နံနက် ၆ နာရီတွင် TNLA, KIA ပူးပေါင်းအင်အားအဖွဲ့များက ပန်ဆိုင်းနယ်မြေရဲစခန်းကို လက်နက်ကြီးများနှင့် ပစ်ခတ်ခဲ့ပြီး လူ၊ အဆောက်အဦ ထိခိုက်မှုမရှိကြောင်းသိရှိရပါတယ်။ ၂၂-၁၂-၂၀၁၆ ရက်နေ့မှာလည်း ထပ်မံပစ်ခတ်ခဲ့သည့်အတွက် လူထုများက သောင်းကျန်းသူများ နေရာမျိုးစုံမှ ဝင်ရောက်စီးနင်းနေသည် ဆိုသည့် ကောလာဟာလများဖြစ်ပြီး တစ်ဘက်နိုင်ငံကို သွားရောက်တိမ်းရှောင်ခဲ့ကြပါတယ်။

၂၁ - ၁၁ -၂၀၁၆ ရက်နေ့ နေ့လည် ၁၂ နာရီ ၃၀ မိနစ်တွင် မူဆယ်မြို့၊ သိန်းသန်းချီကုမ္ပဏီကို ဆက်ကြေးကောက်ခံရန် လာရောက်ခဲ့ကြောင်း သတင်းရတဲ့အတွက် သွားရောက်ဖမ်းဆီးရာတွင် ဇော်ရှန် (ခ) မာတီး၊ (၂၉)နှစ်နှင့် အဘ ဦးဇော်လကို ဖမ်းဆီးရမိပြီး စစ်ဆေးမေးမြန်းချက်အရ KIA အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး၊ ၂၀၀၄ ခုနှစ်တွင် ဝင်ရောက်ခဲ့ကြောင်း သိရှိရပါတယ်။ ၂၂ -၁၂- ၂၀၁၆ ရက်နေ့၊ ည ၈ နာရီ ၄၅ တွင် သိန်းသန်းချီကုမ္ပဏီ ဝန်ထမ်း ၁ ဦး သည် လက်ဖက်ရည်ဆိုင်သို့ သွားရောက်ခဲ့ရာ လမ်းတွင် ပစ်ခတ်ခံရပြီး ရင်ဘတ်တွင် ထိခိုက် ဒဏ်ရာရရှိခဲ့၍ ၂၃ - ၁၁ - ၂၀၁၆ ရက်နေ့တွင် သေဆုံးသွားခဲ့ပါတယ်။

၂၁ - ၁၁ -၂၀၁၆ ရက်နေ့ ၅ နာရီအချိန်တွင် အောက်နမ့်ဖတ်လွန်ရွာအနီးတွင် ကားလမ်းကိုပိတ်ဆို့ပြီး ကားကိုရွှေ့ခိုင်းရာ နှေးသည်ဆိုသည့် အကြောင်းပြချက်ဖြင့် ကားကိုလှမ်းပစ်ခဲ့သဖြင့်





နှင့် TNLA အဖွဲ့များသည် ထိတွေ့မှုဖြစ်ပွားပြီး နမ္မတူ - မုံးဝီး သွားကားလမ်း မိုင်တိုင်အမှတ် ၄/၄-၅ အကြား တွင်ရှိနေသည့် မိုင်းဆင်ဘေလီသစ်သားကြမ်းခင်းပေါက်ကွဲ ပျက်စီးခဲ့သည့်အတွက် သွားရောက် စစ်ဆေးသည့်အခါတွင် TNLA အဖွဲ့မှ ကျန်ခဲ့သည် ဆိုသည့်ပစ္စည်းများကို တွေ့ရှိခဲ့ရပါတယ်။

၂၃ - ၁၁ -၂၀၁၆ ရက်နေ့ ၁၆း၀၀ နာရီအချိန်တွင် ကောင်းကတ်ရွာ တောင်ဘက်တွင်ရှိသည့် မီတာစတေရှင် လုံခြုံရေးအဖွဲ့များကို သောင်းကျန်းသူအဖွဲ့များကလာရောက်ပစ်ခတ်ခဲ့တယ်။ သို့ရာတွင် စခန်းနေရာကိုကျော်ပြီး ပီကပ်စောဆိုသည့် ပုဂ္ဂိုလ်၏ နေအိမ်ကိုကျော်ကျခဲ့သည့်အတွက် ပီကပ်စော၏ ဖခင်ဖြစ်သူ ဦးမီကိုင်ရှော့ နှင့် ပီကပ်စောသည်ဒဏ်ရာရရှိသေဆုံးခဲ့ပြီး ပီကပ်စော၏သားဖြစ်တဲ့ ပီကျုံးကိုင်းသည်ပေါက်ပြဒဏ်ရာရရှိခဲ့ပါတယ်။ ၂ ဦးသေ၊ ၁ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။

၂၄ - ၁၁ -၂၀၁၆ ရက်နေ့ မနက် ၉ နာရီ ၄၅ အချိန်တွင် တွဲကားယာဉ်များကို ရပ်တန့်၍ ကားလမ်းမကြီးပေါ်တွင် ဖြတ်ပြီး ယာဉ်သွား၊ ယာဉ်လာများကို ပိတ်ဆို့ထားတဲ့အတွက် သက်ဆိုင်ရာ တပ်မတော်စစ်ကြောင်းများက သွားရောက်ရှင်းလင်းခဲ့ရပါတယ်။

၂၄ - ၁၁ -၂၀၁၆ ရက်နေ့ နေ့လည် ၁၁ နာရီ ၅ မိနစ်တွင် KIA သောင်းကျန်းသူအဖွဲ့များသည် တွဲကားယာဉ်များကို ရပ်တန့်ပြီး ကားလမ်းမကြီးကို ကန့်လန့်ဖြတ်ပိတ်၍ ယာဉ်သွား၊ ယာဉ်လာများကို ပိတ်ဆို့ခဲ့ပါတယ်။ ၂၄ - ၁၁ - ၂၀၁၆ ရက်နေ့ ၁၁း၂၅ နာရီတွင် ကွတ်ခိုင်မြို့နယ်၊ ပြည်ထောင်စုလမ်းမကြီး မိုင်တိုင် အမှတ် ၂၁၁/၇ အနီးတွင်ရှိသည့် နားနွံ့ကျေးရွာ၊ ဟိုနောင်ကမ္ဘာ ကျေးရွာအနီးတွင် KIA နှင့် TNLA ပူးပေါင်းသောင်းကျန်းသူ အဖွဲ့များသည် ၆ ဘီးယာဉ်ကို ပစ်ခတ်တဲ့အတွက် ယာဉ်၏ အရှေ့လေကာမှန်

၂ ချက် ထိမှန်ပြီး ဝဲဘက်ရှေ့ဘီးပေါက်သွားခဲ့ပြီး ယာဉ်နောက်လိုက် မောင်ချင်းသည် နဖူးတွင်ဒဏ်ရာထိမှန်ပြီး ကားပေါ်တွင် သေဆုံးခဲ့ပါတယ်။

၂၁ - ၁၁ -၂၀၁၆ ရက်နေ့ နံနက် ၇ နာရီတွင် ရွာသား ၈ ဦးနှင့် မြင်း ၃၆ ကောင်တို့သည် စပါးဝယ်ယူရန်အတွက် သွားရောက်ရာ တောလမ်းတွင် မြင်း၏ နောက်ခြေထောက် မှ မိုင်းထိမိပြီး ၃ ဦးဒဏ်ရာရရှိခဲ့ပါတယ်။ ၂၄ - ၁၁ -၂၀၁၆ ရက်နေ့ နံနက် ၇ နာရီအချိန်ခန့်တွင် ကား ၁ စီး ၁၀၅ မိုင်ဂိတ်၊ ဂိတ် ၄ ရှေ့တွင် ခေါက်တုံ့ခေါက်ပြန် ဖြတ်သန်း မောင်းနှင်နေပြီး ၈ နာရီအချိန်ခန့်တွင် ကား ၂ စီး ခေါက်တုံ့ ခေါက်ပြန်ဖြတ်သန်းမောင်းနှင်နေတာကြောင့် မေးမြန်းရန် ရပ်တန့်တားဆီးစဉ်တွင် မောင်းနှင်ထွက်ပြေးသွားခဲ့ပါတယ်။ နောက်တစ်နေ့တွင် လူ ၁ ဦး ဆေးရုံ ရောက်ရှိနေသည့်အတွက် သွားရောက်စစ်ဆေးရာတွင် လက်နက်ငယ် ကျည်ထိမှန်ပြီး ဒဏ်ရာရရှိနေသည့်အတွက် သူ့ကိုလည်း စစ်ဆေးမေးမြန်းခဲ့ပါတယ်။

၂၅ - ၁၁ -၂၀၁၆ ရက်နေ့ နေ့လည် ၁၁ နာရီအချိန်တွင် မူဆယ်မြို့နယ်၊ ပန်ဆိုင်းနယ်မြေရဲစခန်းဝင်ပေါက်တွင် မသင်္ကာသူ ၁ ဦးတွေ့၍ ခေါ်ယူမေးမြန်းဖို့လုပ်တဲ့အချိန်တွင် တစ်ဘက်မှ ပစ်ခတ်တဲ့အတွက် ရဲတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါတယ်။ ဒါကြောင့် သွားရောက်ဖမ်းဆီးသည့်အချိန်တွင် လမ်း၏ တစ်ဘက်မှ ပစ်ခတ်ခံရပေမဲ့ မသင်္ကာသူကို ဖမ်းဆီးရမိခဲ့ပါတယ်။ ၂ ဦးဒဏ်ရာရရှိပြီး မသင်္ကာသည့်ပုဂ္ဂိုလ် ၁ ဦး ဖမ်းဆီးရမိခဲ့ပါတယ်။

၂၅ - ၁၁ -၂၀၁၆ ရက်နေ့ ညနေ ၅ နာရီ ၄၅ အချိန်တွင် မန့်လွယ်ရွာတွင် လက်နက်ကြီး၊ လက်နက်ငယ်နှင့် တံတားလုံခြုံရေး ရဲကင်းကို ပစ်ခတ်ခဲ့ပါတယ်။ ထိုသို့ပစ်ခတ်ခဲ့ရာတွင် အနီးအနားတွင် ရှိနေသည့် ရွာသူ ၁ ဦး ဒဏ်ရာ ရရှိခဲ့ပါတယ်။ ၂၅ - ၁၁ - ၂၀၁၆



D/real(wide) (5



ယာဉ်မောင်း ဆန်းကြည်ထွန်းသည် ညာဘက်မျက်လုံးပေါက်ထွက် ဒဏ်ရာနှင့် ကားပေါ်တွင် သေဆုံး သွားခဲ့ပါတယ်။ ၂၂ -၁၁-၂၀၁၆ ရက်နေ့၊ နေ့လည် ၁၀ နာရီခွဲခန့်တွင် လမ်းပေါ်တွင် ယာဉ်များကို ကန့်လန့်ဖြတ် ရပ်ခိုင်းပြီး ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို ထွက်ပြေးခိုင်းကာ ကားကို လက်နက်ငယ်၊ လက်ပစ်ဗုံးများနှင့် ပစ်ခတ်ဖျက်ဆီးပြီး လမ်းကို ပိတ်ဆို့ခဲ့ပါတယ်။

၂၁ - ၁၁ - ၂၀၁၆ ရက်နေ့ ၁၃း၃၀ အချိန်တွင် Oriental ဟိုင်းဝေးကုမ္ပဏီမှ လမ်းလုပ်သားများကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ဖမ်းဆီးခေါ်ဆောင်သွားရာတွင် နောက်ထပ် လူ ၃ ဦးကိုလည်း ဖမ်းဆီးထားသည်ကို တွေ့ရှိရကြောင်း၊ ၄ ဦးကို တောထဲ ခေါ်ဆောင်သွားပြီး တစ်နေရာစီခွဲထုတ်ပြီးလျှင် လည်ပင်းကို ၂ ချက်၊ လည်ဂုတ်ကို ၂ ချက်နှင့် နဖူးကို ၁ ချက်ရိုက်ကြောင်း၊ အရိုက်ခံရသူတစ်ဦးမှာ သေဆုံးဟန်ဆောင်ခဲ့တဲ့အတွက် သူ့ကို ဘာမှမလုပ်ပဲထားခဲ့ပြီး ညအချိန်တွင် နောက်ထပ် ၁ ဦးကို မြေမြှုပ်နေသည်ကိုတွေ့ခဲ့ကြောင်း၊ ကျန်တဲ့ လူ ၃ ဦးကို မည်သူမည်ဝါဖြစ်သည်ကို မသိခဲ့ရကြောင်း၊ ရိုက်ခံရတဲ့ပုဂ္ဂိုလ်သည် သေဆုံးဟန်ဆောင်သည့်အတွက် ၄င်းကိုထားခဲ့ရာ ထွက်ပြေးခဲ့ပြီး သူတို့ကို ကြောက်လန့်တဲ့အတွက် တောထဲတွင် ပုန်းအောင်းလျက် စစ်ကြောင်းများ ရောက်ရှိလာသည်ဆိုသည့် သတင်းရချိန်မှ ပြန်ထွက်လာ၍ ကုမ္ပဏီနှင့်ဆက်သွယ်ပြီး လားရှိုးဆေးရုံသို့ တက်ရောက်ကုသခဲ့ရပါတယ်။

၂၂ - ၁၁ - ၂၀၁၆ ရက်နေ့ ၁၄း၀၀ အချိန်တွင် ဦးရန်ဖာဝမ်သည် ရွာ၏ အနောက်ဘက် ၂ မိုင်ခန့်အကွာတွင် ဆိုင်ကယ်ဖြင့် မုံးစီး - မုံးဟောင်လမ်းအတိုင်း ပြန်လာစဉ်တွင် ဘယ်သူ့အဖွဲ့မှန်း မသိဘဲ ပစ်ခတ်ခံခဲ့ရပြီး ဝဲဘက် ခြေသလုံး ကျည်ထိမှန်ဒဏ်ရာရခဲ့ပါတယ်။ ၂၃ - ၁၁ - ၂၀၁၆ ရက်နေ့ ၁၂း၃၀ အချိန်တွင် RCSS

ရက်နေ့ နေ့လည် ၂ နာရီအချိန်ခန့်တွင် ကွတ်ခိုင် - မူဆယ် ပြည်ထောင်စုလမ်းမကြီးတွင် မူဆယ်ဘက်သို့ ထွက်လာသည့် ယာဉ်ကိုမီးရှို့ဖျက်ဆီးနေတဲ့ သတင်းအရ သွားရောက်ရှင်းလင်း ရာတွင် သောင်းကျန်းသူအဖွဲ့များသည် ၂၂ ဘီးယာဉ် (၂)စီးနှင့် ခရီးသည်တင် Express ယာဉ် ၁ စီး၊ စုစုပေါင်းယာဉ် ၃ စီးကို မိုင်းခွဲ ဖျက်ဆီးပြီး မီးရှို့ထားသည်ကို တွေ့ရှိရပါတယ်။

၂၅ - ၁၁ - ၂၀၁၆ ရက်နေ့ ၈ နာရီ ၅၀ အချိန်ခန့်တွင် သိန်းနီမြို့၊ စံလောင်းရွာအနီးတွင် အသံမိုင်း ပေါက်ကွဲမှုဖြစ်ခဲ့ ပါတယ်။ မနက်သွားရောက်ရှင်းလင်းသည့်အခါတွင် အချင်း ၁ ပေ၊ အနက် ၈ လက်မရှိသည့် မြေကျင်း ၂ ခု ပေါက်ကွဲ ထားသည်ကို တွေ့ရှိရပါတယ်။ လူနှင့် တိရစ္ဆာန်နှင့် အခြားပစ္စည်းများ ထိခိုက် ပျက်စီးမှုမရှိခဲ့ပါ။

ကွတ်ခိုင်မြို့၊ မန်လွယ်ရွာတွင် ၂၅ - ၁၁ - ၂၀၁၆ ရက်နေ့ နေ့လည် ၂ နာရီတွင် တောင်ယာရှင်းလင်းစဉ်တွင် ပေါက်ကွဲမှုဖြစ်ပြီး တောင်ယာထဲကို လက်နက်ကြီး ၁ လုံး ကျရောက်ပေါက်ကွဲခဲ့သည့် အတွက် ယာလုပ်နေတဲ့ ဦးကျန်ရီချမ်းသည်ထိခိုက်ဒဏ်ရာရရှိပြီး ဆေးရုံသို့ တက်ရောက်ခဲ့ရပါတယ်။ ၂၆ - ၁၁ -၂၀၁၆ ရက်နေ့ ညနေ ၆ နာရီ ၄၅ မိနစ်အချိန်တွင် နမ့်ခမ်းမြို့၊ မန်လုံ ကျေးရွာတွင် မိုင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ပန်ခမ်းတံတားတွင်လည်း ဗုံး ၁ လုံးပစ်ချဖောက်ခွဲခံခဲ့ရပါတယ်။ ၂၆ - ၁၁ - ၂၀၁၆ ရက်နေ့ ၉ နာရီ ၅ မိနစ်အချိန်တွင် လူ ၅ ဦးသည် ဆိုင်ကယ် ၂ စီးဖြင့် မောင်းနှင်လာပြီး တံတားအလွန် ၁၅ ပေခန့်အကွာတွင် ညာဘက် လမ်းဘေးတွင် ဗုံး ၁ လုံးပစ်ချဖောက်ခွဲပါတယ်။ မနက်ပိုင်း သွားရောက် ရှင်းလင်းရာတွင် ပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားတဲ့ လမ်းဘေးအမှိုက်ပုံအနီးတွင် ပလပ်စတစ်ဗူးထဲတွင် ယမ်းမှုန့် ထည့်ထားသည့် နောက်ထပ် မိုင်း ၁ လုံးကိုထပ်မံတွေ့ရှိခဲ့ရပါတယ်။





အနောက်ဘက် ရန်ကုန် တင်တင်လှ ထမင်း ဆိုင်၏ အရှေ့တွင် လက်နက်ကြီး ကျရောက်ပေါက်ကွဲခဲ့ပါတယ်။ ထိုသို့ ပေါက်ကွဲပြီးနောက် မူဆယ်မြို့၊ ကောင်းမှုတုံရပ်ကွက်တွင်ရှိနေသည့် စက်မှုကွက်သစ်ကို TNLA သောင်းကျန်းသူအင်အား ၁၀ ဦး ဝင်ရောက်လာပြီး အလုပ်ရုံတွင် ဆက်ကြေးဝင်ရောက် ကောက်ခံ သွားခဲ့ပါတယ်။

၂၈ - ၁၁ -၂၀၁၆ ရက်နေ့တွင် ရဲတပ်ဖွဲ့ ၂ ဦးသည် လုပ်ရိုး လုပ်စဉ်အရ တရားရုံးသို့ တရားစွဲတင်ပို့သည့်အခါတွင် ပြန်လည် ရောက်ရှိလာခြင်းမရှိသည့်အတွက် ပြန်လည်စိစစ်ရာတွင် ၂၈ ရက် ညနေ ၄ နာရီအချိန်တွင် KIA သောင်းကျန်းသူအဖွဲ့က ခေါ်ဆောင်သွားပြီး ပြန်လည်စေလွှတ်ခဲ့ပါတယ်။ ထိုသို့ ပြန်လည်စေလွှတ်နိုင်အောင်လည်း သက်ဆိုင်ရာ အဖွဲ့အစည်း များနှင့် ညှိနှိုင်းခဲ့သည့်အတွက် ပြန်လည်လွတ်မြောက်လာခြင်း ဖြစ်ပါတယ်။

၃၀ - ၁၁ - ၂၀၁၆ ရက်နေ့ နံနက် ၇ နာရီအချိန်တွင် မူဆယ် - မန္တလေး ပြည်ထောင်စုကားလမ်း မိုင်တိုင်အမှတ် ၂၅၉/၁ တွင်ရှိသည့် အရှည် ၂၀ ပေခန့် အကျယ် ၂၄ ပေခန့်ရှိ ဆွမ်လုံတံတားအုတ် ဘောင်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပါတယ်။ ဖြစ်ပွားခဲ့သည့်အနေအထားတွင် ယာဉ်များသွားလာလို့မရအောင် ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

ယခုတင်ပြချက်များမှ နိုဝင်ဘာလ ၂၀ ရက်နေ့မှ ၃၀ ရက်နေ့အထိ ဖြစ်စဉ်သာလျှင်ဖြစ်ပါတယ်။ ယနေ့အထိ မဟုတ်သေးပါ။ ၂၀-၁၁-၂၀၁၆ရက်နေ့မှ ၃၀-၁၁-၂၀၁၆ ရက်နေ့အထိ လမ်းတံတားများ ဖျက်ဆီးခံရမှု အားလုံးစုစုပေါင်း တံတား ၈ ခုရှိကြောင်း တွေ့ရှိရပါတယ်။ ဖြစ်စဉ်ဖြစ်ပွားမှု ၉ ကြိမ် ဖြစ်ပွားခဲ့ပါတယ်။ ဆွမ်လုံတံတားသည် ၂၀ -၁၁-၂၀၁၆ရက်နေ့တွင်

တစ်ကြိမ်၊ ၃၀-၁၁-၂၀၁၆ ရက်နေ့တွင် တစ်ကြိမ်၊ ဖေါက်ခွဲဖျက်ဆီး ခံရပါတယ်။ ၂၀-၁၁-၂၀၁၆ ရက်နေ့တွင် အနည်းငယ်သာ ပျက်စီးမှု ရှိခဲ့ပြီး ၃၀-၁၁-၂၀၁၆ရက်နေ့တွင် တော်တော်များများ ပျက်စီး သွားခဲ့ပါတယ်။ ရဲတပ်ဖွဲ့ဝင် ၃ ဦး သေဆုံးပြီး ၁၁ ဦး ဒဏ်ရာရ ရှိတယ်။ ဖမ်းဆီးခံရမှု ၂ ဦး ပြန်လွတ်လာခဲ့ပါတယ်။ တပ်မတော်မှ ၃ ဦး သေဆုံးပြီး ၁၉ ဦးဒဏ်ရာရရှိခဲ့ပါတယ်။ ပြည်သူ့စစ်အဖွဲ့မှ ၁ ဦး သေဆုံးခဲ့ပါတယ်။ အကောက်ခွန် အရာရှိ ၂ ဦး ဒဏ်ရာရရှိခဲ့ ပါတယ်။ ပြည်သူများ ၁၀ ဦး သေဆုံးပြီး၊ ဒဏ်ရာရ ၃၉ ဦးနှင့် ဖမ်းဆီးခံရမှု ၇ ဦးထိရှိခဲ့ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

တင်ပြချက်များက နိုဝင်ဘာလ ၃၀ ရက်နေ့အထိသာလျှင် ဖြစ်ပြီး ယနေ့အထိဆိုလျှင် ဒီထက်မက သေဆုံး၊ ဒဏ်ရာရရှိမှု၊ ပျက်စီးမှုများများပြားမည့်အနေအထားဖြစ်ပါတယ်။ ပြည်သူ လူထုနှင့်ပတ်သက်သည့် သူတို့၏ လုပ်ဆောင်ချက်များ ဖြစ်ပါတယ်။

ဒါ့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝမ်တိန်နှင့် မန်ဟိုင်း ဒေသအတွင်းသို့ နိုဝင်ဘာလ ၂၀ ရက်နေ့က မြန်မာနိုင်ငံဘက်မှ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်သည် ဝမ်တိန်ဘက်သို့ ၁၁ လုံး၊ မန်ဟိုင်းဘက်သို့ ၂ လုံး၊ စုစုပေါင်း ၁၃ လုံး ကျရောက်ပေါက်ကွဲ ခဲ့ပါတယ်။ ထိုသို့ ကျရောက်ပေါက်ကွဲမှုကြောင့် တရုတ်ပြည်သူ တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံဘက်မှ ပြည်သူ ၁၀၀၀ ကျော် ခန့်မှာလည်း ဝမ်တိန်နှင့် မန်ဟိုင်းဘက်သို့ ရောက်ရှိ နေကြောင်း၊ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တယ်ဟုတ်တိုင်း အခြေချ နယ်စပ်ကာကွယ်ရေးတပ်ဖွဲ့က အကြောင်းကြားစာ ပေးပို့လာခဲ့ပါ တယ်။

ဝမ်တိန်ဒေသသည် မြန်မာနိုင်ငံ ကျူကုတ် (ပန်ဆိုင်း) မြို့နှင့် လည်းကောင်း၊ မန်ဟိုင်းဒေသသည် မြန်မာနိုင်ငံ မုံးကိုးမြို့နှင့် လည်းကောင်း၊ နယ်နိမိတ်ချင်းထိစပ်နေသည့်နေရာများလည်း



D/real(wide) (5



၂၇ - ၁၁ - ၂၀၁၆ ရက်နေ့ နံနက် ၉ နာရီတွင် လုံခြုံရေးအဖွဲ့ များမှ တံတားသို့သွားရောက်ရှင်းလင်းသည့်အခါတွင် မသင်္ကာဖွယ် ၁ ဦးကို တွေ့ရှိသည့်အတွက် ဖမ်းဆီးသည့်အခါတွင် KIA အဖွဲ့မှ တပ်သား ၁ ဦးဖြစ်ကြောင်း တွေ့ရှိခဲ့ရပါတယ်။ ၂၅-၁၁-၂၀၁၆ ရက်နေ့ ညနေ ၄ နာရီမှ ၄ နာရီခွဲအတွင်းတွင် မန်တုံမြို့နယ်၊ နောင်စံကျေးရွာအုပ်စု၊ ပန်ဝိုင်ကျေးရွာတွင် တပ်မတော်စစ်ကြောင်းနှင့် သောင်းကျန်းသူအဖွဲ့များထိတွေ့မှု ဖြစ်ပွားခဲ့ရာ ရွာထဲတွင်ရှိ နေသည့် ပန်ဝိုင်ကျေးရွာသား ၆ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။

၂၆-၁၁-၂၀၁၆ ရက်နေ့တွင် တပ်မတော်နှင့် သောင်းကျန်းသူ အဖွဲ့များ တိုက်ပွဲဖြစ်ပွားခဲ့သည့်အတွက် ပြောင်း စိုက်ခင်းတွင် ပြောင်းဖူးချိုးနေသည့် မနန်းဖုန်း၊ (၁၆) နှစ် ဒဏ်ရာ ရရှိခဲ့ပါတယ်။ ၂၆-၁၁-၂၀၁၆ ရက်နေ့ ည ၈ နာရီ ၄၅ အချိန်တွင် ကွတ်ခိုင်မြို့နယ်၊ မုံးကိုး - မုံးစီး သွား လမ်းဟောင်း၊ မုံးယားရွာအနီး ကျောက်ကြမ်းလမ်း ပေါ်တွင်ရှိသည့် အရှည်ပေ ၄၀၊ အကျယ် ၁၂ ပေရှိသည့် ကျောက်စီခုံးတံတားကို သောင်းကျန်းသူအဖွဲ့များက မိုင်းခွဲ ဖျက်ဆီးခဲ့သည့်အတွက် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ နိုင်ခြင်း မရှိခဲ့ပါ။

၂၇-၁၁-၂၀၁၆ ရက်နေ့ ည ၅ နာရီခွဲအချိန်တွင် မူဆယ်ခရိုင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးကို လက်နက်ငယ်နှင့် ပစ်ခတ်ခဲ့ရာ ရုံး၏ ဒုတိယထပ် လှေကားထိပ် မှန်များအား ထိမှန်ဖောက်ဝင်ခဲ့ပါ တယ်။ လားရှိုးမြို့ပြင်ရှိ သံလွင်ဆီဆိုင်အနီးတွင် အသံ မိုင်း ၂ လုံးပေါက်ကွဲခဲ့ပါတယ်။ ၂၈ - ၁၁ - ၂၀၁၆ ရက်နေ့ နေ့လည် ၁၁ နာရီအချိန် လားရှိုးမြို့အနီးမိုင်တိုင် အမှတ် ၉ တွင် မိုင်း ၂ လုံး ပေါက်ကွဲခဲ့ပါတယ်။

၂၈ - ၁၁ - ၂၀၁၆ ရက်နေ့ ညနေ ၆ နာရီ ၄၀ တွင် မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်၊ သစ်တောလမ်း၊ ဆုံမှတ် လက်ဖက်ရည်ဆိုင်၏

ဖြစ်ပါတယ်။ ကြူကုတ် (ပန်ဆိုင်း)နှင့် မုံးကိုးမြို့တို့နှင့် နှစ်နိုင်ငံနယ်စပ်သဘောတူညီချက်ပါ အကွာအဝေးအတိုင်း မြန်မာ - တရုတ်နယ်စပ် ကပ်လျက် မိမိတပ်နှင့် ရဲတပ်ဖွဲ့စခန်းများထားရှိပြီး လုံခြုံရေးဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၂၀ ရက်နေ့က စခန်းအသီးသီးသို့ KIA, MNDAA, TNLA လက်နက်ကိုင် အဖွဲ့အစည်းများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပါတယ်။

တရုတ်နိုင်ငံအတွင်းသို့ ကျည်ကျရောက်ပေါက်ကွဲမှုကို စိစစ်ချက်အရ တပ်နှင့် ရဲတပ်ဖွဲ့စခန်းနေရာများသို့ KIA နှင့် MNDAA လက်နက်ကိုင်အဖွဲ့များအနေဖြင့် အရှေ့တောင်ဘက်၊ တောင်ဘက်၊ အနောက်တောင်ဘက်တို့နှင့် အနောက်မြောက်ဘက်၊ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တို့ကို ဦးတည်တိုက်ခိုက်ခဲ့တာဖြစ်ပြီး ပစ်ခတ်တိုက်ခိုက်မှုများ၏ ဦးတည်ချက်များအရ ဝမ်တိန်ဒေသနှင့် မန်ဟိုင်းဒေသ လက်နက်ကြီးကျည် ၁၃ လုံး ကျရောက်ပေါက်ကွဲခဲ့ခြင်းသည် KIA နှင့် MNDAA, TNLA လက်နက်ကိုင်အဖွဲ့များက နှစ်နိုင်ငံရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်ပြီး လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။

စစ်ဆေးတွေ့ရှိချက်များအရ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တယ်ဟုတ်တိုင်း အခြေချ နယ်စပ်ကာကွယ်ရေးတပ်ဖွဲ့သို့ မြန်မာ့တပ်မတော်နယ်စပ်ဒေသကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ခေါင်းဆောင်မှတစ်ဆင့် အချက်အလက်များကို ပေးပို့ခဲ့ရသည့်အနေအထားမျိုးဖြစ်ခဲ့ပါတယ်။

ဒါကြောင့် ဒီဖြစ်စဉ်များကို ပြန်လည်ပြီးကြည့်မည်ဆိုလျှင် အထက်ပါဖြစ်စဉ်များအရ KIA , TNLA, MNDAA လက်နက်ကိုင်





အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် သောင်းကျန်းသူများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ အသက်ဆုံးရှုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်း၊ ကားများ မီးလောင်ဆုံးရှုံးခြင်း၊ အများပြည်သူများသွားလာသည့် တံတားများ ပျက်စီးဆုံးရှုံးခြင်းများကို ကြုံတွေ့နေရသည့်အတွက် လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူ တင်သွင်းသည့် အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါကယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါကဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင်အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအောင်သူ တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကထောက်ခံသွားပါတယ်။ အဆိုမှာ **“ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်၊ ကွတ်ခိုင်ဒေသမှာဖြစ်ပွားနေတဲ့ KIA, TNLA, MNDAA လက်နက်ကိုင်သောင်းကျန်းသူများရဲ့ အပြစ်မဲ့ပြည်သူလူထုပေါ် ဆောင်ရွက်**

**ကြတဲ့ ဆောင်ရွက်ချက်များအပေါ် ပြစ်တင်ရှုတ်ချကြောင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ်သတ်မှတ်ကြောင်း”** အရေးကြီး အဆိုဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။

**ဦးသန်းထိုက်၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ ဧည့်သည်တော်များ အားလုံး ပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ဖြစ်ပါတယ်။ ကျွန်တော်တို့ ဦးအောင်သူ၊ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ **“ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်၊ ကွတ်ခိုင်ဒေသမှာ ဖြစ်ပွားနေတဲ့ KIA, TNLA, MNDAA လက်နက်ကိုင် သောင်းကျန်းသူများရဲ့ အပြစ်မဲ့ပြည်သူလူထုပေါ် ဆောင်ရွက် ကြတဲ့ ဆောင်ရွက်ချက်များအပေါ် ပြစ်တင်ရှုတ်ချကြောင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ်သတ်မှတ်ကြောင်း”** အရေးကြီး အဆိုနှင့်ပတ်သက်၍ လက်ခံဆွေးနွေးရန် မသင့်ပါကြောင်း ကျွန်တော် အနေဖြင့် ပြောကြားလိုပါတယ်။ ဒီလက်ခံဆွေးနွေးရန် သင့်/မသင့်ကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်တို့အနေနှင့် လွှတ်တော် ကိုယ်စားလှယ်အားလုံး၏ အနေအထားအရ အချိန်လေး





အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များအရ အပြစ်မဲ့လုပ်သား ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို နှောင့်ယှက် ဖျက်ဆီးခြင်း၊ အကြောင်းမဲ့သတ်ဖြတ်ခြင်း၊ ဖျက်ဆီးခြင်းများ ပြုလုပ် ခဲ့ကြောင်း၊ ၎င်းတို့၏ လုပ်ရပ်သည် အကြမ်းဖက်လုပ်ရပ်များဖြစ် ကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင်မြန်မာနိုင်ငံ၏ စီးပွားရေး အစိတ် အပိုင်းတစ်ခုဖြစ်သည့် နယ်စပ်ကုန်သွယ်ရေးအား ရပ်တန့်အောင် ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူလူထု စီးပွားရေးနှင့် စားဝတ်နေရေး ထိခိုက်နစ်နာ ပျက်စီးအောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း တွေ့ရှိခဲ့ရပါတယ်။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံအတွင်းသို့ လက်နက်ကြီးများ ကျရောက်ပေါက်ကွဲစေ ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် နယ်စပ်ဒေသတည်ငြိမ် အေးချမ်းမှုကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်လုပ်ဆောင်ခဲ့ကြောင်း လည်း တွေ့ရှိရပါတယ်။

ဒါကြောင့် ၎င်းတို့၏ လုပ်ဆောင်ချက်များသည် အကြမ်း ဖက်လုပ်ဆောင်မှုများဖြစ်သဖြင့် အဆိုပါ KIA, TNLA, MNDAA လက်နက်ကိုင်အဖွဲ့များအား အကြမ်းဖက်သောင်းကျန်းသူများအဖြစ် သတ်မှတ်သွားရန်နှင့် ၎င်းတို့၏ လုပ်ဆောင်မှု အားလုံးကိုပြင်းပြင်း ထန်ထန်ရှုတ်ချကြောင်း လွှတ်တော်ကို အရေးကြီးအဆိုအဖြစ် တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ် ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။**

အားလုံးပဲမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ

အနည်းငယ် ပေးဖို့ ကျွန်တော်အနေဖြင့် တောင်းဆိုအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် ကန့်ကွက်သည့် ကိုယ်စားလှယ် တစ်ဦး တွေ့ရှိရပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၇(က) အရ အစည်းအဝေးသို့ တက်ရောက် မဲဆန္ဒပေးသည့် လွှတ်တော် ကိုယ်စားလှယ် များ၏ များရာမဲဖြင့် ဆုံးဖြတ်ရမှာပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၁၊ ပုဒ်မခွဲ (ခ)အရ အစည်းအဝေးတွင် မဲခွဲဆုံးဖြတ်သည့်ကိစ္စ၌ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက ဆန္ဒမဲမပေးရဟုပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးတက်ရောက်သည့် ကိုယ်စားလှယ်ဦးရေမှာ ၁၁၄ ဦး ဖြစ်ပါတယ်။ ဒါကြောင့် ယခုအဆိုကို လက်ခံဆွေးနွေးရန် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာ၌ မတ်တပ်ရပ်၍ ဆန္ဒပြုရန်ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတင်ပြပါရစေ။ လုံခြုံရေးနှင့်ပတ်သက်ပြီး ကျွန်မတို့ကို ငဲ့ညှာသောအားဖြင့် လျှို့ဝှက်ဆန္ဒမဲပေးခွင့်ပေးပါရန် လေးစားစွာ တောင်းခံအပ် ပါတယ်။

**ဥက္ကဋ္ဌ။** ဒီကနေ့ ကျွန်တော်တို့က အဆိုကို အတည်ပြုဖို့ အတွက်မဟုတ်ဘဲ လက်ခံဆွေးနွေးတဲ့ အပိုင်း ဖြစ်သည့်အတွက် ကျွန်တော်တို့ ပြောင်မဲပေးစနစ်ပဲ ကျင့်သုံးမှာ ဖြစ်ပါတယ်။ အကယ်၍အဆိုကို အတည်ပြု/မပြုနှင့်ပတ်သက်၍ ကျွန်တော်တို့အနေဖြင့် လျှို့ဝှက်မဲပေးစနစ်နဲ့ ဆောင်ရွက်မှာဖြစ်ပါ





နေ့လည်ပိုင်း အစည်းအဝေးအစီအစဉ်ကို နေ့လည် ၁ နာရီ ၁၅ မိနစ် အချိန်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

# ရှမ်းပြည်နယ်
# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)
# (ဒုတိယနေ့)မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်**

**၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်**

**[ အင်္ဂါနေ့ ]**

## နေ့လည်ပိုင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီ အချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) ဒုတိယနေ့ နေ့လည်ပိုင်း အစီအစဉ်များအား ဆက်လက်ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။ အားလုံး ထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ နံနက်ပိုင်းက လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်သူတင်သွင်းသည့် အဆိုကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်၊ ဗုဒ္ဓဟူးနေ့မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးရပ်နားသည့် အခါတွင် ဒီကနေ့ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။



D/real(wide) (6



တယ်။ အခု ကျွန်တော်တို့ အဆိုကို လက်ခံဆွေးနွေးဖို့ သင့်/မသင့် ဆိုတဲ့အပိုင်းပဲဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ထိုင်နိုင်ပါပြီခင်ဗျား။ ကျွန်တော် တင်ပြခဲ့သလို မဲပေးသည့်အထဲမှာ လွှတ်တော်ဥက္ကဋ္ဌမပါ အစည်းအဝေး တက်ရောက် ဆန္ဒမဲပေးခွင့်ရှိတဲ့ ကိုယ်စားလှယ်သည် ၁၁၄ ဦးဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေး ၁၁၅ ဦးတက်ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌ မပါ အစည်းအဝေး တက်ရောက်သူ ဆန္ဒမဲပေးခွင့် ၁၁၄ ဦးဖြစ်ပါ တယ်။ ကျွန်တော်တို့ မတ်တပ်ရပ်ပြီး ဆန္ဒပြုလိုက်တဲ့ အခါတွင် အဆိုကို လက်ခံဆွေးနွေးဖို့ သဘောတူသည့် လွှတ်တော် ကိုယ်စားလှယ်သည် ၆၁ ဦးရှိပါတယ်။ ထိုင်နေသည့် ကိုယ်စားလှယ် အနေနဲ့ဆိုလျှင် ကျွန်တော်တို့ အဆိုကို လက်ခံဆွေးနွေးရန် ကန့်ကွက်သည့်လူများအဖြစ် သတ်မှတ်လို့ရသလို ကြားနေ ကိုယ်စားလှယ်လည်း ရှိကောင်းရှိမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောတူသည့် ကိုယ်စားလှယ်သည် ၆၁ ဦးရှိပြီးဖြစ်သည့်အတွက် အဆိုအား လက်ခံဆွေးနွေးရန် သဘောတူသည့်ကိုယ်စားလှယ်ဦးရေသည် အစည်းအဝေး တက်ရောက်သည့် ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ထက်များသည့် အတွက် လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်သူ တင်သွင်းသည့်အဆိုကို လွှတ်တော်ကလက်ခံဆွေးနွေးရန်အတည်ပြုကြောင်းကြေညာပါတယ်။

**ဥက္ကဋ္ဌ။** လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုနေ့လည်စာ သုံးဆောင်ရန် အစည်းအဝေးကို ၁ နာရီ မိနစ် ၃၀ ခန့် ရပ်နားမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။

## ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် ကြက်မွေးမြူရေးဆိုင်ရာ ဇီဝလုံခြုံရေးဥပဒေကြမ်း နှင့်စပ်လျဉ်း၍ လွှတ်တော်သို့အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်ကြက်မွေးမြူရေးဆိုင်ရာ ဇီဝလုံခြုံရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဦးညီညီ (ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ရှေးဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာဆိုင်ရာကော်မတီ အတွင်းရေးမှူး ဦးညီညီ (ခ) ဦးညီလေးချမ်းဖြစ်ပါတယ်။ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) တွင် တတိယပုံမှန်အစည်းအဝေး၌ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညာဏ် တင်သွင်းသည့် ရှမ်းပြည်နယ် ကြက်မွေးမြူရေးဆိုင်ရာဇီဝလုံခြုံရေး ဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေး



D/real(wide) (6



**လေ့လာတွေ့ရှိချက်**

ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ရှမ်းပြည်နယ် တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေးဥပဒေကို ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ၄ - ၁၂ - ၂၀၁၅ ရက်နေ့၌ ဥပဒေအမှတ် (၆/၂၀၁၅)ဖြင့် အတည်ပြု၍ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက် ရက်စွဲဖြင့် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။

ကြက်မွေးမြူရေးနှင့် သက်ဆိုင်ရာကိစ္စများကို ဝန်ကြီးဌာနက ထုတ်ပြန်မည့် ထုတ်ပြန်ချက်များ၌ တင်သွင်းနိုင်သည့်ကိစ္စဖြစ်သဖြင့် ရှမ်းပြည်နယ်ကြက်မွေးမြူရေးဆိုင်ရာ ဇီဝလုံခြုံရေးဥပဒေ(မူကြမ်း)ကို သီးခြားထပ်မံ၍ အသစ်ပြဋ္ဌာန်းရန် လိုအပ်မည် မဟုတ်ပါ။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တွင် ကျွဲ၊ နွားနှင့်ပတ်သက်၍ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး အမိန့်ကြော်ငြာစာနှင့် ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။

**တင်ပြချက်**

ရှမ်းပြည်နယ် ကြက်မွေးမြူရေး ဆိုင်ရာ ဇီဝလုံခြုံရေးဥပဒေ (မူကြမ်း)ကို ဥပဒေတစ်ရပ်အနေဖြင့် ပြဋ္ဌာန်းခြင်းထက် တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေးဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ဆောင်ရွက်ခြင်းသည် ပိုမိုသင့်လျော်မည် ဖြစ်ပါတယ်။

ရှမ်းပြည်နယ် ကြက်မွေးမြူရေးဆိုင်ရာ ဇီဝ လုံခြုံရေးဥပဒေ (မူကြမ်း)နှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းအရ တိရစ္ဆာန်အမျိုးအစားအလိုက် နည်းဥပဒေမထုတ်ပြန်မီ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပါက ပိုမိုသင့်လျော်မည် ဖြစ်ပါတယ်။ ရှမ်းပြည်နယ် လွှတ်တော်၏ ဥပဒေအမှတ် (၆/၂၀၁၅)တွင် ပုဒ်မ ၂၃ (က)(ခ)ပါ ပြဋ္ဌာန်းချက်သည် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းနှင့် သက်ဆိုင်သော မွေးမြူရမည့် တိရစ္ဆာန်အမျိုးအစား၊ မွေးမြူရန် နေရာဒေသ၊ လုပ်ငန်းရှင်စသည့် ကဏ္ဍများအလိုက် အကောင်အထည် ဖော်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနက လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို အမြန်ဆုံးထုတ်ပြန်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါ တယ်ခင်ဗျား။

## ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ် တင်သွင်းခဲ့သော ရှမ်းပြည်နယ် ကြက်မွေးမြူရေးဆိုင်ရာ ဇီဝလုံခြုံရေးဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး ဒုတိယနေ့ ၂၀-၉-၂၀၁၆ ရက်နေ့မှာ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ် တင်သွင်းခဲ့သော ရှမ်းပြည်နယ်ကြက်မွေးမြူရေးဆိုင်ရာဇီဝလုံခြုံရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။





ဆိုင်ရာ ကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာအား ဖတ်ကြား တင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

**ရှမ်းပြည်နယ် ကြက်မွေးမြူရေးဆိုင်ရာဇီဝလုံခြုံရေး ဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာ**

**နိဒါန်း**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး၌ ကျောက်မဲ မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ် တင်သွင်း သည့် ရှမ်းပြည်နယ် ကြက်မွေးမြူရေး ဆိုင်ရာ ဇီဝလုံခြုံရေးဥပဒေ (မူကြမ်း)အပေါ် ပြည်နယ်လွှတ်တော်က နည်းဥပဒေ ၁၃၆ (ခ)(၃)အရ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီသို့ လွှဲအပ်ပေးပို့လာပါသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီ အစည်းအဝေးများကို ၄ - ၁၁ -၂၀၁၆ ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရ အဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများ စိစစ်သုံးသပ်ညှိနှိုင်းဆွေးနွေးကြပြီး ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီပြုစု တင်ပြခြင်းဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ စိစစ်သုံးသပ် တင်ပြသည့် အစီရင်ခံစာပါအတိုင်း တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေးဥပဒေ (၆/၂၀၁၅)ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပုဒ်မ ၂၃၊ ပုဒ်မခွဲ(က)(ခ) အရအပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီးတော့ ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ဖြည့်စွက်တင်ပြအပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

**ဥက္ကဋ္ဌ။** ဥပဒေကြမ်းကို တင်သွင်းခဲ့သူ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ်က ဆွေးနွေးရန်ရှိပါက ဆွေးနွေးနိုင်ပါတယ်။

**ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ အစိုးရအဖွဲ့ဝင်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ပထမဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ်ဖြစ်ပါတယ်။ ကနေ့ ဥပဒေကြမ်း စိစစ်ရေးကော်မတီမှ ဖတ်ကြားသွားသည့်အတိုင်း၊ သက်ဆိုင်ရာ အစိုးရဌာနက တင်ပြသွားသည့်အတိုင်း ကျွန်တော်တို့ တင်သွင်း



D/real(wide) (6



ထားမှာဖြစ်ပါတယ်။ ယင်းဥပဒေနှင့်စပ်လျဉ်းပြီး လိုအပ်တဲ့ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာများအဖြစ် ပြောင်းလဲ ထုတ်ပြန်ရန် အတွက် လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်ကြက်မွေးမြူရေးဆိုင်ရာ ဇီဝလုံခြုံရေးဥပဒေကြမ်းအား အမိန့်ကြော်ငြာစာအဖြစ် ပြောင်းလဲထုတ်ပြန်ရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) ဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) ဒုတိယနေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) တတိယနေ့ကို မနက်ဖြန် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့၊ ဗုဒ္ဓဟူးနေ့ နံနက် (၁၀း၀၀) နာရီ အချိန်တွင် ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၆) တတိယနေ့ကို မနက်ဖြန် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့ ဗုဒ္ဓဟူးနေ့ ၊ နံနက် (၁၀း၀၀) နာရီအချိန်တွင် ဆက်လက်ကျင်းပသွားမှာဖြစ်ပါကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။



D/real(wide) (6



လိုက်သည့် ဥပဒေနှင့်ပတ်သက်ပြီး အမိန့်ညွှန်ကြားချက် တစ်စုံ တစ်ရာ ထုတ်ပြန်သွားမယ်လို့ သိရှိရပါတယ်။ ဆိုလိုချင်သည်မှာ လွှတ်တော်က ဥပဒေကိုပြဋ္ဌာန်းခြင်းဖြစ်ပါတယ်။ ဥပဒေကို လွှတ်တော်က ပြဋ္ဌာန်းပြီး အစိုးရကို တာဝန်ခံရတာဖြစ်ပါတယ်။ အမိန့် ညွှန်ကြားချက်ဆိုတာက ဝန်ကြီးဌာနက ထုတ်ပြန်ပြီး ပြည်သူကပဲ တာဝန်ခံရတာဖြစ်ပါတယ်။ ဒါကို ပိုမိုထိရောက်စေရန် ဥပဒေကို ကြိုးစားရခြင်းဖြစ်ပါတယ်။ နောက်တစ်ချက်အနေဖြင့် ဥပဒေကိုပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်မှာ မည်သို့ပင် ဆောင်ရွက်သည်ဖြစ်စေ အဆင်ပြေဖို့ပဲ အဓိက လမ်းကြောင်းနှင့်သွားကြတာဖြစ်ပါတယ်။ ယခုဆိုလျှင် ဥပဒေပြုရေး ဆိုင်ရာကော်မတီက တင်ပြသည့်အတိုင်း၊ အစိုးရ ဆွေးနွေးသည့် အတိုင်းမည်သည့် ကန့်ကွက်စရာမျှမရှိပါ။ ထုတ်ပြန်မည့်အမိန့် ညွှန်ကြားချက် ထိရောက်မှု အပေါ် ယခင်ကာလကလည်း ထုတ်ပြန်သည့် အမိန့် ညွှန်ကြားချက်အများကြီးရှိပါတယ်။ ထိရောက်မှု အားနည်းသည်ကိုလည်းတွေ့ရပါတယ်။ ဒါကို ထိထိမိမိ ဆောင်ရွက် ပေးနိုင်မည်ဆိုပါလျှင် ဥပဒေတစ်ခုလို အကျိုးရှိနိုင်မယ်လို့ ဒီအမိန့် ညွှန်ကြားချက်ကိုလည်း ကျွန်တော်ကြိုဆို ပါတယ်။ ဒီကနေ့ ကျွန်တော်တင်သွင်းတဲ့ ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ် လွှတ်တော်တွင် မှတ်တမ်းအဖြစ်ထားပေးနိုင်ပါရန် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့်တောင်းဆိုအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင် ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး ဒုတိယနေ့မှာ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းထွန်းဉာဏ် တင်သွင်းသော ရှမ်းပြည်နယ် ကြက်မွေးမြူရေး ဆိုင်ရာ ဇီဝလုံခြုံရေးဥပဒေကြမ်းကို လွှတ်တော် ကမှတ်တမ်းတင်

## ရှမ်းပြည်နယ်
## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
## အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)
## (တတိယနေ့)မှတ်တမ်း
## ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်
## ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ လ ၇ ရက်
## [ ဗုဒ္ဓဟူးနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး(၁/၂၀၁၆) (တတိယနေ့)အစီအစဉ်ကို နံနက် (၁၀း၀၀)နာရီ အချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူး အဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးထက်မာန်အောင်၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
## အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)
## စတင်ကျင်းပခြင်း

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ



D/real(wide) (6



ဆိုင်ရာ နည်းဥပဒေ ၃၅(ဂ) တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) (တတိယ)နေ့ အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပ ပြုလုပ်သွားမှာဖြစ်ပါတယ်။

## အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ အတွင်းရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထား၍ တက်ရောက်သော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)ရက်နေ့ (၇-၁၂-၂၀၁၆)ရက်နေ့ (တတိယနေ့)မှာ အစည်းအဝေးသို့တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ -

(၁) ဦးစိုင်းရှဲန်တစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၂)ရက်။

(၂) ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၂)ရက်။

(၃) ဦးအေးမင်းစိုး၊ ရွာငံမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက်ခွင့် (၁) ရက်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ (၁၆)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၃)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်



D/real(wide) (6



ခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) (တတိယ)နေ့အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်းကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)(တတိယနေ့) မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရအစည်းအဝေးသို့တက်ရောက်ခွင့်ရှိသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၁၃၅)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၁၆)ဦးတက်ရောက်ပါတယ်။အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်စုစုပေါင်း ၏ (၈၅. ၉၃%) ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့ အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ် လွှတ်တော်

လွှတ်တော် ကိုယ်စားလှယ်(၃)ဦးအား ခွင့်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)(တတိယနေ့)ကို တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၃၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦး၊စုစုပေါင်းခွင့်ပြုထားသူ (၁၉)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) တတိယနေ့သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ကအတည်ပြုရန် သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်ကသဘောတူပါသည်။)**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။



D/real(wide) (6



လိုတာကတော့ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို ၂၀၁၃ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီဥပဒေကို ကိုင်တွယ်ပြီးတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလက်တွေ့ဆောင်ရွက်မည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို (၂၅-၂-၂၀၁၄)မှာ အဖွဲ့ဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းပေးခဲ့ပါတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး နည်းဥပဒေကို (၁၀-၇-၂၀၁၅)မှာ ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော်သက်တမ်းရဲ့ အစည်းအဝေးမှာလည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ထိရောက်စွာဆောင်ရွက်ရန် အစိုးရအား တိုက်တွန်းကြောင်း အဆိုကိုလည်း တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို လက်တွေ့ဆောင်ရွက်ရန် တွန်းတွန်းတိုက်တိုက်ဖြင့် လွှတ်တော်ကြီးကလည်း အတည်ပြုထားပေးပြီးဖြစ်ပါတယ်။ သတင်းစာ၊ စာစောင်၊ ဂျာနယ်တွေမှာလည်းပဲအဂတိလိုက်စားမှုနှင့်ပတ်သက်ပြီး အမြောက်အမြား ရေးသားခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ခုနှစ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကိုသာလျှင် ကျင့်သုံးဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေရဲ့ရည်ရွယ်ချက်မှာ လာဘ်ပေးလာဘ်ယူ ပပျောက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်ဟူသော အချက်ကို ပြည်သူလူထုတစ်ရပ်လုံးက ပါဝင်ဆောင်ရွက်ရန် မိမိစီမံ ဆောင်ရွက်ချက်များကိုလည်း ရေးဆွဲဖော်ပြရမှာဖြစ်ပါတယ်။ အဂတိလိုက်စားမှု လက်တွေ့တိုက်ဖျက်ကြပါစို့ ဆိုတဲ့ ဆောင်ပုဒ်နှင့် အညီ ရှမ်းပြည်နယ်အစိုးရ အဖွဲ့အား ရှမ်းပြည်နယ်လွှတ်တော် မှတစ်ဆင့် အောက်ပါအတိုင်း မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ အစိုးရရုံးများ၊ ဌာနဆိုင်ရာရုံးများ၊ ဦးစီးဌာနရုံးများ၊ ရပ်ကွက်ရုံးများတွင် ငွေကြေးအပါအဝင်

ရွှေ့ပြောင်း နိုင်သော ပစ္စည်းများဖြင့်လည်းကောင်း၊ မရွှေ့မပြောင်း နိုင်သောပစ္စည်းများဖြင့်လည်းကောင်း၊ လာဘ်ပေးလာဘ်ယူ ကိစ္စအဝဝမပေါ်ပေါက်စေရေးအတွက် ဥပဒေနှင့်အညီကြိုတင် ပြင်ဆင်မှုများ၊ စီမံချက်များ ပြုလုပ်ထားခြင်း ရှိ/ မရှိ အများပြည်သူ သိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအား ရှမ်းပြည်နယ် လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။

ဒုတိယမေးခွန်းအနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မည်သည့်ရုံးများတွင် လာဘ်ပေးလာဘ်ယူ (အဂတိ)အမှု ပေါ်ပေါက်ခြင်း ရှိ/ မရှိ၊ ပေါ်ပေါက်ခြင်းရှိပါက မည်သည့်မြို့နယ်၊ မည်သည့်ရုံး၊ စွပ်စွဲခံရသူ၏ ရာထူးအဆင့်အတန်းများနှင့် တရားရုံးတွင် တရားစွဲဆို ထားခြင်း ရှိ/ မရှိ ကို ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှဖြေကြားပေးပါရန် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်း ရခြင်း ဖြစ်ပါတယ်။

တတိယမေးခွန်းအနေဖြင့် တင်ပြဆွေးနွေးရမည်ဆိုလျှင် ရှမ်းပြည်နယ်အတွင်းရှိ အချို့သောမြို့နယ်များမှာ မူးယစ်ဆေးဝါး သုံးစွဲမှုများ၊ ဝယ်ယူခြင်းများကို သက်ဆိုင်ရာမှဖမ်းဆီး၍ ရှမ်းပြည်နယ်အတွင်းရှိ တရားရုံးအဆင့်ဆင့်မှာ တရားစွဲဆိုခဲ့သည့် အမှုအမြောက်အမြားရှိပါတယ်။ ဒါကြောင့် ဒီကနေ့မှာဆိုလျှင် မူးယစ်ဆေးဝါးအပြင် ကျွန်တော်တို့ စာသင်ကျောင်းတွေမှာ အထက်တန်းအဆင့်မှ တက္ကသိုလ်အဆင့်အထိ မူးယစ်ဆေးဝါး အပြင် ကော်ရှူတဲ့လုပ်ငန်းအဆင့်အထိကျယ်ပြန့်လာပြီဖြစ်ပါတယ်။ ဒါကြောင့် ဒီမူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး အရေးယူဆောင်ရွက်မှု မည်မျှ အတိုင်းအတာထိရှိပြီး မည်မျှအတိုင်းအတာထိ တရားရုံးကို ရောက်ရှိသည်ကို အများပြည်သူ သိရှိဖို့ လိုအပ်သည့် အတွက် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအား ရှမ်းပြည်နယ်အစိုးရ အဖွဲ့သို့ မေးမြန်းရခြင်းဖြစ်ပါတယ်။



D/real(wide) (7



## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများကို မေးမြန်းခြင်း နှင့်ဖြေကြားခြင်း အစီအစဉ်ဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ် (၅)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာတာဝန်ရှိ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။

ပထမဦးစွာ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ (ခ) ဦးညီလေးချမ်းက မေးခွန်း (၁၊၂၊၃၊၄)ကိုတစ်ဆက်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။** ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပင်းတယမြို့နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။

လေးစားအပ်ပါသောရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမဦးစွာ ကျွန်တော် အဂတိလိုက်စားမှုနှင့်ပတ်သက်ပြီး တင်ပြဆွေးနွေး

စတုတ္ထမေးခွန်းအနေဖြင့် ၂၀၁၄ ခုနှစ်မှ ယနေ့အထိ ရှမ်းပြည်နယ် အတွင်းရှိ တရားရုံးအဆင့်ဆင့်တွင် မူးယစ်ဆေးဝါးဖြင့် လက်ခံ စစ်ဆေးခဲ့သောအမှုပေါင်း၊ ပြီးပြတ်သောအမှုပေါင်း၊ လက်ကျန်အမှုပေါင်း၊ တရားစွဲဆိုခံရသော တရားခံအမျိုးသား၊ အမျိုးသမီးအရေအတွက် မည်မျှရှိသည်ကို အများပြည်သူ သိရှိရန်အတွက် ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်မှ ဖြေဆိုပေးပါရန် ရှမ်းပြည်နယ် လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်များက ကဏ္ဍအလိုက် ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း မေးမြန်းသည့် မေးခွန်း(၁နှင့်၂)ကို ကျွန်တော် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

မေးခွန်း(၁)အရ မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုများကြောင့် အကျင့်စာရိတ္တပျက်ပြားမှုများစွာ ဖြစ်ပေါ် နေသဖြင့် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ တရားဥပဒေ စိုးမိုးရေးတို့ကို ထိခိုက်နေကြောင်း၊ လုံးဝပပျောက်စေရန်အတွက် လက်ဆောင်





ယစ်မျိုးစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် ယစ်မျိုးလိုင်စင်စီအမည်၊ တည်နေရာ၊ လိုင်စင်အမျိုးအစားပြောင်း စသည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ငွေကြေး၊ တံစိုးလက်ဆောင် ပစ္စည်း တစ်စုံတစ်ရာပေးရန်မလိုကြောင်း အများ ပြည်သူများသိရှိစေရေး သက်ဆိုင်ရာ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အဆင့်ဆင့်နှင့် ပြည်သူ့ဝန်ဆောင်ရုံ(OSS ) ရုံများတွင် Vinyl Wall Sheet ချိတ်ဆွဲ၍ အများပြည်သူသိရှိအောင်ဆောင်ရွက်ထားပြီး ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အတွင်းရှိ တရားရုံးအသီးသီးတွင် လာဘ်ပေးလာဘ်ယူမှုနှင့် ပတ်သက်၍ စွပ်စွဲခံရသူနှင့် တရားရုံးတွင် တရားစွဲဆိုအရေးယူခံထားရသူများ လောလောဆယ်တွင်မရှိပါကြောင်း၊ အထူးစုံစမ်း စစ်ဆေးရေး ဦးစီးဌာနအနေဖြင့်လည်း လာဘ်ပေးလာဘ်ယူ(အဂတိ) အမှုများ နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးဖော်ထုတ် တရားစွဲ တင်ပို့သည့် စုံစမ်းမှုများ မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးကြွယ်ကြွယ်၊ ရှမ်းပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်း တောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းရဲ့ မေးခွန်း(၃ နှင့် ၄)ကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ ၂၀၁၄ခုနှစ်မှ ယနေ့အထိ ရှမ်းပြည်နယ်အတွင်းရှိတရားရုံး အဆင်ဆင့်တွင် မူးယစ်ဆေးဝါးမှုဖြင့် လက်ခံစစ်ဆေးခဲ့သောအမှုပေါင်း၊ ပြီးပြတ်သောအမှုပေါင်း၊ လက်ကျန်အမှု ပေါင်း၊ တရားစွဲဆိုခံရသော တရားခံအမျိုးသား၊ အမျိုးသမီးအရေ အတွက် မည်မျှရှိသည်ကိုသိရှိလိုပါသည်နှင့် စပ်လျဉ်းပြီးတော့မှ ၂၀၁၄ ခုနှစ်မှ (၃၁-၁၀-၂၀၁၆)ရက်နေ့အထိ ရှမ်းပြည်နယ်အတွင်းရှိတရားရုံး အဆင်ဆင့်တွင် မူးယစ်ဆေးဝါးမှုဖြင့် လက်ခံစစ်ဆေးခဲ့သော အမှုပေါင်းမှာ(၇၀၂၀)မှု ဖြစ်ပါတယ်။ ပြီးပြတ်သောအမှုပေါင်း(၆၀၁၁)မှုဖြစ်ပါတယ်။ (၃၁-၁၀-၂၀၁၆) ရက်နေ့အထိလက်ကျန် အမှုပေါင်းမှာ (၂၀၀၉)မှုဖြစ်ပြီး တရားစွဲဆို ခံရသော အမျိုးသား(၈၄၄၇)ဦးနှင့် အမျိုးသမီး (၁၁၉၉)ဦးရှိပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။

စတုတ္ထမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်အတွင်းရှိ တရားရုံး အဆင့်ဆင့်တွင် အသက်(၁၈)နှစ်မှ (၃၅)နှစ်ကြားလူငယ်များသည် မူးယစ်ဆေးဝါးအမှုဖြင့် ၂၀၁၄ခုနှစ် မှ ယနေ့အထိပြစ်ဒဏ်ပေးပြီးသော လူငယ်အရေအတွက်၊ စစ်ဆေးဆဲလူငယ်အရေအတွက်ကို သိရှိလိုပါသည် မေးခွန်းနှင့် စပ်လျဉ်းပြီးတော့ ၂၀၁၄ ခုနှစ်မှ ၃၁-၁၀-၂၀၁၆ရက်နေ့အထိ ရှမ်းပြည်နယ်အတွင်းရှိ တရားရုံး အဆင့်ဆင့်တွင် အသက်(၁၈)နှစ်မှ (၃၅)နှစ်ကြားလူငယ်များအား မူးယစ်ဆေးဝါးအမှုဖြင့် ပြစ်ဒဏ်ပေးပြီးသော လူငယ် (၄၄၈၂)ဦး ဖြစ်ပြီး စစ်ဆေးဆဲ လူငယ်အရေအတွက်မှာ(၈၇၃)ဦး ဖြစ်ပါကြောင်း ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေဆိုတင်ပြအပ် ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးဦးညီညီ(ခ)ဦးညီလေးချမ်းက ပဥ္စမမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။





ပစ္စည်းလက်ခံခြင်းနှင့် ပတ်သက်သည့် လမ်းညွှန်ချက်ကို လိုက်နာ ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတရုံး၏ ၁-၄-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၁၅၈(၂)/၈/ သမ္မတရုံးဖြင့် ညွှန်ကြားထားပြီး ဖြစ်ပါ တယ်။ ရှမ်းပြည်နယ်အတွင်းရှိ အစိုးရရုံးများ၊ ဌာနဆိုင်ရာများ၊ ဦးစီးဌာနရုံးများ၊ ရပ်ကွက်ရုံးများ တွင်လည်း ၄င်းညွှန်ကြားချက်ကို လုပ်ငန်းလမ်းညွှန်ချက်အဖြစ် လိုက်နာ အကောင်အထည်ဖော် ဆောင် ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ တရားရုံးအသီးသီးတွင် ငွေကြေး အပါအဝင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများဖြင့် လည်းကောင်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများဖြင့်လည်းကောင်း၊ လာဘ်ပေး လာဘ်ယူမှု ကိစ္စအဝဝမပေါ်ပေါက်စေရေးအတွက် စီမံချက်များ ရေးဆွဲပြီး ကြိုတင် ပြင်ဆင်တားဆီးမှုများ ပြုလုပ် ထားခြင်းရှိပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာအဆင့်ဆင့်ဝန်ထမ်းများ လည်း သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၏ ထပ်ဆင့် ညွှန်ကြားချက်အရ လက်ဆောင်ပစ္စည်းလက်ခံခြင်းနှင့် ပတ်သက် သည့် လမ်းညွှန်ချက်ကို အလေးအနက်ထား လိုက်နာဆောင်ရွက် မည် ဖြစ်ကြောင်း ခံဝန်ကတိပြုလက်မှတ်ရေးထိုးခြင်းဖြင့် လာဘ်ပေး လာဘ်ယူကိစ္စမပေါ်ပေါက်စေရေးအတွက် ဥပဒေနှင့်အညီ ကြိုတင် ပြင်ဆင်ဆောင်ရွက်ထားရှိပါတယ်။

ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆောင်ရွက်ရသော လုပ်ငန်းတစ်ခုဖြစ်သည့် မြေငှားဂရန် လျှောက်ထားရာတွင် လည်းကောင်း၊ ပြည်သူလူထုနှင့် ဌာနဆိုင်ရာများအကြား ပွင့်လင်း မြင်သာမှု ရှိစေရေး၊ အုပ်ချုပ်မှုအားနည်းချက်များ၊ အဂတိ လိုက်စားမှုများ မဖြစ်ပေါ်စေရေးအတွက် ခရိုင်၊ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် Vinyl Wall Sheet ချိတ်ဆွဲ ဆောင်ရွက်လျက်ရှိပါသည်။



D/real(wide) (7

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။** ပဥ္စမမေးခွန်းကို ဆက်လက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းဟာ ၁၇-၁၁-၂၀၁၆ ရက်နေ့က ရွာငံမြို့နယ်ပညာရေးမှူးရုံးသို့ ရောက်ရှိတဲ့အခါမှာ မြို့နယ်ပညာရေးမှူးက ရွာငံမြို့နယ်၌ ကျင်းပရွေးချယ်ခဲ့သော ၂၀၁၆-၂၀၁၇ပညာသင်နှစ်မူလတန်းပြ (နေ့စားလပေး) ရွေးချယ်ရာတွင် ရေးဖြေအောင်မြင်သော်လည်း ခြေထောက်အနည်းငယ် မသန်စွမ်း ၍ ချန်ထားခံရသူ (ဘွဲ့ရ) မသဲပွင့် ၊နိုင်ငံသားမှတ်ပုံတင် အမှတ်( ၁၃/ရငန(နိုင်) ၀၄၅၁၄၇)(ဘ)ဦးကျော်တိုးအားဆက်လက်တင်ပြပေးရန် နှုတ်ဖြင့် အကူအညီတောင်းခံလာ၍ စာဖြင့်တင်ပြပေးရန် အကြံပေးသဖြင့် စာဖြင့်ရေးသားတင်ပြလာ၍ ကြယ်ပွင့်ပြမေးခွန်းမေးဖို့ ပေါ်ပေါက်လာရခြင်းဖြစ်ပါတယ်။

ထို့အတူ (၁၈-၁၁-၂၀၁၆)ရက်နေ့က ရန်ကုန်မြို့၊ မသန်စွမ်းသူ များအား ကူညီဆောင်ရွက်ပေးသူ ဒေါက်တာစောသက်အောင် အဖွဲ့ သည် ပင်းတယမြို့သို့ရောက်ရှိလာပြီး ပင်းတယမြို့ပေါ်ရှိ မသန်စွမ်းသူအချို့နှင့် တွေ့ဆုံစဉ်ကလည်းပဲ ပင်းတယမြို့ ပေါက်တောရပ်ကွက် ဦးမျိုး+ဒေါ်ခင်သီ၏သမီး မအိအိဖွေး၊ အသက် (၂၃)နှစ် ဘီအေ (အင်္ဂလိပ်) မေဂျာဘွဲ့ရတစ်ဦးသည်လည်း အစိုးရရုံး၌အလုပ်လုပ်ကိုင်လိုကြောင်း တင်ပြပြောဆို လာ၍ ကြယ်ပွင့်ပြမေးခွန်းမေးရခြင်းဖြစ် ပါတယ်။

ထို့သို့ခြေထောက်အနည်းငယ်မသန်စွမ်း၍ အလုပ်လုပ်ခွင့်မရခြင်းသည် ၂၀၁၆ခုနှစ် မသန်စွမ်းသူများအခွင့်အရေး ဥပဒေပါ ပြဋ္ဌာန်းချက်ပုဒ်မ ၉ တွင် ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်တာတွေ့ရပါတယ်။ ပုဒ်မ ၉မှာဆိုလျှင် **“မသန်စွမ်းမှုကို အကြောင်းပြု၍ မသန်စွမ်းသူများကိုခွဲခြား ဆက်ဆံမှုနှင့် နှိမ့်ချမှုကိုမရှိစေရ”၊**



D/real(wide) (7



လွယ်ကူစွာဝင် ထွက်သွားလာလုပ်ကိုင်နိုင်ရေး၊ သင့်လျော်သော နေရာ၊ ထိုင်ခင်း (သို့မဟုတ်) အစီအစဉ်များ ဆောင်ရွက်ပေးရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် မူဝါဒနှင့် စီမံချက်များချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း နှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။”

ကမ္ဘာ့ကုလသမဂ္ဂ၏ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်ပါအပိုဒ် ၆၊ အပိုဒ်ခွဲ(၁) တွင်“ ပါဝင်ဖက်နိုင်ငံများသည် မသန်စွမ်းအမျိုးသမီးများနှင့် မိန်းကလေးငယ်များအားဘက်ပေါင်းစုံမှ ခွဲခြားဆက်ဆံခံရနေသူများဖြစ်သည်ဟုနားလည်သဘောပေါက်သည်။ ထို့ကြောင့်လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ၎င်းတို့ အားလုံးပြည့်ဝစွာရရှိခံစားစေနိုင်သော အစီအမံများ ခိုင်မာစွာ ဆောင်ရွက်ရမည်”။

တဖန်အပိုဒ် ၈၊ အပိုဒ်ခွဲ(၂)၊ အပိုဒ်ခွဲငယ်(က) (၃)တွင် “မသန်စွမ်းသူများ၏ ကျွမ်းကျင်မှုများ၊ အရည်အချင်းများနှင့် စွမ်းရည်များအား အသိအမှတ်ပြုမှု တိုးတက်လာစေရေးနှင့် လုပ်ငန်းခွင်နှင့် လုပ်သားဈေးကွက်တို့၌ မသန်စွမ်းသူများပါဝင်ထမ်းဆောင်မှုကို အသိအမှတ်ပြုမြှင့်မားရေး”

အပိုဒ် ၂၇ အပိုဒ်ခွဲ(၁) အပိုဒ်ခွဲငယ်(ဆ)တွင် “အများပြည်သူဆိုင်ရာလုပ်ငန်းများတွင် မသန်စွမ်းသူများကိုလည်း အလုပ်ခန့်ထားရမည်”ဟု ပြဋ္ဌာန်းထားသော်လည်း ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်မှ မသန်စွမ်းအမျိုးသမီးနှစ်ဦးကို အကြောင်းပြု၍ အလုပ်ခန့်ထားနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။

ဒီနေရာမှာကျွန်တော်အနည်းငယ်တင်ပြလိုတာက ဒီကနေ့ ရှမ်းပြည်နယ်လွှတ်တော်ရဲ့ အစည်းအဝေးခန်းမထဲမှာ မသန်စွမ်းသူနှင့် ပတ်သက်ပြီး ဂုဏ်ယူစရာတစ်ခုရှိပါတယ်။ ဘာကြောင့်လည်းဆိုတော့ဒီကနေ့ ရှမ်းပြည်နယ်လွှတ်တော်မှာ မသန်စွမ်းတစ်ဦးဟာ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအဖြစ် ပါဝင်နေတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ အဲဒီပုဂ္ဂိုလ်ကတော့ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)က ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်မိုးဖြစ်ပါ တယ်ခင်ဗျား။ ဒါကြောင့် ဒါတွေကို အကြောင်းပြုပြီးတော့ ရှမ်းပြည်နယ်လွှတ်တော်မှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်ခင်ဗျား။

၂၀၁၅ခုနှစ် မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေနှင့် ကမ္ဘာ့ကုလသမဂ္ဂ၏ မသန်စွမ်းသူအခွင့်အရေးများ ဆိုင်ရာ သဘောတူစာချုပ်ပါပြဋ္ဌာန်းချက်များနှင့်အညီ ရှမ်းပြည်နယ်အတွင်းရှိ မသန်စွမ်းသူများနှင့် ယခုရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်တို့မှ ဘွဲ့ရ မသန်စွမ်းသူအမျိုးသမီး(၂)ဦးအပါအဝင် အစိုးရရုံးများတွင် အလုပ်ခန့်ထားရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်သို့ အစီအမံများ ပြုလုပ်ပေးရန်အစီအစဉ် ရှိ/ မရှိကို ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ဖြေကြားပေးပါရန် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင် ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။





ပုဒ်မ ၁၀ “**မသန်စွမ်းသူများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာတို့ကို ထိခိုက်နစ်နာစေသော အပြုအမူနှင့် လုပ်ဆောင်ချက်များကို တားမြစ်သည်** ”၊ ပုဒ်မ ၁၂ “မသန်စွမ်းသူများ သည် လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ၊ ဘာသာ၊ ရာထူး၊ ဌာန၊ ဌာနန္တရ၊ အဆင့်အတန်း၊ ငွေကြေး၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲ၊ ချမ်းသာ၊ မသန်စွမ်းမှု အမျိုးအစားမခွဲခြားဘဲ အောက်ပါအတိုင်း အခွင့်အရေး ရရှိစေရမည်-

(က) ဥပဒေအရာတွင် အညီအမျှဖြစ်စေရမည်။
(ခ) အခြားသူများနှင့် ညီမျှသော အခွင့်အရေးရှိစေရမည်။”

ထို့အတူပဲ ပုဒ်မ ၃၅ ”အမျိုးသားကော်မတီသည်-

(က) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး မသန်စွမ်းသူများ အတွက်၊ အခြားသူ များနည်းတူ တန်းတူညီမျှ အလုပ်လုပ်ကိုင်ခွင့် ရရှိရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး၊ အလုပ်ခန့်ထား ရာတွင် ခွဲခြားမှုမရှိစေရေး၊ အဓမ္မအလုပ်စေခိုင်းမှု တားဆီးကာကွယ်ရေး၊ အလုပ်လုပ်နိုင်သော စွမ်းရည်အလိုက်၊ လုပ်ခလစာနှင့် အကျိုးခံစားခွင့်များ တည်ဆဲ ဥပဒေနှင့်အညီ ရရှိရေး၊ သက်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်းများတွင်ပါဝင်ဆောင်ရွက်ခွင့်ရှိရေး၊အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားခွင့် ရရှိရေး၊ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများလုပ်ကိုင် နိုင်ရေး၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ခွင့်ရရှိရေး၊ လုပ်ငန်းခွင်တွင်

**ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဗမာတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင် ဖြစ်ပါတယ်။ ကျွန်တော့ အနေနဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း၏ ကြယ်ပွင့်ပြမေးခွန်းကို ပြန်လည်ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း၏ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ၂၀၁၅ခုနှစ်၊ ဇွန်လ ၅ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၃၀ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ ၎င်းဥပဒေအခန်း(၁၀) ပုဒ်မ ၃၅ အမျိုးသား ကော်မတီသည်-

(က) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး မသန်စွမ်းသူများအတွက် အခြားသူများ နည်းတူတန်းတူညီမျှ အလုပ် လုပ်ကိုင်ခွင့်ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး၊ အလုပ်ခန့်ထားရာတွင် ခွဲခြားမှုမရှိ စေရေး၊ အဓမ္မ အလုပ်စေခိုင်းမှုများ တားဆီးကာကွယ်ရေး အလုပ်လုပ်နိုင်သောစွမ်းရည်အလိုက်၊ လုပ်ခ လစာနှင့် အကျိုးခံစားခွင့်များ တည်ဆဲဥပဒေ နှင့်အညီရရှိရေး၊ သက်ဆိုင်ရာအလုပ်သမား အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိရေး၊



D/real(wide) (7



ထားသော မူဝါဒနှင့် စီမံချက်များကို လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ခ) အလုပ်ခန့်ထားရာတွင် အလုပ်အကိုင် အမျိုးအစား အလိုက် အလုပ်လုပ်ကိုင်နိုင် စွမ်းရှိသော မသန်စွမ်း သူများကို သင့်လျော်သော နှုန်းထားအရေအတွက် အတိုင်းခန့်ထားရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ အလုပ်ခန့်ထားရာတွင် ဦးစီးဌာန နှင့် သက်ဆိုင်ရာမြို့နယ် အလုပ်အကိုင်နှင့်အလုပ် သမား ရှာဖွေရေးရုံးများတွင် မှတ်ပုံတင်ထားသည့် မသန်စွမ်းသူများကို ရွေးချယ်ခန့်ထားရမည်။

(ဃ) မသန်စွမ်းသူများအား အလုပ်ခန့်ထားရာတွင် အလုပ်လုပ်ကိုင်နိုင်စွမ်းရှိမှုပေါ် မူတည်၍ လူတွေ့ စစ်ဆေးခန့်ထားရေး၊ လုပ်ခလစာနှင့် အလုပ် သမား အခွင့်အရေး တန်းတူခံစားခွင့်ရှိရေး၊ ရာထူး တိုးမြှင့်ရေး၊ အလုပ်ခွင်တည်မြဲရေး၊ အခမဲ့ အသက်မွေး ဝမ်းကျောင်းပညာများ လေ့ကျင့် သင်ကြားခွင့်ရရှိရေး အပါအဝင် မသန်စွမ်း သူများနှင့် သင့်လျော်သည့် အစီအစဉ်များကို ဆောင်ရွက်ပေးရမည်။

(င) ပုဒ်မခွဲ(ခ)အရ သတ်မှတ်ထားသော ဝေပုံကျ နှုန်းထားအရေအတွက်အတိုင်း အလုပ်ခန့် ထားခြင်း မပြုနိုင်လျှင် ဖြစ်စေ၊ အလုပ်ခန့်ထားရန် အခြေအနေ မပေးလျှင် (သို့) အခွင့်အလမ်း မရှိလျှင်ဖြစ်စေ၊ မသန်စွမ်းသူများ၏ အခွင့်အရေး များဆိုင်ရာ ရန်ပုံငွေသို့ သတ်မှတ်ထားသော

ငွေပမာဏကို ဝေပုံကျ နှုန်းထားနှင့် အရေအတွက် အတိုင်း ပေးသွင်းရမည်။

(စ) ပုဒ်မခွဲ(ခ)အရ အလုပ်ခန့်အပ်ထားသောမသန်စွမ်း အလုပ်သမား (သို့) ဝန်ထမ်း ဦးရေစာရင်းကို လည်းကောင်း၊ အလုပ် ခန့်ထားရန်ရှိသော လစ်လပ်သည့် အလုပ်အကိုင်စာရင်းကို လည်းကောင်း၊ ဦးစီးဌာနနှင့်သက်ဆိုင်ရာ မြို့နယ် အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံး များသို့ ပေးပို့ရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထား ပါသည်။

မသန်စွမ်းသူ မသဲပွင့် အလုပ်အကိုင်ရရှိရေးအတွက် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် သွားစေမည်ဖြစ်ပြီး မသန်စွမ်းသူ မအိအိဖွေး၊ အသက်(၂၃)နှစ် ဘီအေ(အင်္ဂလိပ်)အတွက် နီးစပ်သည့် ရွာငံ အိမ်တွင်းမှု သက်မွေးကျောင်းတွင် ခန့်ထားနိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ပေးပို့တင်ပြ၍ ခန့်အပ် ပေးနိုင်ရန်တင်ပြမည်ဖြစ်ကြောင်း ဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်ထွဏ်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ဒီကနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)တတိယနေ့မှာ ကြွရောက် ချီးမြှင့်ပေးတဲ့ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံး



D/real(wide) (7



အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားခွင့် ရရှိရေး၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင် နိုင်ရေး၊ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများတွင်အလုပ်လုပ်ကိုင်ခွင့်ရရှိရေး၊ လုပ်ငန်းခွင်တွင် လွယ်ကူစွာ ဝင်ထွက်သွားလာ လုပ်ကိုင်နိုင်ရေးသင့်လျော်သော နေရာ၊ ထိုင်ခင်း (သို့မဟုတ်) အစီအစဉ်များ ဆောင်ရွက်ပေးရေးနှင့် ပြန်လည်ထူထောင်ရေး တို့အတွက် မူဝါဒနှင့် စီမံချက်များချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက် ရမည်ဟုပါရှိပါသည်။

(ခ) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး မသန်စွမ်းသူများ၏ အလုပ်အကိုင် အခွင့် အလမ်းအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း များနှင့် ပုဂ္ဂလိကအသက်မွေးမှုအထူးသင်တန်း ကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး အတွက် ဆောင်ရွက်ပေးရမည်။

မသန်စွမ်းသူများ၏ အလုပ်အကိုင်ခန့်ထားပေးသော အဖွဲ့ အစည်းများ၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များသည် သတ်မှတ်ထားသောဝေပုံကျနှုန်းထား အရေအတွက် ထက်ပို၍ မသန်စွမ်းသူများကို အလုပ်ခန့်ထားပေးပါက ပို၍ခန့်ထားသော မသန်စွမ်းသူဦးရေအလိုက် အခွန်လျှော့ပေါ့ခွင့် ရရှိစေရန် ပုဒ်မ ၃၆တွင် အလုပ်ရှင်သည်-

(က) မသန်စွမ်းသူများအလုပ်အကိုင် အခွင့်အလမ်းရရှိရေး နှင့် စပ်လျဉ်း၍ အမျိုးသားကော်မတီက ချမှတ်

ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း နှစ်ဖြာသော သုခနှင့် ပြည့်စုံကြပါစေလို့ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါ၀ရ ပြုပါတယ်။ ကျွန်တော်ကတော့ ပလောင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန် မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ် ။ ကျွန်တော့အနေနဲ့ နမ့်ဆန်မြို့၊ မီးဘေးသင့်အလှူငွေမှ ရေမြောင်းဖိုးခေတ္တစိုက်ထုတ်ပေးသည့် ကိစ္စနှင့် ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်း တင်ပြ သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့သည် လွန်ခဲ့သော ၂၀၁၆ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့ မွန်းလွဲ(၁)နာရီတွင် မီးလောင်ကျွမ်းခဲ့ရာ အိမ်ခြေ (၂၀၉)လုံးမီးလောင်ခဲ့ ပြီး အိမ်ထောင်စု (၂၉၂)စု၊ လူဦးရေ (၁၃၇၀)ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရပါတယ်။ မီးဟာလမ်းရဲ့ ဝဲယာမှာရှိသော အိမ်များကို တစ်ပြိုင်တည်း လောင်ကျွမ်းသည့်အတွက် ကတ္တရာလမ်းရော ကွန်ကရစ် ရေမြောင်းပါ မီးလောင်ပျက်စီးခဲ့ ခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ ပျက်စီးသွားတဲ့ ရေမြောင်းပေ(၆၆၀၀) ကျော်ကို မိုးရာသီရောက် လာလို့ ရေစီးရေလာ ကောင်းမွန်စေရေး အတွက် မီးဘေးအလှူခံ ရရှိတဲ့ ငွေထဲက ကျပ်သိန်း(၆၅၀)ကို ခေတ္တစိုက်ထုတ်ပြုပြင်ပြီးစီး နေပြီးလည်း ဖြစ်ပါတယ်။ အဆိုပါ ခေတ္တစိုက် ပေးထားသော ငွေကို ပြန်လည်ရရှိလျှင် မီးဘေးသင့် ပြည်သူများကို ပြန်လည်ပေးအပ်မည် ဖြစ်ကြောင်း အသိပေးခဲ့ပြီး လည်းဖြစ်ပါတယ်။ ဒီကိစ္စကို လွန်ခဲ့တဲ့ (တတိယ)ပုံမှန် အစည်းအဝေးမှာ ကြယ်ပွင့်ပြ မေးခွန်းအဖြစ် ကျွန်တော် မေးမြန်းခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယခု ဒုတိယအကြိမ်ပြန် မေးမြန်းရခြင်းပဲဖြစ်ပါတယ်။ ပထမအကြိမ်မေးမြန်းစဉ်က ၄င်း မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေး ဝန်ကြီးက





လျက်ရှိနေပါတယ်။ အမှန်ဆိုလျှင် ဒုက္ခရောက် နေတဲ့ပြည်သူတွေကို ကိုယ်ဖိရင်ဖိကူညီ စောင့်ရှောက်ပေးရမည့်တာဝန်ဟာ အစိုးရရဲ့ တာဝန်ပဲဖြစ်ပါတယ်။ ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သည် များကို ပံ့ပိုးပေးနိုင်ရန်အတွက် ကယ်ဆယ်ရေးနှင့်ပြန်လည် ထူထောင်ရေးဌာနကို ပြည်နယ်မှာရော ပြည်ထောင်စုမှာပါ ဝန်ကြီး ဌာနတွေ ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။

ဒါကြောင့် အခုတင်ပြတဲ့ ရေမြောင်းဖိုးခေတ္တစိုက်ငွေကို ရှမ်းပြည်နယ်အစိုးရရဲ့ အထူးရန်ပုံငွေမှသော်လည်းကောင်း ပြည်နယ် စည်ပင်သာယာရေးဌာနရဲ့ (Budget)မှသော် လည်းကောင်း ကျခံပေး နိုင်ရန်အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးနိုင်မည်ကိုလည်း သိရှိလိုပါတယ်။ မရှိပါက ပြည်ထောင်စုအစိုးရပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာနသို့ ဆက်လက်တင်ပြတောင်းခံနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါ၍ လူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းပဲဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဗမာတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင် ဖြစ်ပါတယ်။ ကျွန်တော့ အနေဖြင့် ကျောက်မဲခရိုင်၊ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ



D/real(wide) (7

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း၏ ကြယ်ပွင့်ပြ မေးခွန်းကို ပြန်လည်ရှင်းလင်းဖြေကြား သွားမှာ ဖြစ်ပါတယ်။

ကျောက်မဲခရိုင်၊ နမ့်ဆန်မြို့တွင် ၄-၂-၂၀၁၆ ရက်နေ့ (၁၃) နာရီအချိန်တွင် မီးလောင်ကျွမ်းမှုဖြစ်ခဲ့သဖြင့် နမ့်ဆန်မြို့အတွင်း ရေပိုက်လိုင်း များပျက်စီးဆုံးရှုံးခဲ့ပြီး ရေပိုက်လိုင်းအသစ် ပြန်လည် သွယ်တန်းခြင်း လုပ်ငန်း ဆောင်ရွက်ရန်အတွက် ရေပိုက်များ ဝယ်ယူခြင်း ကုန်ကျငွေကျပ်သိန်း(၁၆၀)အား ရှမ်းပြည်နယ် စည်ပင် သာယာရေးဌာန၏ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌဦးဆောင်မှုဖြင့် အုတ်ရေမြောင်းသစ် ဖောက်လုပ်ခြင်း လုပ်ငန်း (၆၆၀၀'×၁'၃"×၁')၏ စိစစ်ပြီး ကုန်ကျငွေကျပ်သိန်း (၆၅၀) အား မီးဘေးသင့်ရန်ပုံငွေမှ ခေတ္တကျခံသုံးစွဲခဲ့ရာ ၁၀၀ ရာနှုန်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ နမ့်ဆန်မြို့နယ်စည်ပင်သာယာရေး ဌာန၏ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် ဝင်ငွေ လျာထားချက်မှာ ကျပ်(၄၇၀)သိန်းဖြစ်ပြီး ငွေလုံးငွေရင်းအသုံး စရိတ်လျာထားချက်မှာ ကျပ်(၂၃၅)သိန်း ဖြစ်ပါတယ်။ နမ့်ဆန်မြို့သည်ဝင်ငွေနည်းပါးသော မြို့ဖြစ်ပြီး အုတ်ရေမြောင်းအသစ် ဖောက်လုပ်ခြင်းလုပ်ငန်းပေ (၆၆၀၀'×၁'၃"×၁')၏ စိစစ်ပြီး ကုန်ကျ ငွေကျပ်သိန်း (၆၅၀)သိန်းအား ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် တွင် ထည့်သွင်းလျာထားနိုင်ခြင်း မရှိပါ။

နမ့်ဆန်မြို့တွင် မီးလောင် ကျွမ်းမှုဖြစ်ပွားသဖြင့် နမ်ဆန်မြို့အတွင်း မြို့ပြစီမံကိန်းရေးဆွဲတည်ဆောက်ရန် အတွက် လမ်းအကျယ် ၂၄ပေတိုးချဲ့ပြီး သဘာဝ ဘေးအန္တရာယ်ပေါ်ပေါက် လာပါက မော်တော်ယာဉ်များသွားလာရေး အဆင်ပြေစေရန် လက်ရှိ ရေမြောင်းအားဖြိုဖျက်၍ အုတ်ရေမြောင်း အဖြစ် (၆၆၀၀'×၁'၃"×၁') ဖောက်လုပ်နိုင်ရန်အတွက် ကုန်ကျငွေကျပ် (၆၅၀)သိန်း ဖြစ်သဖြင့်



D/real(wide) (7



ပြန်လည်ဖြေကြားရာမှာ နမ့်ဆန်မြို့နယ် စည်ပင်သာယာရေး ဌာန၏၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် လျာထားချက်မှာ ကျပ်(၄၇၀) သိန်းဖြစ်ပြီး ငွေလုံးငွေရင်း အသုံးစရိတ်လျာထားချက်မှာ ကျပ်(၂၃၅) သိန်း ဖြစ်ပါတယ်။ နမ့်ဆန်မြို့သည် ဝင်ငွေနည်းပါးသော မြို့ဖြစ်ပြီး အုတ်ရေမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းပေ (၆၆၀၀)၏ စိစစ်ပြီး ကုန်ကျငွေကျပ် (၆၅၀)သိန်းအား ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားနိုင်ခြင်းမရှိပါ။ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်မှ စတင်၍ ဝင်ငွေရရှိမှုအပေါ် မူတည်ပြီး ထည့်သွင်းလျာထားခြင်း ရေးဆွဲဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စည်ပင်ဝန်ကြီး ဖြေကြားချက်ဟာ သာမန်ဖြေရိုးဖြေစဉ်အတိုင်းပဲ ဖြေကြားသွားတာ ကို တွေ့ရှိရပါတယ်။ နမ့်ဆန်မြို့နယ် စည်ပင်သာယာရေးဌာန ဝင်ငွေရှိမှ လျာထားပေးမည်ဆိုပါက မည်သို့မျှလျာထားပေးနိုင်ခြင်း မရှိတာကို တွေ့ရှိရပါတယ်။ ယခုကဲ့သို့ တင်ပြသောကိစ္စဟာ မြို့နယ်စည်ပင် သာယာရေးဌာနရဲ့ နှစ်စဉ်သာမန်လုပ်ငန်းကို တင်ပြခြင်းမဟုတ်ပဲ အထူးအစီအစဉ်အနေဖြင့် ထောက်ပံ့ပေးနိုင်ရန် တင်ပြထားခြင်း ဖြစ်ပါတယ်။ နမ့်ဆန်မြို့နယ်စည်ပင်သာယာရေး ဌာနဟာ ဝင်ငွေနည်းပါးတဲ့ ဌာနဖြစ်တဲ့အတွက် မြို့နယ်စည်ပင်သာယာရေး ဌာနရဲ့ ဝင်ငွေနဲ့ဆိုလျှင် မည်သို့မျှမဆောင်ရွက်နိုင်သောကြောင့် အခုလိုတင်ပြရခြင်းပဲ ဖြစ်ပါတယ်။

အခုဆိုလျှင် ပွင့်လင်းရာသီရောက်လာပြီဖြစ်သည့်အတွက် မီးဘေးသင့်ပြည်သူများဟာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို မနည်းကြိုးစားရုန်းထပြီး ဆောင်ရွက်လျက် ရှိနေပါတယ်။ဒီအချိန်မှာ သူတို့အတွက် ငွေကြေးဟာ အလွန် လိုအပ်လျက်ရှိပါတယ်။ ဒါကြောင့် ခေတ္တစိုက်ထုတ်ပေးထားတဲ့ အလျှုခံရရှိတဲ့ငွေထဲက ရေမြောင်းငွေကို သူတို့ပြန်လည်လိုလား

ထောက်ပံ့ပေးနိုင်ရန် ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ နမ့်ဆန်မြို့မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခဲ့မှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်မှ စိစစ်ပြီး ပထစသို့ တင်ပြပါဟု မှတ်ချက်ပြု ညွှန်ကြားခဲ့ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

၄-၂-၂၀၁၆ ရက်နေ့တွင် ဖြစ်ပွားခဲ့သော နမ့်ဆန်မီးဘေး ကြောင့် အိမ်ခြေ(၂၀၉)လုံး မီးလောင်ကျွမ်းခဲ့၍ အိမ်ထောင်စု (၂၉၂)စု၊ လူဦးရေ (၁၂၈၈)ဦး မီးဘေးဒုက္ခခံစားခဲ့ရပြီး ဆုံးရှုံးမှု တန်ဖိုးမှာကျပ်(၉၄၉၀. ၈)သိန်းခန့်တွေ့ကြုံခဲ့ရမှုအပေါ် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ ဦးဆောင်၍ နိုင်ငံတော်၏ ဘတ်ဂျက်မှ လည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေမှလည်းကောင်း၊ ဝန်ကြီးဌာနများအားလုံး၏ ပံ့ပိုးကူညီမှုနှင့် အဖွဲ့အစည်းများ၊ စေတနာရှင်များ၏ ကူညီလှူဒါန်းမှုဖြင့်လည်းကောင်း ရနိုင်သမျှ အရင်းအမြစ်များ အားလုံးကို စုစည်း၍ ကယ်ဆယ်ရေးနှင့် ပြည်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ် ပါတယ်။

ထိုသို့ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ရာတွင် အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တစ်ဆင့် ပေးပို့လှူဒါန်းငွေကျပ်(၁၃၂)သန်းကျော် အပါအဝင် အလှူငွေ လက်ခံ ရရှိမှုပေါင်းကျပ်(၃၅၃၅)သန်းကျော်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အလှူဇင့်သွပ် (၁၆၈၀၀)ချပ်အပါအဝင် သွပ်အချပ်ရေပေါင်း (၃၆၅၂၃)ချပ်၊ ဘိလပ်မြေ (၇၈၉၅) အိတ်၊ ဆန် (၈၇၁၁)အိတ်နှင့် အခြား ထောက်ပံ့ပစ္စည်းများစွာအား လှူဒါန်းပေးပို့ခဲ့ပြီးဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်များ၏ ဒဏ်ကိုနေရာဒေသများစွာ၌



D/real(wide) (7



**ဦးစိုင်းထွန်းအောင်၊ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။**

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ် နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ကျွန်တော်ကတော့ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင် ဖြစ်ပါတယ်။ မေးခွန်းအကြောင်းအရာကတော့ နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရမှ မြို့နယ်များသို့ချမှတ် ဆောင်ရွက်ပေး သော အခြေခံအဆောက်အဦများ လုပ်ငန်းများကို သက်ဆိုင်ရာ မြို့နယ်၏ ပြည်သူလူထုပါဝင်သော ကော်မတီများနှင့် တာဝန်ရှိအဖွဲ့အစည်းများ၏ ကွပ်ကဲကြီးကြပ်မှုအောက်တွင် ခွင့်ပြု ထားရှိပေးနိုင်ခြင်း ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရမှသော်လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်မှ သက်ဆိုင်ရာမြို့နယ်များသို့ ချမှတ် ဆောင်ရွက်ပေးသော အခြေခံအဆောက်အဦများ၊ စာသင် ကျောင်းဆောင်များ၊ ဆေးရုံ၊ ဆေးခန်းများ၊ လိုအပ်သော အဆောက်အဦ၊ လမ်းတံတားနှင့် အခြားလုပ်ငန်းများကို ယခင် အစိုးရ လက်ထက်တွင် ပြည်သူလူထုများမှသော်လည်းကောင်း၊ သက်ဆိုင်ရာမြို့နယ်တာဝန်ရှိအဖွဲ့အစည်းများမှသော်လည်းကောင်း၊ ဝင်ရောက်ကြီးကြပ်ကွပ်ကဲစီမံပိုင်ခွင့်၊ ဝေဖန်စိစစ် ပိုင်ခွင့်များမရရှိဘဲ ဗဟိုအစိုးရဝန်ကြီးဌာနများ၊ ပြည်နယ်ဝန်ကြီး ဌာနများမှ တိုက်ရိုက် ကြီးကြပ်ကွပ်ကဲမှုဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ဆောင်ရွက် ခဲ့ရာတွင် သက်ဆိုင်ရာပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများ (သို့မဟုတ်) ပြည်နယ်အစိုးရဝန်ကြီးဌာနများမှကုမ္ပဏီများသို့

တင်ဒါများတိုက်ရိုက်ချပေး၍ ဆောင်ရွက်ခဲ့ရာ အဆင့်ဆင့်သော အကျိုးအမြတ်တွက်ချက်မှုများဖြင့် ကုမ္ပဏီများမှ ကုမ္ပဏီခွဲများသို့လည်းကောင်း၊ ကုမ္ပဏီခွဲများမှ လုပ်ငန်း ကန်ထရိုက်တာများသို့လည်းကောင်း ဆက်လက်ချပေး၍ ဆောင်ရွက်ခဲ့ကြသောကြောင့် သက်ဆိုင်ရာမြို့နယ်သို့ အမှန်တကယ်ရောက်ရှိသော ဘတ်ဂျက်တန်ဖိုးမှာ မူလချမှတ်ပေးသော တန်ဖိုးနှင့်များစွာကွာခြား လျော့နည်းစွာဖြင့် ရောက်ရှိလာခဲ့ရသည်ကို တွေ့ရှိရပါတယ်။

အဆိုပါလျော့နည်းကွာခြားသည့် တန်ဖိုးဖြင့် လာရောက်ဆောက်လုပ်ဆောင်ရွက်ကြသော လုပ်ငန်းကန်ထရိုက်တာများသည်လည်း မိမိတို့မြို့နယ်မှ နယ်ခံလုပ်ငန်း ဆောင်ရွက်သည့်အဖွဲ့အစည်း မဟုတ်ကြသောကြောင့် စေတနာထား၍ ဆောင်ရွက်ပေးမှု လည်းများစွာအားနည်းလျက်ရှိနေသည်ကို တွေ့ရှိရပါတယ်။ အရည်အသွေးများ၊ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ဆောက်လုပ်ပြီးစီး၍ ကာလတို အတွင်း ပျက်စီးယိုယွင်းမှုများ ဖြစ်ခဲ့ရပါတယ်။

ကြီးကြပ်ကွပ်ကဲရန် ဖွဲ့စည်းထားသော မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများသည်လည်း အဆိုပါအရည်အသွေး စံချိန်စံညွှန်းမပြည့်မီသော အခြေအနေများကို စိစစ်မှု များစွာ အားနည်းလျက်ရှိသည်ကို တွေ့ရှိရပါတယ်။ ဆောက်လုပ်ပြီးစီးပြီးသည်နှင့် ပြုပြင်ထိန်းသိမ်းစရိတ်၊ ပြန်လည်မွမ်းမံစရိတ် ထပ်မံတင်ပြတောင်းဆိုရမည့်အခြေအနေများဖြစ်နေပါတယ်။ နိုင်ငံတော်မှချမှတ်ပေးသော ဘတ်ဂျက်ရန်ပုံငွေလည်းများစွာ ဆုံးရှုံးနစ်နာလျက်ရှိပါတယ်။

ထိုချမှတ်ပေးသော လုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်၏ ပြည်သူလူထုပါဝင်သော ကော်မတီများ၊ တာဝန်ရှိသူများ၏ စီမံကွပ်ကဲမှုဖြင့် ဒေသခံကုမ္ပဏီများ၊ ကန်ထရိုက်များဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက ချမှတ်ပေးသော ရန်ပုံငွေအား အပြည့်အဝသုံးစွဲ



D/real(wide) (8



ကြုံတွေ့ရင်ဆိုင် လျက်ရှိရာ ထိခိုက် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာလည်း ယခင်ကထက်ပိုမို များပြားလာပါတယ်။

သို့ဖြစ်၍ ဘေးသင့်ဒေသများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တိုင်းနှင့်ဦးစီးအဖွဲ့များ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၊ ခရိုင်၊ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ၏ ဦးဆောင်စီမံခန့်ခွဲမှုနှင့် အလှူရှင်များ၊ အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်လှူဒါန်းကူညီမှုများဖြင့် လိုအပ်ချက်များအပေါ် ထောက်ပံ့ကူညီပေးနေခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ သဘာဝဘေးထောက်ပံ့မှုသမိုင်းတွင် နမ့်ဆန်မီးဘေးသည် ထောက်ပံ့ ကူညီမှုအများဆုံးရရှိသောမီးဘေးဖြစ်ပြီး၊ နမ့်ဆန်မြို့နှင့် တစ်ရက် တည်းတွင် မီးဘေးကြုံတွေ့ခဲ့သည့် လပွတ္တာမြို့မီးဘေးတွင် အိမ်ခြေ (၁၉၇)အိမ်၊ အိမ်ထောင်စု(၂၄၂)စု၊ လူဦးရေ(၁၀၀၇)ဦး မီးဘေးဒုက္ခကြုံတွေ့ခဲ့ရမှုအတွက် ထောက်ပံ့၊ လှူဒါန်းရရှိငွေမှာကျပ်(၃၃)သန်းသာရှိခဲ့ပါတယ်။

နိုင်ငံတော်အနေဖြင့် အခြားဦးစားပေးသုံးစွဲရန် အရေးကြီးကိစ္စရပ်များ ကျန်ရှိနေသေးသည့် အပြင် ယခုလုပ်ငန်းမှာလည်း အလှူငွေဖြင့်သုံးစွဲ ဆောင်ရွက်ပြီးဖြစ်သည့် လုပ်ငန်းဖြစ်၍ စိုက်ထုတ်သုံးစွဲငွေကျပ် ၆၅၀သိန်းအား အလှူငွေစာရင်းမှ သာထုတ်ယူ သုံးစွဲသွားရန်နှင့် ရန်ပုံငွေတင်ပြတောင်းခံပေးသွားရန် မရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လဲချားမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းထွန်းအောင်က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

နိုင်ခြင်း၊ တိုက်ရိုက်ကြီးကြပ်ကွပ်ကဲခွင့်ရသဖြင့် အပြည့်အဝကြီးကြပ်စီမံကွပ်ကဲနိုင်ခြင်း၊ ဆောင်ရွက်သော အခြေခံအဆောက်အအုံများအားစံချိန်စံညွှန်းပြည့်မီသော လုပ်ငန်းများဖော်ဆောင်နိုင်မည့် အပြင်သက်ဆိုင်ရာမြို့နယ်ဒေသ၏ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ လူငယ်လုပ်သားများအတွက် အလုပ်အကိုင် ဖော်ဆောင်ပေးခြင်း ပြည်ပသို့ လူစွမ်းအား အရင်းအမြစ်များ ယိုစီးခြင်းများမှ ကာကွယ်နိုင်ခြင်းနှင့်အတူ မိမိတို့မြို့ရွာထူထောင်ခြင်း လုပ်ငန်းများကိုလည်း စိတ်ပါဝင်စားလာနိုင်မည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါအခြေအနေများ ထိန်းသိမ်းနိုင်ရန် အတွက်လည်းကောင်း၊ ချမှတ်ပေးသောလုပ်ငန်းများ အရည်အသွေး စံချိန် စံညွှန်းပြည့်မီစေရန်အတွက်လည်းကောင်း၊ အမှန်တကယ် ထိရောက်သော ဆောင်ရွက်ပေးမှု ဖြစ်စေရန်အတွက်လည်းကောင်း သက်ဆိုင်ရာမြို့နယ်များ၊ ပြည်သူလူထုပါဝင်သော ကော်မတီများ၊ မြို့နယ်တာဝန်ရှိအဖွဲ့အစည်းများ ကြီးကြပ်ကွပ်ကဲ စိစစ်ပိုင်ခွင့်နှင့် စီမံပိုင်ခွင့် ပြုပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်း အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးဆွေသိန်း၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာ ပို့သ ဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရ





စေရန်နှင့် ဆန်းစစ်မှုရှိနိုင်ရန်အတွက် တင်ဒါခေါ်ယူရေး လုပ်ငန်း ကော်မတီ၊ ကြမ်းခင်းဈေး တွက်ချက်ရေးလုပ်ငန်းကော်မတီ၊ တင်ဒါ စိစစ်ရွေးချယ်ရေးကော်မတီ၊ အရည်အသွေး စစ်ဆေးရေး ကော်မတီနှင့် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန် ရှမ်းပြည်နယ်အစိုးရ အဖွဲ့၏ ညွှန်ကြားချက်ပါ အတိုင်း လိုက်နာဆောင်ရွက်လျက်ရှိသည့် အပြင် သက်ဆိုင်ရာ မြို့နယ်များတွင်လည်းမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင် အထည်ဖော်ရေးအဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများပူးပေါင်းပါဝင်သော အဖွဲ့များဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

ဖော်ပြပါကော်မတီများဖြင့် လုပ်ငန်းများဆောင်ရွက်လျက် ရှိရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်ရေး၊ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစေရေးနှင့် အလေအလွင့် မသမာမှု များကင်းရှင်းစေရေး၊ လုပ်ငန်းအရည်အသွေးပြည့်ဝရေး၊ သတ်မှတ်ကာလ အတွင်း အချိန်မီပြီးစီးရေး၊ ရန်ပုံငွေနှင့်ပစ္စည်းများ အလေအလွင့်မရှိစေရေးစီမံကွပ်ကဲခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း များ ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် ပွင့်လင်းမြင်သာမှုရှိစေရေးနှင့် အများပြည်သူများ သိရှိနိုင်ရေးအတွက် လုပ်ငန်းဆိုင်းဘုတ်များ( Project Sign) ချိတ်ဆွဲခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရှင်များအား ဖိတ်ကြား၍ ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

၂၇-၉-၂၀၁၆ ရက်နေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေး ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၆)ဆုံးဖြတ်ချက် အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တည်ဆောက်ရေးလုပ်ငန်းများ



D/real(wide) (8

စစ်ဆေးနိုင်ရန်အတွက် ရှမ်းပြည်နယ်အတွင်းရှိ သက်ဆိုင်ရာမြို့နယ်များတွင် ပြည်သူများပူးပေါင်းပါဝင်သော တတိယအဖွဲ့အစည်း ( Third Party )များကိုလည်း ညွှန်ကြားချက်နှင့်အညီ ဖွဲ့စည်းတာဝန်ပေး အပ်ထားပြီးဖြစ်ပါတယ်။

ပြည်ထောင်စု၊ ပြည်နယ်အစိုးရမှ ခရိုင်၊ မြို့နယ်များသို့ ချမှတ်ထားရှိသော လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်း၊ အရည်အသွေးပြည့်မီစေရေးနှင့် အချိန်မီပြီးစီးရေးအတွက် ခရိုင်၊ မြို့နယ်တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီများဖွဲ့စည်း၍ ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့်အပြင် ပြင်ပကျွမ်းကျင် အင်ဂျင်နီယာများ၊ ပြည်သူများပူးပေါင်းပါဝင်သည့် တတိယအဖွဲ့အစည်း ( Third Party ) အဖွဲ့များဖြင့်လည်း ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လုပ်ငန်းအရည်အသွေးပြည့်ဝရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေး ရန်ပုံငွေနှင့် ပစ္စည်းများ အလေအလွင့်မရှိစေရေး စီမံကွပ်ကဲခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ညောင်ရွှေမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဦးသိန်းဇော်မိုးက ပထမမေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများနှင့် တပ်မတော်သားကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ဦးသိန်းဇော်မိုးဟာ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ



D/real(wide) (8



အဖွဲ့ဝင် ပြည်နယ်လျှပ်စစ်စွမ်းအင်နှင့်စက်မှု ဝန်ကြီး ဦးဆွေသိန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်၏ ကြယ်ပွင့်ပြ မေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အစိုးရမှ မြို့နယ်များသို့ချမှတ် ဆောင်ရွက်ပေးသော အခြေခံအဆောက်အဦများ၊ လုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်၏ ပြည်သူလူထုပါဝင်သော ကော်မတီများနှင့် တာဝန်ရှိအဖွဲ့အစည်းများ၏ ကွပ်ကဲကြီးကြပ်မှု အောက်တွင်ခွင့်ပြုထားရှိပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ ပြည်နယ်တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ ဥက္ကဋ္ဌအနေနဲ့ အောက်ပါအတိုင်း တင်ပြလိုပါတယ်-

နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အစိုးရမှ မြို့နယ်များသို့ချမှတ် ဆောင်ရွက်ပေးသော အခြေခံအဆောက်အဦများ၊ လုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်၏ ပြည်သူလူထုပါဝင်သော ကော်မတီများနှင့် တာဝန်ရှိအဖွဲ့အစည်း များ၏ ကွပ်ကဲကြီးကြပ်မှုအောက်တွင် ခွင့်ပြုထားရှိပေးနိုင်ခြင်းရှိ/ မရှိကိစ္စနှင့်ပတ်သက်၍ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ မြို့များတွင် ကျပ်(၅)သန်းကျော်သော အဆောက်အဦနှင့် အစိုးရ လုပ်ငန်းများအား သက်ဆိုင်ရာဌာနများမှ တင်ဒါစနစ်ဖြင့် ခေါ်ယူ ဆောင်ရွက်လျက်ရှိပြီး ကျပ် (၅)သန်းအောက်လုပ်ငန်းများ အားသက်ဆိုင်ရာဌာနများနှင့် ပြည်သူလူထုပါဝင်သော ကော်မတီများမှ ဆောင်ရွက်လျက်ရှိပါသည်။

ရှမ်းပြည်နယ်အတွင်း ဦးစီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ခွဲဝေချမှတ်ထားသော အခြေခံအဆောက်အဦလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုရှိ

ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းမှာ ညောင်ရွှေမြို့နယ် ပတ်ဝန်းကျင်တွင် အမှန်တကယ်တရားမဝင် နေထိုင်သူများရှိပါက မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိလိုပါသည်ဆိုသည့် မေးခွန်းနှင့်ပတ်သက်ပြီး ညောင်ရွှေမြို့နယ်အနီးဝန်းကျင်တွင် တရားမဝင်နေထိုင်သူ၊ အခြားဒေသမှ ပြောင်းရွှေ့နေထိုင်သူများ ရှိလာပါသည်ဟု ကျွန်တော့်ထံကို ပြည်သူများက တင်ပြလာပါတယ်။ အဲဒါကြောင့် ညောင်ရွှေမြို့နယ်နှင့် ညောင်ရွှေမြို့အနီးဝန်းကျင်မှာ အမှန်တကယ် တရားမဝင် နေထိုင်သူများရှိ/မရှိ နှင့် ရှိနေပါကမည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိလိုပါသဖြင့် လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်ဦးသိန်းဇော်မိုးမေးမြန်းလာသည့် ညောင်ရွှေမြို့နယ်အနီးဝန်းကျင်တွင် တရားမဝင်နေထိုင်သူ၊ တရားမဝင်အခြားဒေသမှ ပြောင်းရွှေ့နေထိုင်သူအများအပြား ရှိသည်ဟု တင်ပြလာပါတယ်။ အမှန်တကယ်တရားမဝင် နေထိုင်သူများရှိ/မရှိ၊ ရှိပါကမည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါသည်ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်ဗိုလ်မှူးကြီးစိုးမိုးအောင်မှ



D/real(wide) (8



၁၁/၂၀၁၆လအတွင်း သက်ဆိုင်ရာမြို့နယ်များမှ ပြောင်းရွှေ့ပုံစံ (၁၀)ဖြင့် ပြောင်းဝင်လာသူ ကျား(၈၀)ဦး၊ မ(၇၉)ဦး၊ စုစုပေါင်း (၁၅၉)ဦး ဝင်ရောက်နေထိုင်ခဲ့တာ တွေ့ရှိရပါတယ်။

ညောင်ရွှေမြို့တိုးချဲ့ရပ်ကွက်ဖြစ်သော နန္ဒဝန်ရပ်ကွက် အကွက်(၁)တွင် အခြားဒေသများမှ လာရောက်နေထိုင်လျက်ရှိသည် ဆိုသောသတင်းများအရ အဆိုပါအကွက်(၁)သို့ သက်ဆိုင်ရာ တိုက်နယ်မှူးမှ ၇-၁၁-၂၀၁၆ရက်နေ့တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတို့ဖြင့် ကွင်းဆင်းစုံစမ်းသိရှိ ချက်အရမိမိမြို့နယ် အိမ်ထောင်စု လူဦးရေစာရင်းမဟုတ်သော အိမ်ထောင်စု (၁၄)စု၊ လူဦးရေ ကျား(၂၄)ဦး၊ မ(၃၀)ဦး၊ စုစုပေါင်း (၅၄)ဦးနေထိုင်ကြောင်း စုံစမ်းတွေ့ရှိရပါတယ်။ ၎င်းအိမ်ထောင်စုများ မှာ လွန်ခဲ့သော (၄၊၅)နှစ်ခန့်ကပင်ရောက်ရှိ နေထိုင်ခဲ့ခြင်းများ ဖြစ်ပြီး တောင်ကြီးမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ လယ်ဝေးမြို့နယ်များမှ လာရောက်နေထိုင်သူများ ဖြစ်တာစစ်ဆေးတွေ့ရှိရပါတယ်။ ၎င်း အိမ်ထောင်စုများအား ၎င်းတို့ နေထိုင်ရာမြို့နယ်များသို့ သွားရောက်၍ ပြောင်းရွှေ့ပုံစံ(၁၀)များ ထုတ်ယူရန်မှာကြားပြီး ဖြစ်ပါတယ်။

ညောင်ရွှေမြို့နှင့် အနီးပတ်ဝန်းကျင်တွင်လာရောက်နေထိုင်သူများမှာ ၎င်းတို့၏စားဝတ်နေရေးအတွက် ယာယီရွှေ့ပြောင်းအလုပ်လုပ်ကိုင်သူများသာဖြစ်ကြောင်းတွေ့ရှိရပါတယ်။ အခြားဒေသမှပြောင်းရွှေ့ နေထိုင်သူများအား သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များမှ တွေ့ရှိသတင်းပို့လာပါက ဥပဒေနှင့်အညီဖြစ်စေရေး ဆောင်ရွက်သွားမှာဖြစ်ပြီး၊ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)၊ ပုဒ်မ (၃၃၅) တွင် "နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီအခြေချနေထိုင်ခွင့် ရှိသည်" ဟုပြဋ္ဌာန်းထားသဖြင့်

နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေး များနှင့် တာဝန်များ အတိုင်းဆောင်ရွက်သွားပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ညောင်ရွှေမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဦးသိန်းဇော်မိုးက ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ ဝန်ကြီးများအားလုံးမင်္ဂလာပါ။ ကျွန်တော်ဦးသိန်းဇော်မိုးအနေဖြင့် ဒုတိယမေးခွန်းအနေနဲ့ ဆက်လက်မေးမြန်းရမှာကတော့ အင်းလေးကန်အတွင်း ကျူးကျော်ဆောက်လုပ်နေထိုင်သူများအား မည်ကဲ့သို့အရေးယူဆောင်ရွက်ထားသည်ကို သိရှိလိုပါသည်နှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းတင်ပြသွားပါမယ်။ အင်းလေးကန်အတွင်း မည်သည့် ကျေးရွာအုပ်စုတွင် အိမ်ခြေ မည်မျှ ကျူးကျော်နေထိုင်သည်၊ မည်သည့်ကာလက နေထိုင်သည်ကို သိရှိလိုပါသည်။ ထိုသူများအား မည်ကဲ့သို့ အရေးယူဆောင်ရွက် ထားသည်ကိုသိလိုပါသည်ဟုမေးမြန်းရခြင်းမှာ အမျိုးသားမြေအရင်း အမြစ်စီမံခန့်ခွဲရေးဗဟိုကော်မတီ၊ နေပြည်တော်၏ထုတ် ပြန်ချက် အရ အမျိုးအစား၊ မြေအတန်းအစားများ သတ်မှတ်ခြင်း-

(က) စိုက်ပျိုးမြေ
(ခ) သစ်တောမြေ
(ဂ) အခြားမြေ ( မြို့မြေ၊ ရွာမြေ၊ သာသနာမြေ၊ အများပိုင်မြေ၊ မြေလွတ်၊ မြေရိုင်း၊ တောရိုင်းမြေများ)



D/real(wide) (8



ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ညောင်ရွှေမြို့နယ်အနီးပတ်ဝန်းကျင်တွင် တရားမဝင်နေထိုင်သူနှင့် တရားမဝင်အခြား ဒေသမှ ပြောင်းရွှေ့နေထိုင်သူအများအပြား ရှိသည်နှင့် ပတ်သက်၍ ညောင်ရွှေမြို့နယ်သည် တောင်ကြီးခရိုင်တွင်ပါဝင်သော မြို့နယ်တစ်မြို့နယ်ဖြစ်ပြီး မြို့(၁)မြို့၊ ရပ်ကွက်(၈)ရပ်ကွက်၊ ကျေးရွာအုပ်စု (၃၅)အုပ်စုနှင့် ကျေးရွာပေါင်း (၄၄၅)ရွာပါဝင်ပါတယ်။ အိမ်ထောင်စုပေါင်း (၃၄၅၄၄)စုနှင့် လူဦးရေ ကျား(၈၇၃၅၇)ဦး၊ မ(၈၇၉၆၃)ဦး၊ စုစုပေါင်း( ၁၇၅၃၂၀)ဦးနေထိုင်လျက်ရှိပါတယ်။ လူမျိုးများ အနေဖြင့် အင်းသား၊ ပအိုဝ်း၊ ရှမ်း၊ ဗမာ၊ ဓနု၊ တောင်ရိုးစသည့်တိုင်းရင်းသားများ စုပေါင်းနေထိုင်ရာ မြို့နယ်လည်းဖြစ်ပါတယ်။

ညောင်ရွှေမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်အနေအထား ကောင်းမွန်သောအင်းလေးကန်ကြီးနှင့် သမိုင်းဝင်တန်ခိုးကြီး ဖောင်တော်ဦးဘုရားများ တည်ရှိသဖြင့် ကမ္ဘာလှည့်ခရီးသည်များ၊ မြန်မာပြည်အနှံ့ ဘုရားဖူးလာ ဧည့်သည်များနှင့်စည်ကားသော မြို့ငယ်လေးတစ်မြို့ဖြစ်ပါတယ်။ ဧည့်သည်အများအပြား ဝင်/ထွက်သွားလာမှုများသော မြို့ဖြစ်သဖြင့် ဧည့်သည်များတည်းခို စားသောက်ရာလုပ်ငန်းများဖြစ်သည့် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများနှင့် စားသောက်ဆိုင်များတွင်လာရောက် အလုပ်လုပ်ကိုင်သူများ၊ အဆောက်အဦများ ဆောက်လုပ်ရေး လုပ်ငန်းခွင်များနှင့် အလုပ်လုပ်ကိုင်ကြသူများ ရှိကြပါတယ်။ ဒေသခံ အလုပ်လုပ်ကိုင်သူများအပြင် အခြားဒေသများမှလည်း ၎င်းတို့၏စားဝတ်နေရေးအတွက် ယာယီလာရောက် အလုပ်လုပ်ကိုင် နေကြသူများ လည်းရှိပါတယ်။

ညောင်ရွှေမြို့နှင့်အနီး ပတ်ဝန်းကျင်ဒေသများသို့ အကြောင်းအမျိုးမျိုးကြောင့် ပြောင်းရွှေ့ဝင်ရောက် နေထိုင်သူများလည်းရှိပြီး သက်ဆိုင်ရာမြို့နယ်များမှ ပြောင်းရွှေ့ပုံစံ (၁၀)ဖြင့် ဝင်ရောက်အခြေချ နေထိုင်သူများလည်းရှိပါတယ်။ ၁/၂၀၁၆ လမှ

ကို အသိအမှတ်ပြု ထားပြီးဖြစ်ပါတယ်။ ဌာနေ တိုင်းရင်းသားများက ရွာမြေအဖြစ် သတ်မှတ်၍ ဆောက်လုပ်နေထိုင်ခြင်းကို ကျူးကျော်အဖြစ်အရေးယူခံနေရခြင်း ကိစ္စများမဖြစ်ပေါ်စေရန် ပွင့်လင်းမြင်သာမှု၊ ဌာနေ တိုင်းရင်းသားများ သိနိုင်သောမြေ သတ်မှတ်ခြင်းများကို အဆင်ပြေချောမွေ့စေရန်အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကာလအပိုင်း အခြားများဟာလည်း ဌာနေ တိုင်းရင်းသားများ၏ နေထိုင်မှုကာလ ခိုင်မာခြင်းအခြေအနေကို သိရှိလိုပါသဖြင့် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းရခြင်းဖြစ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးဆွေသိန်း၊ လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုလက်မှုဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါဝရပြုအပ်ပါတယ်။ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုး၏ ကြယ်ပွင့်ပြမေးခွန်းအပေါ် အောက်ပါ အတိုင်းဖြေကြားပါတယ်-

(က) အင်းလေးကန်အတွင်း ကျူးကျော်နေထိုင် ခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ (၁၁)ရက်စွဲပါ စာအမှတ်၊ ၁၃(၁)/၇ သမ္မတရုံးစာအရ သစ်တောမြေ (ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော၊ သဘာဝနယ်မြေ)များ အတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ တရားမဝင်ကျူးကျော်အခြေချ နေထိုင်သည့်ရွာစုနှင့်





မြင်းစခွန့် ကျေးရွာအုပ်စု (၂၉)စုတွင် ကျေးရွာပေါင်း(၂၈၄) ရွာဖြင့် အိမ်ခြေ(၂၃၆၇၆) အိမ်၊ အင်းလေးဒေသတွင် စုစုပေါင်းကျေးရွာအုပ်စု (၃၃)အုပ်စု၊ ကျေးရွာပေါင်း(၃၆၆) ရွာ၊ အိမ်ခြေ (၂၈၉၆၁)အိမ်တို့မှ ၂၀၁၃ခုနှစ်မတိုင်မီ ကတည်းကပင် ကျူးကျော် နေထိုင်လျက် ရှိခြင်းအပေါ် သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးပြီးဖြစ်ပါသဖြင့် သစ်တောနယ်မြေ ကျန်ရှိမှုမှာ အောက်ပါ အတိုင်းဖြစ်ပါကြောင်းနှင့် ထပ်မံကျူးကျော်မှုများသည် သစ်တောဦးစီးဌာနနှင့် သက်ဆိုင်ပါက တရားဥပဒေနှင့်အညီဆောင်ရွက် မည်ဖြစ်ပြီး အခြားဌာနများအနေဖြင့် ၄င်းဌာနများ၏ လုပ်ထုံးလုပ်နည်း ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ ကျွန်းကြီးကျေးရွာအုပ်စုအတွင်း ၂၀၁၃ခုနှစ်တွင် ခွင့်ပြုဧရိယာထက် ကျော်လွန်၍ ဟိုတယ် အဆောက် အဦဆောက်လုပ်ခြင်း အတွက် သစ်တောဥပဒေပုဒ်မ ၄၀(ဂ)အရလည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ စားသောက်ဆိုင် အဆောက်အဦ ဆောက်လုပ်ခြင်း အတွက် သစ်တောဥပဒေပုဒ်မ၃၆(ဂ)အရလည်းကောင်း အရေးယူဆောင်ရွက်ခဲ့ပါတယ်။ ဟဲယာရွာမကျေးရွာအတွင်း ၂၀၁၆ခုနှစ်တွင် အင်းလေးကန်ရေဝပ်ဧရိယာ၌ ခွင့်ပြုချက်မရှိဘဲ အဆောက်အဦ ဆောက်လုပ်နေခြင်းအတွက် ဥပဒေအရ

အရေးယူရန် ဆောင်ရွက်ဆဲဖြစ်ပါတယ်။
အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းစံထွန်းက ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစံထွန်း၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)တတိယနေ့အစီအစဉ် အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အစိုးရဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော် များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းစံထွန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမည့် ပထမ မေးခွန်းကတော့ ကွန်ဟိန်းမြို့နယ်၊ စဝ်စံထွန်းလမ်း၊ အထက ကျောင်းလမ်းနှင့် စပ်လျဉ်းသည့်မေးခွန်းဖြစ်ပါတယ်။။။

ကွန်ဟိန်းမြို့နယ်၊ စဝ်စံထွန်းလမ်း၊ အထကကျောင်းလမ်းသည် ကွန်ဟိန်းမြို့၏ အဓိကထားသွားလာသော လမ်းဖြစ်ပြီး ၎င်းလမ်းသည် မြို့မဈေးနှင့် အခြေခံပညာအထက်တန်းကျောင်း သို့ ဆက်သွယ်ထားသော လမ်းဖြစ်ပါတယ်။

စဝ်စံထွန်းလမ်း၊ အထက ကျောင်းလမ်းသည် မြို့မဈေးသို့ ပြည်သူ၊ ပြည်သားများ သွားလာသောလမ်းဖြစ်ပြီး ၎င်းလမ်းသည် အခြေခံပညာအထက်တန်းကျောင်းသို့ ကျောင်းသား၊ ကျောင်းသူ တစ်ထောင်ကျော် ကျောင်းတက် ကျောင်းဆင်းသွားလာနေရသော လမ်းလည်းဖြစ်ပါတယ်။





အိမ်ထောင်စုများအား စာရင်းဇယားကောက်ယူ ပြီး ကျေးရွာများပြန်လည်နေရာချထားပေးရန်နှင့် လမ်းညွှန်ချက်အရ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သစ်တောဦးစီးဌာနတို့ ပါဝင်သော ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကြီးကြပ်ရေး ကော်မတီများဖွဲ့စည်း၍ ဒေသခံကျေးရွာ ပြည်သူများ ပူးပေါင်းမှုဖြင့် ကွင်းဆင်း စာရင်းကောက်ယူချက်အရ အင်းလေးအရှေ့ ကြိုးဝိုင်း အတွင်း တိလောစခန်းကြီး၊ တောင်ခြေ မိုင်းသောက်၊ သလဲဦး၊ နောင်တောကျေးရွာအုပ်စု (၅)စုတွင် ကျေးရွာပေါင်း(၅၀) ရွာနှင့် အိမ်ခြေ (၂၈၅၁)အိမ်၊ အင်းအနောက်ကြိုးပြင် ကာကွယ် တောအတွင်း လက်မောင်းကွေး၊ တောင်ပို့ကြီး၊ ကျေးပေါခုံ၊ လင်းကင်း၊ တောင်တို၊ တုံးလည်၊ ခေါင်တိုင်၊ အင်းတိန်ကျေးရွာ အုပ်စု(၇)အုပ်စုတွင် ကျေးရွာပေါင်း(၃၂)ရွာဖြင့် အိမ်ခြေ(၂၄၃၄)နှင့် အင်းလေးကန် တောရိုင်း တိရစ္ဆာန် ဘေးမဲ့တော အတွင်း မိုင်းသောက်၊ တောင်ခြေ၊ နန့်သဲ၊ သလဲဦး၊ နန့်ပန်၊ နောင်တော၊ မိုင်းပျိုး၊ ခေါင်တိုင်၊ တောင်ပို့ကြီး၊ ရွာသာ၊ လင်းကင်း၊ မင်းချောင်း၊ သပြေပင်၊ တုံးလည်၊ သာလေး၊ အင်းတိမ်၊ ဟဲယာ ရွာမ၊ အင်းပေါခုံ၊ တောင်တို၊ အင်းလျား-ကျိုင်းခမ်း၊ အင်းခြုံကလော၊ ငါးဖယ်ချောင်း၊ ကျောက်တိုင်၊ ပုံ့မူ၊ စကား၊ လင်လံ(မ)၊ လုံကန်၊ ရေပူ၊ တောင်ခြေ

## ၁၇၃

အဆိုပါ စဝ်စံထွန်းလမ်း၊ အထက ကျောင်းလမ်းကို ၁၉၉၅ ခုနှစ် ခန့်တွင် (၁၀၀၀ ပေ × ၁၀ ပေ) ကတ္တရာလမ်းအဖြစ်ခင်းပေးခဲ့ပါတယ်။

ယခုလမ်းသည် နှစ်ကြာမြင့်စွာ အသုံးပြုထားသောလမ်းဖြစ်ခြင်း ယခင်ကတ္တရာနည်းပါးခြင်းတို့ကြောင့် ပေါက်ပြဲ ပျက်စီးလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ လမ်းအားကတ္တရာ၊ ထပ်ပိုးလွှာ (၁၀၀၀ပေ × ၁၂ပေ) ပြန်လည်ခင်းပေးနိုင်ပါက ဈေးသွား၊ ဈေးပြန်ပြည်သူများ၊ ကျောင်းသွားကျောင်းပြန် ကျောင်းသား၊ ကျောင်းသူများအတွက် များစွာ အဆင်ပြေချောမွေ့နိုင်မည်ဖြစ်သဖြင့် ၄င်းလမ်းအတွက် ဆောက်လုပ်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိနှင့် ရှိပါကလည်း မည်သည့်ခုနှစ်၊ မည်သည့်ဘတ်ဂျက်တွင် ချထားပေးနိုင်မည်ကို မိဘပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်ခင်ဗျား။

ဒုတိယမေးခွန်းအနေနဲ့ ကွန်ဟိန်းမြို့နယ်၊ ဆိုင်းခေါင်ကျေးရွာမှ ကျိုင်းခမ်းအုပ်စု၊ နားပွဲအုပ်စု၊ ငါးတိုင်အုပ်စု၊ ကွန်ပုအုပ်စု၊ လွိုင်ကျိုင်းအုပ်စု၊ ရွာချင်းဆက်လမ်း (၈)မိုင်နှင့် စပ်လျဉ်းသည့် မေးခွန်း ဖြစ်ပါတယ်။

ကွန်ဟိန်းမြို့နယ် ဆိုင်းခေါင်ကျေးရွာမှ ကျိုင်းခမ်းကျေးရွာသို့ဆက်သွယ်ထားသော လမ်းမှာမြေလမ်းဖြစ်ပြီး (၈)မိုင်ခန့် ရှည်လျားပါတယ်။ အဆိုပါလမ်းသည် နွေအချိန်တွင်သာ သွားလာနိုင်ပြီး မိုးရာသီအချိန်တွင်(၈)မိုင်ခရီးကို တစ်ရက်ခန့် သွားလာနေရသော ရွှံ့ဗွက်၊ မြေလမ်းဖြစ်သဖြင့် များစွာအခက်အခဲရှိပါတယ်။ အဆိုပါလမ်းကို ကျောက်ချောလမ်းအဖြစ် ခင်းပေးနိုင်ပါက အကျိုးပြုမှုမှာ နားပွဲကျေးရွာအုပ်စုတွင် ကျေးရွာ(၆)ရွာ၊ ငါးတိုင်ကျေးရွာအုပ်စုတွင် ကျေးရွာ(၆)ရွာ၊ ကွန်ပုကျေးရွာအုပ်စုတွင် ကျေးရွာ(၄)ရွာ၊ လွိုင်ကျိုင်း





## ၁၇၅

စဝ်စံထွန်းလမ်း၊ အထကကျောင်းလမ်း အတိုင်းအတာ ၁၀၀၀ပေ ×၁၂ ပေအား ကတ္တရာလမ်းအဖြစ် ၁၉၉၈-၁၉၉၉ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်တွင် လမ်းပေါက် ဖာထေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ စဝ်စံထွန်း လမ်း၊ အထကကျောင်းလမ်းအား ကတ္တရာထပ်ပိုးလွှာအဖြစ် ပြန်လည်ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ်(၁၂၅)သိန်း ခန့် ကုန်ကျမည်ဖြစ်ပါတယ်။

ကွန်ဟိန်းမြို့နယ် စည်ပင်သာယာရေးဌာနသည် ဝင်ငွေနည်းပါးသောမြို့နယ်ဖြစ်ပြီး ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်၌ ဝင်ငွေလျာထားချက်မှာ ကျပ်(၂၈၂. ၈၉)သိန်းလျာထားပြီး ဝင်ငွေ၏(၄၉. ၉) ရာခိုင်နှုန်းဖြင့် မြို့ပြလမ်းဖြစ်သော အုန်းပန်းလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းအတိုင်းအတာ(၁၅၅၅ ပေ ×၁၂ ပေ)ခန့်မှန်းကုန်ကျငွေကျပ် (၁၂၀. ၈၄) သိန်းဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်ဖြည့်စွက်ရန်ပုံငွေဖြင့် ကွန်ဟိန်းမြို့ ရေပေးရေးလုပ်ငန်းအတွက် ပလောင်တောင်ကုန်းအား ရေ Level ရရှိအောင် တူးဖော်ခြင်း လုပ်ငန်းအား ခန့်မှန်းကုန်ကျငွေ ကျပ်သိန်း (၁၃၀)ဖြင့် ဆောင်ရွက်ရန် လျာထားရေးဆွဲပြီး ဖြစ်ပါတယ်။

သို့ပါ၍ ကွန်ဟိန်းမြို့၊ စဝ်စံထွန်း၊ အထကကျောင်းလမ်း အတိုင်းအတာ (၁၀၀၀ ပေ ×၁၂ ပေ) ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းအား ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန် လျာထား နိုင်ခြင်းမရှိပါသဖြင့် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်မှစတင်၍ ဝင်ငွေရရှိမှုအပေါ်မူတည်ပြီး ထည့်သွင်းရေးဆွဲ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဒုတိယမေးခွန်းအတွက် ဆက်လက်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့်နယ်စပ် ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံထွန်း၏ ဒုတိယမေးခွန်းဖြစ်တဲ့ ကွန်ဟိန်းမြို့နယ်၊ ဆိုင်းခေါင်ကျေးရွာမှ ကျိုင်းခမ်းအုပ်စု၊ နားပွဲအုပ်စု၊ ငါးတိုင်အုပ်စု၊ ကွန်ပုအုပ်စု၊ လွိုင်ကျိုင်းအုပ်စု၊ ရွာချင်းဆက်လမ်း (၈)မိုင်အား ကျောက်ချောလမ်း အဖြစ် တိုးချဲ့ခင်းပေးနိုင်မည့် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ခုနှစ်တွင်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည် ဆိုသည့် ကြယ်ပွင့် ပြမေးခွန်းနှင့် ပတ်သက်၍ ကျွန်တော်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ရှင်းလင်းဖြေကြားပေးသွားမှာဖြစ်ပါတယ်။ကွန်ဟိန်းမြို့နယ်၊ ကျိုင်းခမ်းအုပ်စု၊ နားပွဲအုပ်စု၊ ငါးတိုင်အုပ်စု၊ ကွန်ပုအုပ်စု၊ လွိုင်ကျိုင်းအုပ်စုများသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များဆောင်ရွက်ပေးရမည့် ဧရိယာများထဲတွင်ပါဝင်ပါတယ်။ အဆိုပါ ကျေးရွာချင်းဆက်မြေသားလမ်း (၈)မိုင်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး နှစ်မှစတင်ပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်၍ လမ်းပိုင်းခွဲခြားပြီးထည့်သွင်းလျာထားပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ မေးခွန်းများ မေးမြန်းခြင်းအစီအစဉ် ပြီးဆုံးပြီဖြစ်ပါတယ်။



D/real(wide) (8



ကျေးရွာအုပ်စုတွင် ကျေးရွာ(၅)ရွာ၊ ဆိုင်းခေါင်ကျေးရွာအုပ်စုတွင် ကျေးရွာ(၂)ရွာ၊ စုစုပေါင်းကျေးရွာအုပ်စု (၆)အုပ်စု၊ ကျေးရွာပေါင်း (၂၆)ရွာ၊ အိမ်ခြေပေါင်း(၃၄၄)အိမ်နှင့် လူဦးရေစုစုပေါင်း (၁၅၃၉)ဦးကို အကျိုးပြုနိုင်မည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါလမ်း(၈)မိုင်အား ကျောက်ချောလမ်းအဖြစ်တိုးချဲ့ခင်းပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်ဘတ်ဂျက်၊ မည်သည့်ခုနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုပါသဖြင့် မိဘပြည်သူများ ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဦးစိုင်းစံထွန်းမေးမြန်းထားတဲ့ မေးခွန်း (၂)ခုစလုံးကိုသက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ဖြင့် ရှမ်းလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံထွန်း၏ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ စဝ်စံထွန်းလမ်း၊ အထက ကျောင်းလမ်း ကတ္တရာ ထပ်ပိုးလွှာ ၁၀၀၀ပေ×၁၂ပေ ပြန်လည်ခင်းပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်ခုနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုပါကြောင်း မေးခွန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းတင်ပြလိုပါတယ်-

ကွန်ဟိန်းမြို့နယ် စည်ပင်သာယာရေးဌာနအနေဖြင့်

၁၇၇

## "ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်၊ ကွတ်ခိုင်ဒေသမှာ ဖြစ်ပွားနေတဲ့ KIA ,TNLA , MNDAA လက်နက်ကိုင် သောင်းကျန်းသူများရဲ့ အပြစ်မဲ့ပြည်သူလူထု ပေါ်ဆောင်ရွက် ကြတဲ့ ဆောင်ရွက်ချက်များအပေါ် ပြစ်တင်ရှုတ်ချကြောင်း နှင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ကြောင်း" အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ ယခု အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်သူ၏ **"ရှမ်းပြည်နယ် (မြောက်ပိုင်း)မူဆယ်၊ ကွတ်ခိုင်ဒေသမှာ ဖြစ်ပွားနေတဲ့ KIA ,TNLA , MNDAA လက်နက်ကိုင် သောင်းကျန်းသူများ၏ အပြစ်မဲ့ ပြည်သူ လူထုအပေါ်ဆောင်ရွက် ကြတဲ့ ဆောင်ရွက်ချက်များအပေါ် ပြစ်တင်ရှုတ်ချကြောင်းနှင့် အကြမ်းဖက် အဖွဲ့အစည်းအဖြစ် သတ်မှတ်ကြောင်း"** အဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးဖို့အတွက် လွှတ်တော် ကိုယ်စားလှယ် (၇)ဦးက အမည်စာရင်းပေးသွင်းထားပါတယ်။ ပထမဦးစွာ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်သူခိုင်က အဆိုကိုဆွေးနွေးဖို့ ဖြစ်ပါတယ်။





၁၇၉

တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၃၉နှင့် ၃၄၀ တို့အရ ပြည်တွင်းရန်များကို ကာကွယ်ခြင်း၊ နိုင်ငံသားများဘေး အန္တရာယ်များကျရောက်၍ ကူညီဆောင်ရွက်ခြင်း တာဝန်တို့ကို ထမ်းဆောင်ရာမှာ ကျဆုံးထိခိုက်ဒဏ်ရာရခြင်းဖြစ်သည့် အတွက် အရေအတွက်များ ခံစားရခြင်းများကို အထူးအထွေမတင်ပြလို သော်လည်း ဤဖြစ်စဉ်မှာ အပြစ်မဲ့ပြည်သူ ၁၀ဦး သေဆုံးပြီး ၃၉ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီး နှင့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သေဆုံးသွားသည့်အပြစ်မဲ့ပြည်သူ ၁၀ဦးနှင့် ဒဏ်ရာရရှိသူ များဟာ ၎င်းဒေသအတွင်းရိုးသားစွာ လုပ်ကိုင်စားသောက်နေသော ဒေသခံပြည်သူများ၊ ယာဉ်မောင်းများ၊ ခရီးသွားများနှင့် နေအိမ်၌ လည်းကောင်း၊ တောင်ယာ၌လည်းကောင်း၊ ကုန်သွယ်ရေးစခန်း၌ နေထိုင်လုပ်ကိုင်စားသောက်နေသောအချိန်မှာ စစ်ပွဲနှင့်မသက်ဆိုင် သောနေရာများအား ပစ်ခတ်ခြင်း၊ တားဆီးခြင်း၊ သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများကို ပိတ်ဆို့ရန်အတွက် ပစ်ခတ်ခြင်းတို့ကြောင့် ထိခိုက်သေဆုံးခဲ့ရသော တိုင်းရင်းသားများဖြစ်ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျာ။ မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့ဟာ နယ်နိမိတ်အားဖြင့် ၁၃၅၇ မိုင်၊ ကီလိုမီတာအားဖြင့် ၂၁၈၅ ကီလို မီတာထိစပ်လျက်ရှိပါတယ်။ နှစ်နိုင်ငံအစိုးရအချင်းချင်း ချစ်ကြည် ရင်းနှီးမှုပျက်ပြားစေရန်နှင့် နယ်စပ်တည်ငြိမ်အေးချမ်းမှု မရှိစေရန် အတွက် KIA နှင့် MNDAA အကြမ်းဖက်သောင်းကျန်းသူများက ရည်ရွယ်ချက်ရှိရှိဖြင့် နိုဝင်ဘာ လ ၂၀ရက်နေ့မှာ တရုတ်နိုင်ငံအတွင်း သို့လက်နက်ကြီးကျည် ၁၃လုံးကျရောက်ပေါက်ကွဲစေရန် ပတ်ခတ်ခဲ့ သည်ကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ ထိုသို့ ဆောင်ရွက်ခြင်းသည် တပ်မတော်ကိုသာ တိုက်ခိုက်ခြင်းမကတော့ဘဲ နိုင်ငံတော်အစိုးရ၏ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးရေးနှင့်သံတမန်ရေး၊ နိုင်ငံ၏

စီးပွားရေးတို့ကို ထိခိုက်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်တာကို ထင်ထင်ရှားရှားတွေ့ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး နှင့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့မြောက်) ဒေသဖြစ်စဉ် ဖြစ်ပွားသည့်နေရာများသည် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ သတ်မှတ်ထားသည့် ကချင်ပြည်နယ်၊ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ တို့မှာ ပါဝင်ခြင်းမရှိသည့် ရှမ်းပြည်နယ်အစိုးရ၏ အုပ်ချုပ်မှု နယ်မြေအတွင်းတည်ရှိ၍ ရှမ်းပြည်နယ်အစိုးရ၏ အုပ်ချုပ်မှု အာဏာကိုပျက်ပြား အောင်တိုက်ရိုက် ဆောင်ရွက်ခြင်းပင်ဖြစ်ပါ တယ်။ ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုယန္တရားကို ပျက်ပြားစေခြင်း သည် နိုင်ငံတော်အစိုးရကိုပါ နှောင့်ယှက်တိုက်ခိုက်ခြင်း ဖြစ်ပါတယ်။ တိုက်ခိုက်ရာမှာ ပါဝင်သည့် KIA အဖွဲ့သည် တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ( NCA ) ကို လက်မှတ်မထိုးရသေးသည့် အဖွဲ့ဖြစ်ပြီး TNLA, MNDAA နှင့် AA အဖွဲ့တို့သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်အညီ ဒီမိုကရေစီနည်းလမ်းအရ ရွေးချယ်တင်မြှောက်ခဲ့သည့် အစိုးရလက်ထက်မှ ပေါ်ပေါက်ခဲ့သည့် အဖွဲ့များလည်း ဖြစ်ပါတယ်။ လိုလားချက်များကို ဒီမိုကရေစီနည်းအရ အစိုးရနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများမှ တစ်ဆင့် တင်ပြဆောင်ရွက် နိုင်ခွင့်ကို လျစ်လျူရှုပြီး နိုင်ငံတော်ကို၊ တစ်နည်းအားဖြင့် ဒီမိုကရေစီစနစ်ကို လက်နက်စွဲကိုင်ပြီး လိုချင်တာကိုတောင်းဆိုခြင်း၊ လက်နက်ကိုင် လမ်းစဉ်ကို ဖက်တွယ်ပြီး မိမိအဖွဲ့၏ဆန္ဒကိုသာ ဦးစားပေး၍ အကြမ်းဖက်တိုက်ခိုက်ခြင်းများ ဖန်တီးနေခြင်းဟာ ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်ဖြစ်နေတာကို ထင်ရှားစွာတွေ့ရမှာ ဖြစ်ပါတယ်။ ထို့ကြောင့် KIA, TNLA, MNDAA, AA အဖွဲ့


D/real(wide) (9



**ဗိုလ်မှူးအောင်သူခိုင်၊ တပ်မတော်သားပြည်နယ် လွှတ်တော်ကိုယ်စားလှယ်။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး အောင်သူခိုင် ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၆)၏ ဒုတိယနေ့တွင် တင်သွင်းသည့် လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သူ၏ အရေးကြီးအဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျာ၊ ရှမ်းပြည်နယ်အရှေ့မြောက်ဒေသသည် တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်ရာဒေသဖြစ်ပြီး မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများအနက် အဓိကကျတဲ့ လမ်းကြောင်းဖြစ်သည့် လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးကို အခြေခံ၍ တိုင်းရင်းသား ပေါင်းစုံတို့ အေးချမ်းစွာကူးသန်း ရောင်းဝယ် လုပ်ကိုင်စားသောက် နေကြသည့် ဒေသဖြစ်သော်လည်း နိုဝင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစတင်ကာ ယနေ့ထိ တည်ငြိမ် အေးချမ်းမှုမရှိ၊ ကုန်သွယ် ကူးသန်းမှု လျော့ကျ၊ အပြစ်မဲ့သော ပြည်သူများ ထိခိုက် ဒဏ်ရာရရှိစေခြင်း တို့ကို KIA ,TNLA , MNDAA စသည့် လက်နက်ကိုင် အဖွဲ့အစည်းများ ပါဝင်သည့် ပူးပေါင်းအဖွဲ့က စတင်ဖန်တီးခဲ့ပါတယ်။ ၄င်းပူးပေါင်း အဖွဲ့များသည် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုံခြုံရေးစခန်းများနှင့် ၁၀၅ မိုင် ကုန်သွယ်ရေး စခန်းတို့ကို ရည်ရွယ်ချက်ရှိရှိ စတင်တိုက်ခိုက် ခဲ့ပြီး ထိုဖြစ်စဉ်များတွင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ ဝင်များသာမက အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံး ဒဏ်ရာရရှိခဲ့ပါတယ်။

တို့သည် ဒီမိုကရေစီစနစ်၏ တရားဥပဒေစိုးမိုးရေးအား အကြမ်းဖက်တိုက်ခိုက် နည်းဖြင့် ဖျက်ဆီးနေသော ဒီမိုကရေစီစနစ်ကို မယုံကြည်သောအဖွဲ့များ ဖြစ်၍ ပြင်းထန်စွာပြစ်တင် ရှုတ်ချသင့်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး နှင့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျာ။ လက်နက်ကိုင်ပူးပေါင်းအဖွဲ့များသည် စစ်ရေးပစ်မှတ်မဟုတ်သည့် လမ်းတံတားများ၊ ယာဉ်များ၊ အခြေခံအဆောက်အဦနှင့် အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ နိုဝင်ဘာလ ၂၀ရက်နေ့မှယနေ့အထိဆိုရင် လမ်းတံတားဖျက်ဆီးခံရမှု ၈ကြိမ်၊ လမ်းကြောင်းပိတ်ဆို့မှု ၇ကြိမ်၊ မြို့ရွာများအား နှောင့်ယှက်ပစ်ခတ်မှု ၇ကြိမ်၊ မြို့၊ရွာများတွင် မိုင်းထောင်ဖောက်ခွဲမှု ၇ကြိမ်၊ အရပ်သားဝန်ထမ်းများဖမ်းဆီးသတ်ဖြတ်ခံရမှု ၄ကြိမ်နှင့် ဆက်ကြေး ကောက်ခြင်း ၃ကြိမ် ဆောင်ရွက်ပြုလုပ်ခဲ့ပါတယ်။ ထို့ကြောင့် ၎င်းဒေသတွင်နေထိုင်သော တိုင်းရင်းသားပြည်သူများ အတိဒုက္ခ ရောက်ခဲ့ပြီးတစ်ဖက်နိုင်ငံအတွင်းသို့ စစ်ဘေးရှောင် ဒုက္ခသည် ထောင်ချီ၍လည်းကောင်း၊ မူဆယ်မြို့မှာ ၄-၁၂-၂၀၁၆ ရက်နေ့အထိ ဒုက္ခသည် (၃၈၈)ဦး၊ မုံးကိုးမြို့နယ်၊ ဝိန်းဆိုင်ကျေးရွာဘုရားကျောင်းတွင် (၃၀၄)ဦး ထိရှိနေဆဲဖြစ်ပါတယ်။ အပြစ်မဲ့ ပြည်သူများအား သေကြေဒဏ်ရာ ရစေခြင်း၊ စီးပွားဥစ္စာ ပျက်စီးစေခြင်း၊ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေခြင်းတို့ကြောင့် KIA, TNLA, MNDAA, AA လက်နက်ကိုင် သောင်းကျန်းသူများကို ပစ်တင်ရှုတ်ချကြောင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်သင့်ကြောင်း လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်သူ၏ အရေးကြီးအဆိုအားလေးနက်စွာ ထောက်ခံကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။





ကိုယ်စားလှယ်တော်မှ အဖြစ်အပျက်အချက်အလက် များကို Power Point နှင့် တကွတင်ပြသည်ကို တွေ့ရှိကြပြီးဖြစ်ကြသော်လည်း မှန်တာရှိသလို ကွဲလွဲတာလည်း ရှိကောင်းရှိနိုင်မည်ဖြစ်ပါသဖြင့် လူထုကိုယ်စားလှယ်များဖြစ်ကြသည့် အားလျော်စွာဆုံးဖြတ်ချက်တစ်ခုကို မမှားမယွင်းရလေအောင် မိမိကိုယ်တိုင်တိကျသိရှိမှ ဆုံးဖြတ်သင့်သည်ဟု ထင်မြင်မိပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံမှာ တိုင်းနှင့် ပြည်နယ်(၁၄)ခု ရှိပြီး ၎င်းတိုင်းနှင့်ပြည်နယ်များမှ ရွေးချယ်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်များသည် အနယ်နယ်အရပ်ရပ် အလွှာပေါင်းစုံ တိုင်းရင်းသားပေါင်းစုံမှ ဆုံဆည်းသည့် ပြည်ထောင်စုလွှတ်တော်တွင်လည်း ဤကိစ္စကို ဆွေးနွေးခဲ့ကြပြီးဖြစ်သည်ကိုကြားသိရပါတယ်။

ကျွန်တော်တို့သည် လူထုကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ် များဖြစ်ကြသည့် အားလျော်စွာ တိုင်းရင်းသားစည်းလုံးညီညွှတ်ရေးကို ရှေ့ရှုပြီး၊ မည်သူမှားသည်၊ မည်သူမှန်သည်ကို မဆုံးဖြတ်၊ မသတ်မှတ်ကြဘဲ အပျက်ကို အကောင်းဖြစ်အောင် ကောင်းသည်ကို ပိုမိုကောင်းမွန်အောင်သာ ဝိုင်းဝန်းစဉ်းစားကြပြီး စိတ်ရှည် သည်းခံသင့်ကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်လိုက်ရုံဖြင့် တိုင်းပြည်အေးချမ်းလာမည်လည်း မဟုတ်ကြောင်း၊ ကောင်းကျိုးထက် ဆိုးကျိုးပိုများလာမလားလို့ ထင်မြင်မိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်မှာလည်း ဆုံးဖြတ်ပြီးဖြစ်ကြောင်း၊ တိုင်းရင်းသားအရေးဖြစ်၍ အင်မတန်သိမ်မွေ့နက်နဲသည့် ကိစ္စဖြစ် သဖြင့် ပြည်နယ်တစ်ခုတည်းမှ မဆုံးဖြတ်သင့်ကြောင်း၊ ဤကဲ့သို့ ရှုတ်ချမည့်အစား အပစ်အခတ်အမြန်ရပ်စဲကြပြီး ငြိမ်းချမ်းရေး ရရှိမည့်နည်းလမ်းများကိုသာ ဝိုင်းဝန်းစဉ်းစားအဖြေရှာသင့်

ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် အားလျော်စွာ တာဝန်အသီးသီးလည်း ရှိပါကြောင်းကို ရိုးသား ဖြူစင်သော စေတနာရှေ့ထား၍တင်ပြ ဆွေးနွေးခြင်းဖြစ်ကြောင်း လေးစားစွာတင်ပြဆွေးနွေးအပ်ပါတယ်။ ကျေးဇူးအထူးတင်ရှိ ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်( ၁)မှ ဦးစိုင်းကျော်က အဆိုကိုဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းနှုတ်ခွန်း ဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော် ဖြစ်ပါတယ်။ ကျွန်တော့အနေနဲ့ လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူတင်သွင်းခဲ့တဲ့ အရေးကြီးအဆိုဖြစ်တဲ့ **“ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်၊ ကွတ်ခိုင်ဒေသမှာ ဖြစ်ပွားနေတဲ့ KIA, TNLA, MNDAA, AA လက်နက်ကိုင် အကြမ်းဖက် အဖွဲ့အစည်း အဖြစ် သတ်မှတ်ကြောင်း”** အရေးကြီး အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ ပြည်နယ်နှင့် တိုင်း(၁၄)ခုထဲမှာ ရှမ်းပြည်နယ်ဟာ နယ်နိမိတ်ဧရိယာအပိုင်းအခြား အရေးကြီးဆုံးပြည်နယ်တစ်ခုဖြစ်ပါတယ်။ အခေါ်အဝေါ် သတ်မှတ် ချက်အရသာရှမ်းပြည်နယ် (တောင်ပိုင်း)၊ (မြောက်ပိုင်း)၊ (အရှေ့ပိုင်း)



D/real(wide) 9)



**ဥက္ကဋ္ဌ။** ဆက်လက်ပြီးတော့ ကချင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးဇုတ်ဒေါင်က အဆိုကိုဆွေးနွေးဖို့ဖြစ်ပါ တယ်။

**ဦးဇုတ်ဒေါင်၊ ကချင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ရှမ်းပြည်နယ်ကချင်တိုင်းရင်းသား လူမျိုး လွှတ်တော် ကိုယ်စားလှယ် ဦးဒူဝါဇုတ်ဒေါင်သည် ဤနေရာမှ လေးစားစွာဂါရဝ ပြုအပ်ပါတယ် ခင်ဗျား။

ကျွန်တော် ဆွေးနွေးတင်ပြမည့် ကိစ္စကတော့ လားရှိုးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်သူ၏ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်၊ ကွတ်ခိုင်ဒေသမှာ ဖြစ်ပွားနေတဲ့ KIA, TNLA, MNDAA, AA လက်နက်ကိုင်အဖွဲ့များ၏ အပြစ်မဲ့ပြည်သူလူထုအပေါ် ဆောင်ရွက်ချက်များကို ပြစ်တင် ရှုတ်ချကြောင်းနှင့် အကြမ်းဖက်အဖွဲ့ အစည်းအဖြစ် သတ်မှတ် ကြောင်း အရေးကြီးအဆိုဆွေးနွေး သတ်မှတ် သင့်/ မသင့် ကိစ္စကို ကျွန်တော်၏ အမြင်သဘောထားကို ရိုးသားစွာ တင်ပြ ဆွေးနွေးမည်ဖြစ်ပါတယ်ခင်ဗျား။

ယခု ရှမ်းပြည်နယ်လွှတ်တော်သို့ ရောက်ရှိလာကြသော ကိုယ်စားလှယ်တော်များသည် တိုင်းပြည်အကျိုး၊ ပြည်နယ် အကျိုး၊ ဒေသအကျိုးများကို လုပ်ဆောင်နိုင်ကြမည့် ပုဂ္ဂိုလ်များ ဖြစ်သည်ကို ပြည်သူလူထုမှ ယုံကြည်ကိုးစားစွာ ရွေးချယ်တင်မြှောက် လိုက်ကြသည့် ကိုယ်စားလှယ်များဖြစ်ကြပါတယ်။

ကိုယ်စားလှယ်တော် ဦးအောင်သူမှ တင်သွင်းလာသည့် အဆိုသည် ပြည်ထောင်စုအရေးကဲ့သို့ ဖြစ်သည့်အပြင်အင်မတန် သိမ်မွေ့နက်နဲသော အဆိုတစ်ရပ်ဖြစ်၍ လေးလေးနက်နက် သဘောထားပြီး၊ စဉ်းစားဆုံးဖြတ်သင့်သည့်ကိစ္စဖြစ်သည်ဟုရှုမြင် ပါတယ်။

လို့သာ ခေါ်ဝေါ်ပေမဲ့ ရှမ်းပြည်နယ်ဆိုတာတော့ ပြည်ထောင်စုထဲက တစ်ခုပါဝင်နေတဲ့ ပြည်နယ်ကြီး တစ်ခုဖြစ်တဲ့ အတွက် ယခု ရှမ်းမြောက်ဒေသရဲ့တိုက်ပွဲဖြစ်စဉ်တွေအရ ပြန်ကြည့်လျှင် ရှမ်းပြည်နယ်တစ်ခုလုံး နဲ့ သက်ဆိုင်မှုရှိနေပါတယ်။

လူမှာတစ်နေရာရာ နေမကောင်းရင် ပစ်ထားလို့မရဘဲ ဆေးကုသနေရသလို ပြည်နယ်ရဲ့ဘယ်နေရာမှာဖြစ်ဖြစ် တစ်ခုခု ဖြစ်နေပြီဆိုရင် ဘယ်လိုနည်းနဲ့ဖြေရှင်းရမယ်ဆိုတာ ရှမ်းပြည်နယ် အစိုးရ၊ လွှတ်တော်အပိုင်းမှာ တာဝန်ရှိနေကြတဲ့သူတွေ အားလုံးရဲ့ တရားကျတဲ့နည်းလမ်းနှင့် စွမ်းဆောင်မှုပေါ် မူတည်နေပါတယ်။

ယခုတင်ပြလိုတာကတော့ အခုလိုမလိုလားအပ်ဘဲ KIA, TNLA, MNDAA, AA ပူးပေါင်းအဖွဲ့များက နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်ထမ်းဆောင်နေကြတဲ့ တပ်မတော်စခန်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းတွေကို စခန်းသိမ်းတိုက်ပွဲ ထိုးစစ်ဆင်နေတာတွေ၊ ခရီးသွားပြည်သူများအပါအဝင် အပြစ်မဲ့ဒေသခံပြည်သူလူထုအပေါ် ဥပဒေမဲ့သတ်ဖြတ်ကျူးလွန်ခြင်း၊ လမ်းတံတားနှင့်အများပြည်သူပိုင်ပစ္စည်းများ မိုင်းခွဲတိုက်ခိုက်ခြင်း၊ လမ်းများပိတ်ဆို့တိုက်ခိုက်ခြင်း၊ လူသစ်စုဆောင်းခြင်း၊ မြို့ရွာဈေးတွေအပေါ် လက်နက်ကြီး၊လက်နက်ငယ်များနဲ့ ပစ်ခတ်တိုက်ခိုက်ခြင်း ပိုမိုပြင်းထန်လာမှုများကြောင့် ဒေသခံပြည်သူလူထုများဟာ နေရပ်ကို စွန့်ခွာပြီး အိမ်ကိုသော့ခတ်ကာ ကိုယ်လွတ်ရုန်းလို့ ခြေဦးတည့်ရာ ထွက်ပြေးနေကြရပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်၊ မုံးကိုး၊ ကြူကုတ် စတဲ့ မူဆယ်ခရိုင်အတွင်းမြို့နယ်များက သနားစရာကောင်းတဲ့ ပြည်သူတွေထဲကအချို့ဟာ အိမ်နီးချင်းတရုတ်နိုင်ငံထဲကိုစစ်ဘေးရှောင်ခိုဝင်နေကြရတာဖြစ်ပါတယ်။ တရုတ်နိုင်ငံဘက်က ဝမ်ကိန်းအမည်ရှိတဲ့စစ်ဘေးရှောင်စခန်းမှာ လသားအရွယ်အပါအဝင်ကလေး



D/real(wide) (9



ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် လားရှိုးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူ၏ KIA, TNLA, MNDAA နှင့် AA၊ မဟာမိတ်တပ်ပေါင်းစုများရဲ့ အပြစ်မဲ့ပြည်သူ့အပေါ် ဆောင်ရွက်ကြတဲ့ ဆောင်ရွက်ချက်များအပေါ် ပြစ်တင်ရှုတ်ချကြောင်းနှင့် အကြမ်းဖက်သူအဖွဲ့အစည်းအဖြစ် သတ်မှတ်သင့်ပါကြောင်း အဆိုကိုအလေးအနက်ထောက်ခံ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဒါဝိဒ်က အဆိုကိုဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဒါဝိဒ်၊ မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါဝိဒ်ဖြစ်ပါတယ်။ ကျွန်တော့အနေနဲ့ လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူတင်သွင်းခဲ့တဲ့ အရေးကြီးအဆိုဖြစ်တဲ့ **"ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်၊ ကွတ်ခိုင်ဒေသမှာ ဖြစ်ပွားနေတဲ့ KIA, TNLA, MNDAA လက်နက်ကိုင် မဟာမိတ်တပ်ပေါင်းစုများရဲ့ အပြစ်မဲ့ ပြည်သူလူထုအပေါ် ဆောင်ရွက်ကြတဲ့ ဆောင်ရွက်ချက်များ အပေါ် ပြစ်တင်ရှုတ်ချကြောင်း"** အဆိုကို ထောက်ခံသည့် အဆိုတင်သွင်း ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသရဲ့မြို့များဖြစ်တဲ့ မူဆယ်၊ ကွတ်ခိုင်၊ကြူကုတ်(ပန်ဆိုင်း)၊ မုံးကိုး၊ နမ္မတူ၊ ဘော်တွင်း၊ နမ့်ဆန်၊ နမ့်ခမ်း၊ မန်တုံ၊ သိန္နီ စတဲ့မြို့များနဲ့ ပတ်ဝန်းကျင်ကျေးရွာ

များရဲ့ နယ်မြေဒေသလုံခြုံရေး အခြေအနေဟာ KIA,TNLA, MNDAA စတဲ့ မဟာမိတ်တပ်ပေါင်းစုများရဲ့ လုပ်ရပ်ကြောင့် အပြစ်မဲ့တဲ့ တိုင်းရင်းသားပြည်သူလူထုများရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ၊ နိုင်ငံဘဏ္ဍာ၊ ပြည်သူ့ဘဏ္ဍာနဲ့ တည်ဆောက်ထားတဲ့လမ်း၊ တံတား၊ အဆောက်အဦတွေ၊ နိုင်ငံတော်ရဲ့ နယ်မြေဒေသ အသီးသီးနဲ့ ပြည်သူ လူထုရဲ့ အသက်အိုးအိမ်ကို ကာကွယ်စောင့်ရှောက်နေတဲ့ တပ်မတော် စခန်းများနဲ့ ရဲကင်းတွေကို နေရာအတော်အနှံ့အပြားမှာ နှောင့်ယှက် ပစ်ခတ်ခြင်း၊ ပစ်ခတ်သတ်ဖြတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ ထိုးစစ်ဆင်တိုက်ခိုက်ခြင်းစတဲ့ တစ်ယူသန်တဖောက်ကန်း ရမ်းကားတဲ့ လုပ်ရပ် တွေကြောင့် ဆိုးရွားတဲ့စိုးရိမ်ဖွယ်ရာ အခြေအနေတစ်ရပ်ကို ရောက်ရှိ နေပြီဖြစ်ပါတယ်။

ဒါ့အပြင် အများပြည်သူ ဖြတ်သန်းသွားလာသည့် နယ်စပ်စစ်ဆေးရေးဂိတ်၊ Toll Gate များ၊ မြို့တွင်းရုံးများ၊ ဆေးရုံများ၊ အများ ပြည်သူ နေထိုင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာများ၊ ဈေးဆိုင်များ၊ ခရီးသွားပြည်သူများ၊ ကြက်ခြေနီနှင့် လူမှုကူညီရေးယာဉ်များကို လမ်းကြောင်းပိတ်ဆို့ ပစ်ခတ်တိုက်ခိုက်နှောင့်ယှက်ဖျက်ဆီးခြင်း၊ သက်ကြီးရွယ်အို အမျိုးသား၊ အမျိုးသမီးများ၊ လူရွယ်လူငယ်များကို ရက်စက်စွာ နှောင့်ယှက်ပစ်ခတ်ခြင်း၊ သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခြင်းများသည် ရက်စက်ကြမ်းကြုတ်ယုတ်မာသော လူမဆန်သည့် တိုက်ခိုက်မှု လုပ်ရပ်များဖြစ်ပါတယ်။ ယနေ့လက်ရှိအခြေအနေထိ တိုက်ခိုက်မှုများကိုတင်ပြပါ မြို့နယ်များမှာ KIA,TNLA, MNDAA မဟာမိတ်တပ် ပေါင်းစုပူးပေါင်းအဖွဲ့တွေ နေရာစပ်ကြားတိုက်ကွက်ဖော်ပြီး ပစ်ခတ် တိုက်ခိုက်နေမှုတွေ လုပ်ဆောင်နေမှုတွေဟာ ရှမ်းပြည်နယ်အတွက် လွန်စွာ အရုပ်ဆိုးအကျည်းတန်တဲ့လုပ်ရပ်တွေဖြစ်သလို ဒီလိုလုပ်ရပ်တွေကြောင့်



D/real(wide) (9



သူငယ် (၈၀၀)ကျော်၊ အမျိုးသမီး(၁၁၀၀)ကျော်၊ သက်ကြီးရွယ်အို (၁၅၀)ကျော်၊ ကိုယ်ဝန်ဆောင်မိခင် (၂၀)ကျော်ပါဝင်နေတယ်လို့လည်း ကြားသိရပါတယ်။ တစ်ချို့ ကတော့လမ်း၊ တစ်ချို့ကရေကြောင်းနဲ့ နည်းမျိုးစုံထွက်ပြေးခိုလှုံလို့ နေ့စဉ်နဲ့အမျှ ကြောက်လန့်နေကြရပြီး ကျိုးလန့်စာစားနေကြရပါတယ်။

နိုင်ငံတော်ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းကို ထိခိုက်လာသလို တရားဥပဒေစိုးမိုးရေးတွေ ဆိတ်သုဉ်းလာနိုင်ပါတယ်။ လယ်ပစ်၊ ယာပစ်၊အိုးအိမ်ပစ်ခဲ့ရလို့ ပြည်သူတစ်နေ့လုပ်တစ်နေ့စားမှစ၍ ထိခိုက်လာနိုင်ပြီး အနာဂတ်ဝမ်းစာအတွက် ပူပန်စရာဖြစ်လာရပါတယ်။ မူဆယ်တစ်ခရိုင်လုံးကျောင်းတွေပိတ်လို့ ပညာရေးတွေလည်း ဆုံးရှုံးနေကြရပါပြီ။ တိုက်ခိုက်မှုများကြောင့် ထိတ်လန့်နေကြရပြီး နေ့မအိပ်နိုင်၊ ညမအိပ်နိုင်၊ အစားအသောက်နှင့် ကျန်းမာရေးပါ ထိခိုက်ဆုံးရှုံးမှုများတာ တွေ့ရှိရပါတယ်။ တိုက်ပွဲသံများကြောင့် လန့်နေကြရပါတယ်။ဒီလိုဖြစ်ပျက်နေတဲ့ အနိဋ္ဌာရုံဟာ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်ရဲ့ Vision ဖြစ်တဲ့ ရှမ်းပြည်နယ်ပြည်သူပြည်သားတို့၏ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တန်းတူညီမျှရေး၊ လူမှုစီးပွားဘဝစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဆိုတဲ့ မျှော်မှန်းချက်တွေလည်း ကြီးမားစွာထိခိုက်လာခဲ့ရပြီဖြစ်ပါတယ်။ ဘယ်လိုပင်ဖြစ်ဖြစ် ကိုယ်နေတဲ့အိမ်ကိုပဲ ကိုယ်ပြန်ချင်တဲ့ သူတွေက ပြန်ချင်ကြတာပါ။ မိသားစုနှင့်အတူတစ်ကွ အေးချမ်းစွာ လုပ်ကိုင် ရှာဖွေစားသောက်ကြတာပါ။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုဒုက္ခတွေ ပင်လယ်ဝေနေတဲ့ စစ်ဘေး၊ စစ်ဒဏ်သင့်တဲ့ ပြည်သူတွေရဲ့ ဆန္ဒတွေကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ဖို့ ယခုလို အကျည်းတန်၊ အရုပ်ဆိုးလွန်းလှတဲ့ လုပ်ရပ်တွေဖန်တီးနေတဲ့ ဒီမဟာမိတ်တပ်ပေါင်းစုအကြမ်းဖက်အဖွဲ့တွေရဲ့ လုပ်ရပ်တွေကို ပြစ်တင်ရှုတ်ချ

ဒေသခံပြည်သူလူထုတွေဟာ မိမိတို့ရဲ့ အိုးအိမ်စည်းစိမ် တွေကို စွန့်ခွာပြီး စစ်ဘေးရှောင်ဘဝနဲ့ အင်မတန် ဆိုးရွားလွန်းတဲ့ ဘဝကို ရင်ဆိုင်နေကြရပါတယ်။ ဘေးကင်းတဲ့မြို့၊ ရွာတွေမှာ ခိုလှုံ နေတဲ့ စစ်ဘေးရှောင်ပြည်သူတွေ ရှိနေသလို နီးစပ်ရာအိမ်နီးချင်း နိုင်ငံတွေမှာ သွားရောက်ရှောင်ပြေး ခိုလှုံ နေကြသူတွေလည်းရှိပါတယ်။ မိမိနေထိုင်တဲ့မြို့၊ ရွာတွေ့ရဲ့အနီး ဘေးကင်းမယ်ထင်တဲ့ တောတောင်၊ လျှိုမြောင်တွေကြားထဲမှာ မျက်ရည်စက်များစွာနဲ့ ကျိုးလန့်စာစား ခိုအောင်းနေကြရပါတယ်။

ယခုလို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အပြစ်မဲ့ပြည်သူလူထုတွေအပေါ် တိုက်ခိုက်ခြင်းအပြင် အပြစ်မဲ့ပြည်သူလူထုများပါသေကြေပျက်စီးခဲ့ရတယ်။ ပြည်သူလူထုတို့၏ အသက်အိုးအိမ်စည်းစိမ်တွေကို နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ ထိုးစစ်ဆင်တိုက်ခိုက်ခြင်း လုပ်ရပ်များသည် လက်ရှိနိုင်ငံတော်၏ အကောင်အထည်ဖော်ဆောင်ရွက်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နှောင့်ယှက် ပျက်စီးစေသည့်အပြင် ပြည်သူလူထု၏ အနာဂတ်ဘဝလုံခြုံချောမွေ့စွာ အသက်မွေးဝမ်းကျောင်းနေထိုင်ရေးကို ထိခိုက်စော်ကားလာပြီး နိုင်ငံတော်၏အချုပ်အခြာအာဏာကိုထိပါးစော်ကားလာခဲ့ပြီဖြစ်သဖြင့် အဆိုပါ KIA,TNLA,,MNDAA မဟာမိတ်တပ်ပေါင်းစုပူးပေါင်းအဖွဲ့များ၏ လုပ်ရပ်များအား ပြင်းထန်စွာရှုတ်ချကြောင်းနှင့် လားရှိုးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူ၏ KIA, TNLA, MNDAA လက်နက်ကိုင်များရဲ့ အပြစ်မဲ့ပြည်သူလူထုအပေါ် ဆောင်ရွက်ခဲ့တဲ့ လုပ်ရပ်များအပေါ် အပြစ်တင်ရှုတ်ချကြောင်း အဆိုကို အလေးအနက်ထောက်ခံ ဆွေးနွေးတင်ပြအပ်ပါသည် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။



D/real(wide) (9



ခရိုင်မှာရှိတဲ့ နိုင်ငံတော်အကြီးမားဆုံးသော စီးပွားရေး၊ ကုန်သွယ်ရေးဇုန်တစ်ခုအပါအဝင်ဖြစ်တဲ့ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးစခန်းကို မြောက်ပိုင်းမဟာမိတ်တပ်ပေါင်းစုံ လက်နက်ကိုင်အဖွဲ့များက ၂၀-၁၁-၂၀၁၆ရက်နေ့မှာ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်၊ မိုင်းထောင်၊ ဗုံးခွဲမှု စတင်လုပ်လိုက်တဲ့အချိန်မှာ နောက်ဆက်တွဲအနေနဲ့ စစ်ရေးပစ်မှတ်မဟုတ်တဲ့ နိုင်ငံတော်၊ နိုင်ငံသား၊ ပြည်သူများပိုင်ဆိုင်တဲ့လမ်း၊ တံတားတွေ၊ အဆောက်အဦတွေကို ထပ်မံပြီး ဗုံးခွဲ ဖျက်ဆီးသွားတဲ့ အနေအထားမျိုးတွေ့ရှိရပါတယ်။

ဒီလို ဥပဒေမဲ့လုပ်ရပ်တွေ နိုင်ငံတော်၊ နိုင်ငံသူ၊ နိုင်ငံသားပိုင်ဆိုင်တဲ့အဆောက်အဦကိုမိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းသည် ဂျနီဗာကွန်ဗင်းရှင်း ( Common Article 3နှင့် Protocol 2 ၏ Article 4 ) တို့ကို ချိုးဖောက်ကျူးလွန်ရာ ရောက်ပါသောကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ အခန်း(၁) ပုဒ်မ ၂၀၊ပုဒ်မခွဲ(င)နှင့် အခန်း(၇)၊ ပုဒ်မ ၃၃၉၊ ၃၄၁ အရ နိုင်ငံရဲ့ ဒို့တာဝန်အရေး(၃) ပါးအား ကာကွယ်စောင့်ရှောက်သွားရန်အပါအဝင် ဒီကနေ့ နိုင်ငံ၏ ပြည်တွင်းပြည်ပအန္တရာယ်များမှ ကာကွယ်ရေးနှင့်ဘေးအန္တရာယ်များကျရောက်လာတဲ့အခါမှာ တပ်မတော်ကကူညီဆောင်ရွက်ပေးရမည်ဟု အတိအလင်း ပြဋ္ဌာန်းပါရှိတဲ့အတိုင်း အစိုးရနှင့် ပြည်သူလူထု ပူးပေါင်းပြီးတော့မှ မိမိနိုင်ငံ၊ မိမိနိုင်ငံသားများတို့၏ အကျိုးစီးပွားရေးအတွက် နယ်မြေတည်ငြိမ် အေးချမ်းအောင် တရားဥပဒေနှင့်အညီ ဆက်လက်ကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်သည့် အားလျော်စွာ ကြိမ်ဖန်များစွာ ပြီးခဲ့သော အစိုးရသက်တမ်းမှာလည်းပဲ ၂၀၁၅ခုနှစ်၊ အောက်တိုဘာ လ (၁၅)ရက်နေ့မှာ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ဦးဆောင်ပြီးတော့မှ တစ်နိုင်ငံလုံး

အပစ်အခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူ စာချုပ် NCA ကို တံခါးဖွင့်ပြီးတိုင်းရင်းသားလက်နက်ကိုင် များအားလုံးကို ဖိတ်ခေါ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ ပါတယ်။ အဲဒီအချိန်ကာလမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်း (၈)ဖွဲ့သည်သာလျှင် လက်မှတ်ရေးထိုးနိုင်ပြီး ဒီကနေ့ KIA အဖွဲ့အနေဖြင့် လက်မှတ်မရေးထိုးခဲ့ရပါဘူး။ တိုင်းပြည်၏ အနာဂတ်မှာ အေးချမ်းတည်ငြိမ်အောင် သွားနေတဲ့ဖက်ဒရယ် စနစ်ကို အေးအတူပူအမျှ အကောင်အထည်ဖော်သွားနိုင်အောင် အစိုးရသက်တမ်း အသစ်ရောက်လာတာနှင့်အမျှ ကျွန်တော်တို့ နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်ကြီး ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ပြီး ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ၂၁ရာစုပင်လုံကို ၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှ စက်တင်ဘာလ ၃ ရက်နေ့ အထိ ကျင်းပပြီးစီးပြီးတော့ လက်မှတ်ရေး ထိုးဖို့အဆင်သင့် မဖြစ်သေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အားလုံး ပါဝင်နိုင်ရေးအတွက်လည်းပဲ ဥပဒေနှင့်အညီ ဆက်လက်ကြိုးပမ်း ဆောင်ရွက်ရန် လျာထားတာရှိပါတယ်။ ငြိမ်းချမ်းရေးညီလာခံမှာ ဒီကနေ့ KIA ခေါင်းဆောင်ကြီး ဦးပန်တလလည်း မိန့်ခွန်း ပြောကြားခွင့် ပေးတဲ့အထိကို နိုင်ငံတော်ပိုင်းကတော့ လိုက်လျော ထားတာရှိပါတယ်။

နိုင်ငံတော်အစိုးရ အဆက်ဆက်နှင့် နိုင်ငံသူနိုင်ငံသားများ အားလုံးဟာ လွန်ခဲ့သောနှစ်ပေါင်းမြောက်မြားစွာ ကတည်းက မျှော်လင့်တောင့်တနေတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို ရရှိနိုင်ရန်အတွက် အာရုံစိုက် ကြိုးပမ်းအားထုတ် ဆောင်ရွက်နေတဲ့ယခုအချိန်ခါမျိုးမှာ ယခုလိုဥပဒေမဲ့ တိုက်ခိုက်ခြင်း၊ ဖျက်ဆီးခြင်း၊ အကြမ်းဖျက်လုပ်ငန်းများဆောင်ရွက်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်တဲ့ နိုင်ငံသူနိုင်ငံသားများပိုင်ဆိုင်သောလမ်း၊



D/real(wide) (9



**ဥက္ကဋ္ဌ။** ဆက်လက်ပြီးတောင်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးခွန်သူရအောင်က အဆိုကိုဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သူရအောင်၊ တောင်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များ အားလုံးနှင့်အတူ ဒီကနေ့ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာ ကြုံတွေ့နေ ရသောစစ်ဘေးဒုက္ခသည် ပြည်သူများ အားလုံး ကိုယ်၊ စိတ်နှစ်ဖြာ ကျမ်းမာ၊ချမ်းသာကြပါစေလို့ ကျွန်တော့် အနေနဲ့ ဦးစွာမေတ္တာပို့သ ဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တောင်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခွန်သူရအောင်ဖြစ်ပါတယ်။ ကျွန်တော့အနေနဲ့ (၆-၁၂-၂၀၁၆)ရက်နေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)ဒုတိယနေ့အစီအစဉ်မှာ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သူတင်သွင်းခဲ့ သောအရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့မှ အဆိုရှင် ဦးအောင်သူအနေနဲ့ (၆-၁၂-၂၀၁၆)ရက်နေ့မှာ ဖြစ်စဉ်များကို ပါဝါပွိုင့် နှင့်တကွ မီးမောင်းထိုးပြီး တင်ပြထားပြီးဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များလည်းဘဲ ကြားသိ၊ မြင်သိသိရှိပြီးသား ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်နှင့်မူဆယ်

တံတားများ၊ အဆောက်အဦများ ဖျက်ဆီးခြင်း ဒီအချိန်မှာ မလုပ်သင့်မလုပ်ထိုက်သော အချိန်ခါ ဖြစ်သည့်အတွက် ဒီကနေ့ လွှတ်တော်ရုံးမှာ ရောက်ရှိလာကြကုန်သော လွှတ်တော် ကိုယ်စားလှယ်များ အားလုံးသည်လည်း ကျွန်တော်နှင့်ထပ်တူထပ်မျှ စိတ်မကောင်းခြင်းများစွာ ဖြစ်ကြမည်မှာလည်းပဲ ကျွန်တော် ယုံကြည်ပါတယ်။ တစ်ဘက်ကို ပြန်ကြည့်ပြန်တော့လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသား မိဘပြည်သူတို့၏ လက်ရှိကြုံတွေ့နေရတဲ့ စစ်ဘေးဒုက္ခသည်များ ဘဝမှာ ကျီးလန့်စာစားနေရသည်ကို လွှတ်တော် ကိုယ်စားလှယ်များအားလုံးလည်း ကိုယ်ချင်းစာတရားထားပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါတယ်။

ခြုံငုံပြီးတော့ဆွေးနွေးရမည်ဆိုလျှင် တပ်မတော်သား ကိုယ်စားလှယ်လည်းပဲ ဆွေးနွေးထားပြီးဖြစ်ပါတယ်။ ဒီကနေ့ ဖြစ်ပွားနေသော ဒေသသည် TNLA လှုပ်ရှားနေသော ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလည်း မဟုတ်ပါဘူး။ ထိုနည်းလည်းကောင်းပါပဲ MNDAA လှုပ်ရှားနေသော ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသလည်း မဟုတ်ပါဘူး။ KIA ကချင် လက်နက်ကိုင်များအဖွဲ့ အခြေချထားသော ကချင်ပြည်နယ်မဟုတ်သလို AA ရခိုင်တပ်မတော် လှုပ်ရှားနေသော ရခိုင်ပြည်နယ်လည်း မဟုတ်ပါဘူး။ နိုင်ငံတော်ရဲ့ စီးပွားရေး အချက်အချာကြသော ရှမ်းပြည်နယ်ရဲ့ အစိတ်အပိုင်းဒေသဖြစ်သည့်အတွက် လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ မကြာခင်မှာ ဒီအဆိုကိစ္စနှင့်ပတ်သက်ပြီး ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ မည်သို့ပင်ဆိုစေကာမူ ကျွန်တော်တို့ရဲ့ နိုင်ငံတော်အကျိုး၊ အေးချမ်းတည်ငြိမ်ပြီး ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ရာစု ပင်လုံညီလာခံကြီး ရှေ့ဆက်ပြီး အေးအေးချမ်းချမ်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်



D/real(wide) (9



(၁၀၀၀ မှ ၁၂၀၀) အကြား ကုန်သွယ်မှု လုပ်ငန်းများ ဆောင်ရွက်ပါတယ်။ ကုန်သွယ်မှု ငွေပမာဏဟာ တစ်ရက် တစ်ရက် မှာ ပုံမှန်အားဖြင့် အမေရိကန်ဒေါ်လာ (၁၀)သန်းမှ (၁၂)သန်း ရရှိခဲ့ပါတယ်။ ဒါကြောင့် ၂၀-၁၁-၂၀၁၆ရက်နေ့မှ ၂၄-၁၁-၂၀၁၆ ရက်နေ့အထိ (၅)ရက်တာ ပိတ်လိုက်ရ တဲ့အခါမှာ နိုင်ငံတော်အတွက် စီးပွားရေးပမာဏ သန်း(၅၀)နဲ့(၆၀) ကြားမှာ ဆုံးရှုံးမှုတွေ ရှိခဲ့ရပါတယ်။ ထိုနည်းတူ အပြစ်မဲ့ပြည်သူများ၊ စစ်ရေးပစ်မှတ်မဟုတ်သော ပစ်မှတ်များကို ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများ အသက်အိုးအိမ်စည်းစိမ်များ ပျက်ပြားခဲ့ရပြီး စစ်ဘေးဒုက္ခသည်အဖြစ်သို့ရောက်ရှိလာခဲ့ရပါတယ်။ ဒီနေ့ ဒီအချိန်ထိ မူဆယ်ခရိုင်မှာ စာသင်ကျောင်း ပေါင်း (၆၂)ကျောင်းဟာ ပြန်လည်ဖွင့်လှစ်နိုင်ခြင်း မရှိသေးပါဘူး။ နိုင်ငံတော်၊ နိုင်ငံသူ နိုင်ငံသား ပိုင်သော လမ်း၊ တံတား များ၊ စီးပွားရေးဇုန်များ၊ စာသင်ကျောင်းများ၊ ဆေးပေးခန်းများ တိုက်ခိုက်ဖျက်ဆီးခြင်းကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားမိဘပြည်သူများအတွက် အကြီးအကျယ် ဆုံးရှုံးနစ်နာ ခဲ့ရပါတယ်။ ဒေသခံမိဘ ပြည်သူများတို့၏ လူနေမှုဘဝလုံခြုံရေးပျက်ပြားခဲ့ရပြီး၊ ယခုဆိုရင်ကျွန်တော်တို့ နိုင်ငံတော်မှာ အင်မတန် အရေးကြီးသောကာလ တစ်ခုရောက်ရှိပါပြီ။ ၂၁ရာစု ပင်လုံ ညီလာခံ လည်းပဲ လာမည့် ဖေဖော်ဝါရီလမှာ ဆက်လက်ကျင်းပဖို့ အစီအစဉ်ရှိပါတယ်။ ကျွန်တော်ယုံကြည်ပါတယ်။ နိုင်ငံတော် အစိုးရနှင့် ပြည်သူအားလုံး ဒီလိုအခွင့်ကောင်း၊ အခါကောင်းလေးမှာ အားလုံးဟာအေးအေး ချမ်းချမ်းနှင့် အေးအတူ ပူအမျှ ဖက်ဒရယ် ပြည်ထောင်စုစနစ်ကို လိုလိုလားလားချီတက်လိုသောဆန္ဒရှိမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒါကြောင့် လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သူ၏ တင်ပြသော အရေးကြီးအဆိုကို

ကျွန်တော့အနေနဲ့ ထောက်ခံ ဆွေးနွေးတင်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးတပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ဗိုလ်ကြီးပေါ်လာက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်ကြီးပေါ်လာ၊ တပ်မတော်သားပြည်နယ် လွှတ်တော်ကိုယ်စားလှယ်။** လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်းဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးပေါ်လာဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၆)၏ ဒုတိယနေ့မှာ တင်သွင်းခဲ့သည့် လားရှိုး မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သူ၏ အရေးကြီးအဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ယခုလက်ရှိရှမ်းပြည်နယ် (အရှေ့မြောက်ပိုင်း)မှာ ဖြစ်ပွား နေတဲ့ KIA, TNLA, MNDAA, နှင့် AA ပူးပေါင်းအဖွဲ့များဟာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နေကြတဲ့ တပ်မတော်စခန်းများနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများကို စခန်းသိမ်း တိုက်ပွဲများဖြင့် ဝင်ရောက်တိုက်ခိုက်ခြင်း၊ နှောင့်ယှက်ပစ်ခတ်ခြင်း၊ အပြစ်မဲ့





အောင်၊ နောက်ဆုံးကျွန်တော်တို့ တိုင်းရင်းသားများအားလုံး လိုလားတောင့်တတဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို သွားနိုင်အောင် အတွက် ကျွန်တော်တို့ ရှမ်းပြည်နယ်ရဲ့ ကံကြမ္မာကို ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မကြာခင်မှာ အဆုံးအဖြတ်ပေးရတော့မှာဖြစ်ပါတယ်။ ဆိုလိုသည်မှာ လက်နက်ကိုင်အဖွဲ့အစည်းများသည် ခံယူချက်၊ ယုံကြည်ချက်မတူ ကြလို့ အဖွဲ့အစည်း အသီးသီးများရှိကြပါတယ်။ လက်နက်ကိုင်များ အဖွဲ့အစည်းအချင်းချင်း ရင်ဆိုင်တိုက်ခိုက်ခြင်း၊ ထိုးစစ်ဆင်ခြင်း၊ ခံစစ်တန်ပြန်တိုက်ခိုက်ခြင်း၊ စခန်းသိမ်းခြင်း၊ စခန်းကျရှုံးခြင်းဟာလက်နက်ကိုင်အဖွဲ့ရဲ့ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာတစ်ခုဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်တို့လည်း မှတ်ချက်အထူးအထွေ ပေးစရာမလိုပါဘူး။ ယခုအခါ အပြစ်မဲ့ ပြည်သူများရဲ့ အသက်အိုးအိမ် စည်းစိမ်ကို ထိပါးမှု ရှိလာတယ်။ နိုင်ငံတော်အတွက် အင်မတန်ကို အားကိုးအားထားရတဲ့ စီးပွားရေး ဇုန်တွေ ခေတ္တပိတ်လိုက်ရတဲ့ အနေအထားများကြောင့် ဒီအဆိုကို ကျွန်တော့အနေနဲ့ ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြောက်ပိုင်းမဟာမိတ်ပူးပေါင်းအဖွဲ့တို့၏ ၂၀-၁၁-၂၀၁၆ရက်နေ့မှ စ၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်၊ ကွတ်ခိုင်မြို့နယ်နှင့် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကို ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်၊ ဗုံးခွဲမိုင်းထောင်ဖျက်ဆီးမှုတို့ကြောင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်အချုပ်အခြာအာဏာကို ထိပါးလာပါတယ်။ တစ်ဖက်မှာ ကျွန်တော်တို့ရဲ့ တရုတ်၊ မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများကိုလည်းပဲ ထိခိုက်နစ်နာမှု မြောက်မြားစွာရှိလာပါတယ်။ (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှာ ၂၀-၁၁-၂၀၁၆ ရက်နေ့မှ ၂၄-၁၁-၂၀၁၆ရက်နေ့ အထိ (၅)ရက်တာ ခေတ္တပိတ်လိုက်ရပါတယ်။ ကုန်သွယ်ရေးဇုန်မှာ ပုံမှန်အားဖြင့် ဒီအခင်းကိစ္စမဖြစ်ခင်မှာ ပုံမှန်အားဖြင့် နေ့စဉ်ကားအစီးရေ

ပြည်သူလူထုအပေါ် ဥပဒေမဲ့ သတ်ဖြတ် ကျူးလွန်ခြင်း၊ လမ်း၊ တံတားများနဲ့ အများပြည်သူပိုင် ပစ္စည်းများကို မိုင်းထောင်ဖောက်ခွဲခြင်းနှင့် လုယက်ဖောက်ထွင်း ခြင်းများစတဲ့ ဥပဒေမဲ့လုပ်ရပ်များဟာ အကြမ်းဖက်လုပ်ရပ်များဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ ၂၀၀၈၊ အခန်း(၁)ပုဒ်မ ၂၀(င)နှင့် အခန်း(၇) ပုဒ်မ ၃၃၉ ၊ ၃၄၁ အရ ဒို့တာဝန်အရေး(၃)ပါးကာကွယ်စောင့်ရှောက်ရန်အပါအဝင် နိုင်ငံတော်၏ ပြည်တွင်းပြည်ပအန္တရာယ်များမှ ကာကွယ်ရေးနှင့်ဘေးအန္တရာယ်များ ကျရောက်လာလျှင် တပ်မတော်က ကူညီ ဆောင်ရွက်ရမည်ဟုပြဋ္ဌာန်းပါရှိသည့်အတိုင်း အစိုးရ၊ ပြည်သူလူထုတို့နှင့်ပူးပေါင်းပြီး မိမိနိုင်ငံ၊ မိမိနိုင်ငံသားများ၏ အကျိုးစီးပွားအတွက် နယ်မြေတည်ငြိမ်အေးချမ်းအောင် ဥပဒေနှင့်အညီ ဆက်လက်ကာကွယ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် NCA ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈) ဖွဲ့တို့က နိုင်ငံတော်အစိုးရနှင့် သဘောတူလက်မှတ် ရေးထိုးခဲ့ကြပြီးဖြစ်သလို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ရာစုပင်လုံကို ၂၀၁၆ခုနှစ် ဩဂုတ်လ ၃၁ရက်နေ့မှာ ကျင်းပခဲ့ပြီး လက်မှတ်ရေးထိုးရန် အဆင်သင့်မဖြစ်သေးတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း အားလုံးပါဝင်ရေးကိုလည်း ဥပဒေနှင့်အညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးကို မဖြစ်မနေရယူလိုစိတ်အပေါ် အရင်းခံကာ စိတ်ရှည်သည်းခံလျက် ခိုင်ခိုင်မာမာရပ်တည်ဆောင်ရွက်လျက်ရှိ ပါတယ်။ ဒို့တာဝန်အရေး(၃)ပါးအပေါ် အခြေခံပြီး နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ မူဝါဒ(၃)ရပ်အပေါ်



D/real(wide) (9



လက်ရှိမိမိတို့ လျှောက်လှမ်းနေတဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်း တည်ငြိမ်အေးချမ်းရေး၊ ခိုင်မာမှုရှိရေးအတွက်၊ တပ်မတော်ကပါဝင်ဆောင်ရွက်နေရခြင်းဖြစ်ပြီး ယခုလိုအခြေအနေမျိုးရောက်အောင်တပ်မတော် အနေဖြင့်ပေးဆပ်မှု များစွာ ကြိုးစားခဲ့ရသည့်အတွက် လျှောက်လှမ်းနေသည့် လမ်းကြောင်းအားမည်သည့်နည်းနှင့်မျှ အပျက်အစီး မခံနိုင်ဘဲ လိုအပ်ချက်များကိုနိုင်ငံရေးလမ်းကြောင်းဖြစ်တဲ့ အစိုးရ၊ လွှတ်တော်လမ်းကြောင်းများကသာ ဒီမိုကရေစီ နည်းလမ်းတကျ တောင်းဆိုကြရမှာဖြစ်ပါတယ်။ ဒီမိုကရေစီ နည်းလမ်းတကျ ဆောင်ရွက်နိုင်တဲ့အခြေအနေအချိန်အခါမျိုးမှာ ယခုလို လက်နက်စွဲကိုင်ပြီးလိုချင်တာတောင်းဆိုခြင်း၊ လက်နက်ကိုင် လမ်းစဉ်ကို ဖက်တွယ်ပြီးလူမျိုးစွဲ၊ ဒေသစွဲ၊ ဝါဒစွဲတို့ဖြင့် ဆန္ဒကိုသာဦးစားပေးဖော်ဆောင်ဖန်တီးနေခြင်းများဟာ ဒီမိုကရေစီရဲ့ဆန့်ကျင်ဘက်ဖြစ်နေသည်ကိုအားလုံးအလေးအနက် သတိပြုကြရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီမိုကရေစနစ်ကိုလက်ခံပါက၊ ခိုင်မြဲစေလိုပါက လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေး၊ တရားဥပဒေလေးစားလိုက်နာရေး၊ လုပ်ထုံးလုပ်နည်းများနှင့်အညီလုပ်ကိုင်ရေးများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပါအဝင် ပြည်သူတစ်ရပ်လုံးက အလေးထားဆောင်ရွက်ရမယ့်ကိစ္စရပ်များဖြစ်ပါတယ်။ ပြည်တွင်းထာဝရ ငြိမ်းချမ်းရေးနှင့်စပ်လျဉ်းပြီး တပ်မတော်၏ သဘောထားအမြင်ကို တင်ပြရင်းစစ်ရေးပစ်မှတ်မဟုတ်တဲ့ အပြစ်မဲ့ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် လမ်းပန်းဆက်သွယ်မှုများကို နှောင့်ယှက်ထိပါးလျက်ရှိသော KIA, TNLA, MNDAA နှင့် AA ပူးပေါင်းအဖွဲ့များရဲ့ဆိုးရွားရက်စက်တဲ့ ဆောင်ရွက်ချက်များအပေါ် လားရှိုးမြို့နယ်

မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်သူ၏ **"ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်၊ ကွတ်ခိုင်ဒေသမှာ ဖြစ်ပွားနေတဲ့ KIA, MNDAA, TNLA လက်နက်ကိုင်သောင်းကျန်းသူများရဲ့ အပြစ်မဲ့ပြည်သူလူထု အပေါ် ဆောင်ရွက်ချက်များကို ပြစ်တင်ရှုတ်ချကြောင်းနှင့် အကြမ်းဖက်အဖွဲ့အစည်း အဖြစ်သတ်မှတ်သင့်ကြောင်း"** အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးရင်း ကျွန်တော့်ရဲ့ထောက်ခံဆွေးနွေးမှုကို နိဂုံးချုပ်လိုက်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခိုင်ညီညီကျော်က အဆိုကိုဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လားရှိုး မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူ၏ **"ရှမ်းပြည်နယ် (မြောက်ပိုင်း)မူဆယ်၊ ကွတ်ခိုင်ဒေသများ မှာ ဖြစ်ပွားနေတဲ့ KIA ,TNLA , MNDAA လက်နက်ကိုင်များ၏ အပြစ်မဲ့ ပြည်သူလူထု အပေါ် ဆောင်ရွက်ကြတဲ့ လုပ်ဆောင်မှုများကို ပြစ်တင်ရှုတ်ချကြောင်း၊ အကြမ်းဖက် အဖွဲ့အစည်းအဖြစ် သတ်မှတ်သင့်ကြောင်း"** အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ကျွန်တော် ဦးခိုင်ညီညီကျော်မှ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။



D/real(wide) (1



မှာရပ်တည်ပြီး အဖွဲ့အစည်းမျိုးစုံနဲ့ လက်တွဲပူးပေါင်း လုပ်ဆောင်နေတာကိုလည်း အားလုံးအသိပဲဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တပ်မတော်က ချမှတ် ထားတဲ့ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြစ်တဲ့ ထာဝရငြိမ်းချမ်းရေးရယူရန် အမှန်တကယ်ဆန္ဒရှိရန်၊ သဘောတူစာချုပ်များအတိုင်း ကတိတည်ရန်၊ ငြိမ်းချမ်းရေးသဘောတူညီချက်များအပေါ် အမြတ်မထုတ်ရန်၊ ဒေသခံပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်၊ နိုင်ငံတော်က ထုတ်ပြန်ထားတဲ့ တည်ဆဲဥပဒေများကို တိတိကျကျလိုက်နာရန်၊ ဒို့တာဝန်အရေး(၃)ပါးနှင့် ဒီမိုကရေစီ အနှစ်သာရကို လက်ခံပြီး ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ဒီမိုကရေစီလျှောက်လှမ်းမှုတွင် လိုက်ပါဆောင်ရွက်ရန် စတဲ့အချက် များဟာ ဖြတ်သန်းခဲ့ရတဲ့ အတိတ်သမိုင်းတစ်လျှောက်မှာ တွေ့ကြုံသိမြင်ခံစားရမှုများကို လက်ရှိအခြေအနေများနှင့် နှိုင်းယှဉ် သုံးသပ်ကာဖော်ထုတ်ထားတာ ဖြစ်တဲ့အတွက် ထာဝရငြိမ်းချမ်းရေး လိုလားသူတိုင်း၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတိုင်းက လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများလည်းဖြစ်ပါတယ်။

နောက်ဆက်လက်ကျင်းပမယ့် ငြိမ်းချမ်းရေးညီလာခံများမှာလည်း အပြန်အလှန်ညှိနှိုင်းပြီးမှ သဘောတူ ရေးဆွဲထားတဲ့NCA စာချုပ်ပါအချက်အလက်များ အပေါ်အခြေခံမှု အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ထို့အပြင် အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ဦးတည်ပြီး စစ်မှန်သည့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် တပ်မတော်၏ ငြိမ်းချမ်းရေး မူ(၆)ရပ်နှင့်အညီ လက်မှတ်ရေးထိုးရန် အဆင်သင့်မဖြစ်သေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို တပ်မတော်အနေနဲ့အမြဲတမ်းလက်ကမ်းကြိုဆိုလျက်ရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးများစွာ ရှိသည့်အနက် ရှမ်းပြည်နယ်တွင် တိုင်းရင်းသားလူမျိုး (၃၅)မျိုးနေထိုင်ပြီး လက်နက်ကိုင် အဖွဲ့အစည်း ပေါင်းများစွာရှိနေသည်မှာ အားလုံးအသိပင်ဖြစ်ပါတယ်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးရဲ့ ဖွားဖက်တော်အဖြစ် ပြည်တွင်းစစ်ကြီး ဖြစ်ပွားလာသည်မှာ ယခုဆိုလျှင် နှစ်ပေါင်း(၆၀) ကျော်ကြာလာသည်အထိ ပြည်တွင်းစစ်ဆင်နွှဲလာခြင်းမှာလည်း ယနေ့အချိန်ထိ ဖြစ်ပါတယ်။ ပြည်တွင်းစစ် ဒဏ်ကြောင့် တိုင်းပြည်မှာလည်း အခြားနိုင်ငံများနှင့် ယှဉ်လျှင် အဖက်ဖက်မှ နိမ့်ကျခဲ့ရပါတယ်။

ယခင်နိုင်ငံတော်ကို တာဝန်ယူခဲ့သောအစိုးရအဆက်ဆက်မှလည်း ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းအားထုတ်ခဲ့ကြသည်မှာ အားလုံးသိရှိပြီးဖြစ်ပါတယ်။ ယခုအစိုးရလက်ထက်တွင်လည်းငြိမ်းချမ်းရေး ပန်းတိုင်ရောက်ရှိအောင် (၂၁)ရာစု ပင်လုံညီလာခံကျင်းပနေသည်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံးအသိပင်ဖြစ်ပါတယ်။ ယခုအခါ ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် နိုဝင်ဘာလအတွင်းက ဖြစ်ပွားခဲ့သော ဖြစ်ရပ်များကြောင့် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်များပျက်စီးမှုဖြစ်ခဲ့ရသည့် အတွက်များစွာစိတ်မကောင်းဖြစ်ရပါတယ်။ တပ်မတော်မှာလည်း နိုင်ငံတော်အချုပ်အခြာအာဏာ ကိုထိပါးလာသည့် ပြည်တွင်းရန်ကို ဖြေရှင်းဆောင်ရွက်နေပြီး နယ်မြေ စိုးမိုးမှု ပြန်လည်ရရှိလာသည့် အတွက်များစွာအားရမိပါတယ်။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေ အခန်း(၇)၊ ပုဒ်မ ၃၃၉တွင် နိုင်ငံတော်အား ပြည်တွင်းပြည်ပအန္တရာယ်များမှ ကာကွယ်ရေး အတွက် တပ်မတော်မှ ဦးဆောင်ရမည်ဟုလည်းကောင်း၊ ပုဒ်မ ၃၄၁တွင် နိုင်ငံတော်တွင် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက်





ဆွေးနွေးတင်ပြရင်းနိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု နေ့လည်စာစားသုံးရန်အတွက် အစည်းအဝေးကို (၁နာရီ ၃၀ မိနစ်) ရပ်နားမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နေ့လည်ပိုင်းအစည်းအဝေး ကို (၁း၃၀)နာရီအချိန်မှာ ပြန်လည် စတင်မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်ခင်ဗျား။

## ရှမ်းပြည်နယ်
## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
## အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)
## (တတိယနေ့)မှတ်တမ်း
## ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်
## ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်
## [ ဗုဒ္ဓဟူးနေ့ ]
## (နေ့လည်ပိုင်း)

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)(တတိယနေ့)နေ့လည်ပိုင်းအစီအစဉ်များအား ဆက်လက် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ် ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။



D/real(wide) (1



ဘေးအန္တရာယ်များကျရောက်လာလျှင်တပ်မတော်က ကူညီဆောင်ရွက်ရမည်ဟု အတိအလင်း ပြဋ္ဌာန်းထားသည့်အတွက် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးလာသည့် မည်သည့်အဖွဲ့အစည်းကိုမဆို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ရန် မလိုအပ်ဘဲ ဥပဒေကပေးထားသည့် အခွင့်အာဏာအတိုင်း လုပ်ကိုင်ဆောင်ရွက်နိုင်ပါတယ်။

ယခုကဲ့သို့ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်လိုက်ပါက ၎င်းတို့၏ လုပ်ရပ်များသည် ရပ်တန့်သွားမည်မဟုတ်ဘဲ တစ်ဖက်နှင့်တစ်ဖက် သဘောထားအမြင် ပိုပိုကွဲလွဲလာကာ စစ်ပွဲများ ဆက်လက်ဖြစ်ပွားစေရန် တွန်းအားတစ်ရပ်သာ ဖြစ်လာ နိုင်သည်ဟု ထင်မြင်ယူဆမိ ပါတယ်။ တပ်မတော်အနေဖြင့်လည်း ယခုကဲ့သို့ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ပေးခြင်း အတွက်များစွာ ဂုဏ်ယူဝမ်းသာမိပါကြောင်း ထည့်သွင်းပြောကြားလိုပါတယ်။

သို့သော်ယခုအချိန်သည် (၂၁)ရာစု ပင်လုံညီလာခံကျင်းပနေဆဲကာလဖြစ်သဖြင့် တိုင်းရင်းသားလက်နက်ကိုင်များအား နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းရေးရရှိအောင် နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှလက်တွဲ၍ ကြိုးစားဆောင်ရွက်နေဆဲကာလဖြစ်ပါတယ်။ ယခုလို ထိလွယ်၊ ရှလွယ် သတိကြီးစွာ စဉ်းစားဆုံးဖြတ် ရမည့်အချိန်တွင် တိုင်းရင်းသားလက်နက် ကိုင်များအား အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်လိုက်မည်ဆိုပါက နိုင်ငံတော်၏ အဓိကရည်မှန်းချက်ဖြစ်သော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာသွားမည်ကို စိုးရိမ်မိပါသောကြောင့် လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူ၏ အဆိုပါအတိုင်း သတ်မှတ်ခြင်းမပြုပါရန်နှင့် ယင်းအဆိုကို မှတ်တမ်းအဖြစ်သာထားရှိ ပေးသင့်ပါကြောင်း

## အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လားရှိုးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်သူတင်သွင်းတဲ့ အရေးကြီးအဆိုနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ရှင်းလင်းဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သူမှ တင်သွင်းသောအရေးကြီးအဆိုနှင့်ပတ်သက်၍ **“ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်၊ ကွတ်ခိုင် ဒေသမှာ ဖြစ်ပွားနေတဲ့ KIA ,TNLA , MNDAA, AA လက်နက်ကိုင် သောင်းကျန်းသူများရဲ့ အပြစ်မဲ့ပြည်သူလူထုအပေါ် ဆောင်ရွက် ကြတဲ့ ဆောင်ရွက်ချက်များအပေါ် ပြစ်တင်ရှုတ်ချကြောင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ်သတ်မှတ်ကြောင်း** ”အရေးကြီးအဆို နှင့်ပတ်သက်၍ ဖြစ်စဉ်များကိုလေ့လာကြည့်တဲ့အခါမှာ ၎င်း သောင်းကျန်းသူ အဖွဲ့များသည် တပ်မတော်နှင့်လုံခြုံရေးအဖွဲ့ အစည်းများကို တိုက်ခိုက်သည်ဟု မယူဆဘဲ နိုင်ငံတော်အစိုးရကို စိန်ခေါ် တိုက်ခိုက်နေသည်ဟုယူဆရမှာဖြစ်ပါတယ်။





လုပ်ဆောင်ချက်များအတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း အံ့သြစွာ တွေ့ရှိရပါတယ်။ MNDAAဟာ ၂၀၀၉ခုနှစ် လောက်ကိုင်ဒေသမှ ဖုန်ကျားရှင်ခေါင်းဆောင်ပြီး မူးယစ်ဆေးဝါးစက်ရုံများ၊ လက်နက်စက်ရုံများတည်ဆောက်ပြီး ကိုယ်ကျိုးအတ္တတစ်ခုတည်းသာကြည့်ခဲ့တဲ့အဖွဲ့အစည်းမှ ပေါ်ပေါက်လာခဲ့တာဖြစ်ပါတယ်။ တပ်မတော်မှ ရှင်းလင်းတိုက်ခိုက်ခဲ့တဲ့အတွက်တစ်ဖက်နိုင်ငံသို့ ထွက်ပြေး တိမ်းရှောင်ခဲ့ခြင်းဖြစ်ပါတယ်။ TNLA ကလည်း ၂၀၁၂ခုနှစ် ဒီမိုကရေစီ အစိုးရကာလမှသာ MNDAAမှ ပြန်လည်အသက်သွင်း ပေးခဲ့ကြောင်းတွေ့ရှိရပါတယ်။ KIA၊ AA တို့ဟာလည်း မိမိနယ်မြေ အတွင်းမဟုတ်ဘဲ ရှမ်းပြည်နယ်အစိတ်အပိုင်းတစ်ခုကို ပူးပေါင်းအဖွဲ့အမည်ခံ၍ဝင်ရောက်တိုက်ခိုက်ခြင်း၊မည်သူမတာဒေသခံပြည်သူများကိုသတ်ဖြတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါ တယ်။ ယခုတင်ပြနေသည့်ကိစ္စများနှင့်ပတ်သတ်၍ ကိုးကန့်တိုင်းရင်းသား၊ ပလောင်တိုင်းရင်းသား၊ ကချင်တိုင်းရင်းသား၊ ရခိုင်တိုင်းရင်းသားများနှင့်ပတ်သက်မှုမရှိဘဲ ၎င်းတိုင်းရင်းသားများကို ကိုယ်စားမပြုသောလက်နက်ကိုင်အစုအဖွဲ့ကိုသာရည်ညွှန်းတင်ပြ နေခြင်းဖြစ်ပါတယ်။

ယခုကဲ့သို့ ၎င်းတို့၏လုပ်ရပ်ကိုရှုတ်ချခြင်း၊ အကြမ်းဖက်အဖွဲ့အစည်းအဖြစ်သတ်မှတ်မှသာ နောင်တစ်ချိန်မှာ အရပ်သားပစ်မှတ်များ၊ ပြည်သူလူထုကို သတ်ဖြတ်ခြင်း၊ လမ်း၊ တံတားများဖောက်ခွဲဖျက်ဆီးခြင်းများကို ရပ်တန့်ဆင်ခြင်သွားမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူ၏ အဆို **“ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်၊ ကွတ်ခိုင်ဒေသမှာ ဖြစ်ပွားနေတဲ့ KIA, TNLA, MNDAA, AA လက်နက်ကိုင် သောင်းကျန်းသူ များရဲ့** အပြစ်မဲ့ ပြည်သူလူထုပေါ် ဆောင်ရွက်ကြတဲ့ ဆောင်ရွက်

**ချက်များအပေါ် ပြစ်တင်ရှုတ်ချကြောင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ကြောင်း”** အရေးကြီး အဆိုအား လေးလေးနက်နက်ထောက်ခံပါကြောင်းနှင့် ၎င်းအဆိုကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အရေးကြီးအဆိုနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက အတည်ပြုရန်အတွက် ရှင်းလင်း ဆွေးနွေးသွားပါတယ်။ လားရှိုးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်သူ၏ **“ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်၊ ကွတ်ခိုင် ဒေသတွေမှာ ဖြစ်ပွားနေတဲ့ KIA,TNLA, MND,AA လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့များ၏ အပြစ်မဲ့ ပြည်သူလူထုအပေါ် ဆောင်ရွက်ကြတဲ့ ဆောင်ရွက်ချက်များအပေါ် ပြစ်တင်ရှုတ်ချကြောင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ်သတ်မှတ်ကြောင်း”** အရေးကြီး အဆိုနှင့် စပ်လျဉ်းပြီးအတည်ပြုရန် လွှတ်တော်၏ဆန္ဒကိုရယူမှာဖြစ်ပါတယ်။ ဒီနေရာမှာ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၂၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၇(က)အရ အစည်းအဝေး တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်မှာဖြစ်ပြီး လျှို့ဝှက်မဲပေးစနစ်နဲ့ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါကြောင့် လျှို့ဝှက်မဲပေးစနစ်ပုံစံနှင့် ပတ်သက်လို့ ရှင်းလင်းတင်ပြ သွားမှာဖြစ်ပါတယ်။ မဲမှာ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်သူ တင်သွင်းသည့် အရေးကြီးအဆိုနှင့် စပ်လျဉ်းသည့် ဆန္ဒမဲလက်မှတ် နည်းဥပဒေ၃၁(ခ)(၁)ဖြစ်ပါတယ်။ နောက်ဆုံးစာတိုင်မှာ မှတ်ချက်



D/real(wide) (1



၎င်းအပြင် နိုဝင်ဘာ(၂၀)ရက်နေ့မှ စတင်သောတိုက်ပွဲများသည် ဒေသအတွင်းတည်ငြိမ်မှုကို ပျက်ပြားစေရန်လည်းကောင်း၊ ရိုးသားစွာစီးပွားရှာစားသော ပြည်သူလူထုကို အထိတ်တလန့်ဖြစ်စေခြင်း၊ အပြစ်မဲ့ပြည်သူများနှင့် မြို့၊ ရွာများကိုပစ်ခတ်တိုက်ခိုက်သတ် ဖြတ်ခြင်း၊ လမ်း၊ တံတားများအား ဖျက်ဆီးခြင်းများကို ဆောင်ရွက်ခဲ့ ကြောင်းတွေ့ရှိရပါတယ်။ ၄-၁၂-၂၀၁၆ရက်နေ့အထိ စာရင်းချုပ်အရ အရပ်သား (၃၉)ဦး ဒဏ်ရာရရှိပြီး သေဆုံးသူ (၁၁)ဦး ထိရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။ ၎င်းအပြင် မြန်မာနိုင်ငံ၏ အဓိကအားထားနေရသော မူဆယ်စီးပွားရေးဇုန်သည် ယခင် အခြေအနေက တစ်နေ့လျှင် အမေရိကန်ဒေါ်လာ (၁၀) သန်းကျော် နိုင်ငံတော်အတွက်ဝင်ငွေ ရှာဖွေပေးနိုင်ခဲ့ပြီး တိုက်ပွဲများစတင်ဖြစ်ပွားသည့် နေ့ရက်မှစ၍ တစ်ရက်၊ နှစ်ရက်အတွင်း ဝင်ငွေလုံးဝ ရပ်တန့်သွားခဲ့ကြောင်းတွေ့ရှိရပါတယ်။

ထို့ကြောင့် ၎င်းသောင်းကျန်းသူအဖွဲ့အစည်းများသည် ရည်ရွယ်ချက်ရှိရှိ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍကိုပါ တိုက်ခိုက် ခဲ့ခြင်းဖြစ်ကြောင်းတွေ့ရှိရပါတယ်။ ၎င်းအပြင် တစ်ဖက်နိုင်ငံသို့ လက်နက်ကြီး၊ လက်နက်ငယ်များပစ်ခတ်ခဲ့ခြင်းကြောင့် ယခင် ချစ်ကြည်ရင်းနှီးမှုရှိသော တရုတ်နိုင်ငံနှင့်ချစ်ကြည်ရင်းနှီးမှု ပျက်ပြားစေရန် ရည်ရွယ်ချက် ရှိရှိလုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ၎င်းအပြင် လားရှိုး၊ မူဆယ် ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိ ကားများအား မီးရှို့ဖျက်ဆီးခြင်း၊ အရပ်သားများအား ဆက်ကြေးငွေကောက်ခံခြင်းများ ဆောင်ရွက်ခဲ့သည့်အတွက် ပြည်သူများ၏ ပိုင်ဆိုင်မှုပစ္စည်းများကို ပြည်သူ့မျက်နှာမထောက်ဘဲ လုယူဖျက်ဆီးခဲ့ခြင်းများကို တွေ့ရှိရ ပါတယ်။

၎င်းသောင်းကျန်းသူအဖွဲ့များ၏ လုပ်ဆောင်ချက်များကို သုံးသပ်ရလျှင် နိုင်ငံတကာ အကြမ်းဖက်အဖွဲ့အစည်းများ၏

ပေးထားပါတယ်။ စာတိုင် အမှတ်စဉ် (၁)မှာ အရေးကြီးအဆိုအား ထောက်ခံသည့် အကွက် ၁ ကွက်၊ နံပါတ်(၂)မှာ အရေးကြီး အဆိုအား အတည်ပြုရန် ကန့်ကွက်သည် ဆိုသည့် အကွက် ၁ ကွက်၊ နံပါတ်(၃)မှာ အရေးကြီး အဆိုအား အတည်ပြုရန် ကြားနေ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ဒီ(၃)ချက် ထဲက တစ်ချက်ကို ဆန္ဒမဲပေး ရမှာဖြစ်ပါတယ်။ မဲပေးသည့်အခါမှာ အမှန်အမှတ်သား နဲ့ပဲ ပေးရမှာ ဖြစ်ပါတယ်။ ဥပမာ အရေးကြီး အဆိုကို အတည်ပြုရန် ထောက်ခံသည့် ပုဂ္ဂိုလ်တစ်ဦးဟာမှတ်ချက် ဆိုသည့် စာတိုင်အကွက်ထဲမှာ အမှန်အမှတ်အသားကို ရှင်းရှင်း လင်းလင်း ရေးဖို့လိုအပ်ပါတယ်။ အကယ်၍အရေးကြီးအဆိုအား ကန့်ကွက်ပါက မှတ်ချက် စာတိုင်မှာ ဒုတိယအကွက်ထဲမှာ အမှန် အမှတ်အသားကို ရေးခြစ်ခြင်းအားဖြင့် ကန့်ကွက်တယ်ဟုယူဆ ပါတယ်။ နောက်တစ်ခုက အရေးကြီးအဆိုကို အတည်လည်း မပြုဘူး၊ ထောက်လည်းမထောက်ခံဘူး၊ ကန့်လည်းမကွက်ဘူး ဆိုလျှင် ကြားနေဖြစ်သည့်အတွက် အောက်ဆုံးအကွက်မှာ Tick ဖော်ပြဖို့ဖြစ်ပါတယ်။ ဆန္ဒမဲပေးသည့်အခါမှာ Tick ကို နှစ်နေရာ သွားပေးလျှင်လည်း ပယ်မဲဖြစ်ပါတယ်။ ဘာမှမရေးလျှင်လည်း ပယ်မဲဖြစ်သလို၊ ၃ခုစလုံးကို အမှန်အမှတ်အသားပေးလျှင်လည်း ပယ်မဲဖြစ်ကြောင်း ရှင်းလင်းပြောကြားလိုပါတယ်။ မေးစရာရှိမေး နိုင်ပါတယ်။ ရှင်းလင်းပြီးသားဖြစ်သည့်အတွက် ယခုအစီအစဉ်များ ကို အခမ်းအနားမှူးမှ ဆန္ဒမဲထုတ်ဖို့အတွက် ဆက်လက်ဆောင်ရွက် ရန်ဖြစ်ပါတယ်။





လျှို့ဝှက်ဆန္ဒမဲပေးရန် ကိုယ်စားလှယ်များ ကျန်ရှိပါ သေးလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ )**

ဆက်လက်ပြီး လျှို့ဝှက်ဆန္ဒမဲပုံးအတွင်းမှ ဆန္ဒမဲများကို အထောက်အကူပြုဝန်ထမ်းအဖွဲ့မှ ထောက်ခံ၊ ကန့်ကွက်၊ ကြားနေ ဆန္ဒမဲများကို ရေတွက်ပါမယ်။ ဆန္ဒမဲများကို ရေတွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များမှ ဝန်ထမ်းအဖွဲ့အား ဝိုင်းဝန်း ကြီးကြပ် ကူညီပေးနိုင်ပါရန်အတွက် ဖိတ်ခေါ်ပါတယ်။ ကျေးဇူး တင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆန္ဒမဲပေးပွဲတွင် ထုတ်ပေးသော ဆန္ဒမဲလက်မှတ်မှာ ၁၁၅ စောင် ရှိပြီး ဆန္ဒပြုသည့်မဲလက်မှတ်မှာ ၁၁၅ စောင် ဖြစ်သည့်အတွက် ဆန္ဒမဲပေးပွဲ အထမြောက်ကြောင်းကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အရေးကြီးအဆိုအား အတည်ပြုရန် ထောက်ခံသည့်ဆန္ဒမဲ ၆၃ မဲ၊ ကန့်ကွက်သည့်ဆန္ဒမဲ ၄၅ မဲ၊ ကြားနေဆန္ဒမဲ ၇ မဲ ဖြစ်ပါတယ်။ အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ထောက်ခံမဲ ၆၃ မဲဖြင့် အများဆုံး ရရှိသည့်အတွက် အဆိုကို အတည်ပြုကြောင်း လွှတ်တော်က ကြေညာပါတယ်။

## "ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် ဒေသခံပြည်သူများ အသက်အိုးအိမ် စားဝတ်နေရေးတို့ကို များစွာ ထိခိုက်သောကြောင့် တိုက်ပွဲများ အမြန်ဆုံး ရပ်ဆိုင်းရေးကို ပြည်ထောင်စုအစိုးရ ရှမ်းပြည်နယ်အစိုးရမှ ဦးဆောင်၍ ငြိမ်းချမ်းရေး ဆွေးနွေးပေးရန်" အရေးကြီးအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၈)ဖြစ်ပါတယ်။ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းစိန်လူက၊ **"ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတွင် ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ် စားဝတ်နေရေးတို့ကိုများစွာ ထိခိုက်စေသောကြောင့် တိုက်ပွဲများ အမြန်ဆုံး ရပ်ဆိုင်းရေးကို ပြည်ထောင်စုအစိုးရ၊ရှမ်းပြည်နယ်အစိုးရမှ ဦးဆောင်၍ ငြိမ်းချမ်းရေးဆွေးနွေးပေးရန်"** အဆိုဖြစ်ပါတယ်။ ယခု ဦးစိုင်းစိန်လူက အရေးကြီး အဆိုကို တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းစိန်လူ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** မင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ရှမ်းပြည်နယ်အစိုးရအဖွဲ့အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝအပ်ပါတယ်။ ကျွန်တော်





**အခမ်းအနားမှူး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား ။ လားရှိုး မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သူ၏ **"ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်၊ ကွတ်ခိုင် ဒေသမှာ ဖြစ်ပွားနေသော KIA ,TNLA , MNDAA လက်နက်ကိုင် သောင်းကျန်းသူများ၏ အပြစ်မဲ့ ပြည်သူ လူထုပေါ် ဆောင်ရွက်ကြသော ဆောင်ရွက်ချက်များအပေါ် ပြစ်တင်ရှုတ်ချကြောင်းနှင့် အကြမ်းဖက် အဖွဲ့အစည်းအဖြစ် သတ်မှတ်ကြောင်း"** အရေးကြီးအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြု၊ မပြု ဆုံးဖြတ်နိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်မှ ကြီးကြပ်သူ အရာရှိနှင့်အထောက်အကူပြု ဝန်ထမ်းအဖွဲ့အား ၂၀၁၃ခုနှစ် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈(ခ)အရ ဖွဲ့စည်းကူညီ သွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ဆန္ဒမဲလက်မှတ်များအား ခရိုင်အက္ခရာစဉ်အလိုက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား ဖိတ်ခေါ်မည်ဖြစ်ပါကြောင်းနှင့် ဆန္ဒမဲလက်မှတ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်တိုင်လက်မှတ် ရေးထိုးပြီး အခမ်းအနားမှူးကျွန်တော့်ထံမှာလာရောက်ထုတ်ယူကြရန် မေတ္တာရပ်ခံအပ်ပါတယ်။ ထို့နောက်လျှို့ဝှက်ဆန္ဒပြုခန်းများတွင် ဆန္ဒပြု၍မဲပေးခြင်းအား ဆောင်ရွက်ပေးသွားပါရန် လေးစားစွာဖြင့် ပန်ကြားမေတ္တာရပ်ခံအပ်ပါတယ်။ ဝန်ထမ်းများမှ မဲပေးနိုင်ရေးအတွက် ကူညီဆောင်ရွက်ရန်ဖြစ်ပါတယ်။

**(ရှမ်းပြည်နယ်လွှတ်တော်ရုံးညွှန်ကြားရေးမှူးမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား ခရိုင်အက္ခရာစဉ်အလိုက် ခေါ်ယူသွားပါသည်။)**

ကတော့ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်လူ ဖြစ်ပါတယ်။ ယခု ကျွန်တော်တင်သွင်းမည့် အရေးကြီးအဆိုကတော့ **"ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသ မူဆယ်၊ ကွတ်ခိုင်၊ သိန္နီ၊ နမ္မတူ၊ ၁၀၅ မိုင်၊ ပန်ဆိုင်း၊ မုံးကိုးတို့တွင် ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် ဒေသခံပြည်သူများ၏ အသက်၊ အိုးအိမ်စည်းစိမ်၊ စားဝတ်နေရေးတို့ကို များစွာထိခိုက်စေ ပါသဖြင့် တိုက်ပွဲများ အမြန်ဆုံးရပ်တန့်နိုင်ရေး ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံးအား တိုက်တွန်းကြောင်း"** အရေးကြီးအဆိုဖြစ်ပါသည်။

တင်သွင်းလိုသော အကြောင်းအရင်းမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်၊ ကွတ်ခိုင်၊ သိန္နီ၊ နမ္မတူ၊ ၁၀၅ မိုင်၊ ပန်ဆိုင်း၊ r kJ; kw W Gfajr mu fykfr[ mrd fw yzU ko d/Sao mKIA၊ TNLA၊ MNDAA၊ AAလက်နက်ကိုင် တပ်ဖွဲ့များနှင့် မြန်မာ့တပ်မတော်တို့အကြား ၂၀-၁၁-၂၀၁၆ ရက်နေ့ နံနက် ၂း၁၅ နာရီမှစ၍ ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိရာ ဒေသခံပြည်သူများ သေကြေ၊ ထိခိုက်ဒဏ်ရာရရှိခြင်းများ စစ်ဘေးတိမ်းရှောင်နေရမှု စသည့် လူမှုဒုက္ခများစွာ ကြုံတွေ့နေကြရပါသည်။

ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အရပ်သား ၉ ဦး၊သေဆုံးပြီး ၂၆ ဦး ဒဏ်ရာရရှိခဲ့ပါသည်။ အများပြည်သူ အသုံးပြုသော တံတားများ ဗုံးခွဲတိုက်ခိုက်ခံရပါသည်။ တိုက်ခိုက်မှုများ၏ နောက်ဆက်တွဲ အကျိုး သက်ရောက်မှုကြောင့် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် ပိတ်သိမ်းထားရသည့်အတွက် တောင်သူလယ်သမားများ၏ ခြံထွက်သီးနှံများ၊ လယ်ယာထွက်သီးနှံများ မရောင်းချရ၍ နစ်နာဆုံးရှုံးရမှုများ ကြုံတွေ့နေရပါသည်။ ပြည်သူ



D/real(wide) (1



ရပ်ကွက် ၅ လူနေအိမ်များအပေါ် ဗုံးထိမှန်ပြီး နေအိမ် ၄ လုံး ထိခိုက် ပျက်စီးခြင်း၊ လူအချို့ ထိခိုက်ဒဏ်ရာရရှိခြင်း၊ စယ်လန့်ကျေးရွာတွင် ဗုံးကွဲခြင်းစသည်များ ဖြစ်ပွားလျက်ရှိနေပါသည်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသအနှံ့ စစ်မက်ဖုန်အဖြစ်ဖန်တီး နေသည့်အသွင် ဖြစ်ပွားကာ ပြည်သူအများ စိုးရိမ်ထိတ်လန့်နေပါသဖြင့် အစိုးရ ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အားလုံးက ပြည်သူများအား စာနာထောက်ထားပြီး အမြန်ဆုံး တွေ့ဆုံဆွေးနွေးခြင်းဖြင့် ညှိနှိုင်းအဖြေရှာပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါသည်။

သို့ဖြစ်ပါ၍ လက်ရှိဖြစ်ပေါ်နေသော ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း ပစ်ခတ်တိုက်ခိုက်မှုများ အမြန်ဆုံးရပ်ဆိုင်းပေးနိုင်ရန်အတွက်လည်းကောင်း၊ တည်ငြိမ်အေးချမ်းသော အခြေအနေရောက်ရှိနိုင်ရန်အတွက်လည်းကောင်း၊ နိုင်ငံတော်အစိုးရမှ ဦးဆောင်၍ ညှိနှိုင်းဆောင်ရွက်ပေးနိုင်ပါရန်အတွက် တင်သွင်းလိုသော အဆိုမှာ **" ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသ မူဆယ်၊ ကွတ်ခိုင်၊ သိန္နီ၊ နမ္မတူ၊ ၁၀၅ မိုင်၊ ပန်ဆိုင်း၊ မုံးကိုးတို့တွင် ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် ဒေသခံပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်၊ စားဝတ်နေရေးတို့ကို များစွာထိခိုက်စေပါသဖြင့် တိုက်ပွဲများ အမြန်ဆုံးရပ်တန့်နိုင်ရေး ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ အားလုံးအား တိုက်တွန်းကြောင်း"** အရေးကြီး အဆိုကို တင်သွင်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကိုထောက်ခံမည့် ကိုယ်စားလှယ်ရှိပါက ဆက်လက် ဆောင်ရွက်ပါ။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ရွှင်လန်း သာယာရှိကြပါစေလို့ ဂါရဝပြုပါတယ်။ ကျွန်တော် ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးစိုင်းစိန်လူ၏ **"ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသတွင်ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ် စားဝတ်နေရေးတို့ကိုများစွာ ထိခိုက်သောကြောင့် တိုက်ပွဲများ အမြန်ဆုံးရပ်ဆိုင်းရေးကို ပြည်ထောင်စုအစိုးရ၊ ရှမ်းပြည်နယ်အစိုးရမှ ဦးဆောင်၍ ငြိမ်းချမ်းရေး ဆွေးနွေးပေးရန်"** ဆိုသည့် အရေးကြီးအဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ် ခင်ဗျား။





လူထု၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအစစအရာရာ ထိခိုက်နစ်နာနေပါသည်။ စစ်ပွဲများ တိုက်ခိုက်မှုများကြောင့် နစ်နာဆုံးရှုံးမှုကြုံတွေ့ခဲ့ရသော ပြည်သူများ၏ လူမှုအကျိုးစီးပွား၊ ပျက်စီးဆုံးရှုံးသွားသော အိုးအိမ်များကို တာဝန်ယူ ဖြေရှင်းပေးရန် အရေးတကြီးလိုအပ်နေပါသည်။ စစ်ပွဲကြောင့် ထွက်ပြေးတိမ်းရှောင် နေရသော ပြည်သူလူထုတို့၏ ဘဝကို လုံခြုံ၍ ငြိမ်းချမ်းသော ဘဝရပ်တည်နိုင်ရန်အတွက် အမြန်ဆုံး အပစ်ရပ် ကြပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။ နှစ်ဘက်စလုံးအပစ်အခတ်ရပ်စဲရေးအတွက် ပြည်ထောင်စုအစိုးရမှ ဦးဆောင်ပြီးဆောင်ရွက်ပေးနိုင်ပါရန်လည်း တိုက်တွန်းလိုပါသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း (၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ ပြဋ္ဌာန်းချက်၊ ပုဒ်မ ၃၅၆ တွင် နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင် ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်း နိုင်သောပစ္စည်းများနှင့်စပ်လျဉ်း၍ ဥပဒေအရ အကာအကွယ် ပေးရမည်ဟုလည်းကောင်း၊ ပုဒ်မ ၃၅၇တွင် ဤဖွဲ့စည်းပုံအခြေခံ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် နိုင်ငံတော်သည် နိုင်ငံသားများ၏ နေအိမ်ဥပစာ လုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုများအတွက် ဥပဒေအရ ကာကွယ်ပေးရမည်ဟုလည်းကောင်းဖော်ပြပါရှိပါသည်။

ပစ်ခတ်တိုက်ခိုက်မှုများ ကာလကြာရှည်သွားမည်ဆိုပါက ပြည်သူများ၏ လူမှုဒုက္ခများ ကြီးထွားလာမည်ကို အထူးစိုးရိမ်မိပါသည်။ နေ့စဉ်ရက်ဆက် စိုးရိမ်ကြောက်လန့်နေရမှုများလည်း ပိုမိုရင်ဆိုင်ကြုံတွေ့လာနေရပါသည်။ ၄-၁၂-၂၀၁၆ ရက်နေ့၊ နံနက် ၆ နာရီတွင် ကွတ်ခိုင်မြို့တွင် ပုံးကွဲခြင်းများ၊ နေ့လည် ၁၁ နာရီတွင်

**အရေးကြီးအဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေး ရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းစိန်လူ တင်သွင်းသော အဆိုကို လွှတ်တော် ကိုယ်စားလှယ် ၁ ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **“ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတွင် ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ် စားဝတ်နေရေးတို့ကို များစွာ ထိခိုက်စေသောကြောင့် တိုက်ပွဲများ အမြန်ဆုံးရပ်ဆိုင်းရေးကို ပြည်ထောင်စုအစိုးရ၊ ရှမ်းပြည်နယ်အစိုးရမှ ဦးဆောင်၍ ငြိမ်းချမ်းရေး ဆွေးနွေး ပေးရန်”** ဆိုတဲ့ အရေးကြီး အဆိုဘဲဖြစ် ပါတယ်။ ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ အဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်။)**







(က) ဒုတိယဗိုလ်မှူးကြီးညီညီတင်၊ ကြည်း-၃၀၅၄၅၊ အဖွဲ့ဝင် ၊ ရှမ်းပြည်နယ်တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ

(ခ) ဗိုလ်မှူးဒေါ်နှင်းယုကျော်၊ အင်န်-၅၆၄၊ အဖွဲ့ဝင်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းနှင့်ဘဏ္ဍာငွေအရ အသုံးဆိုင်ရာစိစစ်ရေးကော်မတီ

(ဂ) ဗိုလ်ကြီးပေါ်လာ၊ ကြည်း-၃၃၈၀၄၊ အဖွဲ့ဝင်၊ တိုင်ကြားစာများစိစစ်ရေးကော်မတီ

(ဃ) ဗိုလ်မှူးအေးမင်းထိုက်၊ ကြည်း - ၃၈၉၄၇၊ အဖွဲ့ဝင်၊ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ

(င) ဗိုလ်မှူးကျော်ဇေယျ၊ ကြည်း-၃၃၀၈၀၊ အဖွဲ့ဝင်၊ တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီ

(စ) ဗိုလ်ကြီးတေဇာအောင်၊ ကြည်း-၃၃၇၃၁၊ အဖွဲ့ဝင်၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့်လူငယ်ရေးရာကော်မတီတို့ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဖော်ပြပါလစ်လပ်နေသော နေရာများတွင် ကော်မတီဝင်များ အစားထိုး ဖြည့်စွက်တာဝန်ပေးအပ်ခြင်းကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်မှ သဘောတူတဲ့အတွက် လစ်လပ်သွားသော နေရာကော်မတီများတွင် အစားထိုး၊ ပြင်ဆင်၊ ဖြည့်စွက် တာဝန်ပေးအပ်ခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်အရေးပေါ် အစည်းအဝေး(၁/၂၀၁၆) (တတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(စတုတ္ထနေ့) ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး(၁/၂၀၁၆) (တတိယနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ် အစည်းအဝေး (၁/၂၀၁၆) (စတုတ္ထနေ့) ကို မနက်ဖြန် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက် (ကြာသပတေးနေ့ )နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ် အစည်းအဝေး(၁/၂၀၁၆)(တတိယနေ့)ကို ရပ်နားပါမယ်။ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) (စတုတ္ထနေ့) ကို မနက်ဖြန် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၈



D/real(wide) (l



**ဥက္ကဋ္ဌ။** အဆိုကို လက်ခံ ဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကိုလက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်မရှိသည့်အတွက် ဦးစိုင်းစိန်လူ၏ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်းကြေညာပါတယ်။

သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းစိန်လူ တင်သွင်းတဲ့ အရေးကြီး အဆိုကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့ (ကြာသပတေးနေ့)မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့အစည်းအဝေး ရပ်နားတဲ့အခါမှာ မိမိ၏အမည်စာရင်းကို လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

## ရေးရာကော်မတီဝင်များ ပြောင်းလဲ ဖြည့်စွက် တာဝန်ပေးအပ်ခြင်းအား လွှတ်တော်၏ သဘောတူညီချက်ရယူခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ ပြည်နယ်လွှတ်တော်ရေးရာကော်မတီ ၉ ခု ဖွဲ့စည်းခဲ့ရာမှာ ကော်မတီဝင်များမှာလည်းဘဲ ကျွန်တော်တို့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ပါဝင်ဖွဲ့စည်းထားပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၄-၁၁-၂၀၁၆ ရက်စွဲပါ ကြေညာချက်အမှတ် ၂၈ ဖြင့် ရှမ်းပြည်နယ်အတွက် တပ်မတော်သားကိုယ်စားလှယ် ၆ ဦး အစားထိုး ပြောင်းလဲသဖြင့် ရေးရာကော်မတီအလိုက် လစ်လပ်နေသော နေရာများတွင် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၀ အရ အောက်ပါ အတိုင်း အစားထိုး တာဝန်ပေးအပ်သွားမှာဖြစ်ပါတယ်-

ရက်နေ့(ကြာသပတေးနေ့) နံနက်(၁၀း၀၀)နာရီအချိန်တွင် ဆက်လက်ကျင်းပ ပြုလုပ်သွားမှာ ဖြစ်ပါကြောင်းကြေညာအပ် ပါတယ်ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။



D/real(wide) (1



ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါ တယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနေရာယူခြင်း။

**အခမ်းအနားမှူး။** လွှတ်တော်ဥက္ကဋ္ဌ ကြွရောက် လာပါပြီ ခင်ဗျား။ အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်း နှင့်စတင်ကျင်းပကြောင်းကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး(၁/၂၀၁၆)(စတုတ္ထနေ့)မှာ လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်(၁၃၅)ဦးရှိသည့် အနက် ဒီကနေ့အစည်းအဝေးကို (၁၁၈ )ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကိုတက်ရောက်ခွင့် ရှိသော ကိုယ်စားလှယ်စုစုပေါင်း၏ (၈၇.၄၁%)ရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ ၃ပုံ ၁ပုံထက်ကျော်လွန်တဲ့ အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ် လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅(ဂ) တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား ။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယ အကြိမ် ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)(စတုတ္ထနေ့) အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။

## အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၄)ဖြစ်ပါတယ်။ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ အတွင်းရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ။**ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)(၈. ၁၂. ၂၀၁၆) စတုတ္ထနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော လွှတ်တော်



D/real(wide) (1



# ရှမ်းပြည်နယ်
# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)
# (စတုတ္ထနေ့)မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်**

**၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်**

**[ ကြာသပတေးနေ့ ]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)(စတုတ္ထနေ့)အစီအစဉ်ကို နံနက် (၁၀း၀၀)နာရီ အချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူး အဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူးကလည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဦးထက်မာန်အောင်၊ လက်ထောက် ညွှန်ကြားရေးမှူးကလည်းကောင်းဆောင်ရွက်ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၆) စတင်ကျင်းပခြင်း

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ်ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၆) (စတုတ္ထ)နေ့အား

ကိုယ်စားလှယ်များကိုယ်စား နမ့်စန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ အတွင်းရေးမှူး ဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၂) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၅)ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသူ(၂)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်(၂)ဦးအား ခွင့်အဖြစ်သတ်မှတ် ခွင့်ပြု ပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါ တယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များ အားလုံးကို ခွင့်ပြုပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)(စတုတ္ထနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၃၅)ဦး၊ ယခင်ခွင့်ပန်ကြား သဖြင့် ခွင့်ပန်ကြားသူ (၁၅)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂)ဦး ဖြစ်ပါတယ်။ စုစုပေါင်းခွင့်ပြုထားသူ (၁၇)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ





ပထမဦးစွာ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီဝင်းက ပထမမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)(စတုတ္ထနေ့)သို့ တက်ရောက်လာခဲ့ကြတဲ့ ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါဝရပြုလိုက်ရပါတယ်ရှင်။ ကျွန်မကတော့ မိုးမိတ်ခရိုင်၊ မိုးမိတ် မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်း ဖြစ်ပါတယ်ရှင်။

ကျွန်မအနေနဲ့ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့ရှိ နမ့်မိတ်ချောင်း ရေစီးရေလာကောင်းမွန်စေရန်အတွက် ပြန်လည်တူးဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိစပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ မိုးမိတ်ခရိုင်အနေဖြင့် နမ့်မိတ်ချောင်းနှင့် နမ့်မောင်းချောင်းတို့ ဝန်းရံစီးဆင်းလျက်ရှိတဲ့ မြို့လေးတစ်မြို့ဖြစ်ပါတယ်ရှင်။ နှစ်စဉ် ဇူလိုင်လနှင့် ဩဂုတ်လ တွေမှာ မိုးရွာသွန်းမှုကြောင့် နမ့်မိတ်ချောင်းဟာ ရေကြီးမှုများဖြစ်ပေါ် လာပါတယ်ရှင်။ အဲဒီနမ့်မိတ်ချောင်း တစ်လျှောက်မှာ မြောက်ပိုင်း ရပ်ကွက်၊ လက်ခုပ်တန်းရပ်ကွက်၊ ရွှေဇာလီကျေးရွာ၊ အုံးကြော ကျေးရွာ၊ သဲနီကျေးရွာ၊ ဒေါင့်ကြီးကျေးရွာ ၊ လက်ခုပ်ပင်ကျေးရွာ တို့က လူနေအိမ်နှင့် လယ်ယာမြေတွေဟာ နှစ်စဉ် ရေကြီးနစ်မြုပ် ဒဏ်ကိုခံနေကြရပါတယ်ရှင်။ အဲဒီရေကြီးနစ်မြုပ်ခြင်းကြောင့် ကျွန်မတို့ ရေလွှမ်းရခြင်းအကြောင်းကိုစိစစ်ရာမှာ နမ့်မိတ်ချောင်း

ကြမ်းပြင်မြင့်တက်လာမှုကြောင့်လည်းကောင်း၊ ချောင်းအတွင်း သဲသောင်များ ပေါ်ထွန်းလာခြင်းကြောင့် လည်းကောင်း၊ ရေစီး ဆင်းမှုကို အဟန့်အတားဖြစ်စေပြီး ရေကြီးနစ်မြုပ် ရခြင်းဖြစ်ပေါ် စေကြောင်း စိစစ်တွေ့ရှိရပါတယ်ရှင်။ နမ့်မိတ်ချောင်း တစ်လျှောက် မှာရှိတဲ့ ကျေးရွာတွေ ရေလွှမ်းမိုးမှုဒဏ်၊ ရေကြီးနစ်မြုပ်ဒဏ်များမှ ကင်းဝေးနိုင်ရန်အတွက် နမ့်မိတ်ချောင်းရေစီးရေလာ ကောင်းမွန် စေရန် ချောင်းကို ပြန်လည်တူးဖော် ဆည်ဖို့ခြင်း၊ ချောင်းအတွင်း ဖြစ်ပေါ်နေတဲ့ သဲသောင်တွေကို ပြန်လည်တူးဖော် ဖယ်ရှားခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုက်ရ ပါတယ် ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး။** လေးစားအပ်ပါ လွှတ်တော် ဥက္ကဋ္ဌကြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ် များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော် ဖြစ်ပါတယ်။ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဒေါ်ရီရီဝင်း မေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်မှာ ရှိတဲ့ နမ့်မိတ်ချောင်းနှင့် နမ့်မောင်းချောင်းတို့ဟာ ဇူလိုင်လနှင့် သြဂုတ်လတွေမှာ ရေကြီး ရေလျှံဖြစ်ပြီး လူနေအိမ်များ၊ လယ်များ ပျက်စီးမှုအပေါ် ၉-၉-၂၀၁၆ ရက်နေ့မှ ၁၂-၉-၂၀၁၆ရက်နေ့အထိ



D/real(wide) (1



နည်းဥပဒေ ဆိုင်ရာ ၄(ဂ)(၂) အရ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) (စတုတ္ထနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်းကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်း များကို မေးမြန်းခြင်းနှင့်ဖြေကြားခြင်း အစီအစဉ်ဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများကို သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်းဝင်တာဝန်ရှိ ပုဂ္ဂိုလ်များကဖြေကြားသွားဖို့ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးတို့၏ ခရီးစဉ်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ခရိုင်တာဝန်ခံများအတူလိုက်ပါခဲ့ပါတယ်။ အဆိုပါခရီးစဉ်တွင်ဒေသခံများ၏ တင်ပြချက်အရလည်း မိုးမိတ်မြို့နယ်အတွင်းမှာ နှစ်စဉ်ရေကြီးနစ်မြုပ်မှုများ ကာကွယ်ရန် နမ့်မိတ်ချောင်း၊ နမ့်မောင်းချောင်းတူးဖော်ခြင်း၊ တာပေါင်ပတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ (၉/၂၀၁၆) လတွင် ပဏာမကွင်းဆင်းတိုင်းတာမှုများဆောင်ရွက်ခဲ့ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်မှာ မူလခွင့်ပြုရန်ပုံငွေ (BE)တွင် ထည့်သွင်းတောင်းခံထားပါကြောင်းနှင့် ရန်ပုံငွေခွဲဝေရရှိမှု ဦးစားပေး အစီအစဉ် ပေါ်မူတည်၍ ရန်ပုံငွေရရှိပါက အသေးစိတ်ကွင်းဆင်း တိုင်းတာမှုများ ထပ်မံဆောင်ရွက်၍ ရေကြီးနစ်မြုပ်ကာကွယ်ခြင်း လုပ်ငန်း များအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဒေါ်ရီရီဝင်းက ဒုတိယမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** ကျွန်မရဲ့ ဒုတိယမေးခွန်းအနေနဲ့ မိုးမိတ်မြို့နယ်၊ သစ်ဆိမ့်ကုန်း ကျေးရွာအုပ်စုအား မိုးမိတ်-တွင်းငယ်လမ်းမကြီးနှင့် ဆက်သွယ်သည့် ကျောက်မော-ဝဲပေါင်းကျေးရွာချင်းဆက်လမ်း(၄)မိုင် (၄)ဖာလုံအား မူလမြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ နှင့် ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။ ကျွန်မတို့





**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါ လွှတ်တော်ဥက္ကဋ္ဌကြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီဝင်း မေးတဲ့ မေးခွန်း(၂)နှင့်ပတ်သက်ပြီး မိုးမိတ်မြို့နယ်၊ သစ်ဆိမ့်ကုန်း ကျေးရွာအုပ်စုအား မိုးမိတ်-တွင်းငယ်လမ်းမကြီးနှင့် ဆက်သွယ်သည့် ကျောက်မော-ဝဲပေါင်းကျေးရွာချင်းဆက်လမ်း(၄)မိုင် (၄)ဖာလုံအား မူလမြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းနှင့် ပတ်သက်ပြီး အဆိုပါလမ်းအရှည်မှာ ငှက်ပျောတောကျေးရွာအထိ ၇ မိုင် ၅ ဖာလုံ ရှိပြီး ဒေသဆိုင်ရာလမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ကျေးလက်ဦးစီး(ရုံးချုပ်)၏ လမ်းညွှန်မှုအရ ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်း၊ တံတားများအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၆-၂၀၁၇ခုဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ခု ဘဏ္ဍာရေး နှစ်ထိ(၁၅)နှစ်အား (၅)နှစ်စီမံကိန်းများရေးဆွဲ၍ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းများ လျာထားရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြုတင်ပြသော ဝဲပေါင်းကျေးရွာအထိ လမ်းအရှည် ၄ မိုင် ၄ ဖာလုံအား ကျောက်ချောလမ်း အဆင့်မြှင့်ပြုပြင်ခြင်းလုပ်ငန်းကို ဆက်လက် ဆောင်ရွက်နိုင်ရန် စီမံကိန်းတွင် ထည့်သွင်းလျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်းနှင့်

ခွင့်ပြုရန်ပုံငွေရရှိပါကဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မဘိမ်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးမောင်ညိုက ပထမမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်ညို၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ကျွန်တော့်အနေနဲ့ ပထမဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။

(က) ရှမ်းပြည်နယ်၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ မဘိမ်းမြို့၊ နမ့်ပုံးပုံး ရပ်ကွက်အသစ်တိုးချဲ့ စီမံခန့်ခွဲရာမှာ အများပိုင်ငွေဖြင့် ဂါရဝပြုကြေး ၁၉၅၀၀၀ဝိ/-ပေးခဲ့ရသည်ကို နမ့်ပုံးပုံးရပ်ကွက် (၇. ၉. ၂၀၁၆) ရက်စွဲပါစာအမှတ်၊ ၅/၁၀-၁/ဦး ၆ အရ သိရပါတယ်။ အခုအားလုံး မြင်ရတဲ့ အတိုင်းပါဘဲ။ အဲဒီစာမှာ ဖော်ပြထား ပါတယ်။ ဂါရဝပြုသည် ဆိုသည်မှာ လာဘ်ပေးခြင်း တစ်မျိုး ဖြစ်ပါတယ်။ ယူသောသူများ၏ ရာထူးနှင့် နေရပ်လိပ်စာ ဖော်ပြ ထားခြင်းမရှိပါ။ ဝန်ထမ်းများပါ ပါကလည်း လစာယူထားပြီဖြစ်သောကြောင့် မယူသင့်ပါ။ ထို့ကြောင့်မည်သူ့ကို ဘယ်လောက်ပေးရသည်ကို သိရှိလိုပါသည်။



D/real(wide) (1



မိုးမိတ်မြို့နယ်၊ သစ်ဆိမ့်ကုန်းကျေးရွာအုပ်စုသည် သစ်ဆိမ့်ကုန်း၊ ပေကုန်း၊ နဘူး၊ ဝဲပေါင်း(လားဟူ)၊ နဘူးလီဆူ၊ ကင်ချောင်း၊ ရွှေကျောက်မော၊ အောင်မြေနှင့် ဝဲပေါင်း(လီဆူ)ကျေးရွာ (၁၀)ရွာနှင့် ဖွဲ့စည်းထားပါတယ်ရှင်။ အိမ်ခြေပေါင်း ၁၅၇၉ အိမ်၊ လူဦးရေပေါင်း ၇၃၀၄ ဦး နေထိုင်ကြတာ ဖြစ်ပါတယ်ရှင်။

သစ်ဆိမ့်ကုန်းကျေးရွာ အုပ်စုရှိ ဝဲပေါင်းကျေးရွာသည် မိုးမိတ်-တွင်းငယ် ကား လမ်းမကြီးပေါ်မှ ကျောက်မောကျေးရွာနှင့် (၄)မိုင်(၄)ဖာလုံ ကွာဝေးပြီး တောင်တက်တောင်ဆင်းလမ်းတွေရှိလို့ မိုးရာသီမှာ သွားရေး လာရေးခက်ခဲလှပါတယ်။ ဝဲပေါင်းကျေးရွာရှိ ဒေသခံတွေဟာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ဉယျာဉ်စိုက်ပျိုးခြင်း လုပ်ငန်းတို့နဲ့ အသက်မွေးဝမ်းကျောင်း ပြုကြပါတယ်ရှင်။ ဝဲပေါင်းကျေးရွာမှာ အိမ်ခြေ ၃၇၉ အိမ်၊ အိမ်ထောင်စု ၃၇၉ စုနှင့် လူဦးရေ ၁၉၀၂ ဦး နေထိုင်ကြပါတယ်ရှင်။ လယ်(၅၀၀)ဧက၊ ယာ (၁၀၂၆)ဧက ရှိပါတယ်။ ဒေသထွက်ကုန်များအနေနဲ့ စပါး၊ ပဲပုပ်၊ ကြံ၊ ဖရဲနှင့် အခြားဉယျာဉ်သီးနှံများ ထွက်ရှိပြီး ဒေသခံတွေဟာ ဒေသမှ ထွက်ရှိတဲ့ သီးနှံကို အဲဒီလမ်းကြောင်းအတိုင်း အသုံးပြုပြီး အခြားဒေသတွေကို တင်ပို့လျက်ရှိပါတယ်ရှင်။ ဝဲပေါင်းကျေးရွာနေ ဒေသခံပြည်သူများရဲ့ လူမှုစီးပွားရေးဘဝ တိုးတက်စေရန်နှင့် ကျန်းမာ ရေးစောင့်ရှောက်မှု အတွက်လည်း အထောက်အကူပြုနိုင်စေဖို့ရာ အဓိကကျတဲ့ လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်ဖို့ရန် အတွက် လိုအပ်နေပါလို့ မိုးမိတ်-တွင်းငယ်လမ်းမကြီးနှင့် ဆက်သွယ်တဲ့ ကျောက်မော-ဝဲပေါင်း ကျေးရွာချင်းဆက်လမ်း (၄)မိုင်(၄)ဖာလုံကို မူလမြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ ကို ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုက်ရ ပါတယ်ရှင်၊ ကျေးဇူးတင်ပါတယ်ရှင်။

ဥပဒေနဲ့ရော ညီပါသလား။ ထိုသူများကိုမည်သို့ အရေးယူမည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးရခြင်း ဖြစ်ပါတယ်။

( ခ ) မဘိမ်းမြို့၊ နမ့်ပုံးပုံးရပ်ကွက်သစ်တွင် သုံးခဲ့သော စက်ယန္တရားနှင့် လုပ်သောစက်စွမ်းအင်နှင့် အလုပ်ပြီး မြောက်သော ပမာဏ တူညီပါသလား။ ငွေသာကုန်၍ ခရီးမရောက် ဖြစ်ခဲ့ပါသည်။ ရန်ပုံငွေရှာရာတွင် အိမ်ရာကွက်များကိုရောင်းပြီး ရှာခဲ့ပါတယ်။ ဤသို့သော ပွင့်လင်းမြင်သာမှုမရှိဘဲ ရောင်းပိုင်ခွင့်ရှိပါ သလား။ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက် မရဘဲ ရပ်/ကျေးကော်မတီက ထင်သလိုရောင်းပြီး ရန်ပုံငွေရှာကာ သုံးစွဲခဲ့ပါတယ်။ ဒါကြောင့် ကျွမ်းကျင်ပညာရှင်များနှင့် စာရင်းအင်း ပညာရှင်များ စစ်ဆေးတွက်ချက်ပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ် ပါတယ်။

( ဂ ) နမ့်ပုံးပုံးရပ်ကွက်ရုံး၏ (၅. ၁၀. ၂၀၁၆)ရက်စွဲပါ စာအမှတ်၊ ၃/၂-၁/ ဦး၆ ပါစာအရ မဘိမ်းမြို့၊ နမ့်ပုံးပုံးရပ်ကွက်သစ်တိုးချဲ့မြေဧက(၅၀) အပြင်ဘက် (၂. ၅)ဧကကို ဦးခင်မောင်သိန်းက ဦးမြင့်လှိုင်အား အဘယ်ကြောင့် ဂါရဝပြုရ ပါသလဲ။ ထိုမြေကွက်အစား မြို့ကွက်သစ်ထဲရှိ ခြံကွက်အမှတ်(၄၂)ကို ဦးမြင့်လှိုင်အား ရပ်/ကျေး ကော်မတီက ပွင့်လင်းမြင်သာမှုမရှိဘဲ မြို့နယ် ကော်မတီ၏ သဘောတူညီချက် မယူဘဲ ပေးပိုင်





ကိုယ်ပိုင်ကြက်ဆူပင်ဖြစ်ပါတယ်။ မြေအထောက် အထား ပိုင်ဆိုင်မှုများကို မြေစာရင်း ပုံစံ(၁၀၅) (၄. ၁၃)ဧက (၁)စောင်၊ (၆. ၀၆)ဧက (၁)စောင် ပိုင်ဆိုင်မှုရှိပါတယ်။ ယခု မြင်ရသည့်အတိုင်းပါဘဲ။ ရပ်/ကျေးဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူးများ၏ ထောက်ခံချက်ရှိပါတယ်။ သို့ပါသော်လည်း ဥပဒေနဲ့ရောညီပါသလား။ ဘောလုံးကွင်းကုန်ကျ စရိတ်သည်မည်၍၊မည်မျှကုန်ကျသည်ပြီးမြောက် ဆောင်ရွက်ခဲ့သည့် ငွေစာရင်း ကိုက်ညီမှု တန်/ မတန်၊ ဥပဒေကြောင်းအရ ညီ/မညီ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြ မေးခွန်းဖြင့်မေးမြန်းရပါတယ်။ အားလုံးကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီး စိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေး ရာဝန်ကြီး ။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကျန်းမာရွှင်လန်း ပါစေလို့ ပထမဦးစွာနှုတ်ခွန်းဆက်သပါတယ်။ လွှတ်တော်ဥက္ကဋ္ဌ နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို မှ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့၊ နမ့်ပုံးပုံးရပ်ကွက်အသစ် တိုးချဲ့မြေနေရာချထားမှုနှင့်ပတ်သက်သည့် မေးခွန်းနှင့် အားကစားကွင်း၊ ဘောလုံးကွင်းမေးခွန်း၊ မေးခွန်း(၄)ခုအား စပ်လျဉ်း၍ ကျွန်တော်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး စိုးမိုးအောင်မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုးမိတ်ခရိုင်၊ မဘိမ်းမြို့၊ နမ့်ပုံးပုံးရပ်ကွက်အသစ် တိုးချဲ့မြေနေရာ ချထားမှုနှင့်ပတ်သက်၍ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (၆. ၁၂. ၂၀၁၆)ရက်စွဲပါ အမိန့်အမှတ်(၇၁/၂၀၁၆)ဖြင့် ဖွဲ့စည်းတာဝန်ပေးထားပါသည်။ ဖွဲ့စည်း တာဝန်ပေးထားသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်၊ သဘောထားဖော်ပြချက်များအပေါ် ပြည်နယ်လွှတ်တော်၏ ကြယ်ပွင့်ပြမေးခွန်းအား ရှင်းလင်းဖြေကြားပေးသွားမည်ဖြစ်ပါကြောင်းနှင့် မိုးမိတ်ခရိုင်၊ မဘိမ်းမြို့၊ နမ့်ပုံးပုံးရပ်ကွက်အသစ် တိုးချဲ့မြေနေရာချထားမှုလုပ်ငန်းနှင့်ပတ်သက်၍ မမှန်မကန် ဆောင်ရွက်၍ အရေးယူရန်ရှိပါကလည်း အရေးယူဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးမောင်ညိုက ဒုတိယမေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်ညို၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့တွင် ခရိုင်အဆင့်ရှိသော ဌာနဆိုင်ရာများမှာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ခရိုင်အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာန၊ ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ခရိုင်လမ်းဦးစီးဌာန၊ ခရိုင်တရားရုံး၊ ခရိုင်ဥပဒေရုံး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြန်မာ့သစ်လုပ်ငန်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဟူ၍(၁၃)ဌာနရှိပါတယ်။ ကျန်ရှိသော ခရိုင်အဆင့်ဦးစီးဌာနများမရှိသောကြောင့် ကျောက်မဲခရိုင်၊ ကျောက်မ



D/real(wide) (1



ခွင့်ရှိပါသလား။ (၂၄-၉-၂၀၁၆) ရက်နေ့ တွင် မြေစာရင်းဦးစီးမှူး၊ လက်ထောက်မြေစာရင်းဦးစီးမှူးနှင့် ရပ်/ကျေးကော်မတီဝင်တို့က ဦးခင်မောင်သိန်းကို မြို့ကွက်သစ်၊ ခြံအမှတ် (၄၂)ကို ပြန်ပြီးအစားပြန်ပေးပါတယ်။ နှစ်ကြိမ်ပေးခြင်းဖြစ်ပါတယ်။ ဖော်ပြပါစာပိုဒ်(၁)အရ ဦးခင်မောင်သိန်း၏ မြေသည်(၂. ၅)ဧကရှိသည်ဟုဖော်ပြထားပါတယ်။ အမှန်တကယ် ဦးခင်မောင်သိန်းပိုင်ဆိုင်သော မြေဧရိယာမှာ(၁. ၀၃)ဧကဖြစ်ကြောင်း ပုံစံ(၁၀၅)ပါ ပူးတွဲတင်ပြ ထားပါတယ်။

(ဃ) မဘိမ်းမြို့နယ်၊ မဘိမ်းမြို့၊ နမ့်ပုံးပုံးရပ်ကွက်သစ်အတွင်းရှိ ဘောလုံးကွင်းအသစ်ဖော်ထုတ်ရာတွင် (၂၉. ၆. ၂၀၁၆)ရက်နေ့ နံနက်(၁၀း၀၀)နာရီ ရပ်/ကျေးအုပ်ချုပ်ရေးရုံး၌ ကျင်းပပြုလုပ်သောအစည်းအဝေးပွဲတွင် ဦးမြင့်သန်းမှ မိမိအစီအစဉ်ဖြင့် ကုန်ကျခံ၍ ကော်မတီရန်ပုံငွေမပါဘဲ ဘောလုံးကွင်းဖော်ဆောင်ခဲ့ပါကြောင်း တရားဝင်ပြောကြားခဲ့ပါတယ်။ အစည်းအဝေးမှတ်တမ်း လည်း တင်ခဲ့ပါတယ်။ ဒါပေမယ့်ဘောလုံးကွင်းရဲ့ ကုန်ကျစရိတ်ဟာ ကျပ်သိန်း ၁၀၀ ကျော်ဖြစ်ပါတယ်။ နောက်ထပ်တစ်ဖန် ပြုပြင်တဲ့အခါမှာကျပ်သိန်း ၁၀၀ ကျော်ဖြစ်ပါတယ်။ ပွင့်လင်းမြင်သာမှုမရှိဘဲ ဘောလုံးကွင်းလုပ်နေပြီး ရန်ပုံငွေမည်သည့်နေရာကရပါသလဲ။ အိမ်ရာကွက်ရောင်းပြီး လုပ်နေရင်ကောလုပ်ပိုင်ခွင့်ရှိပါသလား။ ယခုကျွန်တော်တင်ပြထားတာက ဘောလုံးကွင်းဟာ ဦးမောင်ညိုရဲ့

`မြို့သို့သွား၍ လုပ်ကိုင်ဆောင်ရွက်ရသောကြောင့် ခရီးလမ်းကွာဝေးသဖြင့် အခက်အခဲများစွာ ရှိပါတယ်။ သို့ပါသောကြောင့် ကျန်ဦးစီးဌာနများကို မိုးမိတ်မြို့၌ ဖွင့်လှစ်မှုအခြေအနေကို သိပါလို၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြ၍ မေးမြန်းရပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မဘိမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို မေးမြန်းသည့် မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့တွင် ခရိုင်အဆင့်ရှိသော ဌာန(၁၃)ဌာနရှိပြီး ကျန်ရှိသောခရိုင်အဆင့် ဦးစီးဌာနမရှိသည့်အတွက် ကျောက်မဲခရိုင်၊ ကျောက်မဲမြို့သို့သွား၍ လုပ်ကိုင်ဆောင်ရွက်ရသောကြောင့်ခရီးလမ်းကွာဝေးသဖြင့် အခက်အခဲများစွာရှိပါသည်။ ကျန်ဦးစီးဌာနများကို မိုးမိတ်မြို့၌ ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည် မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ရှင်းလင်းဖြေကြား ပေးသွားမှာဖြစ်ပါတယ်။ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်တွင် ခရိုင်အဆင့်ဌာနဆိုင်ရာများ ရုံးဖွင့်လှစ် ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အရေးတကြီးလိုအပ်လျက်ရှိသော ခရိုင်အဆင့်ဌာနဆိုင်ရာ၊ ခရိုင်အဆင့်သို့ တိုးမြှင့်ပေးရန်လိုအပ်လျက် ရှိသောဌာနဆိုင်ရာ၊ ထပ်မံလိုအပ်လျက်ရှိသော ခရိုင်အဆင့် ဌာနဆိုင်ရာတို့ကို ဖြည့်ဆည်းပေးနိုင်ရေး ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးသို့တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရ၏တင်ပြချက်အပေါ်





တာရှည်ထားခံရန် မပုပ်မသိုးသောဆေး (ဖော်မလင်း)ဆေးပါရှိခြင်း ရှိ/မရှိနှင့် တိုဟူးချဉ်၊ မုန်ညှင်းချဉ်တို့တွင် ထည့်ထားသောဆိုးဆေးပါ ဧရုတ်မှုန့်များတွင် FDA ထောက်ခံ ချက် ရှိ/မရှိ စစ်ဆေးရန် အစီအစဉ် ရှိ/မရှိနှင့်ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့ပေါ် တစ်ချို့ဆိုင်များတွင် တစ်ခြားနိုင်ငံမှ လာသည်ဟု ယူဆရသော အေးခဲအသား (ကြက်သား)များကို လားရှိုးမြို့မှ ဝယ်ယူရောင်းချနေသည်ကို တွေ့ရှိရပါတယ်။ ၎င်းအေးခဲအသား(ကြက်သားများ)သည် တာရှည် အထားခံနိုင်ရန်အတွက် မပုပ်မသိုးသော ဓါတုဆေး (ဖော်မလင်း)ထည့် ထားသည်ဟု သိရှိရပါသည်။ အဆိုပါ ဖော်မလင်းပါသည့် အစားအသောက်ကို စားသုံးမိပါက ကင်ဆာရောဂါ ရနိုင်ကြောင်းလည်း ဖတ်ရှုသိရှိရပါတယ်။ ပြည်ပမှ ဝင်ရောက်လာသော အဆိုပါအေးခဲအသားများကို နယ်စပ် ဝင်/ထွက်တွင်လည်းကောင်း၊ ပြည်တွင်း မှာသော်လည်းကောင်း စစ်ဆေးတွေ့ရှိပါက ဖမ်းဆီးပြီးမီးရှို့ဖျက်ဆီးနေကြောင်း သတင်းစာများမှာလည်း မကြာခဏဖတ်ကြားရပါတယ်။ နမ့်ဆန်မြို့သည် လားရှိုးမြို့နှင့် ၇၆ မိုင်သာကွာဝေးသဖြင့် လားရှိုးမှ နေ့စဉ်ကားများဝင်ရောက်လျက်ရှိရာ အဆိုပါအေးခဲအသား (ကြက်သားများ) နေ့စဉ် နမ့်ဆန်မြို့သို့ ဝင်ရောက်ရောင်းချလျက်ရှိပါတယ်။ ယင်းကိစ္စကို နမ့်ဆန်မြို့နယ်ကျန်းမာရေးဦးစီးဌာန အနေဖြင့် မည်ကဲ့သို့ ဆောင်ရွက်ထားရှိသည်ကို သိရှိလိုကြောင်း မေးမြန်းရာ ကျန်းမာရေး ဦးစီးဌာနမှူးက အဆိုပါအေးခဲအသား (ကြက်သားများ)ကိုစစ်ဆေးရန် အထက်မှညွှန်ကြားထားခြင်း မရှိကြောင်း၊ ၎င်းအသား ထဲတွင် မပုပ်မသိုးသော ဖော်မလင်းဆေး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ၂၇. ၁. ၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၃၀၇/၃၄၉-ဝန်ထမ်း ၄-၈(၃)/အဖရ(၂၀၁၆)ဖြင့် ပြည်ထောင်စု ဝန်ကြီးဌာနများ၏ ခရိုင်အဆင့်ဌာနဆိုင်ရာဖွင့်လှစ်ပေးနိုင်မှု သဘောထား ပြန်ကြားချက်များကို အကြောင်းကြားလာပါသည်။ အဆိုပါ ပြည်ထောင်စုဝန်ကြီးဌာနများ၏ သဘောထားပြန်ကြား ချက်များကို မိုးမိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကြောင်းကြားထားပြီး ဖြစ်ပါသည်။ ခရိုင်ဖွဲ့စည်းပုံ၌ လိုအပ်လျက် ခရိုင်အဆင့်ဌာနဆိုင်ရာများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ဆက်လက်တင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဦးအောင်ထွဏ်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** ဒီကနေ့ပြုလုပ်ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)(စတုတ္ထနေ့)မှာ တက်ရောက် ချီးမြှင့်ပေးပါသော လေးစားရပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၊ ရွေးကောက်ခံ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော် ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ၊ နမ့်ဆန် မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နမ့်ဆန်မြို့တွင် ရောင်းချလျက်ရှိတဲ့ တစ်ခြားနိုင်ငံမှလာသည့် အေးခဲသားများတွင်





ထည့်ထားခြင်း ရှိ/မရှိကို စစ်ဆေး သိရှိနိုင်ရန်အတွက် စစ်ဆေးသည့်ဆေးဝါး၊ ကိရိယာများမရှိသဖြင့် စစ်ဆေးရန် အခက်အခဲရှိကြောင်း၊ ဒါကြောင့်မည်သည့် အေးခဲအသား (ကြက်သား)ကို ပြည်သူများစားသုံးရန် သင့်/ မသင့်ကို သတ်မှတ်ရန် ခက်ခဲကြောင်း ဖြေကြားခဲ့ပါတယ်။ ၎င်းအပြင် နမ့်ဆန်မြို့ တွင် ရောင်းချလျက်ရှိသော အခြားထွက်ကုန် တစ်ခုဖြစ်သည့် ထိုဟူးချဉ်၊ မုန့်ညှင်းချဉ်တို့တွင် ထည့်ထားသော ဂရုတ်မှုန့် ဆိုးဆေးတို့တွင် FDA ၏ ခွင့်ပြုချက်ရရှိထားသော ဆိုးဆေးများ ဟုတ်/မဟုတ်ကိုလည်း စစ်ဆေးနိုင်ခြင်းမရှိခဲ့ပါ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု များနှင့်ပတ်သက်ပြီး ရောဂါဖြစ်၍ ကုသခြင်းထက်၊ ရောဂါမဖြစ်ခင် ကြိုတင်ကာကွယ်ခြင်းသည် ပို၍ထိရောက်သည်ဟု ကျန်းမာရေး ဝန်ကြီးဌာန၏ ဆောင်ပုဒ်အတိုင်း ပြည်သူလူထု၏ ကျန်းမာရေး အတွက် အစားအသောက်အန္တရာယ် ရှိ/မရှိ၊ စားသုံးရန် သင့်/ မသင့်ကို ဆောင်ရွက်ရာမှာ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်း နှင့် ကျန်းမာရေးဝန်ထမ်းများ၏ တာဝန်သာဖြစ်ပါတယ်။ မည်သည့် ဆေးဝါး၊ စမ်းသပ်သည့်ဆေးဝါးမရှိ၍ စက်ကိရိယာမရှိ၍ မစစ်ဆေး နိုင်ဆို၍ အကြောင်းပြချက်သည် လက်ခံနိုင်သည့် အကြောင်းပြချက် မဟုတ်ပါ။ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို လျစ်လျူရှု သောဖြေကြားချက်ဖြစ်သည်ဟု ယူဆပါတယ်။ ဒါကြောင့် ပြည်သူ လူထု၏ ကျန်းမာရေးကို စောင့်ရှောက်သောအားဖြင့် နမ့်ဆန်မြို့တွင် ရောင်းချလျက်ရှိသော တစ်ခြားနိုင်ငံမှာ လာသည်ဟု ယူဆရသော အေးခဲအသား(ကြက်သားများ)တွင် တာရှည်အထားခံရန် မပုပ် မသိုးသောဆေး (ဖော်မလင်းဆေး)ပါရှိခြင်း ရှိ/မရှိ နှင့် ထိုဟူးချဉ်၊ မုန့်ညှင်းချဉ်တို့တွင် ထည့်ထားသော ဆိုးဆေးပါဂရုတ်မှုန့်များတွင် FDA ထောက်ခံချက်ပါရှိမှု ရှိ/မရှိ စစ်ဆေးရန် အစီအစဉ် ရှိ/မရှိ

သိရှိလိုပါတယ်။ ရှိပါက မည်သည့်အချိန်ကာလတွင် စစ်ဆေးမည်ကို သိရှိလိုပါတယ်။ မရှိပါက အဘယ်ကြောင့် မစစ်ဆေးနိုင်သည်ကိုသိရှိလိုပါ၍ လူထုကိုယ်စားဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်း တောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းရဲ့ နမ့်ဆန်မြို့တွင်ရောင်းချလျက်ရှိသော တစ်ခြားနိုင်ငံမှလာသည်ဟု ယူဆရသောအအေးခဲအသား(ကြက်သား)များတွင် တာရှည်အထားခံရန် မပုပ်မသိုးသောဆေး(ဖော်မလင်း)ဆေးပါရှိခြင်း ရှိ/မရှိနှင့် ထိုဟူးချဉ်၊ မုန်ညှင်းချဉ်တို့တွင် ထည့်ထားသော ဆိုးဆေးပါ ငရုတ်မှုန့်များတွင် FDAထောက်ခံချက်ပါရှိမှု ရှိ/မရှိ စစ်ဆေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ကာလတွင် စစ်ဆေးမည်ကို သိရှိလိုပါသည်။ မရှိပါကအဘယ်ကြောင့် မရှိသည်ကို သိရှိလိုပါသည်ဟူသောမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာနသည် အများပြည်သူစားသုံးရန် သတ်ဖြတ်ပြီးသော တိရစ္ဆာန်၏ အသားနှင့် အစိတ်အပိုင်းတစ်ခုခုတွင် ကူးစက်ရောဂါနှင့် စားသုံးသူ အများပြည်သူတို့အားဘေးအန္တရာယ်ဖြစ်စေနိုင်သော ရောဂါ ကင်းရှင်းမှု ရှိ/မရှိ စစ်ဆေး



D/real(wide) (1



ရှိသော စားသောက်ကုန်ပစ္စည်းများ စစ်ဆေးနိုင်ရေး အတွက် ရှမ်းပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန(လားရှိုး)နှင့် နေပြည်တော် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ညှိနှိုင်း၍ ၂၀၁၇ခုနှစ်အတွင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလင်းအောင်ဆွေက မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည်စုံပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အတွင်း ကျောင်း၊ ဆေးရုံအားကစားရုံများတွင် ဆေးလိပ်ငွေ့ကင်းစင်ရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းကိုမေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆေးလိပ်နှင့်ကျန်းမာရေးအသိပညာဗဟုသုတတွေဟာ ယနေ့ခေတ် နှင့် လျော်ညီစွာ ကဏ္ဍအသီးသီးကနေ ပညာပေးခြင်း၊ ကြော်ငြာခြင်း၊ ကန့်သတ်ခြင်း၊ တားမြစ်ခြင်းစတဲ့လုပ်ငန်းစဉ်တွေနဲ့ တွင်ကျယ်စွာဆောင်ရွက်နေကြပါတယ်။ နိုင်ငံတော်အခမ်းအနား၊

အရေးကြီး အဆောက်အဦများ၊ ခန်းမများ၊ အချို့သော ရုံး၊ ဌာန၊ ကျောင်းများ၊ ဆေးခန်း၊ အားကစားရုံများမှာလည်း ဆေးလိပ်သောက်ခြင်းကို တင်းကြပ်စွာတားမြစ်ကြသလို မြို့ပြ၊ ပုဂ္ဂလိက၊ အချို့သော ဟိုတယ်၊ တည်းခိုခန်း၊ ခရီးသွားလုပ်ငန်း၊ လေယာဉ်၊ ခရီးသည်တင် Bus car စတဲ့ နေရာတွေ စားသောက်ဆိုင်များ၊ စက်သုံးဆီအရောင်းဆိုင်တွေ မှာလည်း ကျန်းမာရေးအရသော်လည်းကောင်း၊ မီးဘေးလုံခြုံရေးအရ သော်လည်းကောင်း သတိပေးနှိုးဆော်မှုတွေ ပြုလုပ်ပြီး ပိတ်ပင် တားမြစ်နေကြတာကိုလည်း တွေ့ကြရမှာဖြစ်ပါတယ်။ စီးပွားရေး လုပ်ငန်းဖြစ်တဲ့ ဖြန့်ချိတဲ့ စီးကရက် ရောင်း/ဝယ်မှု တွေမှာလည်း စီးကရက်ဘူးတွေမှာ Smoking seriously harms you and others around you စသဖြင့် ပညာပေးစာသားတွေ ရိုက်နှိပ်ပြီး နှလုံး၊ အဆုတ်၊ လည်ချောင်း၊ ခံတွင်းကင်ဆာဖြစ်နေတဲ့ ပုံတွေကို ထည့်သွင်း ပညာပေးကြော်ငြာထားတာတွေ ပိုမိုတွေ့ရှိလာရ ပါတယ်။ ဒီဆေးလိပ် သောက်သုံးခြင်းကနေ အဆင့်ဆင့်သော မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးဝါးတွေထည့်သွင်းသုံးစွဲလို့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်တွေမှာ ထိခိုက်မှုများစွာ ဖြစ်ပေါ်လာတာကို သင်ခန်းစာပေးဟောပြောမှု၊ ကြော်ငြာမှုတွေ၊ ပိတ်ပင်တားဆီးမှုတွေ လည်းတာဝန်ရှိသူ အသီးသီးက ဥပဒေနဲ့ အညီ ကြိုးပမ်းဆောင်ရွက် နေကြတာကိုလည်းတွေ့ရပါတယ်။ သို့ရာတွင် အနာဂတ်ကြယ်ပွင့်များ မွေးထုတ်ပေးရာ ရှမ်းပြည်နယ် အတွင်းရှိ အချို့သော အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကျန်းမာရေး စောင့်ရှောက်မှုပေးနေတဲ့ ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများ ၊ ကိုယ်လက်လှုပ်ရှား ကျင်းပနေသည့် အားကစားရုံများ၊ ခန်းမများ၊ တွေ့ဆုံပွဲအခမ်းအနားများ၊ အစည်းအဝေးခန်းမများတွင် ဆေးလိပ် သောက်သုံးခြင်းများကို



D/real(wide) (1



ပေးရန် တာဝန်ရှိပါသည်။ တာဝန်ရှိ ဝန်ထမ်းက ထုတ်ပေးသည့် ကူးစက်ရောဂါနှင့် ဘေးအန္တရာယ် ဖြစ်စေနိုင်သော ရောဂါ ကင်းရှင်းကြောင်းထောက်ခံချက် လက်မှတ် ရရှိမှသာ အများပြည်သူ စားသုံးရန် ဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။ နမ့်ဆန်မြို့တွင် ရောင်းချလျက်ရှိသော တစ်ခြားနိုင်ငံမှလာသည်ဟု ယူဆရသော အေးခဲအသား(ကြက်သား)များမှာ တရားမဝင် ဝင်ရောက် လာခြင်းဖြစ်၍ တင်သွင်းလာသူအား ဥပဒေအရ အရေးယူရန် ဖြစ်ပါတယ်။ ဖော်မလင်းတစ်ခုတည်းကိုသာ စစ်ဆေး ရန် မဟုတ်ဘဲအများပြည်သူစားသုံးရန် ဘေးအန္တရာယ် ဖြစ်စေနိုင်သဖြင့် တရားမဝင် ဝင်ရောက်လာသော တိရစ္ဆာန်ထွက် ပစ္စည်းများအား ဖျက်ဆီးခြင်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဖော်မလင်းပါရှိခြင်း ရှိ/မရှိ စစ်ဆေးခြင်းအား မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဆောင်ရွက်မည်ဖြစ်ပါတယ်။ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာ အနေဖြင့် FDAထောက်ခံချက်ယူထားသော ငရုတ်သီးမှုန့် စာရင်းမှာ စုစုပေါင်း ၁၄ ခုရှိပါတယ်။ ငရုတ်သီးမှုန့်များတွင် ဆိုးဆေးပါဝင်မှု ရှိ/မရှိအား ၂၀၁၆ ခုနှစ်၊ အောက်တိုဘာနှင့် နိုဝင်ဘာလများတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဈေးကွက် နမူနာကောက်ယူ၍ စစ်ဆေးခြင်းများလည်း ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။ ရှမ်းပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီး ဌာနအနေဖြင့် တောင်ကြီးမြို့နယ်အတွင်းရှိ ဈေးများတွင် ရောင်းချလျက်ရှိသော အမှတ်တံဆိပ်ပါရှိသည့် ငရုတ်သီးမှုန့် ၅ မျိုးနှင့် အမှတ်တံဆိပ်မပါရှိသော ငရုတ်သီးမှုန့် ၁၂ မျိုးအား ၁၃. ၉. ၂၀၁၆ ရက်နေ့တွင် တောင်ကြီးမြို့မဈေးမှ ဈေးကွက်နမူနာ ကောက်ယူ၍ နေပြည်တော် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ ပေးပို့ စစ်ဆေးထားပြီးဖြစ်ပါသည်။ နမ့်ဆန်မြို့တွင် ရောင်းချလျက်

တားမြစ်ပိတ်ပင်မှုအားနည်းနေတာကို တွေ့ရှိရပါတယ်။ လူငယ်လူရွယ်တွေ အတုယူမှုများစေမဲ့ ကျန်းမာရေး ထိခိုက်စေနိုင်တဲ့ ဆေးလိပ်သောက်သုံးမှုကို ထိထိရောက်ရောက် တားမြစ်သင့်ပြီလို့ ယူဆမိပါတယ်။ ၂၀၁၆ ခုနှစ် မေလမှ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး အဲဒီဥပဒေပါ အချက်တွေနဲ့အညီ ဖော်ပြပါ ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ အားကစားရုံများတွင် တင်းတင်းကျပ်ကျပ် တားမြစ်ပိတ်ပင်မှုတွေ ဆောင်ရွက်ခဲ့သော်လည်း ယနေ့အခါ အားနည်းချက်တွေ ရှိနေဆဲဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ် အတွင်း ဆေးလိပ်ငွေ့ကင်းစင်သည့်ကျောင်း၊ဆေးရုံ ဆေးခန်း၊ အားကစားရုံများအဖြစ်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိကို ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ကြယ်ပွင့်ပြမေးခွန်းအား ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြ လျှောက်ထားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေရဲ့ ရှမ်းပြည်နယ်အတွင်း ဆေးလိပ်ငွေ့ကင်းစင်သည့် ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ အားကစားရုံများတွင် ဆေးလိပ်ငွေ့ကင်းစင်ရေးဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော်ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြ



D/real(wide) (1



Smoke လို့ခေါ်ပြီး မီးညှိထားတဲ့ စီးကရက်၊ ဆေးပေါလိပ်၊ ဆေးပြင်းလိပ်၊ ဘီဒီ စသည်တို့မှ ထွက်လာတဲ့ ဆေးလိပ်ငွေ့ကိုတော့ ဘေးထွက်ဆေးလိပ်ငွေ့ Side Stream Smoke လို့ ခေါ်ပါ တယ်။ ပင်မဆေးလိပ်ငွေ့နှင့် ဘေးထွက်ဆေးလိပ်ငွေ့ နှစ်မျိုးလုံးကို ပတ်ဝန်းကျင်ရှိ ဆေးလိပ်ငွေ့ Environmental Tobacco Smoke ETS သို့မဟုတ် တစ်ဆင့်ခံဆေးလိပ်ငွေ့ Second Hand Smoke SHS ဟုခေါ်ပါတယ်။ အဆိုပါ ပတ်ဝန်းကျင်ရှိ ဆေးလိပ်ငွေ့ သို့မဟုတ် တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်ရခြင်းကို တစ်ဆင့်ခံဆေးလိပ်သောက်ခြင်း Passive Smoking လို့ခေါ်ပါတယ်။ ဆေးလိပ်ငွေ့အား မိနစ်(၃၀)ရှူရှိုက်မိရုံနဲ့ နှလုံးရောဂါနှင့် လေဖြတ်ရောဂါဖြစ်နှုန်းကို ပိုမိုမြင့်တက်စေပါတယ်။ တစ်ဆင့်ခံဆေးလိပ်ငွေ့ကို ရှူရှိုက်ခြင်းကြောင့် နှစ်စဉ်လူပေါင်း(၆)သိန်းကျော် သေဆုံးနေပါတယ်။ နိုင်ငံအများစုမှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးကြောင့် သေဆုံးမှု၏ ၁၀ ရာခိုင်နှုန်းမှာ တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်ရခြင်းကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း ကျန်းမာရေးမှတ်တမ်းများအရသိရှိရပါတယ်။

ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်တဲ့ရောဂါများမှာ ကင်ဆာအုပ်စုများအနေနဲ့ လည်ချောင်း၊ အစာပြွန်၊ လည်ပြွန်၊ အဆုတ်ပြွန်၊ သွေးကင်ဆာ၊ အစာအိမ်၊ ပန်ကရိယ၊ ကျောက်ကပ်၊ ဆီးလမ်းကြောင်း၊ အူမကြီး၊ သားအိမ်ခေါင်းနဲ့ ဆီးအိမ် ကင်ဆာများကိုဖြစ်စေပါတယ်။ နာတာရှည်ရောဂါများ အနေနဲ့ လေဖြတ်ခြင်း၊ မျက်စိကန်းခြင်း၊ အတွင်းတိမ်ဖြစ်ခြင်း၊ ခံတွင်းဘေးသားရောင်ရမ်းခြင်း၊ သွေးလွှတ်ကြောမကြီးထုံးခြင်း၊ နှလုံးကြောကျဉ်းခြင်း၊ နမိုးနီးယားအဆုတ်ရောင်ရောဂါ၊ သွေးကြောအဆီပိတ်ရောဂါ COPD၊ ရင်ကြပ်ပန်းနာ၊ မြုံခြင်းနဲ့ တင်ပါးအရိုးကျိုးတဲ့ ရောဂါများကို ဖြစ်စေပါတယ်။ ဆေးလိပ်ငွေ့

ရှုခြင်းကြောင့်ဖြစ်စေတဲ့ ရောဂါများအနေနဲ့ ကလေးတွေမှာဆိုရင်
ဦးနှောက်အကြိတ်ရောင် ရောဂါ၊ နားနှင့်ဆိုင်တဲ့ ရောဂါ၊
ပြွန်ရည်ကြောအကြိတ်များ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာ
လက္ခဏာများ၊ ပန်းနာရင်ကြပ်ခြင်း၊ ကလေးရုတ်တရက်
သေဆုံးခြင်းနဲ့ သွေးကင်ဆာများကို ဖြစ်စေပါတယ်။ လူကြီးများ
အနေနဲ့တော့ လေဖြတ်ခြင်း၊ နှာခေါင်းကင်ဆာ၊ ရင်သားကင်ဆာ၊
နှလုံးသွေးကြောကျဉ်းရောဂါ၊ အဆုတ်ကင်ဆာ၊ သွေးကြောကျဉ်း
ရောဂါ၊ နာတာရှည်အဆုတ်ရောဂါနှင့် လမစေ့/ပေါင်မပြည့်တဲ့
ကလေးကို မွေးဖွားတဲ့ရောဂါများကိုဖြစ်စေပါတယ်။ မကူးစက်
တတ်တဲ့ ရောဂါများအနေနဲ့ နှလုံးရောဂါနှင့် နှလုံးသွေးကြော
ကျဉ်းရောဂါ၊ ကင်ဆာရောဂါ အမျိုးမျိုး၊ အဆုတ်ရောဂါ အမျိုးမျိုး၊
ဆီးချိုရောဂါတို့သည် ကမ္ဘာပေါ်မှာ အသေအပျောက်အများဆုံး
ဖြစ်ပြီး ၂၀၁၂ ခုနှစ်အတွင်း သေဆုံးမှု များအနက် ၆၈ ရာခိုင်နှုန်း
ရှိပါတယ်။ အသက် ၃၀ နှင့် ၇၀ ကြားမှာ အဖြစ်များပါတယ်။ ၈၂
ရာခိုင်နှုန်းသော သေဆုံးမှုများဟာဆင်းရဲတဲ့ နိုင်ငံများမှာဖြစ်ကြောင်း
မှတ်တမ်းများအရ သိရှိရ ပါတယ်။

ဆေးလိပ်ဖြတ်ခြင်းကြောင့်ရရှိလာမည့် အကျိုးကျေးဇူး
များမှာ လူတစ်ဦးနေ့စဉ် နိုင်ငံခြားစီးကရက်( ပြည်တွင်း/ ပြည်ပ)
စီးကရက်တစ်ဘူး(ပျမ်းမျှ တန်ဖိုး ၃၀၀၀ ကျပ်)ရှိတဲ့ ဆေးလိပ်
တစ်ဘူးကို သောက်သုံးသူဟာ ဆေးလိပ်ဖြတ်လိုက်ပါက ယနေ့
လက်ရှိ စီးကရက်ဈေးနှုန်းနဲ့ ချိန်ထိုးလိုက်မည်ဆိုလျှင် ၎င်းတို့
မိသားစုအာဟာရအတွက် ဆန် ၃ ပြည် သို့မဟုတ် ဘဲဥ၊ ကြက်ဥ
၂၀ လုံး သို့မဟုတ် အရွယ်အစား အသင့်တင့်ရှိတဲ့ ငါးအကောင်
၂၀ ကနေ ၃၀ ၊ ပိသာချိန်အနေနဲ့ ၄၀ ကျပ်သားကနေ ၅၀ ကျပ်သား
အထိ ရရှိနိုင်ပါတယ်။ ပြည်တွင်းထုတ်လုပ်တဲ့ စီးကရက်တစ်ဘူး
(ပျမ်းမျှ ၆၀၀ ကျပ်) နေ့စဉ်သောက်သုံးသူတစ်ဦး ဆေးလိပ်ဖြတ်



D/real(wide) (1



ခွင့်ပြုဖို့နဲ့ ပါဝါပွိုင့်နဲ့ ဖြေကြားခွင့်ပြုဖို့ လွှတ်တော်ဥက္ကဋ္ဌကြီးထံ
လေးစားစွာပန်ကြားတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်
ကိုယ်စားလှယ်များ ခင်ဗျား။ ဆေးလိပ်ငွေ့ကင်းစင် မြို့တော်များ
ပေါ်ထွက်လာရေး တင်ပြချက်နှင့်အတူ တင်ပြသွားမှာ ဖြစ်ပါ တယ်။
တင်ပြချက်မှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံး
မှုအန္တရာယ်၊ ဆေးလိပ်ဖြတ်ခြင်းကြောင့် ရရှိလာတဲ့ အကျိုး
ကျေးဇူးများ၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု
ထိန်းချုပ်ရေးဥပဒေနဲ့ ဆေးလိပ်ငွေ့ကင်းစင်ဒေသများ အကောင်
အထည်ဖော်ရခြင်းအကြောင်းရင်းများကို အပိုင်း(၄)ပိုင်း ခွဲပြီး
တင်ပြသွားမှာဖြစ်ပါတယ်။ ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှု
အန္တရာယ်များအနေနဲ့ ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်းများ
သောက်သုံးမှုကြောင့် ရောဂါမျိုးစုံ ခံစားရရှိကြပြီး အသက်ငယ်ငယ်နဲ့
သေဆုံးနေကြရပါတယ်။ အသက် ၁၅ နှစ် နှင့် အထက် အမျိုးသား
၅၁. ၄ ရာခိုင်နှုန်းနဲ့ အမျိုးသမီး ၁၆. ၁ ရာခိုင်နှုန်းသည် ဆေးရွက်ကြီး
ပါတဲ့ ကွမ်းများစွဲနေပါတယ်။ လူပျို၊ အပျိုပေါက်အရွယ်ကစပြီး
စတင်သုံးစွဲနေပါတယ်။ အသက် ၂၅ နှစ် နှင့် ၃၄ နှစ်ကြား အမျိုးသား
၆၃ ရာခိုင်နှုန်းခန့် ကွမ်းစားသုံးကြပါတယ်။ ကွမ်းစားသုံး သူများထဲမှ
နေ့စဉ်စားသုံးသူများ ပါဝင်ပါတယ်။ ကျောင်းသား/ ကျောင်းသူများ
အကြား ဆေးလိပ်သောက်ခြင်းထက် ကွမ်းစားခြင်း ပိုများပါတယ်။
လူငယ်ကျောင်းသား/ကျောင်းသူများ ၅၀ ရာခိုင်နှုန်းသည်
တစ်ခြားသူများသောက်သုံးနေတဲ့ ဆေးလိပ်ငွေ့ကိုရှူရှိုက်နေကြရ
ပါတယ်။ လူတစ်ဦးဆေးလိပ်သောက်လိုက်တဲ့ အခါ ၎င်းဆေးလိပ်
ငွေ့ကြောင့် ပတ်ဝန်းကျင်မှာရှိတဲ့ လူအများကို အတင်းအကျပ်
ရှူခိုင်းသလိုဖြစ်စေပါတယ်။ ဆေးလိပ်သောက်သူရဲ့ ခံတွင်းမှ
မှုတ်ထုတ်လိုက်တဲ့ ဆေးလိပ်ငွေ့ကို ပင်မဆေးလိပ်ငွေ့ Main Stream

လိုက်ပါက သူ့မိသားစု အတွက် တစ်နေ့တာ ဘဲဥ၊ ကြက်ဥ ၄ လုံး သို့မဟုတ် ငါး ၅ ကောင်ခန့် အာဟာရအတွက် ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။ လူမှုရေးအကျိုးကျေးဇူးများအနေနဲ့ ဆေးလိပ်၊ ကွမ်းယာဖြတ်လိုက်ပါက ကျန်းမာရွှင်လန်းသော မိသားစုဘဝကို ပျော်ရွှင်စွာ တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ ကလေးငယ်များ အတွက်လည်း ဆေးလိပ်ငွေ့ကင်းစင်တဲ့ပတ်ဝန်းကျင်ဖန်တီးပေးနိုင် သဖြင့် ဉာဏ်ရည်နိမ့်ပါးမှု မဖြစ်စေနိုင်တော့ပါ။ အခြားအကျိုး ကျေးဇူးများ အနေနဲ့ အဝတ်အစားများ မီးပေါက်ခြင်း၊ ကွမ်းတံတွေး စွန်းထင်းခြင်းတို့ကို ကင်းဝေးစေပြီး ပတ်ဝန်းကျင်သန့်ရှင်းသာယာမှု ရရှိခြင်းနှင့် မီးခြစ်၊ ဆေးလိပ်မှတစ်ဆင့်ဖြစ်ပေါ်လာနိုင်သည့်မီးဘေး အန္တရာယ်မှကင်းဝေးစေတဲ့ အကျိုးကျေးဇူးများကိုရရှိနိုင်မှာဖြစ် ပါတယ်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ Tobacco Free Initiatives အဖြစ် သက္ကရာဇ် ၂၀၀၀ ခုနှစ်တွင် စတင်ခဲ့ပါတယ်။ Tobacco Control Committee (ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးကော်မတီ) အား ၂၀၀၂ခုနှစ်၊ မတ်လတွင် ဖွဲ့စည်းခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အခြားနှီးနွယ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ အဖွဲ့ဝင်များအဖြစ် ပါဝင်ဆောင်ရွက်ပါတယ်။ အမျိုးသားကျန်းမာရေးကော်မတီသည် ၂၀၀၂ ခုနှစ်တွင် ကျင်းပပြု လုပ်ခဲ့တဲ့ ၃၄ ကြိမ်မြောက်အစည်းအဝေးမှာ WHO FRAME-WORK CONVENTION ON TOBACCO CONTROL မှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို အကောင်အထည် ဖော်ရန် ပဏာမသဘောတူညီခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ FCTC အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၀၃ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့မှာ





သုံးသောနေရာ၊ အလုပ်ရုံများ၊ အများပြည်သူသုံး မော်တော် ယာဉ်များ၊ အများပြည်သူသုံးအဆောက်အဦများနှင့် အားကစားကွင်းများတွင် ဆေးလိပ်ငွေ့ရှူရှိုက်ရခြင်းမှ ပြည်သူ အားလုံးအား အကာအကွယ်ပေးရန် အစိုးရ၊ ပုဂ္ဂလိကရုံး၊ ဌာန ဆိုင်ရာများ၊ ဆိုင်ရှင်များအတွက် မဖြစ်မနေထားရှိရမည့် တာဝန် ဖြစ်ပါတယ်လို့ဖော်ပြပါတယ်။ ဆေးလိပ်ငွေ့ကင်းစင်နေရာ Smoke-free places / Area ဆေးလိပ် မသောက်ရသည့် နေရာများတွင် ဆေးလိပ်လုံးဝမသောက်ခြင်းဖြင့် ရာနှုန်းပြည့် ဆေးလိပ်ငွေ့ကင်းစင် တယ်လို့ဖော်ပြပါတယ်။ ဆေးလိပ်သောက်ခွင့်မရှိသောနေရာများ အဖြစ် ဥပဒေ၏ အခန်း(၄)၊ ပုဒ်မ ၆ တွင် အဓိကအားဖြင့် အများ ပြည်သူဝင်ထွက်သွားလာနိုင်သော နေရာများဖြစ်သည့် ဆေးရုံ၊ ဆေးခန်း၊ ကျောင်း၊ တက္ကသိုလ်၊ ရုပ်ရှင် ရုံ၊ ဇာတ်ပွဲရုံ၊ အားကစားရုံ၊ လေအေးစက်သုံးသော အလုပ်ဌာန၊ ခန်းမ၊ ပုဂ္ဂလိကစာသင်ဆောင်၊ ခရီးသည်ပို့ဆောင်ရေးယာဉ်၊ ဓါတ်လှေကားနှင့် ရွေ့လျားလှေကား၊ အများပြည်သူသုံးခန်းမနှင့် အပန်းဖြေနေရာများအား ဆေးလိပ် သောက်ခွင့်မရှိသောနေရာများ(No Smoking Places)အဖြစ် သတ်မှတ်ထားပါတယ်။

ဆေးလိပ် သောက်ခွင့်ရှိသော သီးသန့်နေရာများ ဥပဒေ အခန်း(၄)၊ ပုဒ်မ ၇ တွင် ရုံး၊ ဌာန၊ စက်ရုံ၊ အလုပ်ဌာန၊ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုဆောင်၊ လေဆိပ်၊ ကားဂိတ်၊ စားသောက်ဆိုင်(ပျော်ပွဲစားရုံ) စသည့် အဆောက်အအုံများမှာ တစ်ဦးချင်း၏ ရုံးခန်းနှင့် အခန်းများမှအပ၊ အများပြည်သူ ဝင်ထွက် သွားလာသည့် နေရာများသည် ဆေးလိပ်သောက်ခွင့်မရှိသော နေရာများဟု သတ်မှတ်ထားပါတယ်။ ထိုအဆောက်အအုံ များတွင် ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့် နေရာများ စီမံထားရှိရပါမယ် လို့ဖော်ပြပါတယ်။ စာသင်ကျောင်းများ၊ ကျောင်းများ(တက္ကသိုလ်၊



D/real(wide) (1

ကောလိပ်၊ သိပ္ပံ အပါအဝင်)သည် ဥပဒေ အခန်း(၄)၊ ပုဒ်မ ၆(င)(စ)နှင့် (ပ)တို့အရ ဆေးလိပ်လုံးဝ မသောက် ရသော နေရာများအဖြစ် သတ်မှတ်ထားသော်ငြားလည်း ဥပဒေ အခန်း(၇)အရ ကျောင်းပရဝုဏ်အတွင်း ဆေးလိပ်သောက်မှု တွေ့လျှင် ပထမအဆင့်အဖြစ် ကျောင်းအုပ်က အပြစ်ရှိသော ကျောင်းသား/ ကျောင်းသူကို ပညာပေးခြင်းနှင့် ၎င်းတို့၏ မိဘ အုပ်ထိန်းသူများကို အသိပေး၊ သတိပေးခြင်း စသည်ဖြင့် ပြုလုပ်ပြီး ဆက်လက် ကျူးလွန်ပါက ပညာရေးဝန်ကြီး ဌာနနှင့် မိဘများ သဘောတူထားသည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့် အတိုင်း အရေးယူ ဆောင်ရွက်ရန်လို့ ဖော်ပြပါရှိပါတယ်။ ဥပဒေအခန်း(၈)၊ ပုဒ်မ ၁၇ မှာ ဆေးလိပ် သောက်ခွင့်မရှိသော နေရာတစ်ခုခုတွင် ဆေးလိပ် သောက်ခြင်း သို့မဟုတ် မီးညှိ ထားသည့် ဆေးလိပ် ကိုင်ဆောင်ခြင်း ပြုကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် အနည်းဆုံးကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀ အထိ ချမှတ် ရမည်။ အခန်း(၉)၊ ပုဒ်မ ၁၈(ခ) မှာ သက်ဆိုင်ရာ တာဝန်ရှိ ရဲအရာရှိသည် ပုဒ်မ ၁၇ အရ ဖမ်းဆီးအရေးယူခြင်းခံရသူအား ချိန်းဆိုသည့်နေ့တွင် သက်ဆိုင်ရာ တရားရုံးသို့လာရောက်ရန် ကိုယ်တိုင်ခံဝန် သို့မဟုတ် အခြားသင့်လျော်သောခံဝန်ဖြင့် အာမခံ ပေးရမည်လို့ ဖော်ပြပါရှိပါတယ်။

ဆက်လက်ပြီး အာဆီယံဒေသများမှာ ရှိတဲ့ ဆေးလိပ်ငွေ့ ကင်းစင်သည့်နေရာများကို တင်ပြသွားမှာဖြစ်ပါတယ်။ ဘရူနိုင်း ဒါရုဆလင်နိုင်ငံမှာ သူတို့ရဲ့ နိုင်ငံတကာလေဆိပ်၊ ကမ္ဘောဒီးယား နိုင်ငံမှာ ဆေးလိပ်ငွေ့ကင်းစင်သည့် ဘုန်းကြီးကျောင်းနှင့် ဆေးလိပ်ငွေ့ကင်းစင်သည့် စစ်တပ်၊ ကမ္ဘာ့အမွေအနှစ်တစ်ခု ဖြစ်သော အန်ကောဝပ်ဘုရားကျောင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ ကမ္ဘာ့ အမွေအနှစ်တစ်ခုဖြစ်သော ဘောရူဘူဒါဘုရားကျောင်းနှင့်





လက်မှတ်ရေးထိုးခဲ့သဖြင့် ၁၁ နိုင်ငံမြောက်အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ ပါတယ်။ WHO FCTC ၏ ချမှတ်ထားတဲ့ လမ်းစဉ်အပေါ် အခြေခံ ပြီးတော့ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ်၊ မေလမှာ ပြဌာန်းခဲ့ပြီး ၂၀၀၇ ခုနှစ်၊ မေလမှာ စတင်အသက်ဝင်ပါတယ်။ ဤဥပဒေမှာ အခန်း (၉)ခန်းနှင့် ပုဒ်မ ၂၀ ခု ပါရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ လေ့လာနိုင်အောင် လွှတ်တော်ကိုယ်စားလှယ်များရဲ့ ရှေ့မှောက်မှာ ဖြန့်ဝေထားပါကြောင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ဆေးလိပ် နှင့် ဆေးရွက်ကြီးထွက် ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေပါ အဓိကအချက်များကိုဖော်ပြ ထားပါတယ်။ ဥပဒေသည် အများပြည်သူများနှင့် သက်ဆိုင်သည့် နေရာများ၊ သယ်ယူပို့ဆောင်ရေး ကဏ္ဍများ၊ ကျန်းမာရေးနှင့် ပညာရေးပရဝုဏ်အတွင်း ဆေးလိပ်သောက်သုံးခြင်းကို တင်းကြပ်စွာ တားမြစ်ခြင်း၊ ဆေးလိပ်ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ စပွန်ဆာပေးခြင်း တို့ကို မပြုလုပ်ရန် တားမြစ်ထားခြင်း၊ အသက် ၁၈ နှစ်မပြည့်သေးတဲ့ ကလေးသူငယ်များအား ဆေးလိပ်နှင့်ဆေးရွက်ကြီး ထွက်ပစ္စည်းများရောင်းချခြင်းမပြုရန် တားမြစ်ထားခြင်းတို့ အဓိက ပါဝင်ပါတယ်။ ဥပဒေရဲ့ အခန်း(၁)၊ အပိုဒ် ၂(ဂ)မှာ ဆေးလိပ်ငွေ့ (Tobacco Smoke)သည် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း များကို မီးလောင်ကျွမ်း စေခြင်းဖြင့် ထွက်ပေါ်လာသော အခိုးအငွေ့ ကိုလည်းကောင်း၊ ဆေးလိပ်ကိုသောက်ဖွာခြင်း၊ ရှူထုတ်ခြင်း သို့မဟုတ် ရှူရှိုက်ခြင်း တို့ကြောင့်ထွက်ပေါ်လာသော အခိုးအငွေ့ကို လည်းကောင်းဆိုသည်ဟု ဖော်ပြပါတယ်။ အခန်း(၃)၊ အပိုဒ် (ခ)တွင် ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးခြင်းဖြင့် အများပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်စေသည့် အန္တရာယ်မှ ကာကွယ်ရန်ဟုဖော်ပြပါတယ်။ အမိုးအကာရှိသော လေအေးစက်

ပရာဘာနန်ဘုရားကျောင်း၊ လာအိုနိုင်ငံ၏ လောင်ပရာဘန်မြို့နှင့် ခြာပစတ်ဘုရားကျောင်း၊ မလေးရှားနိုင်ငံ၏ မလာကာမြို့ဈေးလမ်း၊ ထိုင်းနိုင်ငံ၊ ဘန်ကောက်ဈေး၊ သယ်ယူပို့ဆောင်ရေး၊ တိရစ္ဆာန်ဥယျာဉ်၊ ထိုင်းနိုင်ငံ ဆေးလိပ်ငွေ့ကင်းစင်သော ဘုရားကျောင်းများ၊ စားသောက်ဆိုင်များ စသည့်နေရာများကို ဆေးလိပ်ငွေ့ကင်းစင်သည့် နေရာများအဖြစ် ကြေညာခဲ့ပြီး ဖြစ်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံ အီလီယိုအီလီယိုမြို့ကို လက်ရှိသမ္မတ Duterte ဒါဗိုမြို့တော်ဝန်ဖြစ် တာဝန်ယူ ခဲ့စဉ်က ဆေးလိပ်ကင်းစင်သောမြို့အဖြစ် ကြေညာနိုင်ခဲ့ပြီးဖြစ် ပါတယ်။ လက်ရှိ ဖိလစ်ပိုင်သမ္မတ Duterte က လူအများ ရှေ့တွင် ဆေးလိပ်သောက်သုံးခြင်းသည် တစ်ဖက်သားသူအား စော်ကားခြင်းနှင့်တူသည်လို့ ပြောကြားခဲ့ပါတယ်။ ဗီယမ်နမ်နိုင်ငံ ဟလောင်ကမ်းခြေနှင့် ဟွိုင်အမ် ဘုရားကျောင်းကို ဆေးလိပ်ငွေ့ကင်းစင်သော ဒေသများအဖြစ် ကြေညာနိုင်ပြီး ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် အာဆီယံနိုင်ငံများအတွင်း ဆေးလိပ်ငွေ့ကင်းစင်သောနေရာများ အကောင်အထည်ဖော်နိုင်မှု အနေနဲ့ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံတို့တွင် ဆေးလိပ်ငွေ့ကင်းစင်သောဒေသများအဖြစ် ကြေညာ ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေဖြင့် တင်ပြရမည်ဆိုလျှင် ၂၀၁၅ ခုနှစ်၊ မေလမှာ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပပြုလုပ်သော 3rd Smoke Free ASEAN Regional Workshop တွင် ကတိပြုခဲ့သည့် ဆေးလိပ်ငွေ့ကင်းစင်ဒေသများအဖြစ် မန္တလေးတိုင်းဒေသကြီး ပုဂံဒေသ၊ ရှမ်းပြည်နယ် အင်းလေးဒေသနှင့် ပင်းတယလိုဏ်ဂူဒေသများကို ဆေးလိပ်ငွေ့ကင်းစင်ဒေသများအဖြစ် စတင် အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ကတိပြုခဲ့ပါတယ်။ ဆေးလိပ်ငွေ့



D/real(wide) (1



အဖွဲ့မှ ဆေးလိပ်ငွေ့ကင်းစင် အင်းလေးတခွင်၊ ဆေးလိပ်ငွေ့ကင်းစင် ရွှေဥမင်တခွင် ပြည်နယ်အဆင့် ကြီးကြပ်မှုကော်မတီနှင့် မြို့နယ်အဆင့် လုပ်ငန်းကော်မတီ များကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါတယ်။ စေတနာ့ ဝန်ထမ်းစောင့်ကြပ်ကြည့်ရှုသူများအား သင်တန်းပေးပြီး ဆေးလိပ်မသောက်ရ နေရာများတွင် ဆေးလိပ်မသောက်စေရေးအတွက် ပညာပေးမှုများကို စတင် ဆောင်ရွက်ခဲ့ပါတယ်။ ပင်းတယရွှေဥမင်ဒေသမှာတော့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း ကိုယ်စားလှယ်ကြီးများကို တင်ပြအပ်ပါတယ်။

၂၀၁၆ခုနှစ်၊ အောက်တိုဘာလအတွင်း ကျင်းပပြီးစီးခဲ့သည့် 4th Smoke Free ASEAN Regional Workshop သို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး တက်ရောက်ခဲ့ပြီး ဆေးလိပ်ငွေ့ကင်းစင်မြို့တော်များအကောင်အထည် ဖော်နေမှုနှင့် ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှုအခြေအနေများကိုတင်ပြခဲ့ပါတယ်။ ၎င်းအစည်းအဝေးမှာ ရှမ်းပြည်နယ်အနေဖြင့် လာမည့် သက္ကရာဇ် ၂၀၂၀ ခုနှစ် အရောက်မှာ ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်(၁၃)ခရိုင်နှင့် မြို့ကြီးများဖြစ်သည့် တောင်ကြီး၊ လွိုင်လင်၊ လင်းခေး၊ လားရှိုး၊ ကျောက်မဲ၊ မူဆယ်၊ လောက်ကိုင်၊ ဟိုပန်၊ မိုးမိတ်၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်မြို့အစရှိသည့် ခရိုင်မြို့ (၁၂) မြို့တို့အား ဆေးလိပ်ငွေ့ကင်းစင်သော မြို့တော်များ ဖြစ်လာစေရန် ရည်ရွယ်ပြီးတော့ ပထမဦးစွာ ဥပဒေပါ ဆေးလိပ်မသောက်ရ နယ်မြေများတွင် တိတိကျကျလိုက်နာစေရန် ၎င်းမှ တစ်ဆင့်တက်ပြီး ဆေးလိပ်ငွေ့ ကင်းစင်နေရာများကို တိုးတက်သတ်မှတ် ဆောင်ရွက်ရန်၊ ရှေးဟောင်းအမွေအနှစ်များနယ်မြေများ၊ ဘုရားပုထိုးနေရာများ၊ နိုင်ငံခြားသားများလာရောက်လေ့ရှိသော

နယ်မြေများအားလုံးကို ဆေးလိပ်ငွေ့ကင်းစင်သော နေရာများအဖြစ် ဆောင်ရွက်ပါ့မယ်လို့ ကတိပြုခဲ့ပါတယ်။ Smoke Free Cities Shan State Network ကို တည်ထောင်ထားပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ ဒီအကြောင်းအရာနှင့် ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် သိချင်ပါက Websiteမှာဝင်ရောက်ကြည့်ရှုနိုင်ကြောင်းတင်ပြအပ်ပါတယ်။

ဆေးလိပ်သောက်ခြင်းမှ ရရှိသော လူမှုစီးပွားဆိုးကျိုးများ၊ တစ်ဆင့်ခံဆေးလိပ်ငွေ့အန္တရာယ်များတို့သည် လူသားတို့ ကျန်းမာရေးကို ကောင်းကျိုးမပြုသဖြင့် ဆေးလိပ်ငွေ့ကင်းစင်သော နေရာများ၊ ဒေသများ၊ မြို့တော်များ၊ ပေါ်ထွက်လာရေးသည် အလွန်အရေးကြီး နေပါတယ်။ အစိုးရ၊ လွှတ်တော်၊ ပြည်သူလူထုတို့မှ ဥပဒေပါအချက်များကို လိုက်နာခြင်းဖြင့် ဆေးလိပ်ငွေ့ကင်းစင်သည့် နေရာများ ထွက်ပေါ်လာစေနိုင်သဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းတင်ပြအပ်ပါသည်။ ဆေးလိပ်ငွေ့ကင်းစင်ရှမ်းပြည်တစ်ခွင် လူထုလှုပ်ရှားမှုအနေဖြင့် ပြီးခဲ့သော ဒီဇင်ဘာလ ၃ ရက်တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်ပြီးတော့ ဆေးလိပ်ငွေ့ကင်းစင်လူထုလမ်းလျှောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်များလည်း ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်းတင်ပြအပ်ပါတယ်။ ဆေးလိပ်ငွေ့ကင်းစင်လူထုစက်ဘီးစီးခြင်း အခမ်းအနားကို ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝန်ကြီးများ ဦးဆောင်ပြီးဆောင်ရွက်ခဲ့ပါတယ်။ လမ်းလျှောက်ပွဲတွင်လူပေါင်း ၃၀၀၀ ကျော်ပါဝင်ဆင်နွှဲပြီး စက်ဘီးစီးပွဲတွင် အားလုံးပေါင်း ၁၄၀၀ ကျော်ပါဝင်ဆင်နွှဲခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ဆေးလိပ်ငွေ့ကင်းစင်တဲ့ နေရာ၊ ဒေသများ၊ မြို့တော်များ ပေါ်ထွက်လာဖို့ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဟာ ဥပဒေပါအချက်များကို လိုက်နာဆောင်ရွက်ခြင်း ဖြစ်တဲ့အတွက် အားလုံးဥပဒေပါအချက်များကို





ကင်းစင်သည့်မြို့ဆိုသည်မှာ ဆေးလိပ်ငွေ့ကင်းစင်သည့် မြို့တော်၊ ဆေးလိပ်ငွေ့ကင်းစင်သည့်နေရာဆိုသည်မှာ မည်သည့် ဆေးရွက်ကြီးထွက်ပစ္စည်း(အီး-စီးကရက်အပါအဝင်)ကိုမဆို အမိုးအကာရှိသောနေရာ၊ အများပြည်သူနှင့်ဆိုင်သော နေရာများတွင် သုံးစွဲခြင်းအား ရာနှုန်းပြည့်သတ်မှတ်နိုင်ခြင်းကို ဆိုပါတယ်။ အများပြည်သူနှင့်သက်ဆိုင်သော နေရာဆိုသည်မှာ အဆောက်အဦအတွင်းဖြစ်စေ၊ ပြင်ပဖြစ်စေ၊ လူ(၂)ဦးထက်ပို၍ စုဝေးနိုင်ပါက အများပြည်သူနှင့်ဆိုင်သောနေရာအဖြစ် သတ်မှတ်ထားပါတယ်။ အောက်ဖော်ပြပါ အမိုးအကာရှိသော နေရာများအားလုံး ဆေးလိပ်ငွေ့ကင်းစင်သည့် နေရာဖြစ်ရန် ပါဝင်ပါတယ်။ အဆောက်အဦများ၊ အလှူမင်္ဂလာသုံးယာယီတဲများ၊ ကမ်းခြေအပန်းဖြေယာယီတဲများသည် ဆေးလိပ်ငွေ့ကင်းစင်ဖို့ သတ်မှတ်ထားသောနေရာများဖြစ်ပါတယ်။ ဆေးလိပ်ငွေ့ကင်းစင်နေရာအဖြစ် သတ်မှတ်ထားသည့် နေရာများ အများ ပြည်သူ ဝင်ထွက်သွားလာနိုင်သော နေရာများဖြစ်သည့် ဆေးရုံ၊ ဆေးခန်း၊ ကျောင်း၊ တက္ကသိုလ်၊ ရုပ်ရှင်ရုံ၊ ဇာတ်ပွဲရုံ၊ အားကစားရုံ၊ လေအေးစက်သုံးသော အလုပ်ဌာန၊ ခန်းမ၊ Shopping Centreများ၊ ပုဂ္ဂလိကစာသင်ဆောင်၊ ခရီးသည်ပို့ဆောင်ရေးယာဉ်၊ ဓါတ်လှေကားနှင့် ရွေ့လျားလှေကား၊ အများပြည်သူသုံးခန်းမနှင့် အပန်းဖြေရာ နေရာအား ဆေးလိပ်သောက်ခွင့်မရှိသောနေရာများ (No Smoking Places)အဖြစ်သတ်မှတ်ထားပါတယ်။

ဆေးလိပ်ငွေ့ကင်းစင်မြို့တော်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ အင်းလေးဒေသနှင့် ပင်းတယရွှေဥမင်လိုဏ်ဂူဘုရားမှာ ဆေးလိပ်ငွေ့ကင်းစင် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း အခမ်းအနားကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့မှာ ပြုလုပ်ခဲ့ပါတယ်။ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလမှာ ရှမ်းပြည်နယ်အစိုးရ

လိုက်နာနေထိုင်မယ်ဆိုရင် ဆေးလိပ်ငွေ့ကင်းစင်တဲ့ မြို့များ၊ မြို့တော်များ ပေါ်ထွက်လာပြီး သန့်ရှင်းတဲ့လေ၊ ဆေးလိပ်ငွေ့ကင်းစင်တဲ့လေများကို အနာဂတ်မျိုးဆက်သစ်များ ရှုရှိုက်နိုင်မှာဖြစ်တဲ့အတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါတယ်။ ပါဝါပွိုင့်လေးနဲ့ မေးခွန်းကို ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းဇော်မိုးက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ တပ်မတော်သားကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုး ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ သာသနာမြေ၊ ရွာမြေ၊ လယ်မြေ၊ သားငှက်မြေ၊ သစ်တောမြေများ ပြန်လည်သတ်မှတ်ပေးရန် မေးခွန်းပေါ် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းသွားမှာဖြစ်ပါတယ်။

သာသနာမြေ၊ ရွာမြေ၊ လယ်မြေ၊ သားငှက်မြေ၊ သစ်တောမြေများ ပြန်လည်သတ်မှတ်ပေးရန်နှင့်ပတ်သက်၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်မပြမေးခွန်းအဖြစ် မေးခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းမေးခွန်းကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ စာအမှတ်၊ ၅/၁၂-၁/ လွှတ်တော်(ရှမ်း) သယံဇာတနှင့် သစ်တောဦးစီးဌာနမှ ဖြေကြားခဲ့ပြီး ဖြစ်ပါတယ်။





**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် မှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ ခင်ဗျား။ ဦးသိန်းဇော်မိုး မေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ မေးခွန်းနှင့်ပတ်သက်ပြီး ယခင်အစိုးရကာလ လက်ထက်တွင် နိုင်ငံတော်အကြီးအကဲ ဆိုသည်မှာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖြစ်ပါသည်။ ယခုအစိုးရ ကာလလက်ထက်တွင် နိုင်ငံတော် အခမ်းအနားများနှင့် နိုင်ငံတော် သမ္မတ ဦးဆောင်သော အစည်းအဝေးများ ကျင်းပပြုလုပ်ရာတွင်လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနအချင်းချင်း ဆက်သွယ် ဆောင်ရွက်ရာတွင် လည်းကောင်း စနစ်တကျရှိစေရေးနှင့် မှန်ကန် မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအဂ္ဂါစဉ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၃. ၆. ၂၀၁၆ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၃၂/၂၀၁၆)ဖြင့် သတ်မှတ်ထားပြီးဖြစ်ပါသည်။

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုကြားချက်အရ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်စွဲပါ စာအမှတ်၊ ၁၃(၁)/၇ သမ္မတရုံးစာအရ သစ်တောမြေ(ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော/သဘာဝနယ်မြေ)များအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ တရားမဝင်ကျူးကျော်အခြေချ နေထိုင်သည့် ရွာစုနှင့် အိမ်ထောင်စုများအား စာရင်းဇယားကောက်ယူပြီး ကျေးရွာများ ပြန်လည်နေရာချထားပေးရန်လည်းကောင်း၊ နိုင်ငံတော် သမ္မတရုံး၏ ၂၀၁၃ခုနှစ်၊ မေလ ၈ ရက်စွဲပါစာအမှတ်၊

၁၃(၂)/၇ သမ္မတရုံးစာအရ သစ်တောမြေ(ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော၊ သဘာဝနယ်မြေ)များအတွင်း နှစ်ကာလ အတိုင်းအတာတစ်ခုအထိ တရားမဝင်ကျူးကျော်အခြေချ နေထိုင်သည့် ဒေသခံပြည်သူများ၏ ဘဝရပ်တည်မှုနှင့် လူမှု စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပထမအဆင့် အနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန အမည်ပေါက် စာရင်းဝင် ကျေးရွာများအား သစ်တောနယ်မြေအဖြစ်မှ ပယ်ဖျက်ပေးရန် ဖြစ်ပါကြောင်းနှင့် အဆိုပါ လမ်းညွှန်ချက်နှင့်ပတ်သက်၍ နိုင်ငံပိုင် သတင်းစာတွင် ပွင့်လင်းမြင်သာစွာ သတင်းထုတ်ပြန်ခဲ့ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းစံထွန်းက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစံထွန်း၊ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းစံထွန်းဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမည့် ကြယ်ပွင့်ပြ မေးခွန်းကတော့ ကွန်ဟိန်းမြို့နယ်၊ဘောလုံးကွင်းဟောင်းကိုပြန်လည် ပြုပြင်ခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းဖြစ်ပါတယ်။

ကွန်ဟိန်းမြို့နယ်၏ မြို့နယ်ဘောလုံးကွင်းဟောင်းသည် ၁၉၇၀ ခုနှစ်ခန့်မှ ၂၀၀၀ ခုနှစ် ဝန်းကျင်အထိ အသုံးပြုခဲ့သော ဘောလုံးကွင်းတစ်ကွင်းဖြစ်ပါသည်။ ၎င်းဘောလုံးကွင်းသည်



D/real(wide) (1



၎င်းဖြေကြားချက်မှာ နိုင်ငံတော်အကြီးအကဲများ လမ်းညွှန်မှုအရ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်ဖြစ်သဖြင့် အင်းလေးဒေသအတွင်း ယခင်သတ်မှတ်ခဲ့သည့် နယ်မြေများအား ပြန်လည်သတ်မှတ်ရန် မရှိကြောင်း ပြန်လည်ဖြေကြားခဲ့ပါတယ်။ သိလိုသည်မှာ နိုင်ငံတော် အကြီးအကဲဆိုသည်မှာ မည်သူဖြစ်၍ အမည်နာမကို သိလိုပါတယ်။ အမည်နာမကို မဖော်ပြလိုက အဘယ်ကြောင့် မဖော်ပြသနည်းကို သိလိုပါတယ်။ မည်သည့်ခုနှစ်၊ မည်သည့်ကာလတွင်မည်ကဲ့သို့ လမ်းညွှန်ခဲ့သည်ကို သိလိုပါ၍ မေးမြန်းရခြင်းဖြစ်ပါတယ်။

ဒီလိုမေးခွန်းမေးမြန်း ရခြင်းမှာ သမိုင်းတွင် ကျန်ရစ်စေရန် အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ အမျိုးသားမြေ အရင်းအမြစ် စီမံကိန်းစီမံခန့်ခွဲရေးဗဟိုကော်မတီ၊ ဇန်နဝါရီလ၊ ၂၀၁၆ ခုနှစ်၊ နေပြည်တော်၏ ထုတ်ပြန်ချက်အရ မြေလုပ်ကိုင်ခွင့် ခိုင်မာမှုနှင့် ပြည့်စုံလုံလောက်ပြီး မှန်ကန်တိကျသောမြေ အသုံးချမှုဆိုင်ရာ သတင်းအချက်အလက်များကို လွယ်ကူစွာရယူ သုံးစွဲနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၊ ဒေသခံ ကိုယ်စားလှယ် များနှင့် အပြန်အလှန်ညှိနှိုင်း၍ မြေပုံရေးဆွဲခြင်း၊ မှတ်ပုံတင်ခြင်းတို့ကို ဆောင်ရွက်ရမည်ဟု ဖော်ပြထားပါတယ်။ ထို့ကြောင့် အနာဂတ် မြေအသုံးချမှုနှင့်ပတ်သက်၍ မည်ကဲ့သို့ စဉ်းစားဆွေးနွေး လုပ်ဆောင်နိုင်ရန်အတွက် ကြယ်ပွင့်ပြ မေးခွန်း အဖြစ် မေးမြန်း ရခြင်းဖြစ်ပါတယ်။ အထက်ဖော်ပြပါ ကြယ်ပွင့်မပြ မေးခွန်း၏ ဖြေကြားစာတွင်လည်း အသေးစိတ်သိလိုပါက သက်ဆိုင်ရာ ဌာနများတွင်စုံစမ်းမေးမြန်းနိုင်ကြောင်း ဖြေကြားထားသော်လည်း လွှတ်တော်သည်သာ ပြည်သူတို့၏ အားကိုးရာ၊ အမှန်တရား၏ မဏ္ဍိုင်ဖြစ်သဖြင့် လွှတ်တော်မှတစ်ဆင့် မိဘရင်းသဖွယ် ကြယ်ပွင့်ပြ မေးခွန်းအဖြစ် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ် ခင်ဗျား။

မြို့နယ်ဆေးရုံကြီးနှင့် နီးကပ်ခြင်း၊ မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းနှင့် နီးစပ်ခြင်းဖြစ်ပြီး ဘောလုံးကွင်းမရှိသော (အ. ထ. က ကျောင်း)မှ ကလေးများ အားထားရခြင်း၊ မြို့၏ အချက်အချာကျသော အပိုင်းတွင်ရှိခြင်း၊ မြို့နယ်ရပ်ကွက် လူထုများ ဝင်ရာထွက်ရာတွင် နီးစပ်ခြင်း၊ ယခင် ဘောလုံးကွင်း အသုံးပြုခဲ့စဉ် ကာလတစ်လျှောက်တွင် မြို့နယ် ပွဲလမ်းသဘင်များ၊ အခမ်းအနားများ ကျင်းပပြုလုပ်ရာကွင်းဖြစ်ခြင်းစသည့် အချက်များကြောင့် မြို့နယ်လူထုမှ ပြန်လည်ပြုပြင်လိုသည့် ဆန္ဒရှိခဲ့ပါသည်။ ယခုဘောလုံးကွင်းသည် မြက်များဖုံးလွှမ်းနေပြီး အကျိုးမဲ့ ဖြစ်နေပါသဖြင့် ပြန်လည်ပြုပြင်မည်ဆိုပါက အကျိုးရှိနိုင်မည်ဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ဘတ်ဂျက်ဖြင့် အားကစားရုံ တစ်ရုံလည်း ၎င်းဘောလုံးကွင်းဟောင်း၏ဘေးတွင် ဆောက်လုပ်ထားပြီးဖြစ်သဖြင့် ၎င်းဘောလုံးကွင်း ပြန်လည်ပြုပြင်နိုင်ရေးအတွက် ရန်ပုံငွေ(ဘတ်ဂျက်)ချထားပေးနိုင်မည့် အစီအစဉ် ရှိ/မရှိနှင့် ရှိသည်ဆိုပါက မည်သည့်ခုနှစ်တွင် မည်သည့် ဘတ်ဂျက်ဖြင့် ချထားပေးမည်ဖြစ်ကြောင်းနှင့် မရှိပါက မည်သည့်အကြောင်းကြောင့် မချပေးနိုင်ကြောင်းကို သိရှိလိုပါသဖြင့် ကြယ်ပွင့်ပြ မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါသည်။ ဖြည့်စွက်တင်ပြလိုသည်မှာ မြို့နယ် နည်းစနစ်မှူး၊ နည်းပြတစ်ဦးရရှိဖို့ ကျွန်တော်မှ ဒေသခံ မြို့နယ်အဆင့် အားကစားလူငယ်တစ်ဦး၏ လျှောက်လွှာကို ပြည်နယ် အားကစားမှူးထံ တင်ပြထားပါသည်။ ၎င်းနည်းစနစ်မှူး ခန့်ထားပေးနိုင်မှု အစီအစဉ် ရှိ/မရှိ သိရှိလိုပါသဖြင့် မိဘပြည်သူများ၏ ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါသည်။





## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေတွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်၊ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၆)ဖြစ်ပါတယ်။ အစီအစဉ်အရ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်၊ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ တာချီလိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်မောင်တင့်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်တင့်၊ တာချီလိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် တာချီလိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့် ဖြစ်ပါတယ်။ ယနေ့ကျင်းပသော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး အတွင်း ကြွရောက်လာတဲ့ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ် စာရင်းစစ်ချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ဦးစွာပထမအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အတွင်းမှာ ရှမ်းပြည်နယ်အစိုးရ ရန်ပုံငွေ မတင်သွင်းခင်မှာ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ တင်သွင်းရမှာဖြစ်ပါတယ်။

ဒီနှစ်မှာတော့ လိုလားချက်အရ ဒီဥပဒေကို တင်သွင်းထားခြင်း လွှတ်တော်မှာ မတွေ့ရှိ ရသေးသည့်အတွက် ကျွန်တော့်အနေနဲ့ အနည်းငယ်ပြောလိုပါတယ်။ ရှမ်းပြည်နယ်ဘဏ္ဍာရေးရန်ပုံငွေမှာ ဌာန၊ အဖွဲ့အစည်းများ မူလခန့်မှန်း ခြေငွေစာရင်းမှာ ကျပ် ၃၃၂၉၃. ၁၆၁ သန်း၊ သာမန်အသုံးစရိတ် လျာထားချက် ငွေ ကျပ် ၉၅၀၈၉. ၂၃၄ သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ်လျာထားချက် အနေနဲ့ ကျပ် ၁၅၄၆၁၁. ၉၂၇ သန်း ဖြစ်ပါတယ်။ ရငွေနှင့် အခြားအသုံးစရိတ်ခြားနားချက်အပေါ် ပြည်ထောင်စု ထောက်ပံ့ငွေအနေဖြင့် ကျပ် ၂၁၆၄၀၈. ၀၀၀ သန်း ထောက်ပံ့ထားကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၏ အညွှန်းကိန်း (၆)ခု အရ ပြည်ထောင်စုမှ ထောက်ပံ့ငွေ ၂၁၈၆၂၉. ၇၈၂ သန်း ရရှိမှာ ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၉. ၁၁. ၂၀၁၆ ရက်နေ့ စာ အရ သိရှိရပါတယ်။ ၂၀၁၇-၂၀၁၈ခုဘဏ္ဍာရေးနှစ်မှာ ထူးခြားချက်အနေနဲ့ ဗဟိုစာရင်းအင်းအဖွဲ့၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ သာမန်အသုံးစရိတ်အပြင် ထိန်းသိမ်း ပြုပြင်ခြင်းလုပ်ငန်းများ၊ မြေသားလုပ်ငန်းများ၊ တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနများ၏ သာမန် အသုံးစရိတ်များနှင့် လွှတ်တော်ကတိ ကဝတ်များအရ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူးများ၏ သာမန် အသုံးစရိတ်များအား ရှမ်းပြည်နယ်ရန်ပုံငွေအတွင်းသို့ ထည့်သွင်း ထားကြောင်းတွေ့ရှိရပါတယ်။

၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ မူလ ခန့်မှန်းခြေငွေစာရင်းမှာ ကျပ် ၂၈၅၀၉. ၃၇၃ သန်းဖြစ်ပြီး သာမန် အသုံးစရိတ်လျာထားချက်မှာ ကျပ် ၉၃၈၀၇. ၆၇၀သန်း၊ ငွေလုံး ငွေရင်းအသုံးစရိတ်လျာထားချက်မှာ ကျပ် ၁၅၃၃၃၁. ၄၈၅သန်းဖြစ် ပါတယ်။ လျာထားငွေအသုံးစရိတ် ခြားနားချက်အပေါ်



D/real(wide) (1



**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစား အပ် ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စား လှယ်များခင်ဗျား။ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံထွန်းရဲ့ ကွန်ဟိန်းမြို့နယ် ဘောလုံးကွင်းကိစ္စနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်တွင် သာမန် အသုံးစရိတ်မှ ရုံးနှင့် လေ့ကျင့်ရေးရုံတွဲလျက် အဆောက်အဦ (၁)ခုအား ကျပ်သန်း(၁၃. ၂၆၀)ဖြင့် တည်ဆောက်ပေးခဲ့ပြီးဖြစ် ပါတယ်။ ဘောလုံးကွင်းဟောင်း ပြန်လည် ပြုပြင်ရန်အတွက် ရှမ်းပြည်နယ်အားကစားနှင့် ကာယာပညာ ဦးစီးဌာန၏ ပြည်နယ် ဘတ်ဂျက်ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ၂၀၁၈-၂၀၁၉ဘဏ္ဍာရေး နှစ်တွင် ထည့်သွင်း၍ ဘဏ္ဍာငွေ ရရှိမှုအပေါ် မူတည်၍ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ နည်းစနစ်မှူး ခန့်ထားရေးနှင့်ပတ်သက်ပြီး တင်ပြချက်ပေါ်ပြန်ကြည့်ပြီး သတ်မှတ် ချက်နှင့်ကိုက်ညီပါက စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြည့်စွက်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်း အစီအစဉ် ပြီးဆုံးပြီ ဖြစ်ပါတယ်။

ပြည်ထောင်စုမှ ထောက်ပံ့ငွေအနေဖြင့် ကျပ် ၂၁၈၆၂၉. ၇၈၂ သန်း ရရှိမှာ ဖြစ်ပါတယ်။ အသုံးစရိတ်စာရင်းများ အရ လွှတ်တော်ကိုယ်စားလှယ်များအား အသေးစိတ်ချပြရှင်းလင်း နိုင်ခြင်းမရှိသည့်အတွက်လည်း ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာစိစစ်ရေးကော်မတီအနေဖြင့်လည်း အနူးအညွတ် မေတ္တာရပ်ခံပါတယ်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ကို ပေးထားသည်မှာ စာရင်းကိန်းဂဏန်းများသာပါရှိပြီး အသေးစိတ်အချက်အလက်များကို ရရှိခြင်းမရှိသေးသည့်အတွက် တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်အားလုံးကို အသေးစိတ်ချပြနိုင်ခြင်းမရှိသေးပါဘူး။ လေ့လာသုံးသပ်နေဆဲဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာ လျာထားသည့်အနေဖြင့် လယ်ယာမြေကဏ္ဍတွင် ၃. ၂ ရာခိုင်နှုန်း တိုးတက်ဖို့ လျာထားတာကို တွေ့ရှိရပါတယ်။ အသားငါးတွင် ၅. ၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားတာကို တွေ့ရှိရပါတယ်။ သစ်တောကဏ္ဍတွင် ၁၀. ၆ ရာခိုင်နှုန်းထိ တိုးတက်ရန် ရည်မှန်းထားခြင်းကိုလည်း တွေ့ရှိရပါတယ်။ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၃. ၄ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားခြင်းကိုလည်း တွေ့ရှိရပါတယ်။ စက်မှုလက်မှုကဏ္ဍတွင် ၂. ၄ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခြင်းရှိပါတယ်။ လျှပ်စစ် ဓါတ်အားတွင် ၉. ၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားခြင်းကို တွေ့ရှိရပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းတွင် ၂၂. ၆ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားခြင်းကို တွေ့ရှိရပါတယ်။ ပို့ဆောင်ရေးကဏ္ဍတွင် ၈. ၃ ရာခိုင်နှုန်းတိုးတက်ရန် လျာထားခြင်းတို တွေ့ရှိရပါတယ်။ ဆက်သွယ်ရေးကဏ္ဍတွင် ၁. ၄ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခြင်းကိုတွေ့ရှိရပါတယ်။ ငွေရေးကြေးရေးကဏ္ဍတွင် ၁၅. ၄ ရာခိုင်နှုန်းတိုးတက်ရန် လျာထားခြင်းကို တွေ့ရှိရပြီး လူမှုရေး နှင့် စီမံခန့်ခွဲရေးကဏ္ဍတွင်





ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊အဖွဲ့ အစည်းများ၏ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ဘဏ္ဍာရန်ပုံငွေရသုံးမှန်းခြေငွေစာရင်းများကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်၏ ဆွေးနွေးချက်သည် ကန့်ကွက်ခြင်းအတွက် မဟုတ်ဘဲ အကြံပြုဆွေးနွေးခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဘဏ္ဍာငွေရသုံးမှန်းခြေငွေစာရင်းများကို အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)(ပထမနေ့)တွင် ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက လေ့လာပြီး ဘဏ္ဍာငွေများကို အတည်ပြုပေးနိုင်ပါရန် တင်ပြလာခဲ့ပါတယ်။ ကျွန်တော့်အနေဖြင့် လွန်ခဲ့သော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၏ အတွေ့အကြုံနှင့် နှိုင်းယှဉ်ပြီး ဆွေးနွေးတင်ပြမည်ဆိုပါက ဌာနအလိုက်ဘဏ္ဍာငွေခွဲဝေရရှိမှု ငွေလုံးငွေရင်းနှင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ၏ အသေးစိတ်လုပ်ငန်းဆောင်ရွက်ချက်များ ပူးတွဲပြီး လွှတ်တော်သို့ ပေးပို့မှသာလျှင် လွှတ်တော်ကိုယ်စားလှယ်များက လေ့လာနိုင်ပြီး ပြန်လည်ဆွေးနွေးအကြံပြုတင်ပြနိုင်ပါကြောင်း တင်ပြလိုပါတယ်။ ယခုလို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ငွေလုံးငွေရင်းစာရင်းချုပ်ကိုသာ တင်ပြလာသည့်အတွက် လေ့လာ၍ မရနိုင်ပါကြောင်းတင်ပြလိုပါတယ်။ ဥပမာပြောရမည်

ဆိုလျှင် လုပ်ငန်းထပ်နေသော ကဏ္ဍများမှာ ပတလနှင့် ကျေးလက်လုပ်ငန်းများမှာ လမ်းများ၊ တံတားများလျာထားခြင်း၌ လုပ်ငန်းထပ်နေသည်ကို တွေ့ရှိခဲ့ရပါတယ်။ ထိုကဲ့သို့ လုပ်ငန်းများထပ်လာသည့်အခါမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်တွေ့ရှိသည့် အချိန်မှာ ပြန်လည်ပေါင်းစပ်ပြီး လုပ်ငန်းခေါင်းစဉ်ပြောင်းပြီးတဲ့ အခါကျတော့ ပြန်လည်တင်ပြနိုင်မှသာလျှင် ဘတ်ဂျက်နှစ်အလိုက် ရှမ်းပြည်နယ်အတွက် ဘဏ္ဍာငွေ မနစ်နာအောင် တင်ပြလိုပါတယ်။ ဘဏ္ဍာငွေအများဆုံးသုံးစွဲသော ဌာနများကိုတင်ပြရမည်ဆိုပါက ဌာန(၉)ခုရှိပါတယ်။ အစိုးရအဖွဲ့ဆိုသည်မှာ အစိုးရ၏ ဌာန၊ အဖွဲ့ခွဲငယ်များလည်းရှိပါတယ်။ အစိုးရအဖွဲ့ ဌာနတွင် သုံးထားခြင်းမှာ ၂. ၈၄၆ ဘီလီယံကျော် သုံးထားခြင်း တွေ့ရှိခဲ့ရပါတယ်။ ထိုကဲ့သို့သော ဘီလီယံပေါင်းများစွာ သုံးထားသည့် ဌာနများတွင် အသေးစိတ်လုပ်ငန်း လွှတ်တော်ကိုယ်စားလှယ်များကို ချပြပေးနိုင်မှသာလျှင် စိစစ်နိုင်မှာဖြစ်ပါတယ်။ အခုကျတော့ ကျွန်တော်တို့ အနေနဲ့လည်း ကော်မတီဥက္ကဋ္ဌ ဆွေးနွေးသွားသလို ဘာမှ စိစစ်လို့ မရတဲ့အဆင့်ဖြစ်နေပါတယ်။ ဆည်မြောင်းဆိုရင်လည်း ၆. ၁၀၂ ဘီလီယံကျော် သုံးစွဲသွားမှာ ဖြစ်ပါတယ်။ ပတလတွင် ၂၀. ၀၇ ဘီလီယံ သုံးစွဲသွားမှာ ဖြစ်ပါတယ်။ ကျေးလက်ဦးစီးဌာနတွင် ၇. ၅၀၀ ဘီလီယံကျော် သုံးစွဲသွားမှာဖြစ်ပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန တွင် ၈. ၁၃၁ ဘီလီယံကျော်သုံးစွဲသွားမှာ ဖြစ်ပါတယ်။ မီးသတ် ဦးစီး ဌာနတွင် ၆. ၈၁၆ ဘီလီယံကျော် သုံးစွဲသွားမှာဖြစ်ပါတယ်။လျှပ်စစ်ကဏ္ဍတွင်၁၅. ၉၆၄ဘီလီယံကျော် သုံးစွဲသွားမှာ ဖြစ်ပါ တယ်။ လမ်းဦးစီးဌာနတွင် အများဆုံးသုံးစွဲမှာဖြစ်ပြီး ၅၇. ၅၀၀ ဘီလီယံကျော် သုံးစွဲသွားမှာ ဖြစ်ပါတယ်။ စည်ပင်ဌာနတွင် ၁၁. ၆၈၃ ဘီလီယံကျော် သုံးစွဲသွားမှာဖြစ်ပါတယ်။ ယခင်က ပထမ လွှတ်တော် သက်တမ်း၏ အတွေ့အကြုံအရ





၂. ၃ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခြင်း ကိုတွေ့ရှိရပါတယ်။ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းတွင် ၅. ၈ ရာခိုင်နှုန်း တိုးတက်ရန် လျာထားပြီး ကုန်သွယ်ရေးကဏ္ဍတွင် ၃. ၄ ရာခိုင်နှုန်းတိုးတက်ရန် လျာထားကြောင်း အသေးစိတ်တွေ့ရှိရပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဘဏ္ဍာငွေခွဲဝေရေးမှာ အနည်းငယ်တင်ပြချင်တာကတော့ ဒေသန္တရစီမံကိန်းဥပဒေမှာ အမြဲတမ်းထည့်သွင်းပါဝင်လေ့ရှိတဲ့ ပြည်နယ်အတွင်း ကျေးလက်၊ မြို့ပြများအကြား အချိုးကျမျှတစွာ တိုးတက်စေရေးဆိုသည့် အခန်းကဏ္ဍမှာ အဓိက ပါဝင်တာတွေ့ရတယ်။ ဘတ်ဂျက်ခွဲဝေသုံးစွဲသည့် နေရာမှာ ဒီနှစ်မှာ အနည်းငယ် မြို့ပြနှင့် ကျေးလက် ကွာခြား နေသည့် အချက်အလက်များကို ကျွန်တော့်အနေနဲ့ တွေ့ရှိရ ပါတယ်။

အလုပ် အကိုင်အခွင့်အလမ်းနည်းပညာကျွမ်းကျင်မှုရရှိရေးနှင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုကုန်သွယ်ရေးဆိုသည့် အချက်အလက်များတွင်လည်း အနည်းငယ်အားနည်းနေသည်ဆိုသည့် အချက်အလက် များကို တွေ့ရှိရပါတယ်။ နောင်လာမည့် ဒုတိယအကြိမ် အစည်း အဝေးများ၌ လွှတ်တော်ကိုယ်စားလှယ်များကို ဘတ်ဂျက်နှင့် ပတ်သက်သည့် အသေးစိတ်ကဏ္ဍကို အစီရင်ခံစာ တင်ပြပေးသွား မည်ဖြစ်ကြောင်း အသိပေးပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) မှ ဦးစိုင်းအောင်ခမ်းက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** အားလုံးမင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)(စတုတ္ထနေ့)သို့ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊

ဒီလိုမျိုး ရငွေ/သုံးငွေ၊ လိုငွေ များ ရှိပါတယ်။ ပထမ လွှတ်တော်သက်တမ်းမှာကျတော့ ရန်ပုံငွေကို ရှမ်းပြည်နယ်ကနေ ရေးဆွဲပြီးတော့မှ ပြည်ထောင်စုသို့ ပေးပို့ရတာရှိ ခဲ့ပါတယ်။ ပေးပို့တဲ့အခါ ရှမ်းပြည်နယ်အစိုးရအဖွဲ့က လျှာထားပြီး တင်ပြလိုက်သည့် လုပ်ငန်းခေါင်းစဉ်များကို တစ်ခါတစ်ရံ ပြည်ထောင်စုအစိုးရမှ ဖြတ်ချတာတွေလည်း ကြုံတွေ့ခဲ့ရတာရှိခဲ့ပါတယ်။ ယခု ၂၀၁၆ ခုနှစ်မှ စပြီး ကျွန်တော်လေ့လာ တွေ့ရှိချက်အရ ယခုလို ရငွေ၊ သုံးငွေ၊ လိုငွေနေရာမှာ ပြည်ထောင်စုအစိုးရအဖွဲ့မှ တစ်ခါတည်း မည်သည့်ဌာနမှာ ယခုလိုငွေကိုမည်မျှချပေးမည်၊ တစ်ခါတည်းအပြည့်အစုံ ရေးဆွဲပြီးတော့မှတင်ပြပါဆိုသည်ကိုလည်း ကြားသိရပါတယ်။ ဒါကြောင့် လျှာထားတယ်လို့ပြောလို့မရတော့ပါဘူး။ ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ လျှာထားလိုက်သည့် လမ်း၊ တံတား ဆိုရင်လည်း အတည်ပြုချက် ၈၀ ရာခိုင်နှုန်းလောက်ဖြစ်နေပြီဆိုသည့် အကြောင်းကို ထည့်သွင်းဆွေးနွေးလိုပါတယ်။

ထို့ကြောင့် လာမည့် နောင်ဘတ်ဂျက်ရေးဆွဲသည့်အချိန်မှာ အသေးစိတ်ဖော်ပြပေးနိုင်ပါရန် ဆွေးနွေးတင်ပြလိုပါတယ်။ ဥပမာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ လျှပ်စစ်ကဏ္ဍမှာ ဆွဲထားသည့်ပုံစံအတိုင်း ကျွန်တော်၏ မြို့နယ်အနေနဲ့ဘဲ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လျှပ်စစ်ကဏ္ဍဆိုရင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ မိုင်းပန်မြို့၊ အနောက်ရပ်ကွက်တွင် ၁၁ကေဗွီဓါတ်အားလိုင်း ၆၀၀ ပေနှင့် ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီထရန်စဖော်မာ(၁)လုံး တည်ဆောက်ခြင်း၊ ကျပ်သန်းပေါင်း ၁၉ သန်းကျော်သုံးစွဲသွားမှာ ဖြစ်ပါတယ်။ မှတ်ချက်နေရာမှာကျတော့ ပြည်နယ်လျှပ်စစ်ဝန်ကြီး ၁၇.၅.၂၀၁၅ ရက်စွဲပါစာအမှတ်၊ ပြည်သူများ၏ ဒေသဖွံ့ဖြိုးရေး တင်ပြချက်ဆိုပြီး





**ဦးသန်းဝင်း၊ မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း၊) မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ်(၁)က ဦးသန်းဝင်းဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)(ပထမနေ့)မှာ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သောဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ခုဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေစာရင်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးအကြံပြု တင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ၂၀၁၇-၂၀၁၈ခုဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ရန်ပုံငွေ၏ ငွေလုံးငွေရင်းအသုံးစရိတ် လုပ်ငန်းခေါင်းစဉ်(၅)မျိုးအတွက် စုစုပေါင်း ကျပ်သန်းပေါင်း ၁၅၃၃၃၁.၄၈၅ သန်း ခွင့်ပြုထားသည့်အနက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကျပ်သန်းပေါင်း ၁၃၀၇၂၁.၈၆၅ ဖြစ်သည့်အတွက် ငွေလုံးငွေရင်း အသုံးစရိတ်၏ ၈၅.၂ ရာခိုင်နှုန်းရှိပြီး ပြည်နယ်ရန်ပုံငွေ၏ ၅၂.၈၉ ရာခိုင်နှုန်းရှိခဲ့သည့်အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းသည် မျှတမှုရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ ကျပ်သန်းပေါင်း ၃၆၈၆၁.၅၈၃ ခွဲဝေချထားပေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် ကျပ်သန်းပေါင်း ၇၅၀၀ သာ ခွဲဝေပေးထားသည့်အတွက် အလွန်နည်းပါးသည်ကို လေ့လာတွေ့ရှိရပါတယ်။ ရှမ်းပြည်နယ်အတွင်း လူဦးရေ ၇၀ ရာခိုင်နှုန်းဟာ ကျေးရွာပေါင်း ၁၄၀၀၀ မှာ မှီတင်းနေထိုင်ကြရပြီး လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားစေရန်အတွက် အမှန် တကယ်ဆောင်ရွက်ပေးရမည့် လုပ်ငန်းပေါင်း



D/real(wide) (1

မြောက်မြားစွာကို နှစ်စဉ်နှင့်အမျှ လိုအပ်ချက်များရှိပါတယ်။ ထို့ကြောင့် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေကို ဒီထက်မက တိုးမြှင့်ခွင့်ပြုပေးနိုင်ရေးအတွက် စဉ်းစား ပေးသင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဌာနအဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ နှစ်နှင့် ၂၀၁၇-၂၀၁၈ ရငွေ၊ သုံးငွေ၊ ပိုငွေ၊ လိုငွေ နှိုင်းယှဉ်ဖော်ပြထားသည့် ဇယားအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရငွေ ကျပ်သန်းပေါင်း ၃၃၂၉၃. ၁၀၄ ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရငွေ ကျပ်သန်းပေါင်း ၂၈၅၀၉. ၃၇၃ ဖြစ်ရာ ကျပ်သန်းပေါင်း ၄၇၈၃. ၇၃၁ လျော့နည်းရရှိကြောင်း ဖော်ပြ ထားပါတယ်။ ဌာနအဖွဲ့အစည်းများ၏ ရငွေများအနက် ပြည်နယ်အစိုးရအဖွဲ့၏ ရငွေသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်းပေါင်း ၁၇၃၄၅. ၆၅၇၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်းပေါင်း ၁၀၂၂၅. ၁၈၈ ဖြစ်သဖြင့် ကျပ်သန်းပေါင်း ၇၂၂၆. ၃၈၄ လျော့နည်းသွားကြောင်း တွေ့ရပါတယ်။ သို့ပါ၍ လျော့နည်းရသည့် အကြောင်းအရာများကိုလည်း ရှင်းလင်းဖော်ပြ ပေးသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဌာနအသီးသီးတို့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ခွဲဝေရရှိမှုအရ သက်ဆိုင်ရာမြို့နယ်အသီးသီးတို့အား မြို့နယ်လိုက် လုပ်ငန်းများ၊ ရန်ပုံငွေများ၊ ခွင့်ပြုချက်များအား သက်ဆိုင်ရာမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထုနှင့်ထိတွေ့သည့်အခါမှာ အထောက်အကူပြုစေရန်အတွက် ငွေလုံးငွေရင်းအသုံးစရိတ်များပြားသော ဝန်ကြီးဌာန၊ ဦးစီးဌာန လုပ်ငန်းများကို စာရင်းဇယား အသေးစိတ်ဖော်ပြပြီး လွှတ်တော်ကိုယ်စားလှယ်များအား ဖြန့်ဝေပေးသင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။ အစိုးရ





အသေးစိတ်ဖော်ပြထားခြင်းများရှိခဲ့ပါတယ်။ အချိန်ကို ငဲ့ညှာသော အားဖြင့် မဆွေးနွေး မတင်ပြလိုတော့ပါဘူး။ ရှမ်းပြည်နယ်တောင်ပိုင်းမှာ လျှပ်စစ်ကဏ္ဍမှာ ကျပ်သန်းပေါင်း မည်မျှသုံးစွဲမည်၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ လျှပ်စစ်ကဏ္ဍမှာ ကျပ်သန်းပေါင်း မည်မျှ သုံးစွဲမည်၊ ရှမ်းပြည်နယ် အရှေ့ပိုင်းမှာ လျှပ်စစ်ကဏ္ဍမှာ ကျပ်သန်းပေါင်း မည်မျှသုံးစွဲမည်ဆိုပြီးရှိခဲ့ပါတယ်။ ထို့ကြောင့် နောင်လာမည့် ဘတ်ဂျက်ဆွဲမည့် အချိန်မှာ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ပွင့်လင်း မြင်သာစွာ လေ့လာနိုင်အောင် ဘတ်ဂျက်ဆွဲသည့်အချိန်မှာ အသေးစိတ် ဖော်ပြပေးနိုင်ပါရန် တင်ပြရင်း နောက်ထပ် တင်ပြလိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများ၏ အားကိုးသော လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည့်အတွက်ကြောင့် မြို့ပေါ်ဖြစ်စေ၊ ကျေးရွာဖြစ်စေ ကွင်းဆင်းပြီး ပြည်သူနှင့် တွေ့ဆုံသည့်အချိန်မှာ ပြည်သူ၏ တင်ပြ ချက်၊ တောင်းဆိုချက်များကို လွှတ်တော်ကိုယ်စားလှယ်များမှ တင်ပြ တောင်းဆိုလာသည့်အချိန်မှာ ဦးစားပေး(၁)အနေနဲ့ တင်ပြ ထည့်သွင်းလျာထားပေးနိုင်ပါရန် တောင်းဆိုတင်ပြလိုပါတယ်။ အဘယ်ကြောင့်ဆိုသော် ယခု ပွင့်လင်းမြင်သာခေတ်ဖြစ်သည့် အတွက်ကြောင့် လွှတ်တော် ကိုယ်စားလှယ်များသည် ၁၀ သိန်းစား၊ ၅ သိန်းစားပြီး ဘာအလုပ်မှ မလုပ်ဘဲ ရန်ပုံငွေ နစ်နာတာဘဲ ရှိတယ်ဆိုပြီး ဝေဖန်သံလည်း ကြားသိနေရပါတယ်။ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း များနှင့် မေးမြန်းသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ထည့်သွင်း လျာထား ပေးပါရန် ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသန်းဝင်းက ဆွေးနွေးဖို့ဖြစ်ပါတယ်။

အဖွဲ့ဝင် ဝန်ကြီးဌာနများမှ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေအား မြို့နယ်အသီးသီးအတွက် လုပ်ငန်းများ ခွဲဝေလျာထားသတ်မှတ်ရာမှာ ရှမ်းပြည်နယ်တစ်ဝှမ်းလုံး ညီမျှစွာ၊ တန်းတူစွာ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် ဒေသစွဲ၊ လူမျိုးစွဲ၊ အတ္တစွဲကင်းကင်းဖြင့် မှန်ကန်မျှတစွာ ညှိနှိုင်းဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေတွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်၊ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရအဖွဲ့ဝင်က ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၇)ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်၊ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။** ယနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)သို့ ကြွရောက်လာကြသည့် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊





နှင့် ၁-၁၂-၂၀၁၆ ရက်နေ့မှာ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ဘဏ္ဍာငွေ ရေးဆွဲခြင်းများကို အစည်းအဝေးထိုင်ပြီး ဌာနဆိုင်ရာပူးပေါင်း ဆောင်ရွက်ပြီး ဘတ်ဂျက်ကို သေချာစိစစ်ခဲ့ပါတယ်။ ဘတ်ဂျက် စိစစ်သည့်အခါမှာ ဌာနဆိုင်ရာကတင်ပြလာသည့် ဘတ်ဂျက်များကို ရာခိုင်နှုန်းအရ တိုးတက်မှုဘယ်လောက်ဘဲ သတ်မှတ်ရပါမယ်။ ဥပမာ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်၏ ၁၀ ရာခိုင်နှုန်းပဲရှိရမည်။ ဒီဌာနကတော့များတယ်ဆိုပြီး စနစ်တကျ ပြန်လည်စိစစ်ပြီး ဌာနဆိုင်ရာများကို လျှော့ချခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာ ရေးနှစ်မှာ ထူးခြားချက်အနေဖြင့် ယခင် ပြည်ထောင်စုရန်ပုံငွေက Union ဘတ်ဂျက်နေနဲ့ လျာထားခဲ့ပေမယ့် ဒီ ၂၀၁၇-၂၀၁၈ မှာ ဗဟိုစာရင်းအင်းအဖွဲ့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန သာမန်အသုံးစရိတ်များ၊ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ပြည်နယ်အစိုးရဘတ်ဂျက် State ဘတ်ဂျက်ထဲမှာ ပြန်လည်ပြောင်းထည့်ပေးပါတယ်။ တိုင်းရင်းသားရေးရာ ဝန်ကြီးများ၏ အသုံးစရိတ်များ ပြည်နယ်ဘတ်ဂျက်ကနေ ပြန်လည်ပြီး ထည့်သွင်း ပြင်ဆင်ရေးဆွဲရပါတယ်။ နောက်တစ်ချက်က လွှတ်တော်မှာ ပေးထားသည့် ကတိကဝတ်များကို ဦးစား ပေးပြီး ထည့်သွင်းရေးဆွဲရပါတယ်။ ခရိုင်နှင့် မြို့နယ်များမှာ ကျင်းပသည့် ပွဲများ၊ သာမန်အသုံးစရိတ်များ ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေထဲမှ ပြည်နယ် State ဘတ်ဂျက်ထဲမှာ ပြောင်းလဲပြီး ထည့်သွင်းသုံးစွဲခဲ့ရပါတယ်။ မိုင်းဆတ်ကိုယ်စားလှယ် ဦးသန်းဝင်း ပြောသွားသည့် ကျေးလက်ဖွံ့ဖြိုးရေးဘတ်ဂျက်နည်းသွားသည်ဆိုတာက State ဘတ်ဂျက်ဖြစ်ပါတယ်။ ယခင်က Union ဘတ်ဂျက်ပါ။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ နောင်လာမည့် နှစ်များတွင်လည်း မျှတစွာနှင့်

ညွှန်းကိန်းများအရ စနစ်တကျစိစစ်ပြီးရေးဆွဲခဲ့သည်ဆိုသည့် အကြောင်းကို လေးလေးစားစားတင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် စစ်ဆေးအတည်ပြုပြီး ဌာန၊ အဖွဲ့အစည်းများ၏ ဘဏ္ဍာရန်ပုံငွေ စာရင်းများအား လွှတ်တော်သို့ ကြိုတင် ပေးပို့ခဲ့ပြီး လွှတ်တော်ကနေ ဒေသန္တရ စီမံကိန်းနှင့် ဘဏ္ဍာငွေအရ အသုံးဆိုင်ရာစိစစ်ရေးကော်မတီ အနေနဲ့လည်း ကြိုတင် စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ စစ်ဆေးချက်များအရ လိုအပ်ချက် များရှိခဲ့မည် ဆိုရင်လည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ရှမ်းပြည်နယ်အစိုးရ အဖွဲ့အနေဖြင့် နောင်တစ်ချိန်မှာ နောင်လာမည့် ဘတ်ဂျက်များမှာ ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိရှိ ရေးဆွဲသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ၏ လိုအပ်ချက်များ၊ ခံစားချက်များကိုလည်း အစိုးရအဖွဲ့က နားလည်ပါတယ်။ နောင် ဘတ်ဂျက်ရေးဆွဲသည့် အခါမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ ညွှန်းကိန်းများအရ စနစ်တကျရေးဆွဲသွားမှာ ဖြစ်ပါတယ်။ စစ်ဆေး ချက်များအရ လိုအပ်ချက်များရှိရင်လည်း နောင်သက်ဆိုင်ရာ ဌာနများ လွှတ်တော်အစည်းအဝေးမှာ စနစ်တကျကြပ်မတ်ပြီးတော့ ဆောင် ရွက်သွားမည်ဆိုသည့်အကြောင်း ပြောကြားလိုပါတယ်။

ရှမ်းပြည်နယ် ဒေသတစ်ခုမှာ ဘဏ္ဍာငွေခွဲဝေသုံးစွဲမှု လိုအပ်ချက်များရှိပါကလည်း ပြည်ထောင်စုမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ အခွန်ဝေပုံကျခွဲဝေ ပေးငွေများထပ်မံရရှိပါက ပြီးခဲ့သည့် ၂၀၁၆-၂၀၁၇ နှင့် ၂၀၁၇-၂၀၁၈ မှာ ၂ ဘီလီယံ သာပိုရခဲ့ပါတယ်။ မရရှိသည့်အခါ သတ်မှတ်လျာထားချက်နှင့် ပြည်ထောင်စုက ချထားပေးသည့် ဘတ်ဂျက်ကို ကိုက်အောင် ပြန်လည်ပြီးထည့်သွင်းရေးဆွဲထားခြင်းဖြစ်ပါတယ်။ ပြည်ထောင်စု



D/real(wide) (1



ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်း ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဖြစ်ပါတယ်။ ဘဏ္ဍာရေးဝန်ကြီး ကိုယ်စား ပြန်လည်ရှင်းလင်း သွားမှာ ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ မူလ ခန့်မှန်းခြေစာရင်းအရ ရငွေမှာကျပ်သန်းပေါင်း ၃၃၂၉၃. ၁၆၁ သန်းဖြစ်ပြီး သာမန် အသုံးစရိတ် လျာထားချက်မှာ ကျပ် ၉၅၀၈၉. ၂၃၄ သန်းဖြစ်ပြီး ငွေလုံးငွေရင်းအသုံးစရိတ် လျာထားချက်မှာ ကျပ် ၁၅၄၆၁၁. ၉၂၇ သန်းဖြစ်ပါတယ်။ ရငွေနှင့် အသုံး စရိတ်ခြားနားချက်အပေါ် ပြည်ထောင်စုမှ ကျပ်သန်းပေါင်း ၂၁၆၄၀၈ သန်း ထောက်ပံ့ ခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ကို ပြန်လည်ပြီး အစီရင်ခံတာဖြစ်ပါတယ်။

၂၀၁၇-၂၀၁၈ခုဘဏ္ဍာရေးနှစ်မှာ တွက်ချက်မှုအရ စီမံကိန်းအရ အညွှန်းကိန်း(၆)ခုနဲ့ တိုင်းတာ တွက်ချက်ပါတယ်။ လူဦးရေအချိုးအစား၊ လယ်ယာဖွံ့ဖြိုးမှု လမ်းညွှန်ချက်များနှင့်အညီ စီမံကိန်းအရ တွက်ချက်ပါတယ်။ စီမံကိန်းအရတွက်ချက်ပြီးသည့်အခါ ရ/သုံးမှဘတ်ဂျက် cutting လုပ်ရပါတယ်။ လုပ်တဲ့အခါမှ ညွှန်းကိန်းများ အရသာ လုပ်ရပြီး စိတ်ကူးပေါက်သလိုလျှောက်ထည့် ခဲ့ခြင်း မဟုတ်ပါဘူး ဆိုတာကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်များကို လေးလေးစားစား တင်ပြအပ် ပါတယ်။ ၂၀၁၇-၂၀၁၈မှာ ညွှန်းကိန်း (၆)ခုဖြင့် တွက်ချက်မှုအရ ပြည်ထောင်စုမှ ထောက်ပံ့ငွေ ကျပ်သန်းပေါင်း ၂၁၈၆၂၉. ၇၈၂ သန်း ရရှိမှာ ဖြစ်ကြောင်းကို ၂၉-၁၁-၂၀၁၆ ရက်နေ့မှာ အကြောင်းကြားစာ ရပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၃၀-၁၁-၂၀၁၆ ရက်နေ့

မှ ဝေပုံကျ ထပ်ပေးခဲ့မယ်ဆိုလျှင် လျှပ်စစ်မီး၊ လွှတ်တော်ကိုယ်စားလှယ်များတောင်းဆိုတဲ့ မြို့ပြအိမ်ရာစီမံကိန်း၊ လမ်း၊ တံတားလုပ်ငန်း ရှမ်းပြည်နယ်အစိုးရကနေ ထပ်မံ ဖြည့် စွက်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ကတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ မူလခန့်မှန်းခြေစာရင်းအရ ရငွေမှာ ကျပ် ၂၈၅၀၉. ၃၇၃သန်း ဖြစ်ပြီးတော့ သာမန်အသုံးစရိတ်လျာထား ချက်မှာ ကျပ်သန်းပေါင်း ၉၃၈၀၇. ၆၇၀ သန်းဖြစ်ပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ် လျာထားချက်မှာ ကျပ်သန်းပေါင်း ၁၅၃၃၃၁. ၄၈၅ သန်းဖြစ်ပြီး ရငွေနှင့် အသုံးစရိတ်ခြားနားချက် အပေါ် ပြည်ထောင်စုက ထောက်ပံ့ခြင်းက ကျပ်သန်းပေါင်း ၂၁၈၆၂၉. ၇၈၂ သန်း ဖြစ်ပါတယ်။ ထို့ကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းအား လွှတ်တော်မှ အတည်ပြုပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က အစည်းအဝေး ပထမနေ့မှာ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းအား အတည်ပြုနိုင်ရန် အတွက် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။





အတွက် ရင်းနှီးမယ့် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုကဏ္ဍာသုံးစွဲမည့် စာရင်းရှိပါတယ်။ ဒီလိုစာရင်းများကို ဒေသမှာ ဘယ်လောက်လုပ်မယ်ဆိုသည်ကို လွှတ်တော်ကိုယ်စားလှယ်များ သိစေချင်တာ ဖြစ်ပါတယ်။ အဖွင့်မှာ တင်ပြသလိုဘဲ ၂၀၁၇-၂၀၁၈မှာ ရှမ်းပြည်နယ်အတွက် ကျပ်သန်းပေါင်း ၂၄၇၁၃၉. ၁၅၅ သန်း သုံးစွဲ မယ်ဆိုလျှင် အဲဒီသုံးစွဲမည့်အရာမှာ သာမန်အသုံးစရိတ်ကတော့ ဝန်ထမ်းစရိတ်၊ ရုံးသုံးစက်ကိရိယာနှင့် အခြားပုံမှန်လုပ်ငန်းများ အတွက် သုံးသောကိစ္စဖြစ်သော်လည်း ငွေလုံးငွေရင်းအသုံးနှင့် ပတ်သက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ သုံးမည့်ခေါင်းစဉ်မှာ ပြည်နယ်ဘတ်ဂျက်မှာ သုံးခွင့်ရသော ဒေသအသီးသီးမှာ သုံးမည့် ငွေကြေးများကို လာမည့်ဘဏ္ဍာရေးနှစ်အတွက် အတည်ပြုမည့် စီမံကိန်းများ၊ ဘဏ္ဍာရေးကို ပြည်ထောင်စု လွှတ်တော်က အတည်ပြုတဲ့ အချိန်ကျရင်တော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ကနေ ဘယ်ဒေသမှာ သုံးမည့် ငွေစာရင်းက ဘယ်လောက်ဖြစ်ပါတယ် ဆိုတာလေး ပွင့်လင်းမြင်သာအောင် ဆောင်ရွက်ပေးမယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်များအနေ နဲ့လည်း သိရှိလေ့လာခွင့်ရပြီး ကိုယ့်ဒေသမှာ မည်သည့်လုပ်ငန်းများပါမည်၊ လျှပ်စစ်မီးလုပ်ငန်းမည်သို့ပါတယ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းမည်သို့ပါမယ်၊ ပတလ လို့ခေါ်တဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းမည်သည်တို့ရမယ် ဆိုတာ သိသွားကြမှာ ဖြစ်တဲ့အတွက် ဒါလေးကို စီမံဆောင်ရွက်ပေးပါလို့ အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ရှမ်းပြည်နယ်အစိုးရအဖွဲ့က အစည်းအဝေး ပထမနေ့မှာ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော

ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းအား အတည်ပြုရန် အတွက် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်မှ သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းအား လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာ ပါတယ်။

**ဥက္ကဋ္ဌ။** ယခု နေ့လည်စာ သုံးဆောင်ရန်အတွက် လွှတ်တော် အစည်းအဝေး ကို ၁နာရီ ၃၀မိနစ်ခန့် ရပ်နားပါ့မယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လည်ပိုင်းအစည်းအဝေးကို နေ့လည် (၁၃း၁၅) နာရီအချိန်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။





**ဦးစဝ်အောင်မြတ်၊ ဒုတိယဥက္ကဋ္ဌ၊ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ် စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစဝ်အောင်မြတ်ဖြစ်ပါတယ်။ ဒီနေ့ ရှမ်းပြည်နယ်လွှတ်တော်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ၂၀၁၇-၂၀၁၈မှာ သုံးစွဲမည့် ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်သော ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီး၏ သုံးစွဲငွေများကို အတည်ပြုပေးနိုင်ဖို့တင်ပြတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေးသလို စီမံကိန်းကို အခြေခံပြီးတော့ ကိန်းဂဏန်း၊ စာရင်းဇယားများ ဖြစ်လာခြင်းဖြစ်ပါတယ်။ လာမည့် ၂၀၁၇-၂၀၁၈မှာ BE လို့ခေါ်သည့် Budget Estimate အနေနဲ့ ကျပ်သန်းပေါင်း ၂၄၇၁၃၉. ၁၅၅ သန်းသုံးစွဲသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အနေနဲ့ဆိုရင် အင်မတန် သုံးစွဲခွင့်ရလာသည့် ဘဏ္ဍာငွေဖြစ်တယ်လို့ ကျွန်တော်တို့၏ အတွေ့အကြုံအရ တင်ပြလိုပါတယ်။ အဲလို သုံးစွဲမည့်ငွေများနှင့်ပတ်သက်ပြီး ဌာနဆိုင်ရာအသီးသီးက သုံးစွဲမည့်အရာများကို လွှတ်တော်ကိုယ်စားလှယ်များ တင်ပြတာကို ကျွန်တော့်အနေနဲ့ ကောက်နုတ်ပြီး ရှင်းပြရမည်ဆိုလျှင် ဥပမာ- လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍမှာ လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်းအတွက် သုံးငွေစုစုပေါင်း ကျပ်သန်းပေါင်း ၁၆၀၇၀. ၂၆၄သန်း သုံးစွဲမည်ဆိုလျှင် သုံးစွဲမည့်ငွေများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) မြို့နယ်များမှာရှိတဲ့ အစားထိုးလုပ်ငန်း၊ လုပ်ငန်းသစ်ဆိုပြီးမှ လျှပ်စစ်လုပ်ငန်းများမှာလည်းရှိပါတယ်။ အစားထိုးလုပ်ငန်းဆိုသည်မှာ မြို့ပေါ်မှာ ရှိနေတဲ့ လျှပ်စစ်ဓါတ်အားပေးစနစ်များပိုမိုကောင်းမွန်အောင် အစားထိုးပြုပြင်တဲ့လုပ်ငန်းများရှိသလို၊ ကျေးလက်မီးလင်းရေး

# ရှမ်းပြည်နယ်
# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)
# (စတုတ္ထနေ့)မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်**

**၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်**

**[ ကြာသပတေးနေ့ ]**

## နေ့လည်ပိုင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီ အချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) စတုတ္ထနေ့ နေ့လည်ပိုင်း အစီအစဉ်အား ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။



D/real(wide) (1



များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်မကတော့ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးပဲဖြစ်ပါတယ်။ ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)မှာ ကျွန်မအနေဖြင့် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းစိန်လူ တင်သွင်းသော ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းဒေသ မူဆယ်၊ ကွတ်ခိုင်၊ သိန္နီ၊ နမ္မတူ၊ ၁၀၅ မိုင်၊ ပန်ဆိုင်း၊ မုံးကိုးတို့တွင် ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် ဒေသခံပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်၊ စားဝတ်နေရေးတို့ကို များစွာထိခိုက်စေပါသဖြင့် တိုက်ပွဲများ အမြန်ဆုံးရပ်တန့်နိုင်ရေး ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးအား တိုက်တွန်းကြောင်း အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

နှစ်ဖက်ကြား ပစ်ခတ်တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ နှစ်ဖက်တပ်မတော်သားများ၊ ပြည်သူများ၊ ပြည်သူများ၏ အိုးအိမ်စည်းစိမ်များအပြင် နိုင်ငံတော်၏ အားထားရာဖြစ်သော ကုန်သွယ်ကူးသန်းရောင်းဝယ်ရေး ပိတ်သိမ်းရခြင်းမှာ ပြည်သူများ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ အစစအရာရာ ဆုံးရှုံးနစ်နာနေရသည်မှာ အင်မတန်ဝမ်းနည်းဖွယ်တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ စစ်ပွဲရပ်တန့်ရေးအဆိုကို ပြီးခဲ့သော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့တွင် ကျွန်မ ဒေါ်နန်းစမ်းစမ်းအေးမှလည်းကောင်း၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းထွန်းညဏ်မှလည်းကောင်း၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအေးမောင်မှလည်းကောင်း တင်သွင်းခဲ့ရာ အဆိုအသီးသီးအား အတည်ပြုပြီး

မှတ်တမ်းတင်ခဲ့ပြီးဖြစ်ပါတယ်။ သို့သော်ငြင်းအဆိုများအား ယနေ့အထိ အကောင်အထည်မဖော်သေးသည်မှာ ယနေ့ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းတွင် ဖြစ်ပွားနေသော မြို့တွင်းတိုက်ခိုက်မှုများကိုဖြစ်ပွားစေခဲ့သည်မှာ မျက်မြင်သာကေတစ်ခုပင်ဖြစ်ပါတယ်။ စစ်ပွဲဖြစ်လိုက်၊ အဆိုများတင်သွင်းလိုက်၊ အဆိုများအတည်ပြုလိုက်လုပ်နေသည်မှာ သူပြောချင်ရာပြော၊ ကိုယ်လုပ်ချင်ရာလုပ်ဆိုသည့်ပုံစံနှင့် ပစ်စလက်ခတ်ဆန်လွန်းလှသည့်အပြင် လွှတ်တော်၏ အခန်းကဏ္ဍကိုလည်း မှေးမှိန်စေပါတယ်။ အေးချမ်းသောနိုင်ငံတစ်ခုတည်ဆောက်ရာတွင် မိမိကျရာ အခန်းကဏ္ဍအသီးသီးမှ အပြုသဘောဆောင်စွာ ကြိုးပမ်းသင့်သည်ဟု ယူဆပါတယ်။

မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူမှ ရွေးကောက်တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ်ဖြစ်သည်နှင့်အညီ ပြည်သူ၏ အကျိုးကို ရှေ့ရှု၍ လုပ်ဆောင်ရမည်သာဖြစ်ပါတယ်။ ထို့ပြင် မိမိတို့၏ လွှတ်တော်အခန်းကဏ္ဍကိုလည်း မြှင့်တင်ရမည်မှာ မိမိတို့၏ တာဝန်ပင်၊ လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ တာဝန်ပင်ဖြစ်ပါတယ်။ သာကေအားဖြင့် မနေ့က အတည်ပြုခဲ့သောအဆိုသည် ပြည်ထောင်စုအဆင့်တွင် တင်သွင်းဆွေးနွေးခဲ့ပြီးဖြစ်သော်လည်း ရှမ်းပြည်နယ်အတွင်းဖြစ်တဲ့အတွက် ရှမ်းပြည်နယ်အဆင့်တွင် ပြန်လည်ဆွေးနွေးခဲ့သည့် ဖြစ်စဉ်သည် အကြောင်းအရာကို မဆိုလိုသော်လည်း လုပ်ဆောင်ချက်ကိုတော့ ကြိုဆိုရမည်ဟု ယူဆပါတယ်။ အဘယ်ကြောင့်ဆိုသော် ရှမ်းပြည်နယ်လွှတ်တော်သည် ရှမ်းပြည်နယ်အရေးနှင့် သက်ဆိုင်ပါက သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းပိုင်ခွင့်ရှိရမည်ဟု ယုံကြည်သောကြောင့် ဤလုပ်ဆောင်ချက်သည် ရှမ်းပြည်နယ်လွှတ်တော်၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရုံသာမက နောက်နောင်အလားတူကိစ္စများ ပေါ်ပေါက်လာပါက အတုယူလုပ်ဆောင်သွားနိုင်မည်ဟု မှတ်သားယုံကြည်ပါတယ်။





**ဦးစိုင်းစိန်လူ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ "ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသတွင် ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် ဒေသခံပြည်သူများအသက်အိုးအိမ် စားဝတ်နေရေးတို့ကို များစွာထိခိုက်သောကြောင့် တိုက်ပွဲများ အမြန်ဆုံး ရပ်ဆိုင်းရေးကိုပြည်ထောင်စု အစိုးရ၊ ရှမ်းပြည်နယ်အစိုးရမှ ဦးဆောင်၍ ငြိမ်းချမ်းရေး ဆွေးနွေးပေးရန်" အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ် (၈)ဖြစ်ပါတယ်။ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းစိန်လူ တင်သွင်းသည့် **"ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသတွင် ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ် စားဝတ်နေရေးတို့ကို များစွာထိခိုက်စေသောကြောင့် တိုက်ပွဲများ အမြန်ဆုံး ရပ်ဆိုင်းရေးကို ပြည်ထောင်စုအစိုးရ၊ ရှမ်းပြည်နယ်အစိုးရမှ ဦးဆောင်၍ ငြိမ်းချမ်းရေး ဆွေးနွေးပေးရန်"** ဆိုသည့် အရေးကြီးအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် (၂) ဦးက ဆွေးနွေးဖို့အမည်စာရင်းပေးပို့ထားပါတယ်။

ပထမဦးစွာ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်နန်းစမ်းစမ်းအေးက အဆိုကိုဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

**ဦးဆောင်၍ ငြိမ်းချမ်းရေး ဆွေးနွေးပေးရန်”** အရေးကြီး အဆိုနှင့်ပတ်သက်ပြီး တင်ပြထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသော ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခသည် ယနေ့ထိတိုင် နှစ်ပေါင်း ၇၀ နီးပါး ရှိလာနေပြီဖြစ်ပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေးမရရှိ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည်လည်း လွန်စွာနှေးကွေးလျက်ရှိပါတယ်။ ယခုဆိုလျှင်ကျွန်တော်တို့နိုင်ငံသည် အာရှတွင် မဆိုထားဘိ ဒေသတွင်းမှာပင် အခြားနိုင်ငံများထက် ဖွံ့ဖြိုးမှုများစွာ နောက်ကျကျန်ရစ်နေပြီဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ အခြားသောနိုင်ငံတွေမှာ ဖွံ့ဖြိုးမှု အရှိန်အဟုန်နှင့် အပြိုင်အဆိုင်ဆောင်ရွက်နေသည့်အချိန်မှာ ကျွန်တော်တို့နိုင်ငံမှာ အချင်းချင်းတိုက်လို့ခိုက်လို့ ကောင်းနေတုန်းပဲဖြစ်ပါတယ်။

စစ်ဖြစ်ပြီဆိုရင် မည်သည့်ဘက်ကမျှအနိုင်မရရှိနိုင်ပါ။ နှစ်ဖက်စလုံးအရှုံးနှင့်သာ ရင်ဆိုင်ရစမြဲဖြစ်ပါတယ်။ စစ်ပွဲကြောင့် နှစ်ဖက်သော အသက်များဆုံးရှုံးကြခြင်း၊ ဒဏ်ရာရရှိကြခြင်း၊ ပြည်သူများအတိဒုက္ခရောက်ကြရခြင်း၊ စစ်ဘေးရှောင်ပြည်သူများပြားလာခြင်း၊ ပြည်သူများ၏ ဘဝလုံခြုံမှုမရှိခြင်း၊ ကလေးသူငယ်များ ပညာမသင်ကြားနိုင်ခြင်း၊ ကလေးငယ်များ စိတ်ဒဏ်ရာရရှိကြခြင်း ဆိုတဲ့ ဆိုးကျိုးတွေအပြင် နိုင်ငံတော်အတွက်လည်း လူသားအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ နိုင်ငံ့ဘဏ္ဍာငွေများ ဆုံးရှုံးခြင်းများ ဖြစ်ပေါ်လျက်ရှိပါတယ်။ စစ်ဖြစ်ပြီဆိုလျှင် နိုင်ငံ့အတွက် အနုတ်လက္ခဏာဆောင်နေခြင်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခုဆိုရင် ပြည်သူများ ရွေးကောက်တင်မြှောက်သော ပြည်သူ့အစိုးရ၏ ဒုတိယအကြိမ် သက်တမ်းကို ရောက်ရှိလာပါပြီ။





ထို့အတူ နိုင်ငံတော်အစိုးရသည် ပြည်သူများအတွက် အကျိုးရှိသော အဆိုများ၊ ဥပဒေများကို လွှတ်တော်မှ အတည်ပြုပေးပြီးပါက ထိရောက်စွာ အကောင်အထည်ဖော်ရမည်မှာ နိုင်ငံတော်အစိုးရ၏ တာဝန်တစ်ရပ်ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးလာပါက တပ်မတော်မှ အဓိကတာဝန်ရှိသည်နှင့်အညီ ပြည်သူလူထု၏ အကျိုးကို အမှန်တကယ်ရှေ့ရှုပြီး ပြည်သူ လူထုအား အထိအခိုက်များမည့် စစ်ပွဲကို ရှောင်ရှားပြီး တစ်ဖက်နှင့်တစ်ဖက် လိုအပ်ချက်များ ဆွေးနွေးတိုင်ပင်ညှိနှိုင်းမှုများ ပြုလုပ် သင့်ပါတယ်။

လက်ရှိလက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် မိမိတပ်ဖွဲ့အား ပြန်လည်သုံးသပ်ရမည်မှာ မိမိတို့ တပ်ဖွဲ့သည် ပြည်သူလူထု၏ အကျိုးကို တကယ်လိုလား၍ စစ်ပွဲဖြစ်ရခြင်းလော သို့မဟုတ် မိမိတို့ တပ်ဖွဲ့၏ အကျိုးကိုသာ ရှေ့ရှုခြင်းလော။ အကယ်၍ လူထုကို တကယ်ကိုယ်စားပြုသည်ဟု ယုံကြည်ပါက မိမိကိုယ်စားပြုသော လူထုသည် မိမိ၏ လူမျိုးနှင့် နယ်မြေတစ်ခုတည်းကိုသာ ကိုယ်စားပြုခြင်းလောဆိုသည်မှာ ပြန်လည်သုံးသပ်သင့်ပေသည်။ ပြည်သူလူထုအားလုံးကို အမှန်တကယ်ကိုယ်စားပြုသည်ဟု ယုံကြည်ပါက အမုန်းတရား၊ အာဃာတတရားများအား စွန့်လွှတ်၍ တန်းတူညီမျှသောအခွင့်အရေးနှင့် လုပ်ပိုင်ခွင့်ရှိသော အခင်းအကျင်းကို ဖန်တီးနိုင်ပါမှ မိမိတို့လိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးကို အမှန်တကယ် ဖော်ဆောင်နိုင်ပေလိမ့်မည်။

လက်နက်စွဲကိုင်ဖြေရှင်းသည့်နည်းလမ်းကို နှစ်ပေါင်း ၆၀ ကျော် ကျင့်သုံးလာခဲ့ပြီး ယနေ့အထိတိုင် မအောင်မြင်နိုင်ဘဲ နိုင်ငံ၏ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်မှုများသာ ချွတ်ခြုံကျပြီး အရှေ့တောင်

ပထမအကြိမ် သက်တမ်းအစိုးရ၏ လမ်းစဖွင့်ခဲ့တဲ့ “ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ” သို့မဟုတ် “၂၁ ရာစု ပင်လုံညီလာခံ” ကို အခုဒုတိယသက်တမ်း ပြည်သူ့အစိုးရက ဆက်လက်တာဝန်ယူ အကောင်အထည်ဖော်ဆောင်လျက်ရှိကြောင်း အားလုံးအသိပဲ ဖြစ်ပါတယ်။

ဆွေးနွေးပွဲလုပ်တယ်ဆိုတာ တစ်ဦး၏ အခက်အခဲကို တစ်ဦးသိအောင်လုပ်ပြီး ပွင့်လင်းမြင်သာစွာနှင့် ဆွေးနွေးပြီး ယုံကြည်မှုတည်ဆောက်ပေးခြင်းပဲဖြစ်ပါတယ်။ ပြီးတော့ ကိုယ်က ဘာလုပ်ပေးရမလဲဆိုတာ စဉ်းစားထားဖို့လိုကြောင်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားထားတာရှိပါတယ်။ ပြဿနာဖြစ်ပြီဆိုလျှင် ဘာကြောင့် ဖြစ်တယ်ဆိုတဲ့ ပြဿနာ၏ အရင်းအမြစ်ကို သိအောင်ရှာပြီး၊ အဲ့ဒီ ပြဿနာကို စားပွဲပေါ်မှာ အဖြေရှာတာ အကောင်းဆုံး နည်းလမ်းပဲ ဖြစ်ပါတယ်။

ကိုယ်လိုရာဆွဲတွေးပြီး အလျှော့အတင်းမလုပ်ရင် ဘာပြဿနာမှပြေလည်နိုင်မှာမဟုတ်ပါဘူး။ ဒီခေတ်ကြီးမှာ အင်အားကြီးတဲ့သူက အင်အားနည်းတဲ့သူအပေါ်၊ အာဏာရှိတဲ့သူက အာဏာမဲ့တဲ့သူအပေါ် အနိုင်ကျင့်ဗိုလ်ကျတဲ့ခေတ်မဟုတ်တော့ပါဘူး။ ပြည်သူများအားလုံးကလည်း အသိအမြင်ဗဟုသုတတွေ ကြွယ်ဝနေကြပါပြီ။ ဘယ်သူလုပ်ရပ်ကမှန်တယ်မှားတယ်ဆိုတာ ဝေဖန်ပိုင်းခြားတတ်နေပါပြီ။

၂၁ ရာစု ပင်လုံညီလာခံပြီးတဲ့ နောက်ပိုင်း တိုင်းရင်းသားဒေသတွေမှာ ထိုးစစ်ဆင်တိုက်ခိုက်မှုတွေပိုပြီးများပြားနေပါတယ်။ ဒါဟာပြဿနာကို အေးငြိမ်းစေတာမဟုတ်ဘဲ ပိုပြီးရှုပ်ထွေးလာအောင်၊ အကြပ်အတည်းတွေနဲ့ ရင်ဆိုင်လာအောင် ဆောင်ရွက်တာဖြစ်လို့ ပြဿနာကို ပိုမိုကြီးထွားစေပါတယ်။



D/real(wide) (1



အာရှနိုင်ငံများထဲတွင်လည်း အောက်ဆုံးအဆင့်ကျရောက်နေရှိသာ အဖတ်တင်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူများအား ထိခိုက်နစ်နာ စေမည့် လက်နက်စွဲကိုင်ဖြေရှင်းသည့်နည်းလမ်းကို ကျင့်သုံးနေမည့်အစား ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ အားလုံးပါဝင်သော၊ ညီညွတ်မျှတသော ဆွေးနွေးပွဲဖြစ်စေရန် ဝိုင်းဝန်းကြိုးပမ်းသင့်ပေသည်။ ရှမ်းပြည်နယ်အတွင်း ရှိ ပြည်သူလူထုအားလုံးတို့သည် ငြိမ်းချမ်းရေးရရှိရေးကို အရေးတကြီး လိုလားတောင့်တနေသောကြောင့် နိုင်ငံတော်အစိုးရဖြစ်သော ပြည်ထောင်စုအစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာလက်နက်ကိုင် အဖွဲ့အစည်းအားလုံးတို့ အမြန်ဆုံးညှိနှိုင်းဆွေးနွေးမှုပြုပါရန် တိုက်တွန်းရင်း ဤအဆိုကို လေးနက်စွာထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်ထွဏ်းက အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)တတိယနေ့တွင် တင်သွင်းသွားတဲ့ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်လူ၏ **“ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသတွင် ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် ဒေသခံပြည်သူများ အသက်အိုးအိမ် စည်းစိမ် စားဝတ်နေရေးတို့ကို များစွာထိခိုက်သောကြောင့် တိုက်ပွဲများ အမြန်ဆုံး ရပ်ဆိုင်းရေးကို ပြည်ထောင်စုအစိုးရ၊ ရှမ်းပြည်နယ် အစိုးရမှ**

ကမ္ဘာပေါ်မှာ သဲကြီးမဲကြီး စစ်ဖြစ်နေကြတဲ့ နိုင်ငံတွေတောင် ညှိနှိုင်းဆွေးနွေး အဖြေရှာပြီး ယုံကြည်မှုတည်ဆောက်ကြလို့ အခု ဆိုရင် ရန်သူနိုင်ငံကနေ မိတ်ဆွေနိုင်ငံဖြစ်ပြီး စီးပွားရေးပူးပေါင်း ဆောင်ရွက်ကာ ဖွံ့ဖြိုးတဲ့နိုင်ငံတွေအများကြီးရှိပါတယ်။

ကျွန်တော်တို့သည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး နှစ်ပရိစ္ဆေတကြာမြင့်စွာ အတူတကွနေထိုင်လာခဲ့ကြတဲ့ မြန်မာပြည်ဖွားတိုင်းရင်းသား ညီအစ်ကိုရင်းတွေဖြစ်ပါတယ်။ တိုင်းတစ်ပါး ကျွန်ဘဝရောက်ရှိခဲ့စဉ်တုန်းက စည်းလုံးညီညွတ်စွာနဲ့ နယ်ချဲ့ကို အောင်မြင်အောင်တွန်းလှန်နိုင်ခဲ့တဲ့ သမိုင်းကောင်းတွေရှိခဲ့ပြီးဖြစ်ပါတယ်။ ယခုကိစ္စက ညီအစ်ကိုအချင်းချင်း အခန့်မသင့်လို့ ကတောက်ကဆဖြစ်တဲ့ သဘောပဲဖြစ်ပါတယ်။ ညှိနှိုင်းဆွေးနွေးအဖြေရှာလျှင် ပြဿနာမပြေလည်နိုင်စရာ အကြောင်းမရှိဘူးလို့ယူဆပါတယ်။

ဒါကြောင့်ပြဿနာဖြစ်နေတဲ့ ညီငယ်တွေကို ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်ရောက်အောင် သဘောထားကြီးစွာနဲ့ ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာ တိုင်းရင်းသားအားလုံးနဲ့ သက်ဆိုင်ပါတယ်။ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးလည်း လိုချင်ကြတာအမှန်ပဲဖြစ်ပါတယ်။

ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် ဘယ်သူဘယ်ဝါကို တက်ခွင့်ပေးပြီး ဘယ်သူဘယ်ဝါကို ချန်လှန်ထားမယ်ဆိုတဲ့ သဘောမျိုးမထားဘဲ အားလုံးပါဝင်ရေးကို လက်ကိုင်ထားပြီး သဘောထားကြီးစွာနဲ့ ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ဒီလိုလုပ်ခြင်းအားဖြင့် တိုင်းရင်းသားများက ခွဲခြားဆက်ဆံခံရတယ်လို့ယူဆသလို တန်းတူအခွင့်အရေးညီမျှမှုမရှိဘူးလို့လည်း ယူဆနိုင်ပါတယ်။



D/real(wide) (1



လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်လူမှ မေးမြန်းသည့် "ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းဒေသ မူဆယ်၊ ကွတ်ခိုင်၊ သိန္နီ၊ နမ္မတူ၊ ၁၀၅ မိုင်၊ ပန်ဆိုင်း၊ မုံးကိုးတို့တွင် ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် ဒေသခံပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်၊ စားဝတ်နေရေးတို့ကို များစွာထိခိုက်ရပါသဖြင့် တိုက်ပွဲများ အမြန်ဆုံး ရပ်တန့်နိုင်ရေး ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ အားလုံးအားတိုက်တွန်းကြောင်း" အရေးကြီးအဆိုအား ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ပြန်လည်ရှင်းလင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ KIA, MNDAA, TNLA, AA အစရှိသော အကြမ်းဖက်သောင်းကျန်းသူများသည် နိုဝင်ဘာလ ၂၀ ရက်နေ့မှစတင်၍ ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ကွတ်ခိုင်၊ မူဆယ်၊ ပန်ဆိုင်း (ကျူကုတ်)နှင့် မုံးကိုး ဒေသများတွင် ရှိသော တပ်မတော်နှင့် ရဲတပ်ဖွဲ့များ၏ စခန်းများ၊ အရပ်သားပြည်သူလူထု၏ ပစ်မှတ်များ၊ နိုင်ငံတော်၏ စီးပွားရေး ဆိုင်ရာအဆောက်အဦများနှင့် ဒေသများ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ လမ်းများ၊ တံတားများ၊ ပြည်သူလူထုပိုင်ယာဉ်များအား မိုင်းခွဲဖျက်ဆီးမီးရှို့ခြင်းစသည့် စစ်ရေးအသွင်နှင့် အကြမ်းဖက်အသွင်ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်းကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးအသိပဲဖြစ်ပါတယ်။

၎င်းတိုက်ပွဲနေရာများတွင် ပဋိပက္ခမဖြစ်ခင် ယခင်က ငြိမ်းချမ်းစွာ ပြည်သူလူထုများနေထိုင်သွားလာ စီးပွားကူးသန်းခြင်း၊

ရောင်းဝယ်ဖောက်ကားခြင်းများကို အေးချမ်းစွာလုပ်ကိုင်ခဲ့သော နေရာများဖြစ်ကြောင်း အားလုံးအသိပဲဖြစ်ပါတယ်။ နိုဝင်ဘာလ ၂၀ ရက်နေ့မှစတင်၍ ၎င်းသောင်းကျန်းသူအဖွဲ့များ စတင်တိုက်ခိုက်လာသောကြောင့် ပြည်သူလူထုများ အသက်အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးသေကြေဒဏ်ရာရပြီး ကြောက်လန့်တကြားထွက်ပြေးတိမ်းရှောင်လာရပါတယ်။ ၎င်းနေရာများတွင် မူလတည်ငြိမ်သော အခြေအနေများ ပျက်ပြားကာ စစ်ဘေးကပ်ဆိုးတစ်ခုအသွင်ကျရောက်ခဲ့ကြောင်းကို အားလုံးအသိပင်ဖြစ်ပါတယ်။

ယခင်တည်ငြိမ်နေသော အခြေအနေမှ ယခုမတည်မငြိမ်ဖြစ်ပွားသွားသော အခြေအနေသည် ဘယ်အဖွဲ့အစည်းများကြောင့်ဖြစ်သည်ကို ရှင်းပြစရာမလိုတော့လောက်အောင်သိရှိခဲ့ပြီဖြစ်ပါတယ်။ တပ်မတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ အခန်း ၁၊ ပုဒ်မ ၂၀(င)နှင့် အခန်း ၇၊ ပုဒ်မ ၃၃၇ နှင့် ၃၃၉ တို့အရ ဒို့တာဝန်အရေး ၃ ပါး ကာကွယ်စောင့်ရှောက်ရန်အပါအဝင် ပြည်တွင်းပြည်ပအန္တရာယ်များမှ ကာကွယ်ရေးနှင့် ဘေးအန္တရာယ်များ ကျရောက်လာလျှင် တပ်မတော်မှ ကူညီဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းပါရှိသည့်အတိုင်း အစိုးရ၊ ပြည်သူလူထုနှင့် ပူးပေါင်းပြီး မိမိနိုင်ငံ၊ နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် နယ်မြေတည်ငြိမ်အေးချမ်းအောင် ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်သွားရမှာပဲဖြစ်ပါတယ်။ ၎င်းတာဝန်အတိုင်း ယခုပဋိပက္ခဖြစ်ပွားရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် တပ်မတော်မှ ဝင်ရောက်၍ နယ်မြေရှင်းလင်းခြင်းများနှင့် သောင်းကျန်းသူအဖွဲ့အစည်းများကို ပြန်လည်တိုက်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရပြီး မူလအခြေအနေအတိုင်း ပြန်လည်ရောက်ရှိရန် ထိန်းချုပ်ကြိုးပမ်းခဲ့ရတာပဲဖြစ်ပါတယ်။





လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ “ ရန်ကို ရန်ချင်း ပြန်တုံ့နှင်းရင်” ဒီရန်ဟာ ဘယ်တော့မှငြိမ်းအေးမှာမဟုတ်ပါဘူး။ “ချစ်စကိုရှည်၊ မုန်းစကိုတိုစေပြီး၊ နာစရာကို လွမ်းစရာနှင့် ဖြေ” ဆိုတဲ့စကားအတိုင်း လက်ရှိ “ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဖြစ်ပွားလျက်ရှိတဲ့ စစ်ပွဲကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စားဝတ်နေရေးတို့ကို များစွာထိခိုက်သောကြောင့် တိုက်ပွဲများ အမြန်ဆုံးရပ်ဆိုင်းရေးကို ပြည်ထောင်စုအစိုးရ၊ ရှမ်းပြည်နယ်အစိုးရမှ ဦးဆောင်၍ ငြိမ်းချမ်းရေးဆွေးနွေးပေးရန်” ဆိုသည့် သိန္နီမြို့နယ်မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်လူ၏ အရေးကြီးအဆိုအား လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## အရေးကြီး အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများမှ ဆွေးနွေးရှင်းလင်းခြင်း နှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၉)ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၅(င)အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ရှင်းလင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကျန်းမာရွှင်လန်းကြပါစေလို့ ပဏာမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ်

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၎င်းဖြစ်စဉ်များတွင် တပ်မတော်မှ လက်ပိုက်ကြည့်နေပါက မြို့ရွာများနှင့် ဒေသခံ ပြည်သူပြည်သားတို့၏ အသက်အိုးအိမ် စည်းစိမ်များ မည်သို့ဖြစ်သွားမည်ကို စဉ်းစားကြည့်စေချင်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများ ထုတ်ဖော်မပြောပေမယ့် ကိုယ်စားလှယ်တော်ကြီးတို့၏ ရင်ထဲတွင် တပ်မတော်လက်ပိုက်ကြည့်နေပါက မည်သို့ဖြစ်သွားမည်ကို အားလုံးတူညီသောအဖြေရှိပြီးသားဖြစ်ပါလိမ့်မည်။ နိုဝင်ဘာလ ၂၀ ရက်နေ့မှစတင်၍ ၎င်းဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားသွားရခြင်းကို မည်သူ့မှာတာဝန်ရှိပါသလဲ။ ဘယ်အဖွဲ့အစည်းများမှ စတင်တိုက်ခိုက်ပါသလဲဆိုတာကို ကိုယ်စားလှယ်တော်ကြီးများသိရှိပြီးဖြစ်ပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ချမှတ်ထားသည့် ငြိမ်းချမ်းရေးနှင့်ပတ်သက်သော မူဝါဒ ၆ ရပ်အနက် ထာဝရငြိမ်းချမ်းရေးရယူရန် အမှန်တကယ်ဆန္ဒရှိလျှင်ဆိုသောအချက်သည် တိုင်းရင်းသားလက်နက်ကိုင်များအတွက် အလွန်အရေးကြီးသော အချက်ဖြစ်ကြောင်းတင်ပြလိုပါတယ်။ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အစိုးရနှင့် တပ်မတော်မှ အမြဲတံခါးဖွင့်ကြိုဆိုထားပြီးဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည့် ဆွေးနွေးပွဲ အဆင့်ဆင့်အား ကိုယ်စားလှယ်တော်ကြီးတို့ သိရှိပြီးဖြစ်ကြသည့်အတွက် အကျယ်ချဲ့မပြောကြားလိုတော့ပါ။ ၎င်းငြိမ်းချမ်းရေးမူဝါဒနှင့်ပတ်သက်၍ နှစ်ဦးနှစ်ဖက်မျှတအောင် ဆွေးနွေးပြီး၊ ၎င်းဆွေးနွေးပွဲ အကျိုးရလဒ်များအပေါ် NCA စာချုပ်ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါတယ်။ NCA စာချုပ်ပါ သဘောတူညီချက်များကို လက်ခံခဲ့သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်





နိုဝင်ဘာလ ၂၃ ရက်နေ့ ရက်စွဲဖြင့် ကြေညာချက် (၁)စောင် ထုတ်ပြန် ခဲ့ကြောင်း အားလုံးသိရှိပြီးဖြစ်ပါတယ်။ အဆိုပါ ကြေညာချက်တွင် “ **လက်နက်ကိုင်ပဋိပက္ခများ အမြန်ဆုံးချုပ်ငြိမ်း နိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမြန်ဆုံးပါဝင်နိုင်ရေး NCA တွင် အမြန်ဆုံးလက်မှတ်ထိုးပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ NCA လက်မှတ်ရေးထိုးပြီးနောက် နှစ်ဦးနှစ်ဖက် ချိုးဖောက်မှုများ မရှိစေရေး စောင့်ကြည့်ဖြေရှင်းသည့် ယန္တရားများ ပိုမိုခိုင်မာစေရန် အတွက် အရပ်ဖက် အဖွဲ့အစည်းများနှင့်အတူ ဝိုင်းဝန်းဆွေးနွေး နည်းလမ်းရှာဖွေရေး၊ ပြည်သူအများ မျှော်လင့်တောင့်တနေသော ငြိမ်းချမ်းရေးပန်းတိုင်ကို အရောက် လှမ်းနိုင်ရေး၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ အတွင်း ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ ၂၁ ရာစု ပင်လုံ ဒုတိယ အစည်းအဝေးတွင် တန်းတူ ရည်တူ ပါဝင်နိုင်ရေးစသည်တို့ကို ရှေးရှုလျက် ငြိမ်းချမ်းရေးခရီးကို အတူတကွလက်တွဲ၍ လျှောက်လှမ်းကြပါရန် အလေးအနက်တိုက်တွန်းထားပါကြောင်း ဖော်ပြထားရှိပါသည်**” ဟု ကြေညာချက် ထုတ်ပြန်ထားသည့် အတွက် ပြည်နယ်လွှတ်တော်မှ တိုက်တွန်းရန် မလိုဘဲ ပြည်ထောင်စုအစိုးရမှ ဦးဆောင်ပြီး ဆောင်ရွက်မည် ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလျက်ရှိပါတယ်။

၎င်းအပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင်စတင်၍ တိုက်ပွဲများ ဆင်နွှဲခဲ့သော အဖွဲ့များနှင့်လည်း တရုတ်နိုင်ငံ၊ ကူမင်းမြို့တွင် တွေ့ဆုံရန် စီစဉ်ခဲ့သော်လည်း တွေ့ဆုံပွဲပျက်ပြားခဲ့ခြင်းနှင့်ပတ်သက်ပြီး ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဦးခင်ဇော်ဦးမှ ဒီဇင်ဘာလ ၃ ရက်နေ့ NRPC ရုံးတွင် ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲ၌ ရှင်းလင်းခဲ့ပြီးဖြစ်ပါတယ်။

ထို့ကြောင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုအစိုးရတွင် တိုက်တွန်းနှိုးဆော်ရန်မလိုဘဲ စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည့် အစီအစဉ်များရှိကြောင်း လည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးအသိပဲဖြစ်ပါ တယ်။ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုအစိုးရမှ တာဝန်ပေးလာပါက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပြီး မိမိပြည်နယ်အတွင်းလုပ်ဆောင်၍ ရသမျှအနေအထားများအားလုံးကို လုပ်ဆောင် ဆောင်ရွက် သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ ရင်တွင်းခံစားချက်များကိုလည်း နားလည်သဘောပေါက်ပါတယ်။ ဒေသအတွင်း တည်ငြိမ်ရေးနှင့် ပဋိပက္ခများ ချုပ်ငြိမ်းရေးကို လိုလားကြသည်ကိုလည်း ဝမ်းပန်းတသာ ကြိုဆိုအပ်ပါတယ်။ တပ်မတော်အနေဖြင့် မူလအခြေအနေ ပြန်လည်ရောက်ရှိနိုင်ရေးအတွက်လည်းကောင်း၊ ဒေသခံပြည်သူလူထုများ၏ အကျိုးစီးပွား၊ အသက်အိုးအိမ်၊ စည်းစိမ် ကာကွယ်စောင့်ရှောက်ရန်အတွက်လည်းကောင်း နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားရဦးမှာပဲ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းစိန်လူ တင်သွင်းသော အရေးကြီးအဆိုနှင့်ပတ်သက်၍ ပဋိပက္ခများချုပ်ငြိမ်းရေး၊ ငြိမ်းချမ်းရေးရရှိစေရေးအတွက် ရှမ်းပြည်နယ်အစိုးရအနေဖြင့် ကြိုဆိုပါကြောင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုအစိုးရအဆင့်မှ စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် အစီအစဉ်များရှိသည့်အတွက် ၎င်းအဆိုကို လွှတ်တော်မှ မှတ်တမ်းတင်ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။





အဖွဲ့ ၈ ဖွဲ့မှ လက်မှတ်ရေးထိုးခဲ့ပြီး ငြိမ်းချမ်းရေးလမ်းကို အတူလျှောက်လှမ်းနေကြတာ အားလုံးအသိပဲဖြစ်ပါတယ်။

KIA အဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တောက်လျှောက်ပါဝင်ခဲ့ပြီး NCA စာချုပ်တွင် အများနည်းတူ လက်မှတ်ရေးမထိုးနိုင်တာဟာ ဘာကြောင့်ပါလဲ။ MNDAA, TNLA, AA အဖွဲ့များလည်း ကတိကဝတ်တစ်ခုအဖြစ် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ဝင်ရန် ကမ်းလှမ်းခဲ့သည်ကို ဘာကြောင့်ငြင်းပယ်ခဲ့ပါသလဲ။ ငြိမ်းချမ်းရေးကို အလိုရှိသည်ဆိုလျှင် ဘာကြောင့်နိုဝင်ဘာလ ၂၂ ရက်နေ့မှစတင်၍ တိုက်ပွဲများကို ဖော်ဆောင်ရပါသလဲ စသည့် မေးခွန်းများကို မေးရန်ရှိပါတယ်။ ဒါကြောင့်ငြိမ်းချမ်းရေးဆွေးနွေးပါ။ အပစ်ခတ်ရပ်စဲပါဟု နှုတ်မှပြောနေ၍မရဘဲ ငြိမ်းချမ်းရေးယူရန် အမှန်တကယ်ဆန္ဒရှိရန်လိုပါတယ်။ တပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့များအနေဖြင့် (၁) မိမိစခန်းကုန်းများကို ကာကွယ်ရန်၊ (၂) အရပ်သားပစ်မှတ်များကို တိုက်ခိုက်နေသည့်အတွက် စစ်ရေးအရတုံ့ပြန်တိုက်ခိုက်ရန်၊ (၃) ပြည်သူလူထုများကို ကာကွယ်ရန် ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့တိုက်ခိုက်မှုများသည် ငြိမ်းချမ်းရေးကို ဖျက်လိုဖျက်ဆီးလုပ်ရာကျကြောင်းလည်း ထင်မြင်ယူဆပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းစိန်လူ၏ အရေးကြီးအဆို အပိုဒ် ၄ တွင် ပါသော ငြိမ်းချမ်းရေးရရှိရန်အတွက် ပြည်ထောင်စုအစိုးရမှ ဦးဆောင်ပြီး ဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းလိုပါသည်ဟု ပါရှိသောကြောင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဉက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ရှမ်းပြည်နယ်အရှေ့မြောက်ဒေသတွင် လက်ရှိဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများနှင့်စပ်လျဉ်း၍



D/real(wide) (1

**ဥက္ကဋ္ဌ။** အရေးကြီးအဆိုနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ကနေ ရှင်းလင်းသွားသည့် နေရာမှာ ၎င်းအရေးကြီးအဆိုကို မှတ်တမ်းတင်ဖို့အတွက် မှတ်ချက်ပြုဆွေးနွေးသွားတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၅၊ နည်းဥပဒေခွဲ (စ)နှင့် (ဆ)အရ အဆိုတင်သွင်းသည့် ဦးစိုင်းစိန်လူ နောက်တစ်ကြိမ် ပြန်လည်ဆွေးနွေးနိုင်ပါတယ်။

**ဦးစိုင်းစိန်လူ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းစိန်လူ တင်သွင်းခဲ့သည့် အရေးကြီးအဆိုကို လွှတ်တော်မှ မှတ်တမ်းတင်ပေးပါရန် ပြန်လည်တင်သွင်းအပ်ပါတယ်။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းစိန်လူ တင်သွင်းသည့် အရေးကြီးအဆိုအား ၎င်းကမှတ်တမ်းတင်ရန် သဘောတူတဲ့အတွက် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)က ဦးစိုင်းစိန်လူ တင်သွင်းသည့် **" ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသတွင် ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် ဒေသခံပြည်သူများ အသက်အိုးအိမ်စားဝတ်နေရေးတို့ကို များစွာထိခိုက်စေသောကြောင့် တိုက်ပွဲများ အမြန်ဆုံးရပ်တန့်ရေးကို ပြည်ထောင်စုအစိုးရ၊ ရှမ်းပြည်နယ်အစိုးရမှ ဦးဆောင်၍ ဆွေးနွေးပေးရန်"** အရေးကြီးအဆိုအား လွှတ်တော်ကိုယ်စားလှယ်များက မှတ်တမ်းတင်ရန် သဘောတူပါသလားခင်ဗျား။



D/real(wide) (1



ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း အပါအဝင် ဒေသန္တရ စီမံကိန်းဥပဒေကြမ်းနှင့် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများကို တိကျမှန်ကန်စွာ ရေးဆွဲပြီး လွှတ်တော်ကို တင်ပြဖို့ လိုအပ်မည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

အရေးပေါ်အစည်းအဝေးမှာ လွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်း ၃၈ ခုကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ်ကို ဆောင်ရွက်နိုင်ပါတယ်။ ဒါကလည်းပဲ ကျွန်တော်တို့ ပြီးခဲ့တဲ့ နိုဝင်ဘာလ ၂၅ ရက်အထိ ရောက်ရှိသည့် မေးခွန်းများကို ဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်။ နိုဝင်ဘာလ ၂၅ ရက် နောက်ပိုင်းရရှိတဲ့မေးခွန်းများကို လွှတ်တော်တွင် စုစည်းထားပြီး မကြာမီကျင်းပဖို့ရှိတဲ့ စတုတ္ထပုံမှန်အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်ဖို့ရှိပါတယ်။ ၂၀၁၆ - ၂၀၁၇ အတွက် ရှမ်းပြည်နယ်အစိုးရ၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး RE ကိုပြည်ထောင်စု ဘဏ္ဍာရေးကော်မရှင်နှင့် ပြည်ထောင်စု လွှတ်တော်က ဆောင်ရွက်ပြီးတဲ့အခါမှာ ပြည်နယ်လွှတ်တော်က ထပ်ဆင့်ပြီး အတည်ပြုရမှာဖြစ်တဲ့အတွက် စတုတ္ထပုံမှန်အစည်းအဝေးကို အကြမ်းဖျင်းအားဖြင့် အခုလာမည့် ဇန်နဝါရီလ ပထမပတ်မှာ ခေါ်ဖို့ အစီအစဉ်ရှိကြောင်း လွှတ်တော်ကိုအသိပေးပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) စတုတ္ထနေ့ အစီအစဉ်ပြီးဆုံးပါပြီ။

သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ယခုဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) စတုတ္ထနေ့ အစီအစဉ်ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) အောင်မြင်စွာ ကျင်းပပြီးမြောက်ကြောင်း ကြေညာပါတယ်ခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။





**(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် အရေးကြီးအဆိုအား မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) စတုတ္ထနေ့ အစီအစဉ် ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၆) ပြီးမြောက်ကြောင်း ကြေညာခြင်း

ကျွန်တော်အနေဖြင့် အစည်းအဝေးပြီးဆုံးကြောင်း မကြေညာမီမှာ အရေးပေါ်အစည်းအဝေးနှင့်ပတ်သက်၍ ဆောင်ရွက်ချက်အချို့ကို တင်ပြလိုပါတယ်။ အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း BE အား လွှတ်တော်က ဆွေးနွေးအတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်ပြသော ရသုံးခန့်မှန်းခြေငွေစာရင်း နှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ စိစစ်ရေး ကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ် ၃ ဦးက ဆွေးနွေးသွားတာတွေ့ရှိရပါတယ်။ ဒီနေရာမှာ ကန့်သတ်ချက်အချိန် အတွင်း ပေးပို့ရမှာဖြစ်တဲ့အတွက် ပြီးပြည့်စုံသောစာရင်းကို အချိန်တို အတွင်း မဆောင်ရွက်နိုင်သော်လည်းပဲ နောင်လာမည့်ကာလမှာ

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## အစည်းအဝေး (၁/၂၀၁၆)

## ဆုံးဖြတ်ချက်များ

ဆုံးဖြတ်ချက်အမှတ်

၃၃-၂/၂၀၁၆။ **"ရှမ်းပြည်နယ် ကြက်မွေးမြူရေး ဆိုင်ရာဇီဝလုံခြုံရေး ဥပဒေကြမ်း အားလွှတ်တော်မှ အမိန့်ကြော်ငြာစာ အဖြစ် ပြောင်းလဲ ထုတ်ပြန် ရန်ဆုံးဖြတ်ခြင်း"**

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း (၇) ရက် (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အစည်းအဝေး (၁/၂၀၁၆) ဒုတိယနေ့၌ **"ရှမ်းပြည်နယ် ကြက်မွေးမြူရေးဆိုင်ရာ ဇီဝလုံခြုံရေး ဥပဒေကြမ်း"**အားလွှတ်တော်မှ အမိန့်ကြော်ငြာစာအဖြစ် ပြောင်းလဲ ဆုံးဖြတ်ရန် ဆုံးဖြတ်သည်။





ဆုံးဖြတ်ချက်အမှတ်

၃၅-၂/၂၀၁၆။ **"ရေးရာကော်မတီ ဝင်များပြောင်းလဲ ဖြည့်စွက် တာဝန် ပေးအပ်ခြင်းအား လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်ခြင်း"**

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း (၈) ရက် (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အစည်းအဝေး (၁/၂၀၁၆) တတိယနေ့၌ **"ရေးရာကော်မတီဝင်များ ပြောင်းလဲ ဖြည့်စွက် တာဝန် ပေးအပ်ခြင်း"** အား လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ချက်အမှတ်

၃၆-၂/၂၀၁၆။ **"ရှမ်းပြည်နယ် အစိုးရ အဖွဲ့မှ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာန အဖွဲ့အစည်း များ၏၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေး နှစ်ဘဏ္ဍာငွေအရအသုံး ခန့်မှန်း ခြေငွေစာရင်းအား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း"**

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း (၉) ရက် (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အစည်းအဝေး (၁/၂၀၁၆) စတုတ္ထနေ့၌ **"ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံ**



D/real(wide) (1

ငွေတွင် ပါဝင်သောဌာန အဖွဲ့အစည်းများ၏ ၂၀၁၇ - ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း” အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

## မှတ်တမ်းတင်ခြင်း

မှတ်တမ်းတင်ခြင်းအမှတ်

၃၅-၂/၂၀၁၆။ **“ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း”**

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း (၆) ရက် (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) ပထမနေ့၌ **“အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၅ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၈) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်”** ကို မှတ်တမ်းတင်သည်။



D/real(wide) (1



ဆုံးဖြတ်ခြင်းအမှတ်

၃၄-၂/၂၀၁၆။ **“ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်၊ ကွတ်ခိုင်ဒေသမှာ ဖြစ်ပွားနေတဲ့ KIA, TNLA, MNDAA လက်နက်ကိုင်သောင်းကျန်းသူများရဲ့ အပြစ်မဲ့ပြည်သူလူထုပေါ်ဆောင်ရွက်ကြတဲ့ ဆောင်ရွက်ချက်များအပေါ် ပြစ်တင်ရှုတ်ချကြောင်းနှင့်အကြမ်းဖက်အဖွဲ့အစည်းအဖြစ်သတ်မှတ်ကြောင်း အရေးကြီး အဆိုအား လွှတ်တော်မှ အတည်ပြု ကြောင်းဆုံးဖြတ်ခြင်း”**

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း (၈) ရက် (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) တတိယနေ့၌ ဦးအောင်သူ၊ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**“ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်၊ ကွတ်ခိုင်ဒေသမှာ ဖြစ်ပွားနေတဲ့ KIA, TNLA, MNDAA လက်နက်ကိုင် သောင်းကျန်းသူများရဲ့ အပြစ်မဲ့ပြည်သူလူထုပေါ်ဆောင်ရွက်ကြတဲ့ ဆောင်ရွက်ချက်များအပေါ် ပြစ်တင်ရှုတ်ချကြောင်း နှင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ်သတ်မှတ်ကြောင်း”** အရေးကြီးအဆိုအား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

မှတ်တမ်းတင်ခြင်းအမှတ်

၃၆-၂/၂၀၁၆။ “ပြည်နယ်ဝန်ကြီး ချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း”

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း (၆) ရက် (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၆) ပထမနေ့၌ **“ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်း”** ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်

၃၇-၂/၂၀၁၆။ “ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန်အစည်းအဝေးနှင့် အရေးပေါ် အစည်းအဝေး (၁/၂၀၁၆) ကြား ကာလအတွင်း ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် ခေါင်းဆောင်သော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖွဲ့၏(၂၄-၉-၂၀၁၆) ရက်နေ့မှ (၁-၁၀-၂၀၁၆) ရက်နေ့ထိ တရုတ် ပြည်သူ့ သမ္မတနိုင်ငံ၊ကျန်းစူး ပြည်နယ်နှင့် ယူနန်ပြည်နယ် လေ့လာရေးခရီးစဉ် အား ပြည်နယ် လွှတ်တော်သို့အသိပေးတင်ပြခြင်းကိုမှတ်တမ်းတင်ခြင်း”

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း (၆) ရက် (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်





မှတ်တမ်းတင်ခြင်းအမှတ်

၃၉-၂/၂၀၁၆။ “ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း”

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း (၇) ရက် (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၆) ဒုတိယနေ့၌ **“အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၅ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၀) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်”** ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်း

၄၀-၂/၂၀၁၆။ “ရှမ်းပြည်နယ် ကြက်မွေးမြူရေးဆိုင်ရာဇီဝလုံခြုံရေး ဥပဒေကြမ်းအား မှတ်တမ်းတင်ခြင်း”

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း (၇) ရက် (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၆) ဒုတိယနေ့၌ ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ရှမ်းပြည်နယ် ကြက်မွေးမြူရေးဆိုင်ရာ ဇီဝလုံခြုံရေး ဥပဒေကြမ်း”**အား မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်

၄၁-၂/၂၀၁၆။ **"ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း"**

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း (၈) ရက် (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) တတိယနေ့၌ **"အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၅ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်"** ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်

၄၂-၂/၂၀၁၆။ **"ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း"**

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း (၉) ရက် (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) စတုတ္ထနေ့၌ **"အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၅ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၇) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်"** ကို မှတ်တမ်းတင်သည်။





လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) ပထမနေ့၌ **"ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးနှင့်အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)ကြားကာလအတွင်း ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် ခေါင်းဆောင်သော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ (၂၄-၉-၂၀၁၆)ရက်နေ့မှ (၁-၁၀-၂၀၁၆) ရက်နေ့ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကျန်းစူးပြည်နယ်နှင့် ယူနန်ပြည်နယ် လေ့လာရေးခရီးစဉ်အား ပြည်နယ်လွှတ်တော်သို့ အသိပေးတင်ပြခြင်း"** ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်

၃၈-၂/၂၀၁၆။ **"ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ဝမ်းနည်းကြောင်း အဆိုတင်သွင်းခြင်း"**

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း (၆) ရက် (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) ပထမနေ့၌ **"ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဝမ်းနည်းကြောင်း အဆိုတင်သွင်းခြင်း"** ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်

၄၃-၂/၂၀၁၆။ **“ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသတွင် ဖြစ်ပွားလျက်ရှိသောတိုက်ပွဲများ ကြောင့် ဒေသခံပြည်သူများအသက်အိုးအိမ် စားဝတ်နေရေးတို့ကို များစွာထိခိုက်သော ကြောင့်တိုက်ပွဲများ အမြန်ဆုံးရပ်ဆိုင်း ရေးကိုပြည်ထောင်စု အစိုးရ၊ရှမ်းပြည်နယ် အစိုးရမှဦးဆောင်၍ ငြိမ်းချမ်းရေး ဆွေးနွေးပေးရန်အရေးကြီး အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများမှ ဆွေးနွေးရှင်းလင်းခြင်း နှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ကိုမှတ်တမ်းတင်ခြင်း”**

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း (၈) ရက် (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) စတုတ္ထနေ့၌ **“ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသတွင်ဖြစ်ပွားလျက်ရှိ သော တိုက်ပွဲများကြောင့် ဒေသခံပြည်သူများအသက်အိုးအိမ် စားဝတ်နေရေးတို့ကို များစွာထိခိုက်သောကြောင့်တိုက်ပွဲများ အမြန်ဆုံးရပ်ဆိုင်းရေးကို ပြည်ထောင်စုအစိုးရ၊ ရှမ်းပြည်နယ် အစိုးရမှဦးဆောင်၍ ငြိမ်းချမ်းရေး ဆွေးနွေးပေးရန် အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ဆွေးနွေး ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း”** ကို မှတ်တမ်းတင်သည်။

D/real(wide) (I

D/real(wide) (I

D/real(wide) (I

ကန့်သတ်
၃၂၄

ကန့်သတ်
၃၂၂

ကန့်သတ်

ကန့်သတ်

D/real(wide) (I

D/real(wide) (1

ကန့်သတ်
၃၂၉

ကန့်သတ်
၃၃၁

ကန့်သတ်

ကန့်သတ်

D/real(wide) (I

D/real(wide) (1

D/real(wide) (I

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (I

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (I

D/real(wide) (1

ကန့်သတ်
၃၆၉

ကန့်သတ်
၃၇၁

ကန့်သတ်

ကန့်သတ်

D/real(wide) (I

D/real(wide) (1

ကန့်သတ်
၃၇၃

ကန့်သတ်
၃၇၅

ကန့်သတ်

ကန့်သတ်

D/real(wide) (I

D/real(wide) (I

D/real(wide) (I

D/real(wide) (1

D/real(wide) (1

D/real(wide) (I

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

ကန့်သတ်
၅၀၀

ကန့်သတ်
၄၉၈

ကန့်သတ်

ကန့်သတ်

D/real(wide) (2

D/real(wide) (2

D/real(wide) (2